

ကံကော်ဝတ်ရည်
ကားထဲက
မိန်းကလေး

ဇဝန

# ကားထဲက မိန်းကလေး

Commercial Use of This Book will be at Your OWN RISK

ကွန်ပြူတာစာရိုက်နှင့်ပီဒီအက်ဖ် – candelilla

Commercial use of this book will be at your own risk

# စာရေးသူ၏အမှာ

ယနေ့ထုတ်ဝေနေကြသည့် ဝတ္ထုစာအုပ်များတွင် အမှာ သို့မဟုတ် စကားချီး၊ နိဒါန်းများထည့်သွင်းလေ့ မရှိကြပါ။ ထည့်သည်မှာလည်း အလွန်နည်းပါသည်။ ကာလပေါ်ဝတ္ထုများသည် များသောအားဖြင့် အပျော်ဖတ် ဝတ္ထုစာပေများဖြစ်ကြ၍ စကားချီး၊ နိဒါန်း သို့မဟုတ် အမှာစာများထည့်ရန် မလိုပါ။

သို့သော် ဤစာအုပ်တွင်မူ အမှာမထည့်၍မဖြစ်ပါ။ ထည့်ရပါလိမ့်မည်။ မထည့်ခဲ့လျှင် ဤဝတ္ထုကို စတင်ဖတ်ရှု၍ သုံးလေးမျက်နှာလောက် ရောက်သည်နှင့် "ပန်ချာပီ–ပုလိပ်" ဟူသော ဝေါဟာရကို လည်းကောင်း ဇာတ်ကောင်တို့ ပြောဆိုသည့် စကားထဲတွင် ကုလား စကားပါရှိသည်ကို လည်းကောင်း၊ တွေ့ရှိရသည့်အခါ ဖတ်ရှုသူတို့၏ စိတ်ထဲတွင် ဘယ်လိုဝတ္ထုလဲ၊ "သည်ဟာတွေ ဘယ်မှာရှိလို့လဲ" ဟု ဇဝေဇဝါဖြစ်မိကြပေလိမ့်မည်။

အမှန်မှာ ဤဝတ္ထုအစပျိုးသည့် အချိန်ကာလသည် ယနေ့ မဟုတ်ပါ။ စစ်ကြိုခေတ်က ဖြစ်ပါသည်။ တိတိကျကျ ဆိုရလျှင် လွန်ခဲ့သည့် ၃၆ နှစ်ကျော်မျှ အချိန်က ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဤဝတ္ထုသည် စာအုပ်အဖြစ် ယခုမှ ပထမအကြိမ် ထွက်လာခြင်းဖြစ်သော်လည်း ဤဝတ္ထုမှာ လွန်ခဲ့သည့် ၃၆ နှစ်က သတင်းစာထဲတွင် နေ့စဉ်ဖော်ပြခဲ့သော ဝတ္ထုရှည် တစ်ပုဒ်ဖြစ်ပါသည်။

ထိုအချိန်က မြန်မာနိုင်ငံမှာ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်တွင် ရှိနေခဲ့သေးသည်။ ထိုစဉ်က ရန်ကုန်မြို့သည် ကိုလိုနီနယ်ချဲ့တို့၏ ရုံးစိုက်ရာ သူတို့၏ နောက်လိုက်နောက်ပါတို့ မှီတင်းနေထိုင်ရာ ဖြစ်ခဲ့သည်။ တနည်းဆိုရသော် ရန်ကုန်မြို့၏လူဦးရေအနက် မြန်မာလူမျိုးများထက် အိန္ဒိယ တိုင်းတစ်ပါးသား တို့က များပြားခဲ့လေသည်။ အုပ်ချုပ်ရေးနှင့် စီးပွားရေးတွင် သူတို့လူမျိုးများက လွှမ်းမိုးခဲ့သည်။ ထို့ကြောင့် "ရန်ကုန်သား" မှန်လျှင် ကုလားစကားကို အနည်းနှင့်အများပြောတတ် ကြရလေသည်။ ထိုသို့ ပြောတတ်မှ လည်း ရောင်းရေးဝယ်တာနှင့် အခြားသော လုပ်ငန်းဆက်သွယ်မှုတို့မှာ အဆင်ပြေလေသည်။

ထိုအချိန်က အမှုထမ်းများမှာ ဂေါ်ရာစာသင်နှင့် ပန်ချာပီ ပုလိပ်တွေသာ များကြသည်။ သူတို့ကို ပြည်သူတို့က မုန်းခဲ့ကြသည်။ ထို့ကြောင့် ဤဝတ္ထုတွင် ပန်ချာပီပုလိပ်ပါရှိနေခြင်း ဖြစ်ပေသည်။

ဝတ္ထုတစ်နေရာတွင် "နှစ်ကောင်တွဲ" မြင်းလောင်းခြင်းကို တွေ့ရပေလိမ့်မည်။ ထိုအချိန်က "သုံးကောင်တွဲ" မပေါ်သေးချေ။ မြင်းလောင်းသူများနှင့် မြင်းသမားများသည် စစ်ပြီးခေတ်မြင်းလောင်းသူများ မြင်းသမားများ လောက် "ပညာ" မကြွယ်ဝကြသေးချေ။ ထိုအခါက နှစ်ကောင်တွဲကိုပင်မိအောင် မတွဲနိုင်သည့် အပတ်များ ရှိခဲ့သလို လက်မှတ် တစ်စောင်ကို ငွေ နှစ်သောင်းကျော် လျော်ငွေရသော "နာတာလီးယားနှင့် စိန်ခင်" တို့လို အတွဲများလည်း ရှိခဲ့သည်။ စစ်ပြီးခေတ်တွင်ကား မြင်းရည်ဝနေကြသဖြင့် "သုံးကောင်တွဲ" လုပ်ပေးရသည့် အထိ ဖြစ်လာခဲ့လေသည်။ လျော်ငွေမှာတစ်ရာပင် မပြည့်သည့်အခါများပင် ရှိခဲ့သည်။

တစ်နေရာတွင် ဧဒွက်ဘုရင် ထိပ်ပြောင်ကြီးနှင့် ဒင်္ဂါးကို တွေ့ရမည်။ ထိုခေတ်က ငွေဒင်္ဂါးကိုပဲ သုံးစွဲကြသည်။ ဒင်္ဂါးများမှာလည်း ဝိတိုရိယဘုရင်မပုံ။ ဧဒွက်ဘုရင်ပုံ။ ဂျော့ဘုရင်ပုံတို့ ပါသော ဆာပါ – မြိတ်ထုံး – ဝေလာ စသဖြင့် ခေါ်ဝေါ်သော ဒင်္ဂါးများဖြစ်သည်။ ဒင်္ဂါးများကို ပိသလေးပေါ်တွင် တီးခတ်၍လည်းကောင်း၊ လက်မဖြင့် တောက်ကြည့်၍လည်းကောင်း အသံသာမှ လက်ခံကြသည်။

Commercial use of this book will beat your own risk

ဝတ္ထုဇာတ်လမ်းတည်ဆောက်ရာဖြစ်သော အင်းစိန်မြို့မှာလည်း ထိုစဉ်က ယခုလောက်မကြီးမား မကျယ်ပြန့်သေးချေ။ အင်းစိန်ရွာမက လွန်လျှင် တောပိုင်း သို့ရောက်နေပြီး လူနေအိမ်ခြေနည်းပါးလျက် ရှိနေသေးသည်။ တစ်နေရာမှ တစ်နေရာသို့ သွားလာရန် ဘတ်စ်ကားမရှိ။ သွားလိုပါလျှင် ကိုယ်ပိုင်ကား မရှိပါက မြင်းလှည်း၊ လန်ခြားနှင့် ခြေထောက်ကိုသာ အားကိုးကြရလေသည်။

ဤမျှ ကြိုတင်ပြောကြားထားလျှင်ဖြင့် ဤဝတ္ထုကို ဖတ်ရာတွင် ဟို့နယ် – သည့်နယ် – တွေးတော – ထစ်ငေါ့မနေဘဲ ချောမောစွာဖတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထို့ကြောင့်ဤအမှာကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

ရွှင်လန်းကြပါစေ။
ဇဝန
၁၉၇၄၊ နိုဝင်ဘာ ၂၅ ရက်။

Commercial use of this book will be at your own risk

॥ ၁ ॥

ရုပ်ရှင်ဇာတ်ကားကြီး ပြီးဆုံး၍ မီးလုံးများ ထိန်ထိန်လင်းလာသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင်အကဲဖြတ် ဆင်ဆာလူကြီးများနှင့် သတင်းစာဆရာများသည် ဦးခင်မောင်ကြီးထံသို့ လာရောက်ဝိုင်းဝန်းကာ တစ်ယောက်တစ်ခွန်း ချီးမွန်းမဆုံးနိုင်ဘဲ ရှိကြလေသည်။ တစ်ချို့ကလည်း ဦးခင်မောင်ကြီး၏ လက်ကိုဆွဲ၍လှုပ်ကာ အင်္ဂလိပ်ဘာသာဖြင့် ချီးကျူး စကား ပြောကြားကြလေသည်။

"ကွန်ဂရက် ကျူလေးရှင်း ဦးခင်မောင်၊ ခင်ဗျား ဇာတ်ကား ကတော့ဖြင့် ရုပ်ရှင်ရာဇဝင်မှာ မှတ်တမ်းတင်ရမယ့် ကားတစ်ကားပါပဲဗျာ။ အခုအခါမှာတော့ ဇာတ်ကားအစုတ်အနုပ်ကလေးတွေကတောင် ရာဇဝင်မှတ်တမ်းတင်စေရမယ်။ အနောက်နိုင်ငံဇာတ်ကားတွေနဲ့ ပခုံးချင်းယှဉ်မယ်ဆိုတဲ့ စကားတွေကို ပြောနေကြလေတော့ ခင်ဗျားရဲ့ ဇာတ်ကားဟာ တကယ်မှတ်တမ်းတင်ထိုက်တယ်လို့ ကျွန်တော်ပြောရတာတောင် ခပ်ပေါ့ပေါ့ဖြစ်နေသေးတယ်။ အဲဒါကြောင့် ဘယ်လို ချီးမွန်းရမှန်းတောင် ကျွန်တော်မသိတော့ဘူး"

"အမှန်ပါပဲဗျာ၊ ဒီလိုဇာတ်ကားမျိုး မပေါ်ဘူးသေးပါဘူး။ အသံထွက် ရုပ်ရှင်ဇာတ်ကားတစ်ကား အနေနဲ့ အဖက်ဖက်က အနုပညာနဲ့ ပြည့်ဝတာမို့၊ အပြစ်ဆိုလို့ တစ်ကွက်မှ ပြောစရာမရှိပါဘူး။ ကျုပ်ဖြင့်ကြည့်ရင်း ကြည့်ရင်း အမေရိကန် ရုပ်ရှင် ဇာတ်ကားတွေနဲ့တောင် မှားမိသေးတယ်။ နောက်ပြီး ဒါရိုက်တင်းမှာလည်း ခင်ဗျားရိုက်ခဲ့သမျှ ဇာတ်ကားတွေ ထဲမှာ ဒီဇာတ်ကားဟာ အသေသပ်ဆုံး၊ အပိရိဆုံး၊ အကောင်းဆုံးပဲ ဆိုပါတော့လေ"

ခင်မောင်ကြီးက ထိုသို့ချီးမွန်းလာသူတို့အား ကျေးဇူးတင်ကြောင်း ပြန်၍ပြောရုံမှတစ်ပါး စကားကို ရှည်ရှည်မပြောဘဲ ပြုံးပြုံးကြီးသာ လုပ်နေလိုက်လေသည်။ သူသည် ထိုသို့ ချီးကျူးပြောဆိုကြသည့် စကားများကို ကြားရခြင်းကြောင့် ဝမ်းမမြောက်လှပေ။ ထိုဇာတ်ကားကို ဆင်ဆာမတင်မီကပင် မိမိဇာတ်ကားမှာ မည်မျှကောင်းသည်ကို မိမိကိုယ်တိုင် သိရှိပြီးသားဖြစ်နေသည့်အတွက် ထိုသို့ချီးကျူး ပြောဆိုကြသည့် စကားများသည် သူ့အဖို့ မထူးခြားဘဲ ရှိနေလေသည်။

လောလောဆယ်အားဖြင့် ခင်မောင်ကြီး၏စိတ်အာရုံများသည် ရုပ်ရှင်ရုံအပြင်ဖက်တွင်ရပ်လျက် ရုပ်ရှင်မင်းသမီး ခင်မြရီနှင့်စကားပြောနေသော သူဌေးဦးအောင်ညွန့်အပေါ်၌သာ စူးစိုက်နေပေသည်။ သူသည် သူဌေးဦးအောင်ညွန့် ကိုသာ မကြာမကြာစိုက်၍ကြည့်မိကာ မိမိအား စကားပြောနေသူတို့ကိုသာ မြန်မြန်ထွက်ခွာသွားကြစေလိုမိပေ၏။ သူသည် သူဌေးဦးအောင်ညွန့်က သူတောင်းထားသည့်ငွေနှစ်ထောင်ကို ထိုနေ့ဆင်ဆာအပြီးတွင် ပေးပါမည်ဟု ကတိ ပေးထားသည့်အတိုင်း ထိုငွေကို ရဖို့ရန်သာလျှင် အရေးကြီးနေလေသည်။ သို့ဖြစ်၍ သူသည် မိမိအားချီးကျူးသည့် စကားများကို အရေးမစိုက်နိုင်ဘဲ ဦးအောင်ညွန့် လွတ်၍သွားမည်ကိုသာ စိုးရိမ်မိပေသည်။

Commercial use of this book will be at your own risk

ခင်မောင်ကြီးသည် အသက် ၂၈ နှစ်မျှသာ ရှိသေးသော်လည်း ရုပ်ရှင်နိုင်ငံတွင် အထူးထင်ရှားလျက် အများ၏ ကြည်ညိုချစ်ခင်ခြင်းခံရသူ တစ်ဦးဖြစ်၏။ ထို့ပြင် သူသည် ဝင်ငွေအများဆုံးသော ဒါရိုက်တာ တစ်ယောက်လည်း ဖြစ်ပေသည်။ မြန်မာရုပ်ရှင် ဇာတ်ကားများကို ပညာဉာဏ် အမြော်အမြင် ကြီးမားသော ပုဂ္ဂိုလ်တစ်စုတို့က စတင်တီထွင်လိုက်ပြီးသည့်နောက် ရုပ်ရှင်ဇာတ်ကားများ ခေတ်စား၍လာရာတွင် ရုပ်ရှင် ကုမ္ပဏီကလေးများ မှိုလိုပေါက်လာကြပြီး ဘာအရည်အချင်းမျှ မရှိသူကလည်း ဒါရိုက်တာလုပ် ငွေ အနည်းထုတ်နိုင်သူက သူဌေးအခေါ်ခံ ခပ်ပျံပျံခပ်ပျက်ပျက်ထဲက မင်းသမီးဖြစ်နှင့် မြန်မာ့ရုပ်ရှင် လုပ်ငန်းမှာ ဂျီပိုးတို့၏အလုပ်ပမာ အထင်အမြင်သေးခြင်းကို ခံခဲ့ရပေ၏။ သို့ဖြစ်၍ ခင်မောင်ကြီးသည် ရုပ်ရှင်လောကကို မြှင့်တင်မည်ဟူသော အဓိဋ္ဌာန်ဖြင့် ကောလိပ်ကျောင်းတွင် ပညာသင်ဆဲမှာပင် ရုပ်ရှင်ပညာကို လေ့လာဆည်းပူးကာ သတင်းစာများမှနေ၍ မြန်မာရုပ်ရှင် ဇာတ်ကားများကို ဝေဖန်ရေးသားလာခဲ့၏။ ထိုသို့ ဝေဖန်ရေးသားခြင်းကို အကြောင်းပြု၍ ရုပ်ရှင်ကုမ္ပဏီကြီးများ၏ လေးစားခြင်း၊ အသိအမှတ်ပြုခြင်းကို ခံခဲ့ရကာ အဆက်အသွယ်ဖြစ်လာခဲ့၏။ ဤတွင် ခင်မောင်ကြီးသည် တက္ကသိုလ် ပညာကိုပင် ပြီးဆုံးအောင်မသင်တော့ဘဲ ရုပ်ရှင်နိုင်ငံထဲသို့ ဝင်ရောက်ခဲ့လေရာ၊ တော်ရုံတန်ရုံ ရုပ်ရှင် ဒါရိုက်တာဆိုလျှင် မကြည်ညိုချင်ကြသော်လည်း ခင်မောင်ကြီးမှာမူ သူ၏အပြောအဆို အနေအထိုင်မှစ၍ အရာရာတွင် အိန္ဒြေသိက္ခာရှိခြင်း၊ အမြော်မြင်ကြီးမြင့်၍ စိတ်ကူးဉာဏ် ရင့်သန်ခြင်းတို့ကြောင့် အများ၏လေးစားမှုကို ခံယူရသည့်ပြင် သူရိုက်ခဲ့သမျှသော ဇာတ်ကားများမှာ အဆင့်အတန်း မြင့်သလောက် ဝင်ငွေလည်းကောင်းသဖြင့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များကပါ ကြည်ညို အားထားခြင်းကို ခံခဲ့ရပေ၏။

များစွာသော ရုပ်ရှင်ဇာတ်ကားတို့မှာ နာမည်ရ မင်းသား၊မင်းသမီးတို့က သယ်၍သွားခြင်းကြောင့် ကြည့်ရှုသူ များကြခြင်းဖြစ်၏။ ခင်မောင်ကြီး ရိုက်ကူးသော ဇာတ်ကားများမှာမူ ဇာတ်လမ်း၏ ကောင်းခြင်း၊ ဒါရိုက်တာ၏ အသင်အပြကောင်းခြင်းတို့ကြောင့် မင်းသား၊ မင်းသမီးသစ်များသည်ပင် ခဏချင်း နာမည်ကျော်ကြားခဲ့ကြရလေရာ၊ ခင်မောင်ကြီး ရိုက်ကူးသည့် ဇာတ်ကားမှန်လျှင် ပါဝင်သရုပ်ဆောင်လို ကြသူ အလွန်များလှပေ၏။ သို့ရာတွင် ခင်မောင်ကြီးက သူ့ဇာတ်ကားများတွင် မင်းသား၊ မင်းသမီးကို ရုပ်ချောတိုင်း လှတိုင်း မသုံးပေ။ မိမိ၏ ဇာတ်တွင် နိုင်နင်းစွာ ကပြသရုပ်ဆောင်နိုင်မည့် အရည်အချင်း ရှိသည်ဟု မိမိ၏ စိတ်ထဲက ယုံကြည်ထားသူတို့ကိုသာလျှင် ရှာဖွေ၍ အသုံးချလေ့ ရှိပေသည်။

သို့ဖြင့် ခင်မောင်ကြီးသည် မိမိအား ချီးကျူးပြောနေကြသော ဆင်ဆာလူကြီးများနှင့် သတင်းစာဆရာများ၏ စကားများ အောင့်အီး သည်းခံ၍ နားထောင်နေရာမှ နောက်တစ်ကြိမ်လှည့်ကြည့်လိုက်သောအခါ ဦးအောင်ညွန့် မရှိတော့ဘဲ ခင်မြရီ တစ်ယောက်တည်းကိုသာ တွေ့ရတော့သည့်အတွက် ထိုသူတို့ကို တောင်းပန်၍ခွဲထွက်ကာ ခင်မြရီထံသို့ ခပ်မြန်မြန် လျှောက်၍ လာခဲ့လေ၏။

ခင်မြရီသည် ခင်မောင်ကြီးကို မြင်လျှင် ပြုံးရွှင်ကြည်သာ အခရာပိုသောမျက်နှာဖြင့် အနားသို့ကပ်လာပြီးလျှင် "ဆရာ–ဆရာတို့များ သူဌေးက ဒီဇာတ်ကားကို သဘောကျတယ်ဆိုတာနဲ့ နောက်ထပ် ဘောနပ်စ်တွေ ဘာတွေ ရဦးမှာမြင်လို့၊ မြတို့ကိုတောင် မမြင်ချင်ယောင်ဆောင်နေတာပေါ့လေ" ဟု ကျီစားသလို ပြောလိုက်လေ၏။

ခင်မောင်ကြီးသည် မင်းသမီးများနှင့် အရောတဝင်လုပ်လေ့ မရှိ။ စကားပြောသည့်အခါ၌လည်း ဣန္ဒြေရစွာပြောလေ့ ရှိသည့်အတိုင်း ခင်မြရီက ရယ်မော၍ပြောသည့်တိုင်အောင် သူကမူ မျက်နှာထားတည်ကြည်စွာဖြင့် "ဘောနပ်စ်ရတာ မရတာထားစမ်းပါဦး၊ သူဌေးဆီက အရင် တစ်ပတ်ထဲက တောင်းထားတဲ့ ငွေနှစ်ထောင် ဒီနေ့ရမယ်ဆိုလို့ စောင့်နေတာ အခု သူဘယ်ထွက်ပြေးပြီလဲ မသိဘူး" ဟုပြန်၍ ပြောလိုက်လေ၏။

"သြော် ဦးလေးကမှာသွားတယ်၊ ပြီးရင် ခြံထဲကို လိုက်ခဲ့ပါတဲ့၊ ဆင်ဆာလူကြီးတွေနဲ့ ကြာကြာ စကားပြောနေရရင် သူတို့ သားသမီးတွေ၊ ဆွေတွေ မျိုးတွေ တစ်ပြုံတစ်ခေါင်းကြီးအတွက် ရုပ်ရှင်လက်မှတ်တွေ အလကားပေးနေရမှာစိုးလို့ ရှောင်ပြေးသွားတယ်"

ခင်မောင်ကြီးက စကားမပြောဘဲ တွေဝေ၍နေသဖြင့် ခင်မြရီ က ထပ်၍ ဆက်ပြောပြန်၏။

Commercial use of this book will be at your own risk

"ဆရာဟာ သိပ်အသုံးအစွဲကြီးတာကိုး ဆရာ့လောက်ငွေရတာလည်း မရှိဘူး၊ ကုန်လိုက်တာလည်း လွန်ရောပဲ၊ အဲဒါ သားမယားမရှိလို့ ဒီလိုဖြစ်နေတာပေါ့ဆရာရဲ့"

သို့ရာတွင် ခင်မောင်ကြီးသည် ခင်မြရီအား တစ်ခွန်းတပါဒမှ စကားပြန်၍မပြောဘဲ၊ ရုံထဲမှ ထွက်သွားလေရာ၊ ခင်မြရီမှာ အံ့အားသင့်လျက်ကျန်ရစ်လေ၏။ အခြားဒါရိုက်တာများသာဆိုလျှင် ခင်မြရီသည် နောက်ကွယ်ရာ၌ တံတွေးထွေးလျက် မဲ့ရွဲ့ပြမည် ဖြစ်သော်လည်း ခင်မောင်ကြီးကိုကား ကြည်ညိုရင်းစွဲရှိသော ဆရာတစ်ယောက် ဖြစ်သည့် အတွက် ငေး၍သာ ကြည့်နေမိလေ၏။

ရုပ်ရှင်ရုံရှေ့ရှိ လူသွားလမ်းတစ်လျှောက်တွင် များစွာသော သူတို့သည် ပျော်ရွှင်စွာ သွားလာလျှက် ရှိကြသော်လည်း သူတို့အကြားတွင် တွေ့မြင်နေရသော ခင်မောင်ကြီး၏ မျက်နှာမှာမူ သာယာကြည်လင်ခြင်း ကင်းမဲ့လျက်ရှိပေ၏။

ဆောင်းရာသီ၏နံနက်ခင်းသည် ပွင့်လင်းသာယာလျက်ရှိပြီး ဖျော့နုသောနေခြည်အောက်တွင် သွားလာနေကြသူတို့အား မြောက်ပြန်လေပြေကလေးက ဖေ့တိုက်လျှက်ရှိလေရာ များစွာသောသူတို့မှာ အပူအပင်ကင်းစင်သည့် မျက်နှာဖြင့် ရှိကြလေ၏။ ယင်းသို့ ကြည်လင်ရွှင်ပြုံးသော မျက်နှာများဖြင့် တစ်ယောက်အနားတစ်ယောက် ပူးကပ်ကာ သွားလာနေ ကြသော ချစ်စခင်စ ဇနီးမောင်နှံများနှင့် သမီးရည်းစားများကို တွေ့ရသည့်အခါ ခင်မောင်ကြီး၏မျက်နှာမှာ သာ၍ပင် မရွှင်နိုင်ဘဲ ရှိလေ၏။

ခင်မောင်ကြီးကဲ့သို့ အလုပ်အကိုင် နေရာကျလျက် အစစအရာရာတွင် အောင်မြင်နေသူ တစ်ဦးတစ်ယောက်သည် ယခုလို လူတကာ၏ ချီးကျူးသြဘာပေးခြင်းကို ခံနေရချိန်တွင် များစွာပျော်ရွှင်မိမည် ဖြစ်သော်လည်း ခင်မောင်ကြီးအနေဖြင့် မပျော်ရွှင်ဘဲ ရှိနေခြင်းမှာ ခင်မြရီ (ခေါ်) မြမြ ပြောသလို ကြင်ဖော်မဲ့၍ နေသောကြောင့်လားဟု စဉ်းစား စရာရှိပေ၏။ သို့ရာတွင် မြမြယူဆသလို သားမယားမရှိ၍ ငွေအသုံးအစွဲကြီးမားကာ အကုန်အကျများခြင်းကြောင့် မပျော်ရွှင်ခြင်း မဖြစ်နိုင်ပေ။ ယခုလို အောင်မြင်မှုရနေချိန်တွင် မိမိနှင့်အတူ ပျော်ရွှင်ရမည့်သူမရှိခြင်း (ခေါ်) တစ်ကိုယ်ရေ တစ်ကာယ တည်းဖြစ်လျှက် ချစ်သူကင်းမဲ့နေခြင်းကြောင့် ယခုလို စုံတွဲနှဲ့ပျော် သွားလာနေကြသူများကို မြင်ရခြင်းသည် မိမိအား သရော်၍ နေကြသကဲ့သို့ ထင်မြင်ခံစားရသဖြင့် မရွှင်လန်းနိုင်ဘဲ ရှိရခြင်းသာလျှင် ဖြစ်ဖွယ်ရာ ရှိပေသည်။ အကယ် ၍သာ ခင်မောင်ကြီး၌ချစ်သူရည်းစား သို့မဟုတ် ကြင်သူသက်ထားရှိခဲ့ပါမူ၊ ထိုချစ်သူထံမှ ကြားရသည့် ချီးမွမ်းစကားများသည် ဆင်ဆာလူကြီးပေါင်း ထောင်သောင်းမကဝိုင်းဝန်း ချီးမွမ်းသည်ထက် အဆပေါင်းများစွာ ခင်မောင်ကြီး အား ဝမ်းသာစေမည် ဖြစ်ပေ၏။

ခင်မောင်ကြီး၏ရှေ့တွင် တွေ့မြင်ရသမျှ မိန်းမပျိုလေးတိုင်းမှာ တွဲဘက်ကိုယ်စီနှင့်ရှိကြပြီး ၎င်းတို့အကြားမှ နုထွားဝင်းပလျှက် ပုလဲ လည်ဆွဲကလေး တစ်ကုံးကို ဆွဲထားသည့် မိန်းမပျိုကလေး တစ်ဦးသာ အဖေါ်မပါ တစ်ကိုယ်တည်း ဖြစ်သည်ကို တွေ့ရလေ၏။ ခင်မောင်ကြီးသည် ထိုမိန်းမပျိုကလေးကို ကြည့်လိုက်ရာတွင် မိမိဆီသို့လာနေသည်ကို တွေ့ရလေ၏။

မိန်းမပျိုကလေးကို ကြည့်ရသည်မှာ ထိုနေရာကိုအခါများစွာ မရောက်ဘူးသဖြင့် အထူးအဆန်းတွေကို တွေ့မြင်နေရသကဲ့သို့ ဟိုဟိုဒီဒီလှည့်လည် ကြည့်ရှုနေပုံရပေ၏။ ခင်မောင်ကြီးမှာ ရုပ်ရှင်မင်းသမီး အချောအလှတွေကို အမြဲပင်မြင်နေရသည့်အတွက် တော်ရုံတန်ရုံ မိန်းကလေးကို နှစ်စက္ကန့်မျှကြာအောင်ပင် ကြည့်ခဲ့သူမဟုတ်သော်လည်း ထိုမိန်းကလေးကိုမူ ခင်မောင်ကြီး၏ မျက်လုံးထဲတွက် အချောဆုံး အလှဆုံးတစ်ယောက်ကဲ့သို့ ထင်မြင်မိခြင်းကြောင့် မျက်စိထဲမှ ထွက်၍မသွားစေရအောင် မျက်တောင်မခတ်ဘဲ ကြည့်နေမိပေ၏။

ခင်မောင်ကြီးမှာ ကြီးပွားတိုးတက်ရန် လမ်းကို အမြဲမျှော်မှန်းလျှက် အလုပ်ထဲတွင် အထူးစိတ်ဝင်စားကာ ကြိုးစားလုပ်ကိုင်ပြီးလျှင် အလုပ်မှလွဲ၍ စိတ်ထဲသို့ ဘာမျှ မသွင်းခဲ့ချေ။ သို့ဖြစ်၍ အသက် ၂၈နှစ် မျှသာ ရှိစေကာမူ လူငယ်စိတ်ကုန်ခမ်းပြီး လူကြီးကဲ့သို့ရှိသော်လည်း ထိုမိန်းမပျိုကလေး၏ မျက်နှာကို မြင်လိုက်ရသည့်အခါ၌မူ နုပျိုသော စိတ်များ ဝင်ရောက်၍လာလေ၏။ ၎င်း၏စိတ်ထဲတွင် ထိုမိန်းမပျိုကလေးသည် ၂၈နှစ် ပတ်လုံး မိမိစိတ်ထဲတွင် သိုမှီးစုဆောင်းထားခဲ့သည့် အချစ်တွေ အကုန်လုံးကိုထုတ်ဖွင့်ပြီး ချစ်ထိုက်သည့် မိန်းမစားကလေး တစ်ယောက် ဖြစ်သည်ဟု ထင်မြင်ကာ အချစ်စိတ်ဝင်စား၍ လာလေ၏။

Commercial use of this book will be at your own risk

သို့ဖြစ်၍ ခင်မောင်ကြီးသည် တစ်စုံတစ်ရာကို အကြောင်းပြုပြီး ထိုမိန်းကလေးအား စကားပြောဆို နှုတ်ဆက်လိုက်ချင်၏။ သို့ရာတွင် အကြောင်းတစ်စုံတစ်ရာ ထွေထွေထူးထူးမရှိဘဲ တစိမ်းတရံစာ မိန်းကလေးတစ်ယောက်ကို "မင်းနာမည် ဘယ်သူလဲ၊ တစ်ယောက်တည်းလား" ဟု သွား၍ပြောမိချေက ပါးချမခံရလျှင် ကံကောင်းပဲဟု အောက်မေ့ မိလေ၏။

မိန်းမပျိုကလေးသည် တဖြည်းဖြည်းနီး၍လာလေရာ ခင်မောင်ကြီးမှာ ၎င်း၏မျက်နှာကိုသေချာစွာ ကြည့်နိုင်ခွင့်ရရှိသည်တွင် အဝေး၌ မိမိမြင်ရသည်ထက် ပိုမို၍လှပကာ မိမိ၏အကြိုက်မျိုးနှင့် တစ်ချိုးတည်းကျနေသည်ကို တွေ့ရလေ၏။ သို့ရာတွင် မိမိသည် ဤမိန်းမပျိုကလေးအား ပထမဆုံးနှင့် နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပင် ဖြစ်တော့မည်။ ၎င်းသည် ယခုပင်လျှင် မိမိအားလွန်မြောက်လျက် လူများအကြားတွင် ပျောက်ကွယ်၍သွားတော့မည်။ နောင်တွင် မိမိတွေ့မြင်နိုင်ဖို့ရန် အကြောင်းမရှိတော့ပြီ။ ရန်ကုန်မြို့ကြီးမှာ ခုမြင်ခုပျောက်ကာ နောင်အခါတွေ့ရခဲသည့် လူအများဖြင့် ပြည့်နှက်လျက် ရှိချေသည်ဟုတွေးရင်း ခင်မောင်ကြီးသည် "ဒါတွေကို အဆွေးကြွယ်နေတာထက် လက်ငင်းရစရာရှိတဲ့ငွေကို ရပ်ရှင်ခြံထဲသွားပြီး ယူဦးမှပဲ" ဟုနှလုံးပိုက်ကာ လမ်းဘေးတွင် ရပ်ထားသော တက္ကစီတစ်စင်းပေါ်သို့တက်၍ ဒရိုင်ဘာအား မောင်းရန် အမိန့်ပေးလိုက်လေ၏။

ခင်မောင်ကြီးသည် ကားပေါ်သို့ ရောက်ခါမှ အိတ်ထဲသို့ လက်နှိုက်ကြည့်ရာ ပိုက်ဆံအိတ်ထည့်၍ မလာမိသည်ကို သတိရလေ၏။ သို့ရာတွင် ခင်မောင်ကြီးမှာ ငွေအတွက် မပူပန်မိချေ။ ရုပ်ရှင်ခြံထဲ ရောက်လျှင် ငွေရမည်ကို မြင်၍နေလေ၏။

မော်တော်ကားသည် အနည်းငယ်မျှသွားမိလျှင်ပင် ရုတ်တရက်ရပ်၍ သွားလေ၏။ ခင်မောင်ကြီးသည် ရှေ့သို့ ကြည့်လိုက်ရာ လက်ကာ၍ပြထားသော လမ်းစောင့်ပုလိပ်ကို မြင်ရလေ၏။

ထိုအခိုက်တွင် အပြင်မှ ဖြုန်းခနဲ ကားတံခါးဆွဲဖွင့်လိုက်သည်ကိုတွေ့ရ၍ လန့်ဖြန့်ပြီးလှည့်ကြည့်လိုက်ရာ မိမိစိုက်၍ ကြည့်နေခဲ့မိသော ပုလဲလည်ဆွဲနှင့်မိန်းမပျိုကလေး ဖြစ်နေသည်ကို တွေ့ရလေ၏။ ခင်မောင်ကြီးသည် အံ့အားသင့်လျက် ကြက်သေသေ၍ ကြည့်နေမိရာက "ကျွန်မ ဒီကားထဲ ပုန်းနေပါရစေ၊ ကျွန်မကို ဝှက်ပေးစမ်းပါရှင်၊ ကျေးဇူးတင်ပါတယ်" ဟု ထိုမိန်းမပျိုကလေးက ပြောပြောဆိုဆို ကားပေါ်သို့ အတင်းတက်ရောက်လာသည်ကိုတွေ့ရမှ ကြက်သေသေနေရာက သတိရကာ တက္ကစီတံခါးကို ဆွဲ၍ ပိတ်ပေးလိုက်လေ၏။

မိန်းမပျိုကလေးသည် ကားထဲဝင်၍ပုနေရာ ခင်မောင်ကြီး သည်လူသွားလမ်းဘက်သို့ ကျသည့်အပေါက်တွင် ကိုယ်တစ်ပိုင်းထုတ်ထားကာ အတွင်းကို မမြင်နိုင်အောင် ကွယ်၍ထားလိုက်ရလေ၏။

ခင်မောင်ကြီး၏စိတ်ထဲတွင် မိမိတွေ့မြင်ဖူးသမျှသော အရာဝတ္ထုတို့သည် စောစောကနှင့်မတူ အားလုံးပြောင်းလဲသွားသည် ဟု ထင်မှတ်မိကာ မိမိသည် ဆူးလေဘုရားလမ်းထောင့်သို့ ရောက်နေသည်မှ ဟုတ်မှဟုတ်ပါမလားဟု ထင်မိလေ၏။ သို့နှင့် လမ်းတစ်ဖက်သို့ လှည့်ကြည့်လိုက်ရာ ဆူးလေဘုရားကြီးကို တွေ့မြင်ရမှ မိမိမှာ အိပ်မက်မက်နေခြင်းလည်း မဟုတ်၊ နတ်ပြည်သို့ ရောက်နေခြင်းလည်း မဟုတ်ဘဲ မိမိမြင်နေသည့် အရာများမှာ မူလကတည်းက ထားရှိသည့် အတိုင်းပင်ဖြစ်သည်ကို သိရလေ၏။ ခင်မောင်ကြီးသည် မိမိကားရပ်ထားသည့် နေရာမှာ ဆူးလေဘုရားနှင့် မွန်ဂိုမာရီ လမ်းထောင့်ပင် ဖြစ်သော်လည်း စိတ်ထဲတွင် ထိုနေရာကို အချစ်ရွှေမြို့တော်ကြီးသို့သွားသော လမ်းမကြီးဟု ထင်မြင်မိလေ၏။ သူမြင်နေသည့် အရာများမှာလည်း စောစောကကဲ့သို့ ငြီးငွေ့ဖွယ်ရာ မရှိတော့ချေ။ လမ်းစောင့် ပုလိပ်က လမ်းဖွင့် မပေးသည့် အတွက် တဝေါဝေါ တဘော်ဘော် မှုတ်နေကြသည့် မော်တော်ကားဟွန်းသံများမှာ မိမိတို့ လက်ထပ်ပွဲ လှည့်လာရာတွင် နောက်ဆီမှ ကားများက တသီတတန်းကြီးတီးမှုတ်၍ လိုက်လာကြသကဲ့သို့ အောက်မေ့မိ၏။ ခင်မောင်ကြီးသည် အသက် ၆၀ လောက် မိမိကိုယ်ကို မိမိထင်နေခဲ့ရာက သူ့စိတ်တွင် ၁၆ နှစ် တစ်ရက်လျော့ သားကလေး တစ်ယောက် အဖြစ်သို့ ပြောင်းလဲသွားလေ၏။

ခင်မောင်ကြီးမှာ ဘယ်အခါကမျှ ထိုသို့မြင်ရ ကြုံရလိမ့်မည်ဟု မထင်မိခဲ့သော အရာမျိုးကို တွေ့ကြုံရသဖြင့် ပျော်မြူးလျက်ရှိကာ မိမိတို့ နှစ်ယောက်မှတစ်ပါး ဘယ်သူ့မှ မမြင်ရသကဲ့သို့ ရှိမိပေ၏။ သို့ဖြစ်ခြင်းကြောင့်

Commercial use of this book will be at your own risk

ခါးပိုက်နှိုက်နေသည်ကို တွေ့ရသော ကုလားကလေးကို ခြောက်ပေတစ်မိုက်ရှိသော ပုလိပ်ကြီးက ဖိကုတ်၍ ဖမ်းရန် ကြီးမားသော အဓိဋ္ဌာန်ဖြင့် အံခဲ၍ လျှောက်လာသကဲ့သို့ ခင်မောင်ကြီးရှိရာ ကားဆီသို့ အမိလိုက်ရန် အဓိဋ္ဌာန်ဖြင့် အံခဲ၍လျှောက်လာသော သူတစ်ယောက်ကိုမမြင်မိဘဲ အနီးသို့ရောက်ရှိ၍ မျက်နှာချင်းဆိုင်မိကြတော့မှ ခင်မောင်ကြီးမှာ ထိုသူကို သတိပြုမိလေ၏။ သို့ဖြစ်၍ ထိုသူအား အဘယ်လို လူစားပေနည်းဟု ခြေဆုံးခေါင်းဖျားကြည့်လိုက်ရာ ထိုသူ၏ နုနယ်သောမျက်နှာအားဖြင့် အသက် ၂၂ နှစ်သာသာမျှသာ ရှိသေးသည်ဟု ခန့်မှန်းရပြီး သစ်လွင် ခန့်ညားသည့် အဝတ်အစားများဖြင့် မွမ်းမံထားအပ်သော ထိုသူ၏ ခန္ဓာကိုယ်မှာ လူဝအားတိုးဆေးကြော်ငြာများတွင် "ဆေးစားပြီးတွေ့ရပုံ" ဟူသော ရုပ်မျိုးနှင့် တစ်ချိုးတည်း ကျနေသည်ကို တွေ့ရလေ၏။

ခင်မောင်ကြီးလည်း ထိုသူ၏ ဒေါသဖြင့် ပြူးထွက်လျက်ရှိသော မျက်လုံးများကို စိုက်၍ကြည့်နေမိစဉ် ထိုသူက နဖူးမှ ချွေးကိုသုတ်ရင်း "ခင်ဗျားပဲ – ခင်ဗျားပဲ" ဟုဆိုလေသည်။

ခင်မောင်ကြီးသည် ဟန်မပျက်ကြည့်နေပြီးမှ မော်တော်ကားတံခါးအပြင်သို့ ကိုယ်ကို အနည်းငယ် ထုတ်လိုက်ပြီးလျှင် "ကိုယ့်လူ ဘာဖြစ်တာတုန်း" ဟုမေးလိုက်လေသည်။

ထိုအချိန်တွင် စက်ဘီးစီးလာသော ချောစာပို့သည့် ပျာတာကလေးသည် ထိုအချင်းအရာကိုမြင်သည်နှင့် တစ်ပြိုင်နက် စက်ဘီးပေါ်မှ ဆင်း၍ရပ်လေ၏။ ကွမ်းယာသည်နှစ်ယောက်သည် အနားသို့ ရောက်လာကြသည်။ ဆွဲခြင်းကလေးကို ကိုင်၍လျှောက်လာသည့် အစေခံမကလေး နှင့် တူသော မိန်းကလေးတစ်ယောက်သည် အင်အားဖြည့်စွက်ကာ လူဦးရေတိုးစေလေ၏။ ထစ်ခနဲဖြစ်လျှင် ဝိုင်းအုံတတ်သည့် လူစားထဲကဖြစ်သော ကုလားတစ်ယောက်သည် "ကျားဟိုဝါး ကျားဟိုဝါး" နှင့် အနားကို အသွားတွင် နောက်ထပ် ကုလားတစ်ယောက်နှင့် ပေါက်ဖော်တစ်ဦးက ကိုကုလားအနားသို့ သွား၍ ရပ်ကြပြန်၏။ လူအနည်းငယ်စုမိသည်ကို မြင်လျှင် လမ်းမပေါ်တွင် သွားနေကြသူတို့သည် တစ်ယောက်ပြီး တစ်ယောက်ရပ်၍ ကြည့်ရှုစပြုကြလေ၏။

"ဒီကားထဲ မိန်းမတစ်ယောက်ဝင်သွားတယ်"

လူဝအားတိုးဆေးရုပ်နှင့်လူသည် နီမြန်းသော မျက်နှာဖြင့် ခင်မောင်ကြီးအား ကြည့်၍ပြောလေသည်။

"ဟာ – မဟုတ်ပါဘူး"

"ဘယ့်နှယ် မဟုတ်ရမှာလဲ၊ ဒါဘာစကားလဲ"

"မြန်မာလိုပြောတာပါပဲ" ဟုဆိုပြီးမှ ခင်မောင်ကြီးက "ကျုပ်ဒီကားထဲမှာ ရှိနေတာပဲဟာ၊ လူတစ်ယောက်လုံး ဝင်လာတာ မပြောနဲ့၊ ပရွက်ဆိတ်ဝင်တာတောင် သိမှာပေါ့" ဟုဆိုလေသည်။

ထိုအခိုက်တွင် လမ်းစောင့်ပုလိပ်သည် ကားများကို သွားခွင့်ပြုလိုက်ရာ ခင်မောင်ကြီးသည် မူလက ရုပ်ရှင်ခြံဘက်သို့ သွားမည်ကြံခဲ့သော်လည်း ယခုကဲ့သို့ အနှောက်အယှက်ဖြစ်ပေါ်လာသည်ကို တွေ့ရသောကြောင့် တက္ကစီမောင်းသမား အား ကားကို ဆူးလေဘုရားဘက်သို့ လှည့်၍ မောင်းခိုင်းလေ၏။

ကားထွက်လာပြီးနောက် ခင်မောင်ကြီးသည် နောက်သို့လှည့်ကြည့်လိုက်ရာ လမ်းပေါ်တွင် စည်ပိုင်းကြီးလိမ့်၍ လာသကဲ့သို့ လူဝအားတိုးဆေးရုပ် နှင့်တူသူသည် ရှေ့ဆုံးက ခေါင်းဆောင်၍ ပြေးလိုက်လာလျှက် ၎င်း၏ နောက်ကလည်း လူအများတသီတတန်းကြီးပါလာကြသည်ကို တွေ့မြင်ရလေ၏။

ချောစာပို့သော လူငယ်ကလေးသည် ကားနောက်ကပြေး၍လိုက်နေသောသူ၏ အလုံးအထည်နှင့် ခွန်အားဗလကို မြင်ရသဖြင့် အခမဲ့လက်ဝှေ့ပွဲကောင်းတစ်ခု ကြည့်ရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် လိုက်လာလေ၏။ အစေခံမကလေးမှာလည်း ပြေးလွှားခြင်းသည် လမ်းလျှောက်ခြင်းထက် ကျန်းမာခြင်းကိုဖြစ်စေသည်ဟု ယူဆ၍

Commercial use of this book will be at your own risk

လားမသိ၊ အပြေးကလေးလိုက်ပါလာလေ၏။ ကွမ်းယာသည်နှစ်ယောက်တို့မှာ မြူနီစပါယ် ပုလိပ်လိုက်၍ ပြေးရခြင်းကို ကျင့်သားရ၍ နေကြသည့်အလျှောက် သွက်သွက်ကြီး လျှောက်လာကြလေ၏။

ထိုလူတစ်သိုက်တို့ ပြေး၍လိုက်လာကြသည့် အချိန်တွင် ခင်မောင်ကြီး၏ကားမှာ ဖရေဇာလမ်းတွင် လမ်းပိတ်ထားခြင်း ခံရပြန်သဖြင့် နောက်ကလိုက်လာသူတို့မှီ၍လာကြလေသည်။

ပြေး၍လိုက်လာကြသော သူတို့သည် ဖိုးသာဝရုပ်ကြီးကို ဇာတ်လိုက်တစ်ယောက်လောက် အောက်မေ့ကြပြီး ခင်မောင်ကြီးကို ဇာတ်လိုက်မင်းသမီးအား ကားနှင့်တင်၍ခိုးပြေးသည့် လူဆိုးတစ်ယောက်ကဲ့သို့ ယူဆကြလေရော့လားမသိ။ ကားနားသို့ ရောက်လာကြသည်နှင့် တစ်ပြိုင်နက် စာပို့ပျာတာကလေးက ဖိုးသာဝရုပ်ကြီးအား "ဒီမှာ ဆရာ၊ ဒီကားထဲမှာ" ဟု လက်ထောက်ချလေ၏။

ကွမ်းယာသည်တစ်ယောက်ကလည်း ဆုလာဘ်ကြီးများစွာ ရမည်ကဲ့သို့ "ဟိုမှာ ဆရာ၊ ဟိုမှာ" ဟုပြသလေသည်။

အစေခံမကလေးမှာကား မိမိတစ်ယောက်တည်း ကြည့်ရသည်ကို မျိုမကျနိုင်သည့်အလား ခပ်လှမ်းလှမ်းတွင် မြင်လိုက်ရသော အသိမိန်းကလေး တစ်ယောက်ကို လှမ်း၍ခေါ်ကာ "မကြည်၊ မကြည်။ ဒီမှာ ဘာဖြစ်သလဲ မသိဘူး" ဟု ကားကို လက်ညှိုးညွှန်၍ပြလိုက်လေ၏။ မကြည်အခေါ်ခံရသူ မိန်းကလေးသည် ပွဲကောင်းတစ်ခု ကြည့်ရတော့မည်ဟု မျှော်လင့်ကာ ပြေး၍လာရာတွင် သူ့နောက်က လူဆယ့်ငါးယောက်ခန့် တို့လည်း လိုက်ပါလာကြလေ၏။

"ဟေ့ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ။ ကျားဟိုဝါး"

"ဟာ အလကားပါ။ ခါးပိုက်နှိုက်သွားလို့"

"မဟုတ်ဘူး၊ လူနှစ်ယောက်ရန်ဖြစ်တာ"

"ဘာဟုတ်ရမှာလဲ။ လူတစ်ယောက်ကို ကားနဲ့ဝင်တိုက်လို့"

ထိုသို့ပြောနေကြသည့်အထဲက စိတ်ကူးယဉ်သူတစ်ယောက်က

"အလကားပါကွာ၊ တကယ်မဟုတ်ပါဘူး။ ရုပ်ရှင်ရိုက်နေတာပါ" ဟုပြောလိုက်လေ၏။

"ဟေ့ ရုပ်ရှင်ရိုက်တာတဲ့ကွ။ လာဟေ့ အနားသွားပြီး ကြည့်ရအောင်။ ဇာတ်လိုက်မင်းသမီး ဘယ်မှာလဲကွ"

"ဇာတ်လိုက်မင်းသမီးမပါဘူး။ ရယ်ရွှင်ဖွယ် ဇာတ်ကားရိုက်နေတာ။ ဟိုကားထဲမှာ ကင်မရာပါတယ်"

ကြယ်သီး၊ ချိတ်၊ ခဲတံ စသော တိုလီမိုလီရောင်းနေသူ တစ်ယောက်က "ဘာမှ မဟုတ်ပါဘူး။ ဟိုလူဝဝဟာ စောစောက ဟိုအရက်ဆိုင်ထဲမှာ အရက်တွေသောက်ပြီး မူးလာတာပါ" ဟု ထင်မြင်ချက်ပေးလေ၏။

တက္ကစီမောင်းသူသည် စောစောက ဘာမျှအရေးမစိုက်ဘဲ နေခဲ့ရာက မိမိကားဆီသို့ လူအများဝိုင်း၍လာကြသည်ကို တွေ့ရမှ "ဘာဖြစ်တာလဲ ဆရာ" ဟု ခင်မောင်ကြီးအား လှည့်၍မေးလိုက်လေ၏။

သို့သော် ခင်မောင်ကြီးက အဖြေမပေးနိုင်မီ ဖိုးသာဝရုပ်သည် ရှူးရှဲ ရှူးရှဲ ဒေါသ တစ်ခွသားနှင့် "ခင်ဗျာ ကျုပ်အကြောင်းကို သိချင်သလား။ ခင်ဗျားကားထဲကို ကျုပ်ကြည့်ရမလား" ဟုဆိုလေ၏။ ကားမှာ တက္ကစီပင် ဖြစ်သော်လည်း စတင်းဒတ်ဆလွန်း တစ်ပတ်ရစ်ဖြစ်ခြင်းကြောင့် ပြူတင်းပေါက်တွင် ခင်မောင်ကြီး ကိုယ်နှင့် ကွယ်၍ထားရုံဖြင့် အထဲကို မမြင်နိုင်ဘဲရှိလေ၏။

Commercial use of this book will be at your own risk

ခင်မောင်ကြီးသည် ဒရိုင်ဘာအားလှမ်း၍ လက်ကုတ်လျှက် ငြိမ်ငြိမ်နေရန် အချက်ပေးလိုက်ပြီးနောက် "ဟော့လူ၊ ခင်ဗျား ကျုပ်ကို အနှောင့်အယှက်ပေးနေတာလား။ ပုလိပ်လက်ထဲ ရောက်ချင်တယ် မှတ်တယ်" ဟု ဆိုလိုက်၏။

"ခင်ဗျားကားထဲမှာ မိန်းကလေးတစ်ယောက်ရှိနေတယ်။ ဒီကားထဲဝင်သွားတာ ကျုပ်မျက်စိနဲ့သေသေချာချာ မြင်လိုက်ရတယ်။ သူအခုထက်ထိ ထွက်လာတာ မတွေ့ရသေးဘူး။ ကားထဲမှာ ရှိဦးမယ်"

"မှန်ပါတယ် ဦးစံရှားရဲ့၊ ခင်ဗျားရဲ့ ဆင်ခြေဟာ ကောလိပ်မှာ လောဂျစ်သင်ခဲ့သလားလို့ထင်စရာပဲ။ ဒါပေမယ့် ကျုပ်ကားထဲမှာ ဘာမှ မရှိဘူး"

"ကျုပ်မယုံဘူး။ ခင်ဗျား တံခါးဖွင့်မပေးရင် ကျုပ်အတင်းဖွင့်ရလိမ့်မယ်"

"သတ္တိရှိရင် ဖွင့်ပါလား။ ဟောဒီလက်သီး ဘာမှတ်သလဲ"

ခင်မောင်ကြီးက လက်သီးပြလိုက်သည်ကို တကယ်ထိုးလိုက်သည်အထင်ဖြင့် "ဟော့လူ၊ ဟော့လူ၊ ဒီလိုမလုပ်နဲ့လေ" ဟုလက်ကာပြ၍ ပြောဆိုရင်း ဖိုးသာဝရုပ်ကြီးက နောက်သို့ဆုတ်လိုက်လေ၏။

ထိုနောက်မှ ဖိုးသာဝရုပ်သည် ရတ်တရက်အကြံရကာ ကားတံခါးဖွင့်သည့် လက်ကိုင်ကိုဖမ်းပြီး ဆုပ်ကိုင်လိုက်လေ၏။ ထိုသို့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ခင်မောင်ကြီးသည် မည်သို့လုပ်ရန် အသင့်တော်ဆုံး ဖြစ်သည်ကို လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်း လျှင်မြန်စွာ အကြံထုတ်ရလေ၏။ ထိုသူအား ကားတံခါး လက်ကိုင်ကို လှည့်ခွင့်ပြုကာ ကြည့်နေလိုက်လျှင် ကားတံခါးမှာ အမှန်ပင် ပွင့်၍သွားမည်ဖြစ်၏။ သူ၏မေးရိုးကို ကပ္ပလီ လက်ဝှေ့ချန်ပီယံ ဂျိုလူဝီးစ် ကဲ့သို့ တစ်အားထိုးလိုက်ရမည်မှာကလည်း ဂတ်များတွင် မိမိလိုထိုးတတ်သည့် လူမျိုးအတွက် လက်ထိပ်တွေ ပိုလျှံလျက်ရှိသည့်ပြင် ထောင်တံခါးကြီးများကလည်း ပါးစပ်ကြီးများဖြဲလျက် အသင့်ရှိနေကြသည်ကို ပြေး၍မြင်မိလေသည်။ သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးတွင် အကြုံးမဝင်သည့် ပြုမူခြင်းကို ပြုလုပ်ရန်ဆုံးဖြတ်ကာ ဖိုးသာဝ၏ ကျနပြောင်လက်စွာ ဖြီးထားသော ဗိုလ်ကေကို လက်ငါးချောင်းဖြင့် ဆွဲဆုပ်ကာ လှုပ်ရမ်းပစ်လိုက်ရလေ၏။ ထိုသူမှာ ခေါင်းအကိုင်ခံရလျှင် လူကိုထိုးခံရသည်ထက် စိတ်ဆိုးတတ်သောသူ ဖြစ်သည့်အတိုင်း ကားတံခါးကိုလွှတ်ကာ ခင်မောင်ကြီး၏ လက်ထဲမှ ခေါင်းကိုလွတ်အောင် ရုန်းလျက် နောက်ဆုတ်သွားလေ၏။

ကြည့်နေကြသော ပရိသတ်များမှာ ရယ်ရွှင်ဖွယ်ဇာတ်ကားကောင်းတစ်ခု ကြည့်ရှုကြရသကဲ့သို့ ရယ်ကြမောကြနှင့် ရှိကြပြီး ထိုကြားထဲက "အချားဟေး၊ ဘိုးအချား" ဟူသော ကုလားစကားဖြင့် ဩဘာပေးသံများပင် ထွက်ပေါ်လာလေ၏။

ထိုအခိုက်တွင် လမ်းစောင့်ပုလိပ်သည် ကားများကို သွားခွင့်ပြုလိုက်ရာ၊ ကားကလည်း ရှေ့သို့အထွက် ဖိုးသာဝရုပ်ကလည်း နောက်သို့ အရှိန်းတွင် ဗုန်းခနဲ ဖင်ထိုင်၍လဲကျသွားလေ၏။

ကားသည် အတော်လွန်၍သွားမှ ခင်မောင်ကြီးသည် နောက်သို့လှည့်ကြည့်လိုက်ရာ၊ ဝိုင်းအုံရယ်မော၍ ကျန်ရစ်ကြသည့် လူစု၏ အလယ်မှ ဖုတ်ခါ၍ထကာ ပွယောင်းသွားသော ဆံပင်ကို သပ်ယပ်အောင်ပြုပြင်ရင်း ပါးစပ်မှ တလှုပ်လှုပ်နှင့် ဖြစ်နေသည်ကို မြင်ရလေ၏။ သို့ဖြစ်ရာ တစ်နေရာနှင့် တစ်နေရာမှာ အတော်ပင်ဝေးကွာသော်လည်း ၎င်း၏ပါးစပ်မှ ထွက်လာသောစကားမှာ မိမိအား မေတ္တာရေစင်သွန်းလောင်းလျက် ဆုတောင်း၍ ကျန်ရစ်ခဲ့ခြင်းဖြစ်မည်ဟု တွေးကာ ခင်မောင်ကြီး၏နားတွင် ထိုစကားများကို ကြားယောင်ယောင် ရှိမိပေ၏။

ထိုနောက်တွင် ထိုသူသည် လူထုကြီးကို တွန်းထိုးဖယ်ရှားကာ ထွက်၍ပြေးသွားသည်ကို မြင်လိုက်ရပြန်လေ၏။ ဝိုင်းအုံလာသော လူစုမှာ ထိုသူလဲကျသည့် ဖင်နေရာကို နောင်လာနောင်သားများ မှတ်မိစေရန် ကျောက်တိုင်စိုက်ထူဖို့ ကြည့်ရှုနေကြသည့်အလား ထိုနေရာနားက မခွာနိုင်ဘဲ ရှိကြလေ၏။

Commercial use of this book will be at your own risk

ခင်မောင်ကြီးသည် မတော်တဆ ထိုလူစုထဲမှ မိမိအားမြင်ပြီးလျှင် မိမိအားညွှန်ပြကြပြန်ဦးမည်ကို စိုးရိမ်ကာ စေတုတ္တရာပြည်ကြီးကို ဝေသန္တရာမင်းကြီး နောက်ဆုံးကြည့်ခြင်းမျိုးသို့ သမင်လည်ပြန်ကြည့်ရာက ချာခနဲ ခေါင်းလှည့်လိုက်ပြီးလျှင် ကားထဲတွင် နေရာပြင်၍ထိုင်လိုက်လေ၏။



Commercial use of this book will be at your own risk

॥ ၂ ॥

ထိုအခါမှ တက္ကစီအတွင်း၌ ဝင်၍ပုန်းနေသော မိန်းမပျိုကလေးသည် နေရာမှထ၍လာကာ ကားထောင့်တစ်ဖက်တွင် ဝင်၍ထိုင်လိုက်ပြီးနောက် ယခုမှ အမောပြေသကဲ့သို့ သက်မကြီးချလိုက်ပြီး စိတ်အေးသွားသော အမူအရာဖြင့် "ကျွန်မကို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောလေ၏။

မိန်းမပျိုကလေးက သူ့အားကယ်ဆယ်သည်ဟု မဆိုဘဲ ကူညီသည်ဟု ပြောခြင်းမှာ ထူးခြားလှပေသည်ဟု ခင်မောင်ကြီး၏ စိတ်၌ တွေးမိပြီးမှ "ဒီလို ကူညီရတာကိုပဲ အများကြီးဝမ်းသာပါတယ်" ဟု ပြောလိုက်ပြီးလျှင် ၎င်းအားစိုက်၍ ကြည့်လိုက်မိလေ၏။

ခင်မောင်ကြီးမှာ ယခုမှ နီးနီးကပ်ကပ် စေ့စပ်စွာ ကြည့်ရှုရသဖြင့် စောစောက မိမိသည် အဝေးမှ မြင်ရရုံနှင့် လှသည်ဟု အသိအမှတ်ပြုခဲ့မိခြင်းထက် ပိုမိုနှစ်သက်ဖွယ်ရှိသည်ကို တွေ့မြင်ရလေ၏။ မိန်းမပျို၏ ကြည်လင်ဝိုင်းစက်သော မျက်လုံးကလေးများမှာ နေရောင်ဟပ်လိုက်ရာတွင် မဟူရာကဲ့သို့ နက်မှောင်နေသည့်အထဲက ပယင်းရောင် အသွေးဖြာထွက်သွားသကဲ့သို့ ရှိလေ၏။ ဖြူဖွေးနုထွတ်သော ပါးပြင်ကလေးပေါ်တွင် အကြောစိမ်းကလေးများ သမ်း၍နေပြီးလျှင် ပါးချိုင့်ကလေးများပေါ်၍နေသည်ကိုလည်း တွေ့ရပေ၏။ နှုတ်ခမ်းကလေးများမှာလည်း နီမြန်းပိရိလျက်ရှိပြီးလျှင် စကားပြောစဉ်က ပွင့်၍သွားသည့်ခဏ၌ ပုလဲဥကလေးများ သီထားသကဲ့သို့ ညီညာဖြူဖွေးသည့် သွားကလေးများကို မြင်ရလေ၏။ မိမိမှာ ရုပ်ရှင်မင်းသမီးအဖြစ် လျောက်ထားသူများစွာတို့အား အချောအလှရွေး၍ လာခဲ့သူ ဖြစ်သည့်အတိုင်း ရုပ်ရှင်စကားအရ "ပရိုဖိုင်း" ခေါ် ဘေးတိုက်တစ်မျိုး၊ "သရီးကွာတား" ခေါ် ဘေးစောင်းတစ်မျိုး၊ "ဖူးလ်" ခေါ်သည့် တည့်တည့် တစ်မျိုး ဖြင့် ကြည့်ရှုရာတွင် ဘယ်တစ်ကွက်မျှ အပြစ်ဆိုစရာ မရှိသည်ကို တွေ့ရလေ၏။ သူသည် အင်္ဂါရုပ်နိမိတ်ဖတ်ခြင်း၌ ကျမ်းကြေ၍နေသူ မဟုတ်သည့်တိုင်အောင် ထိုမိန်းမပျိုကလေး၏ မေးစေ့၊ နဖူး၊ နှာခေါင်း တို့မှာ ဘယ်အရာကိုမဆို မဖြစ်မနေဟူသော အဓိဋ္ဌာန်ဖြင့် ပြုမူ ဆောင်ရွက်လေ့ရှိသူဖြစ်ခြင်းကိုလည်းကောင်း၊ တစ်စုံတစ်ရာဖြစ်လာလျှင် အပြုံးမပျက်ပဲ ဖြစ်သမျှအကြောင်း အကောင်း ဟူ၍ သဘောထားတတ်သူ ကလေးဖြစ်ခြင်းကိုလည်းကောင်း ပြသနေပေသည်ဟု ယူဆမိပေ၏။

ခင်မောင်ကြီးက မိန်းမပျိုအား ကြာကြာစိုက်၍ကြည့်နေမိလေလေ၊ မကြာမီက ဖြစ်ပျက်တွေ့မြင်ခဲ့ရသည့် အကြောင်းအရာတို့ကို အဖြေရှာ၍ မရနိုင်သကဲ့သို့ ရှိမိလေလေဖြစ်ရလေ၏။ မိန်းမပျို၏အမူအရာ အကြည့်အရှု အကဲခတ်ရခြင်းအားဖြင့် တော်ရုံတန်ရုံယောကျ်ားတစ်ယောက်သည် သူ့အနားသို့ ကပ်ဝံ့ဖို့ ဝေးစွ၊ သူ၏ မျက်စောင်း တစ်ချက် အထိုးခံရရုံနှင့် စကြာဝဠာတံတိုင်းသို့ ဒိုင်းခနဲ ပြေး၍ကပ်နေမည်ဖြစ်တော့၏။ သို့ဖြစ်ရာ ပြောင်လက်နေအောင် သပ်သပ်ရပ်ရပ် ဖီးထားသည့် ဖိုးသာဝရုပ်နှင့်တူသူကို မြင်၍ သူစိမ်းတစ်ယောက်၏ ကားထဲသို့ သူ အတင်းဝင်၍ ပုန်းနေရလောက်အောင် ဖြစ်ရသည်မှာ အဘယ်သို့သော အကြောင်းကြောင့်ပေနည်းဟု စဉ်းစား၍ မရနိုင်ဘဲ ရှိပေ၏။

Commercial use of this book will be at your own risk

မိန်းမပျိုကလေးမှာ ယခုအခါတွင် စိတ်ကြည်လင်အေးချမ်းသွားလျက် ပူပင်ခြင်းမရှိတော့ဘဲ ခင်မောင်ကြီးအား တည်ငြိမ်စွာ စိုက်၍ကြည့်နေလေ၏။ ခင်မောင်ကြီးကလည်း မိန်းမပျိုကလေးအား တည့်တည့် ကြီးကြည့်နေ၏။ ၁၀ စက္ကန့်မျှ အကြာတွင် သူငါ့ကို တော်တော် အကြည့်ခံသားပဲဟူသော အတွေးဖြင့် ကျေနပ်၍ သွားလေ၏။ မိန်းမပျိုကလေးသည် ပြုံးရာမှ အသံထွက်အောင် ရယ်လိုက်ရာ ထိုသို့ရယ်လိုက်သော အသံကလေးမှာ မိမိ ရိုက်ကူးခဲ့သော အသံထွက်ဇာတ်ကားများထဲတွင် ပါဝင်သည့် အကောင်းဆုံးအနိုပ်ဆုံးဟု ထင်မှတ်ခဲ့သော ဂီတသံ ထက်ပင် သာယာလှသည်ဟု ထင်မြင်မိ၏။

"ကျွန်မ ခုတင်က ဖြစ်ခဲ့တာတွေကို တွေးတွေးပြီး ရယ်ချင်နေတယ်"

"မေးတယ်လို့လဲ စိတ်မဆိုးပါနဲ့။ ဘယ်လိုဖြစ်တာလဲ သိပါရစေ"

"စိတ်မဆိုးပါဘူးရှင် နို့ပေတဲ့ ဘာဖြစ်တယ်ဆိုတာ ကျွန်မ မပြောပြနိုင်တာ ဝမ်းနည်းပါတယ်။ ဒါထက် ကားထဲ ကျွန်မရောက်ပြီး ဘာတွေများဖြစ်သေးသလဲ ပြောပြပါအုံး။ ကျွန်မတော့ ပုန်းနေရတာနဲ့ ဘာမှ မမြင်ရဘဲ အသံတွေသာ ကြားနေရတယ်"

ခင်မောင်ကြီးမှာ မိန်းမပျို၏ အမူအရာကို ဝေခွဲ၍မရသကဲ့သို့ တွေ၍ကြည့်နေပြီးမှ "ဘယ်လိုရယ် မပြောတတ်ပါဘူး။ လူဝဝပြဲပြဲ အသက်ကတော့ ခပ်ငယ်ငယ်ပဲရှိဦးမယ် အဲဒီသူက ဖြုန်းဆို ကားနားကပ်လာပြီး ကားထဲမှာ မိန်းကလေး တစ်ယောက် ဝင်သွားပါတယ်လို့ အတင်းအဓမ္မ တံခါးဖွင့်ပေးခိုင်းနေတယ်" ဟု ပြောပြလိုက်ရလေ၏။

"ဟာ ဒါဖြင့် ဟုတ်ပါပြီ ထိပ်တင်ဆွေပါပဲ။ ကျွန်မထင်တာ မမှားပါဘူး"

"ဘယ်သူ ထိပ်တင်စွေ ဟုတ်လား။ ဘာပြုလို့ ထိပ်တင်စွေ တာလဲ"

"မဟုတ်ဘူးရှင့်။ သူ့နာမည်က ထိပ်တင်ဆွေ ဆိုတာပြောတာ"

"အော် ဟုတ်လား"

မိန်းမပျိုကလေးသည် ထပ်မံ၍ ရယ်မောကာ "ဆိုပါဦး။ နောက်ပြီး ဘာဖြစ်သေးလဲ" ဟု မေးပြန်လေ၏။

"နောက်တော့ ဒီလူနဲ့ တစ်ယောက်တစ်ခွန်း အငြင်းအခုံဖြစ်ကြပြီး ကားထဲမှာ ဘယ်သူမှ မရှိပါဘူးလို့ဆိုတာ ဘယ်လိုမှ ပြောလို့မရဘူး။ နောက်ဆုံးကျတော့ သူက ကားတံခါးကို အတင်းဆွဲဖွင့်မလို့ လုပ်ပါလေရော။ အဲဒီမှာ ကျုပ်လဲ ပြောင်နေအောင် ဖြီးထားတဲ့ သူ့ ဗိုလ်ဆံတောက်ကို ဆွဲပြီး လက်ငါးချောင်းနဲ့ မွှေလိုက်တော့မှ သူ့လက်က လွတ်သွားတယ်"

မိန်းမပျိုကလေးသည် ဝမ်းသာအားရ ရယ်နေပြီးမှ "ကျွန်မ သိပ်ရယ်မောနေလို့ ဒီကိစ္စဟာ ဘာမှ မဟုတ်လောက်ဘူး မထင်ပါနဲ့၊ ရှင်ဟာ ကျွန်မကို သိပ်ကြီးမားတဲ့ ဒုက္ခတစ်ခုက ကယ်လိုက်တာ အမှန်ပါပဲ။ ရှင်သာ ဟိုနေရာမှာ မရှိဘူး။ ကျွန်မလည်း ရုတ်တရက် အခုလို အကြံမရဘူးဆိုရင် ကျွန်မတော့ ဒုက္ခပဲ" ဟု ဆိုလေ၏။

"အို ဘာပြုလို့ ဒုက္ခဖြစ်ရမှာလဲ။ ဒီလိုလူတစ်ယောက်က လမ်းလယ်ခေါင်မှာလိုက်ပြီး အနှောင့်အယှက်ပေးနေတယ် ဆိုရင် ပုလိပ်ခေါ်အပ်လိုက်ပါလား"

"ပုလိပ်ခေါ်လို့လဲ မဖြစ်ဘူးရှင့်။ ပုလိပ်ခေါ်ရင် ဒီထက်ဆိုးမယ်။ ဘယ်လိုဆိုတာတော့ ကျွန်မ မပြောပါရစေနဲ့တော့။ ရှင့်စိတ်ထဲမှာ မရှင်းဘဲသာပြီး ရှုပ်ထွေးနေရုံရှိနေမှာပဲ။ ဒီကိစ္စကို ကျွန်မ ဘယ်သူ့မှ ပြောပြလို့မဖြစ်ဘူး"

"အင်း အတော့်ကို အစဉ်းစားရခက်တဲ့ အရှုပ်အထွေးကြီးပါလား"



Commercial use of this book will be at your own risk

"ဒါပေမယ့် ရှင်တို့ ဝတ္ထုတွေမှာ ဖတ်ရတာလို ရန်သူတွေ လိုက်လို့ ပြေးရတဲ့ ရွှေမင်းသမီးကလေးများလို ဘာလိုလို အဖြစ်မျိုး မဟုတ်ပါဘူး။ ကျွန်မပြောလို့ မဖြစ်နိုင်တဲ့အတွက် ပြောမပြတာပါ"

ခင်မောင်ကြီးသည် အတန်ကြာအောင်တွေ၍နေပြီးမှ "ဒါဖြင့် ဘယ်ကို လိုက်ပို့ရမလဲ" ဟု မေးလိုက်လေ၏။

" အော် ဟုတ်ပါရဲ့၊ ကျွန်မလည်း သတိလစ်ပြီး လိုက်လာလိုက်တာ" ဟု ဆိုပြီးမှ 'ဟိုက်' ဟု ဆိုကာ မျက်လုံးပြူး၍ သွားလေရာ ခင်မောင်ကြီးမှာလည်း သူ့လိုပင် ထိတ်လန့်သွားပြီး "ဘာဖြစ်လို့လဲ" ဟု အရေးတကြီး မေးလိုက်လေ၏။

"ကျွန်မ ပိုက်ဆံထည့်ထားတဲ့ အိတ်ကလေး ကျကျန်ရစ်ခဲ့ပြီ"

"ငွေတော်တော်များသလား"

"သိပ်များပါဘူး။ အိမ်ကို လော်ကယ်ရထားနဲ့ ပြန်ဖို့ စရိတ် လုံလောက်ရုံပဲ"

ခင်မောင်ကြီးသည် မိမိအိတ်ထဲသို့ ထပ်မံ၍ စမ်းကြည့်မိလေ၏။ သို့ရာတွင် သူသည် ယောင်၍ စမ်းမိခြင်းဖြစ်သည်။ မိမိ၌ပိုက်ဆံ ပါ၍မလာခြင်းကို တက္ကစီ ပေါ်သို့ တက်မိကတည်းက သိခဲ့ပြီးသား ဖြစ်ပေ၏။

"ကျုပ်လည်းပဲ ပိုက်ဆံ မထည့်ခဲ့ဘဲ၊ အိမ်ကထွက် လာခဲ့မိတယ်။ ဒီတော့ ကျုပ်အိမ်ကို ငွေပြန်ယူရအောင် လိုက်ခဲ့စေချင်တယ်။ ငွေတစ်ဆယ်လောက်တော့ ချေးနိုင်ပါတယ်"

"အို ကျေးဇူးပါပဲရှင်။ တစ်ဆယ်လည်းမလိုပါဘူး။ လော်ကယ် မီးရထားနဲ့သွားရင် ဒုတိယတန်းက စီးမှ တစ်မတ်လောက်ပဲ ကုန်ပါတယ်။ ကျွန်မတစ်ကျပ်လောက်ရရင် အများကြီးပဲ သုံးလောက်ပါပြီ"

"ဒါပေတဲ့ ဘာမှ မစားရ မသောက်ရသေးဘူးထင်တယ်"

"ကျွန်မအတွက် စားဖို့ သောက်ဖို့အထိ ဂရုစိုက်တာ သိပ်ကျေးဇူးတင်တာပဲ။ နို့ပေမယ့် သွားရမည့် ခရီးက နာရီဝက်လောက်ပဲ ကြာမှာပါ မဆာပါဘူး။ အိမ်ကျရင်လည်း စားနိုင်တာပဲ" ဟု ပြောပြီးလျှင် ဆက်လက်၍ "နို့ ကျွန်မကို ငွေချေးလိုက်လို့ ရှိရင် လူချင်းလည်း မသိဘဲနဲ့ ဒီငွေကို ဘယ်လိုလုပ်ပြီး ပြန်ရနိုင်မလဲလို့ တွေးမိရဲ့လား" ဟု မေးလိုက်လေ၏။

"ဒါတော့ လူကိုမြင်ရုံနှင့် ယုံကြည်ပြီး ပေးလိုက်တာပဲ။ လူများကို ယုံကြည်ရင် ကိုယ့်ကိုလည်း အယုံအကြည်ခံရတတ်ဆိုတာ ဟုတ်မဟုတ်ကြည့်ရမှာပေါ့"

"ဒါပေမယ့် ကျွန်မနာမည်မှ ရှင်မသိဘဲ။ မခက်ပေဘူးလား။ ကဲလေ ကျွန်မကို ရှင်မသိပေမယ့် ရှင့်ကို ကျွန်မသိရရင် ဒီငွေကို ပြန်ပို့နိုင်တာပါပဲ။ ကျွန်မ မသိရဘူးလား"

"ကျုပ်နာမည် ခင်မောင်ကြီးတဲ့။ စပတ်လမ်းထဲမှာ နေတယ်။ အိမ်ကို အခုရောက်ရင် သိရမှာပဲ" ဟု ဆို၍ "နို့ ဒီက နာမည်ရော မသိရဘူးလား" ဟု မေးလိုက်လေသည်။

"ကျွန်မနာမည်ကိုတော့ဖြင့် မပြောပါရစေနဲ့ရှင်၊ သည်းခံပါ"

ခင်မောင်ကြီးမှာ ထိုမိန်းမပျိုကလေး၏ အကြောင်းကို ဘယ်လိုပင်မေးမေး ရမည်မဟုတ်သဖြင့် နောက်ထပ်မေးဖို့ရန် စိတ်လျှော့လိုက်ကာ အိမ်ရှေ့သို့ရောက်၍ ကားဆိုက်လိုက်သည့်တိုင်အောင် ငြိမ်သက်စွာ လိုက်လာခဲ့လေသည်။

"ကဲ ဒီမှာ ခဏနေဦး။ ကျုပ်အိမ်ပေါ်တက်ပြီး ပိုက်ဆံယူလိုက်ဦးမယ် မကြာပါဘူး။ ခုပဲ ပြန်လာမယ်"

Commercial use of this book will be at your own risk

မိန်းမပျိုကလေးက “ကောင်းပါပြီရှင်” ဟု ပြုံးရွှင်စွာဖြင့် ပြန်၍ ပြောလိုက်လေ၏။

ထိုမိန်းမပျိုကလေး၏ ပြုံးရယ်ခြင်းမှာ ခင်မောင်ကြီး၏ စိတ်ထဲတွင် နေပူမှ မောမောနှင့် ပြန်လာစဉ် ကြည်လင်အေးမြသော ရေခဲစိမ်ဘီယာကို သောက်လိုက်ရသကဲ့သို့ ရွှန်လန်း၍သွား၏။ သို့ရာတွင် ထိုသို့ပြုံးရယ်ခြင်းကို ခင်မောင်ကြီးကို ယခုအကြိမ် နောက်ဆုံးမြင်လိုက်ရခြင်းပင် ဖြစ်ပေသည်။ အကြောင်းမှာကား အိမ်ပေါ်သို့တက်၍ ပိုက်ဆံယူပြီး ဆင်းလာသည့်အခါတွင် ကားနှင့်တကွ မိန်းမပျိုကလေးပါ ပျောက်ကွယ်၍ သွားသည်ကို တွေ့ရ၍ဖြစ်ပေတော့၏။ သည်တွင် ခင်မောင်ကြီး၏ စိတ်ထဲမှာ ဤကမ္ဘာတွင် ဘာမျှမရှိ၊ အခွံကြီး သက်သက်ဖြစ်တော့သကဲ့သို့ ထင်မြင်မိ၏။ ဝဲယာမျှော်၍ကြည့်သော်လည်း ဘာမျှမတွေ့ရရှိလေ၏။

ထို့နောက်မှ အနီးအနားရှိ ကုလားတစ်ယောက်နှစ်ယောက် အားမေးမြန်းကြည့်ရာ တစ်ယောက်ကသာလျှင် အဖြေ ပေးနိုင်ကာ ထိုမိန်းမပျိုသည် ကားကို ဘူတာကြီးဘက်သို့ မောင်းနှင်ကာ ထွက်သွားကြောင်းသိရလေ၏။

ခင်မောင်ကြီးမှာ ဘာမှ မတွေးတောတတ်တော့ဘဲ အစဉ်းစားရ ကျပ်သကဲ့သို့ ရပ်ပြီး တွေဝေနေမိ၏။ မိန်းမပျိုသည် ပိုက်ဆံမပါဘူး ဟူ၍လည်း ပြောသည်။ တက္ကစီကိုလည်း ယူသွားသည်။ ဘယ်လိုများ ဖြစ်လေမည်နည်း။ ထိုအချိန်တွင် တစ်စုံတစ်ခုသော အာဏာသံသည် မိမိ၏နောက်ကျောမှ ကပ်၍ ထွက်ပေါ်မလာလျှင် ခင်မောင်ကြီးသည် ထိုသို့ အတန်ကြာစွာပင် ရပ်၍ တွေးတောနေမည် ဖြစ်ပေသည်။

“ဟေ့လူ၊ ဟေ့လူ၊ တွေ့ပြီ။ ခင်ဗျားဘယ်မှ မပြေးနဲ့” ထိုအသံသည် ခင်မောင်ကြီးအား နောက်သို့ ချာခနဲ ကြည့်မိစေတော့၏။

ထိုသို့ကြည့်လိုက်ရာတွင် ဖိုးသာဝရုပ်ကြီးသည် တက္ကစီတစ်စင်းဖြင့် ရောက်၍လာကာ ကားပေါ်မှနေပြီး အော်၍ပြောရင်း ခုန်ဆင်းလာသည်ကို တွေ့ရလေ၏။ ထိပ်တင်ဆွေသည် မိမိအား အဘယ်ကဲ့သို့ အနံ့ခံကာ လိုက်၍လာသည်ကို ခင်မောင်ကြီး စဉ်းစား၍မရနိုင်အောင် ရှိသော်လည်း မိမိကယ်ဆယ်လိုက်သည့် မိန်းမပျိုကလေးသည် သူ့ကို မြင်သဖြင့် ကားကိုယူ၍ပြေးခြင်းဖြစ်မည်ကို စဉ်းစားမိကာ ၎င်းထွက်၍ပြေးခြင်းကိုပင် ဝမ်းသာမိ၏။

ခင်မောင်ကြီးသည် ထိပ်တင်ဆွေ ဟုခေါ်သူအား မနှစ်မြို့သော အမူအရာဖြင့် ကြည့်၍နေလေ၏။ သူ့စိတ်ထဲတွင် ဝက်သေကောင်ကို အချိန်စီးအောင် ရေထိုး၍ထားသည့်အလား ပုပ်ပွပွဖြစ်နေသော ကိုယ်ကာယနှင့် လူတစ်ယောက်အား ထိပ်တင်ဆွေဟု ခေါ်ဝေါ်ထားခြင်းမှာ နာမည်နှင့်လုံးလုံးမလိုက်ဟု တွေးမိသည့်အပြင် ထိပ်တင်ဟု မှည့်ခေါ်ထားခြင်းမှာ ဘယ်လိုအဆင့်အတန်း ရှိသည့် လူစားမျိုး ဖြစ်၍ပေနည်းဟု စဉ်းစား၍ မရနိုင်အောင် ရှိမိပေ၏။

ထိပ်တင်ဆွေသည် ဒေါသဖြင့် တစ်မျက်နှာလုံးနီမြန်းကာ ပွစိပွစိနှင့် ဖြစ်နေသော ပါးစပ်မှာ အမြှုပ်တစီစီ ထွက်မည် ကဲ့သို့ ရှိလေ၏။ထို့ပြင် လက်ခြေကားယားဖြင့် သူ၏လှုပ်ရှားပုံမှာ ရိုက်တော့ ပုတ်တော့ မလိုလိုရှိရာ ရာမ ယိုးဒယားက ထ၍ ကပြတော့မလိုလို ဖြစ်၍နေလေ၏။

“ဟေ့လူ၊ ခင်ဗျား ဘာလဲ၊ ကျုပ်နှမ ဘယ်ထားလဲ”

ထိုစကားကို ကြားလိုက်ရလျှင် ခင်မောင်ကြီး၏ စိတ်ထဲမှာ ကမ္ဘာကြီးခြာခြာလည်၍ သွားသကဲ့သို့ အောက်မေ့မိလေ၏။ မိမိထင်မြင်သမျှတို့မှာ မှောက်ခုန်ပြောင်းပြန် ကျွမ်းသန္တာလန်၍သွားကြသကဲ့သို့ ရှိပေ၏။ ခင်မောင်ကြီးမှာ ထိပ်တင်ဆွေ အား မိန်းမပျိုကလေးများကို အတင်းအဓမ္မလိုက်လံ နှောင့်ယှက်ဖျက်ဆီးနေသူ တစ်ယောက် ဟုထင်ခဲ့ရာ မိမိ ကယ်လိုက်ရသူမှာ ၎င်း၏ နှမဖြစ်သည်ကို ယခုသိရသောအခါတွင် မိမိ၏ ခြေအောက်ရှိ မဟာပထဝီမြေကြီးသည် ပြို၍ သွားသည့် အလား တစ်ကိုယ်လုံး ပျော့ခွေ၍ ကျသွားတော့မည်ကဲ့သို့ ဖြစ်သွားလေ၏။

Commercial use of this book will be at your own risk

“ဘာ ခင်ဗျား နမ ဟုတ်လား”

“ဘာလား ညာလား ထပ်မေးမနေနဲ့၊ ကျုပ်ပြောတာ ကြားပြီ မဟုတ်လား၊ သူဘယ်မှာလဲဆိုတာသာပြော”

ခင်မောင်ကြီးသည် စောစောက မိမိလုပ်ခဲ့သမျှကို မှန်သည်ဟု ယူဆမိခဲ့သည်မှာ အမှားကြီးမှားပြီ ဟု ထင်မြင်လာလေ၏။ ထိပ်တင်ဆွေ မှာ မိမိ၏ရန်သူမဟုတ်ဘဲ မိမိနှစ်သက်မိသည့် မိန်းမပျိုကလေး၏မောင် ဖြစ်ခြင်း၊ တနည်း အားဖြင့် မိမိ၏ ယောက်ဖလောင်းတစ်ယောက်ဖြစ်ခြင်း ကိုတွေးမိပြန်သဖြင့် အူကြောင်ကြောင်ဖြစ်၍သွားပြီးလျှင် တောင်းပန်ချင်သလိုလို ဖြစ်မိလေ၏။

ထိုနောက်မှ မိန်းမပျိုကလေး၏ ထိတ်လန့်ကြောက်ရွံ့ပုံ၊ သူ့မှာ ဒုက္ခကြီး ဖြစ်ရတော့မည်ဟု ပြောသွားပုံတို့ကို ပြန်၍တွေးမိသဖြင့် ယောက်ဖလောင်းလောင်း မလောင်းလောင်း တောင်းပန်ဖို့မလို၊ မိန်းမပျိုကလေးမှာ ၎င်းအား ကြောက်ရွံ့ထွက်ပြေးပြီး မိမိထံမှ အကူအညီကို တောင်းခြင်းကြောင့် မိမိမှာ မိန်းမပျို၏ ဘက်တော်သားတစ်ယောက် အဖြစ်ဖြင့် ကာကွယ်ရန် ဝတ္တရားရှိသည်ဟု ယူဆလိုက်လေ၏။

“ကျုပ် ခင်ဗျားပြောတာ နားမလည်ဘူး ဘာစကားတွေ လာပြောနေတာလဲ”

“ဘာလဲဆိုတာ ပါးစပ်နဲ့ မပြောဘူး၊ ဟောဒါမြင်ရဲ့လား” ဟု ဆိုကာ ထိပ်တင်ဆွေသည် လက်သီးကိုဆုပ်၍ မြှောက်ပြလေ၏။ ထိပ်တင်ဆွေမှာ ကိုယ်ကာယပြည့်ဝသူတစ်ယောက်ဖြစ်ရာ ၎င်း၏လက်သီးဆုပ်ကြီးမှာ ဂေါ်ဖီထုပ်ကြီး နှင့် တူလှ၍ ကြောက်စရာ ဘာမျှ မရှိသကဲ့သို့ ထင်ရလေ၏။

ထိုသို့ တစ်ယောက်တစ်ခွန်း စကားများနေကြစဉ် ရန်ကုန်မြို့၏ လမ်းများပေါ်က အမိုက်သရိုက်တစ်မျိုးနှင့်တူသော လူပိုလူအားတို့သည် သွားရင်းလာရင်း ခြေလှမ်းများ ရပ်၍သွားကာ သူတို့နှစ်ဦးကို ကြည့်နေကြလေ၏။ လူတေလူဆိုး ဂျပိုးကလေးတို့သည် လူစုစု မြင်ရုံမျှဖြင့် ဘုမသိ ဘမသိဘဲ “ဘာဖြစ်တာလဲဟေ့။ ခံမနေနဲ့ ချချ၊ မာရိုး မာရိုး” ဟု အဝေးမှ ဟစ်အော်မြှောက်ပင့်ရင်း လူထုထဲသို့ တိုးဝင်လာကြလေ၏။

“ဟေး ကျား:ကရာဘား”

ခတ်ထန်အောင်မြင်သော အသံကြီးတစ်ခုသည် လူအများ၏ နောက်နားဆီမှ ထွက်ပေါ်လာရာ ဝိုင်းအုံ၍ကြည့်နေသူများမှာ တုန်လှုပ်၍သွားကြလေ၏။ ထိုခဏတွင် အရပ်အားဖြင့် ၆ ပေ တစ်မိုက်ခန့် မြင့်လျက် ဗိုက်ကနေ၍ တိုင်းထွာလျှင် ၃၉ လက်မ ၄ ပိုင်း ၃ ပိုင်းမျှရှိသော ပန်ချာပီ ပုလိပ်တစ်ယောက်သည် မိုးပေါ်မှ ကျလာသကဲ့သို့ ပေါ်ပေါက်၍လာလေ၏။

ကုလားပုလိပ်သည် ပူ၍ထွက်နေသော ဗိုက်ကို ပေါက်၍မထွက်ရအောင် ပတ်၍ထားရသည်နှင့်တူသော ခါးပတ်ကြီးနှင့် ဝမ်းဗိုက်ကြားထဲသို့ လက်မတစ်ချောင်းသွင်း၍ခါးထောက်ကာ အခြားလက်တစ်ဖက်ကမူ အရပ်ကားထဲက ဗန္ဓုလ နှုတ်ခမ်းမွေးနှင့်တူသော၊ တနည်းဆိုရလျှင် မိန်းမပျိုကလေးများမြင်လျှင် ယားကျိကျိဖြစ်ချင်စရာကောင်းလှသော နှုတ်ခမ်းမွေးကို လက်ပွန်းတတီးကျစ်ရင်း၊ “ကျား ဟိုဝါး” (ဘာဖြစ်တာလဲ) ဟု မေးလိုက်လေ၏။

ခင်မောင်ကြီးမှာ ပုလိပ်နှင့် မည်သို့ပေါင်းသင်းရမည်ကို ကောင်းစွာ သိသူတစ်ယောက်ဖြစ်လေရာ ၎င်းကို မြင်ရသည်နှင့် ဒုက္ခရောက်နေစဉ် ကြင်နာသနားတတ်သော အစ်ကိုတစ်ယောက်ကို တွေ့ရှိရသည့်အလား အကူအညီ ရရန်အတွက် အားတက်သည့် အမူအရာမျိုး ဖြင့် “ဘာဖြစ်သလဲ မပြောတတ်ပါဘူးဗျာ၊ ကျုပ်ဒီမှာ ရပ်နေတုန်း၊ ဒီလူတစ်ယောက် ရုတ်တရက်ရောက်လာပြီး ကျုပ်ကို ရန်စတာပဲ၊ ဒီလူကို နှင်ပေးပါ” ဟုပြောလိုက်ရာ ပုလိပ်မှာ ချက်ချင်းပင် ခင်မောင်ကြီးဘက်မှ မဟာမိတ်အဖြစ်သို့ ရောက်ရှိသွားလေ၏။

ထို့နောက် ကုလားပုလိပ်သည် နှုတ်ခမ်းမွေးကျစ်သည့် လက်ဖြင့် ထိပ်တင်ဆွေ၏ ကျောကိုပုတ်ကာ “လူကလေး၊ ချွတ်ကရား ဒီလိုမလုပ်နဲ့၊ ကောင်းကောင်းလာ” ဟု ဆိုပြီးလျှင် ဗိုစိတ်ဝင်၍လာကာ “ကမ်းမွှန် ကမ်းမွှန်” ဟု ခေါ်လိုက်လေ၏။

Commercial use of this book will be at your own risk

"ခွေးကုလား၊ ငါ့ကို မထိနဲ့" ထိပ်တင်ဆွေက ကုလားပုလိပ်၏ လက်ကို ဖယ်လိုက်လေ၏။

ကုလားပုလိပ်၏ နှုတ်ခမ်းမွေးသည် ဝက်စွယ်ကဲ့သို့ ထောင်၍ သွားကာ မျက်နှာအမူအရာလည်း ပြောင်းလဲသွားပြီးလျှင် "တွမ် ကျားတဲ" ဟု ပြောပြောဆိုဆို ထိပ်တင်ဆွေ၏ ပခုံးပေါ်သို့ လက်ရောက်၍ သွားပြန်လေ၏။ ယခုအကြိမ် ရောက်ရှိသွားခြင်းမှာ ပွတ်သပ်ချော့မော့သည့် အမူအရာ အလျဉ်းကင်းမဲ့ကာ ပခုံးကို ပြုတ်တူနှင့်ညှပ်သလို ဆုပ်ကိုင်လိုက်ခြင်းပင်ဖြစ်လေ၏။

ထိပ်တင်ဆွေ၏မျက်နှာတွက် ရှက်ခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ ရောပြွန်းပေါ်ပေါက်လာကာ မိမိမှာ ကျကျနန ဝတ်စားဆင်ယင်ထားလျက် လူကြီးလူကောင်း တစ်ဦးတစ်ယောက်ဖြစ်ခြင်းကိုပင် မစဉ်းစားနိုင်တော့ဘဲ ပုလိပ်၏ လက်ထဲမှ လွတ်မြောက်အောင် ရုန်းကန်ကာ ပါးစပ်မှာလည်း ဆာလား စုဝက် စသည်ဖြင့် ရေရွတ်လျှက် ပူ၍နေသော ပုလိပ်၏ဗိုက်ကို ပိန်၍သွားစေလိုသော ဆန္ဒမျိုးရှိသကဲ့သို့ တဘုံးဘုံးပစ်၍ ထိုးလေ၏။

ပုလိပ်ကလည်း "ဆာလား စုဝက် တွမ်တွမ်ကျားကရတား" ဟုရေရွတ်ရင်း လက်တစ်ဖက်ဖြင့် မနိုင်၍ ထိပ်တင်ဆွေကို လက်နှစ်ဖက်ဖြင့် ဇိကုပ်ဆုပ်ကိုင်လိုက်လေ၏။

ခင်မောင်ကြီး၏ စိတ်ထဲမှာ လောကကြီးတွင် အပြောင်းအလဲ အင်မတန်မြန်လှပေသည်ဟု အောက်မေ့မိလေ၏။ မကြာမီက မိမိမှာ လူအများ၏ ဝိုင်းအုံကြည့်ရှုခြင်းခံခဲ့ရ၏။ ယခုမူ ထိုသူတို့၏ အာရုံသည် မိမိအပေါ်၌ မဟုတ်တော့ဘဲ ပန်းဆိုးတန်းဂတ်သို့ ကန့်လန့် ကန့်လန့် ပါသွားသော ထိပ်တင်ဆွေ၏ အပေါ်သို့ ပြောင်းရွှေ့သွားကြသည်ကို တွေ့မြင်ရလေ၏။

ခင်မောင်ကြီးသည် ပုလိပ်ဆွဲ၍သွားသော ထိပ်တင်ဆွေနှင့်၎င်းတို့နောက်မှ တသီတတန်းကြီးလိုက်ပါကာ တဖြည်းဖြည်း များပြားလာသော လူအုပ်ကြီးကို ကြည့်လျက် ကျန်ရစ်ရာက လောကကြီးဟာ ငါထင်သလောက် ငြိမ်ငြိမ်ဝပ်ဝပ် မနေရှာကြပါလား မတိုင်ခင်လဲ ပြီးစည်စည်ကားကားရှိပါကလား ဟု တွေးတောရင်း တိုက်ပေါ်သို့ တက်သွားလေ၏။

နောက်တစ်နေ့မနက်တွင် ခင်မောင်ကြီးသည် အိပ်ရာမှ နိုး၍လာပြီးနောက် ပြတင်းပေါက်ကိုဖွင့်ကာ အပြင်လောက ဓာတ်ကြိုးကို ကြည့်လိုက်ရာတွင် ကမ္ဘာကြီးမှာ နေ့ချင်းညချင်းတစ်မျိုးတမည် ပြောင်းလဲသွားသကဲ့သို့ ထင်မြင်မိပေ၏။ ၎င်း၏စိတ်ကူးထဲတွင် ထူးခြားသော ပျော်ရွှင်ခြင်းသည် အလိုအလျောက် ဝင်ရောက်လာလေ၏။ ရွှေအဆင်းကိုဆောင်သည့် နေရောင်နှင့် များစွာမတွေ့သေးသဖြင့် အရိပ်အငွေ့မျှ ကျန်နေသေးသော နှင်းမြူတို့ အကြားမှဖြတ်၍ တိုက်ခတ်လာသော လေပြည်လေညင်းမှာလည်း ရှူရှိုက်၍ အားမရနိုင်အောင် ရှိလေတော့၏။

စက်ဘီးနှင့် မုန့်လည်၍ရောင်းသော သူငယ်ကလေးများ၏ သီချင်းသံများမှာ လွန်ခဲ့သော အခါများက နားညည်းစရာ ကောင်းသလောက် ယနေ့ အဖို့မှာ သာယာလှသည့်အပြင် "ဆပ်ဗျာ – ဆပ်ဗျာ။ မချိး မချိး။ ကွေလား။ ဟင်းရွက်စုံ၊ ငါးသလောက်၊ ငါးရံ့၊ ကြက်သား မုရကီး၊ မုရကီး" ဟု ဈေးသည်တို့ အော်ဟစ်ကြသော အသံများမှာလည်း နားထောင်၍ မငြီးအောင်ပင် ရှိပေ၏။

ခင်မောင်ကြီးသည် ခါတိုင်းနှင့် မတူဘဲ ယနေ့ ပျော်ရွှင်ခြင်းမှာ အချစ်စိတ် ဝင်လာခြင်းကြောင့်ပင် ဖြစ်သည်ကို ကိုယ်တိုင်စဉ်းစားမိပေ၏။ ခင်မောင်ကြီးမှာ လူပျိုဖြစ်ကတည်းက ဘယ်မိန်းမနှင့်မျှ မတွေ့ခဲ့ မချစ်ခဲ့ဘူးချေ။ တနည်းအားဖြင့်ဆိုသော် ရည်းစားဟူ၍ အကောင်အထည် အထင်အရှား မထားခဲ့ဘူးချေ။ လှလှပပတွေ့ရသည့် မိန်းကလေးများအပေါ်တွင်သာ ခုမြင်ခုပျောက်သည့်တိုင်အောင် စိတ်ကူးနှင့် ချစ်၍ ကြည့်မိခဲ့ဘူးလေ၏။ သို့ရာတွင် ဆင်ခြင်စဉ်းစားတတ်သော အသိတရားပြည့်ဝ၍ လာသောအခါ ထိုသို့စိတ်ကူးနှင့် လွမ်းခြင်းမျိုးသည် လုံးဝ ပပျောက်သွားလေ၏။ မိန်းမမှန်လျှင် ခင်မောင်ကြီး၏ တင်းမာသော စိတ်ကို ညွတ်ပြောင်းအောင် ပြုလုပ်၍မရနိုင်ခဲ့ပေ။ ထို့နောက် ရပ်ရှင်ဘက်သို့ ရောက်ပြန်သောအခါ အလွန်လှပသည့် မိန်းမအများအပြားနှင့် အတူတကွ သွားလာလုပ်ကိုင်နေရသော်လည်း ၎င်းတို့အကြောင်းကို သိပြီးဖြစ်သည့်အတွက် အရောတဝင် ရင်းရင်းနှီးနှီးမလုပ်ဘဲ မိန်းမကို စက်ဆုပ်ခဲ့လေ၏။

Commercial use of this book will be at your own risk

ထိုသို့ မူလက စိတ်ကူးနှင့် လွမ်းတတ်ခဲ့သူ လူတစ်ယောက်သည် ၎င်း၏အချစ်စိတ်ကို သေတ္တာနှင့် ပိတ်သလိုပိတ်၍ ထားခဲ့ခြင်းမှာ သဏ္ဍာန်အားဖြင့် ယမ်းအိုး ဒိုင်းနမိုက်များ ပြည့်နှက်စွာ သိုလှောင်ထားသည့်အလုံခန်းကလေးနှင့် မခြားတော့ပေ။ မီးတစ်ခြစ် ခြစ်လိုက်ရုံမျှနှင့် ယမ်းပုံကြီး မြည်ဟီးပေါက်ကွဲသွားစေနိုင်ပေ၏။ ထို့အတူ ထိုမိန်းမပျိုကလေးနှင့် တွေ့လိုက်ရခြင်းသည် ၂၈ နှစ်မျှ ကာလပတ်လုံး မျိုသိပ်ထားအပ်သော အချစ် အစိုင်အခဲများ ပေါ်၌ မီးတောက်ကလေးတစ်ခု ကျရောက်သကဲ့သို့ပင် ရှိချေတော့၏။ အကြောင်းမူကား ခင်မောင်ကြီး၏ အချစ် ဒိုင်းနမိုက်အိုးကြီးသည် ပေါက်ကွဲခဲ့ပြီတည်း။

ခင်မောင်ကြီးသည် မျက်နှာသစ်ရင်း မိမိ၏ အချစ်လမ်းခရီးမှာ ဖြောင့်ဖြောင့်တန်းတန်း မသွားဘဲ ခလုတ်ကန်သင်းများလှသည်ကို စဉ်းစားမိလေ၏။ ပထမဦးဆုံးအချက်မှာ မိန်းမပျိုကလေး၏ နာမည်ကိုပင် မိမိမသိရှိခြင်းဖြစ်၏။ နောက်တစ်ချက်မှာ ထိုမိန်းမပျိုကလေး ဘယ်မှာနေသည်ကို မသိရသည့်ပြင် နောင်ကိုထပ်မံ၍ တွေ့နိုင်ဖို့ ခဲယဉ်းခြင်းဖြစ်၏။ သို့ရာတွင် ခင်မောင်ကြီးမှာ ထိုအကြောင်းများကြောင့် များစွာ စိတ်ပျက်ခြင်းမဖြစ်မိပေ။ လူမကြံနိုင်လျှင် ကံရှိသည်ဟု အမြဲယုံကြည်ထားသူ တစ်ယောက်ဖြစ်ပေ၏။

ခင်မောင်ကြီးသည် မျက်နှာသုတ်ပဝါကို မာဖလာသဖွယ် လည်ပင်း၌ပတ်လျက် ခုတင်ပေါ်တွင်ထိုင်ပြီးတွေဝေနေရာက တံခါးခေါက်သံကြား၍ ဝမ်းသာအားရထသွားပြီး တံခါးဖွင့်ပေးလိုက်ရာ စာပို့ကုလားဖြစ်နေသည်ကို တွေ့ရ၍ စိတ်ပျက်သွားလေ၏။ သို့နှင့် စာကိုလှမ်းယူကာ တံခါးကို ပြန်၍ ပိတ်လိုက်လေ၏။

ခင်မောင်ကြီးသည် စာကိုပင် ဂရုစိုက်၍ မကြည့်ချင်တော့ဘဲ စားပွဲပေါ်သို့ ပစ်တင်လိုက်ရာ ရည်မှန်းထားသည့်အတိုင်း စားပွဲပေါ်မရောက်ဘဲ အောက်သို့ ကျလာသည်ကိုတွေ့ရသဖြင့် ကောက်ယူလိုက်သည့် အခါ မိန်းမလက်ရေးဖြစ်သည်ကို မြင်မိလေ၏။

ခင်မောင်ကြီးမှာ ထိုလက်ရေးကို တစ်ခါမှ မမြင်ဘူးချေ။ သို့ဖြစ်၍ စာအိတ်တံဆိပ်ကို ကြည့်လိုက်ရာ အင်းစိန်ဟူသော စာတိုက်တံဆိပ်ကို တွေ့ရသဖြင့် မည်သူများပေနည်းဟု သိလိုဇောဖြင့် လျှင်မြန်စွာ ဖွင့်ဖတ်လိုက်လေ၏။ ထိုသို့ဖတ်လိုက်ရာတွင် ကိုခင်မောင်ရှင့် ဟု စ, ထားသည်ကို တွေ့ရသဖြင့် ဝမ်းသာလုံးအတောင့်လိုက် ဆို့သွားကာ အောက်ဆုံးက လက်မှတ်ကို လှမ်း၍ ကြည့်လိုက်ရာ “ကားထဲက မိန်းကလေး” ဟု လက်မှတ်ထိုးထားသည်ကို တွေ့ရသဖြင့် အသက်ကိုပင် မရှူနိုင်အောင် ဖြစ်သွားလေ၏။

**ကိုခင်မောင်ရှင့် ......**

**ကျွန်မ နှုတ်မဆက်ဘဲ ရုတ်တရက်ထွက်သွားခြင်းကို ရိုင်းသည်ဟု ထင်မှာ များစွာ စိုးရိမ်မိပါသည်။ကျွန်မမှာ စောင့်မနေနိုင် မပြေးလျှင် မဖြစ်၍ ပြေးရပါသည်။ ကိုခင်မောင် အိမ်ပေါ်သို့ တက်သည့်အချိန်မှာပင် ထိပ်တင်ဆွေ ကားနှင့် လိုက်လာသည်ကို မြင်ရသဖြင့် ရပ်၍ မနေနိုင်တော့ပါ။ ကျွန်မမှာ ငွေမရှိသော်လည်း ကျွန်မဆွဲထားသည့် လည်ဆွဲကလေး ကိုလမ်းတွင်သတိရ၍ ပေါင်ပြီး သုံးလိုက် ပါသည်။ ကျွန်မအတွက် ပူပင်မည်စိုး၍ တစ်ကြောင်း၊ ကျေးဇူးတင်လို၍ တစ်ကြောင်း စာရေးလိုက်ရခြင်းဖြစ်ပါ၍ ကျွန်မအပေါ်၌ အထင်လွဲခဲ့သော် ရှင်းလင်းသွားလိမ့်မည် ဟု ယုံကြည်ပါသည်ရှင့်။**

**ကားထဲက မိန်းကလေး**

ခင်မောင်ကြီးသည် ထိုစာကို အိမ်သာထဲတွင် ၂ ခေါက် လက်ဖက်ရည်သောက်ရင်း ၃ ကြိမ် ဖတ်ကာ ပုဒ်ထီး ပုဒ်မ တစ်လုံးမှ မကျန် မှတ်မိအောင် အလွတ်အရကျက်လေ၏။ စာဖတ်ရင်းလည်း အမျိုးမျိုး စိတ်ကူးယဉ်၍ နေလေ၏။

ခင်မောင်ကြီးမှ ထိုမိန်းမပျိုကလေး၏ ကောင်းခြင်းအဖြာဖြာတို့ကို အမျိုးမျိုးရှာကြံဖော်ထုတ်ကာ ချီးကျူး၍မဆုံးနိုင်ပဲ ရှိချေ၏။ မိန်းကလေးတိုင်းလိုပင်စာရေးလျှင် လက်မှတ်ထိုးပြီးမှနောက်ထပ်သတိရ၍ နောက်ဆက်တွဲ ရေးလေ့ရေးထ ရှိခြင်းမျိုးကို ဤစာတွင် မတွေ့ရခြင်း၊ ပိုက်ဆံမရှိသည်ကို အရေးမစိုက် ဆွဲကြိုးကိုပင် ချ၍ပေါင်ရဲသော သတ္တိရှိခြင်း၊



Commercial use of this book will be at your own risk

မိမိထံသို့ စာရေးဖို့ကို သတိရခြင်းတို့မှာ ချီးမွမ်းစရာများ ဖြစ်၍နေသဖြင့် မိမိအကြိုက်၊ မိမိ၏စိတ်မှန်းနှင့် ကိုက်ညီသူကလေးမှာ ဤဘဒ္ဒကမ္ဘာတွင် သူတစ်ယောက်သာရှိသေးသည်ဟု အသိအမှတ်ပြုလိုက်မိလေ၏။

သို့အားဖြင့် ခင်မောင်ကြီးသည် မိန်းကလေး၏အမည်ကို မသိရခြင်း၊ မည်သည့်အရပ်တွင် နေသည်ကို မသိရခြင်း လောက်ဖြင့် စိတ်ပျက်စရာမဟုတ်သေး၊ တစ်နည်းနည်းဖြင့် ပြန်၍တွေ့နိုင်စရာ ရှိနေသေးသည်ဟု ကိုယ့်ကိုယ်ကို အားပေးလေ၏။

အမှန်အားဖြင့် ခင်မောင်ကြီးသည် မိန်းမပျိုကလေးအား တွေ့နိုင်ရန် သဲလွန်စ ရှာ၍မတွေ့ဘဲ ရှိခဲ့သည်မဟုတ်ချေ။ ထိုမိန်းမပျိုကလေးထံမှ သူသည် ရန်ကုန်ဘူတာရုံကြီးမှ မီးရထားဖြင့် နာရီဝက်သွားရသည့် အရပ်တွင်နေသည်ဟု သိခဲ့ရပြီးဖြစ်ရာ ထိုနေရာမှာ လော်ကယ်ရထားဖြင့် သင်္ဃန်းကျွန်းဘက်သို့လည်းကောင်း၊ မင်္ဂလာဒုံသို့လည်းကောင်း၊ အင်းစိန်ရွာမဘက်သို့လည်းကောင်း၊ သွားရာတစ်နေရာရာ၌ မလွဲတန်းရှိရမည် ဟု မှချတွေးမိကာ ဤသို့သေးငယ်သော အရပ်ကလေးတွင် နေထိုင်သော ချစ်သူကို ရှာ၍မရနိုင်လျှင် မိမိသည် လူညံ့တစ်ယောက်ဖြစ်မည်ဟု နှလုံးပြုခဲ့မိ၏။ ယခုတဖန် မိန်းမပျိုကလေးထံမှ စာရသည်တွင် အင်းစိန်တံဆိပ်ပါလာသည်ကိုတွေ့ရလေရာ နေရာမှာ သေချာ၍ သွားပြီဖြစ်ကာ ပင်ပန်းစွာရှာရန် မလိုတော့ချေ။ အရပ်ကိုသာ စုံစမ်းရန် ရှိတော့၏။ သို့အားဖြင့် ရှည်ဝေးစွာစုံစမ်းရမည့် ကိစ္စမှာ တဖြည်းဖြည်းနယ်ကျဉ်း၍ လာခဲ့လေ၏။ ခင်မောင်ကြီးအားကိုးယုံကြည်သောကံသည် မိခင်ကို အားထားသော သားငယ်အား မိခင်က လက်ဆွဲခေါ်သကဲ့သို့ ခင်မောင်ကြီးအားလည်း ဆွဲခေါ်စပြုလေပြီ။

ခင်မောင်ကြီးမှာ ဝမ်းသာပျော်မြူး၍မဆုံးနိုင်ပဲ ထိုတစ်မနက်လုံး ရွှင်လန်းကြည်လင်ကာ တရွှင်ရွှင်လေချွန်မိလေ၏။ ပြတင်းပေါက်တွင် လာရောက်၍နားကြသည့် စာကလေးများပင်လျှင် မိမိကို အားကျမခံ သီချင်းဆို လေချွန်ကြ သကဲ့သို့ အောက်မေ့မိ၏။

ခင်မောင်ကြီးမှာ ဝမ်းမြောက်ရွှင်လန်းနေခြင်းကြောင့် မိမိရိုက်ကူးသော ရုပ်ရှင်ကားကို သတင်းစာများက မည်သို့ ရေးကြသနည်း ဟု ဖတ်ရှုရန်ကိုပင် သတိမေ့၍နေခဲ့ပြီး "တူရိယ နယအလင်း ဂျေက် ဂျေက်" ဟု လမ်းပေါ်မှာ အော်သွားသည် အသံကိုကြားရမှ ပြတင်းပေါက်သို့ ပြေးပြီးလျှင် "ဟေး ချပ္ပပါး ဝါလားအောင်း" ဟု သတင်းစာ ကုလားအား လှမ်း၍ခေါ်လိုက်လေ၏။ ခင်မောင်ကြီးသည် သတင်းစာအားလုံးကို ဝယ်ယူပြီးလျှင် ပထမဦးဆုံး တစ်စောင်ကို လှန်လိုက်ရာ တစ်စုံတစ်ခုသော သတင်းတိုကလေးကို ပြေး၍မြင်ကာ ထိုသတင်းတိုကလေးမှ မျက်စိ ခွာမရသကဲ့သို့ စိုက်၍ကြည့်နေမိ၏။

**ပုလိပ်ကို လက်သီးစာကျွေးသူ**

**ယမန်နေ့က နေ့လည် တစ်နာရီအချိန်ခန့် လောက်တွင် စပတ်လမ်းထဲ၌ လူနှစ်ယောက် စကားများကြရာမှ အစ လူအများ စုရုံးလာကာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြောင်း၊ ထိုသို့ စကားများနေကြစဉ် ပုလိပ် အမှုထမ်းနံပါတ် (၂၃၁) မီနက် ဂန်တာဆင်းသည် ထိုနေရာသို့ ရောက်ရှိလာပြီးလျှင် ရန်ဖြစ်သူများကို ဖယ်ရှားရန် ပြောဆိုကြောင်း၊ ရန်ဖြစ်သူ နှစ်ယောက် အနက် ပုပု ကွကွ ဝဝ တုတ်တုတ် တစ်ယောက်က မိမိ၏ ပခုံးကို ဆွဲငင်ရမလားဟု ဒေါသဖြစ်ကာ ဂန်တာဆင်း၏ ဝမ်းဗိုက်ကို လက်သီးစာ ကျွေးလိုက်သည် ဆိုကြောင်း၊ ထိုသူမှာ အင်းစိန်မြို့နေ အငြိမ်းစားစစ်ကဲကြီး ဦးလတ်၏ သား အသက် (၂၂) နှစ်ရှိ မောင်တင်ဆွေ ခေါ် ထိပ်တင်ဆွေ ဆိုသူ ဖြစ်သည်ဟု သိရကြောင်း။**

**ယခုအခါ မောင်တင်ဆွေ (ခေါ်) ထိပ်တင်ဆွေ အား ပုလိပ်အား ခုခံမှုဖြင့် ပန်းဆိုးတန်း ဌာနမှ အရေးယူ စုံစမ်းလျက် ရှိကြောင်း။**

ခင်မောင်ကြီးသည် ထိုသတင်းကို ဖတ်မိသည်နှင့် တစ်ပြိုင်နက် ဝမ်းမြောက်စွာ ထ၍ခုန်လိုက်မိလေ၏။ ၎င်း၏ ဝမ်းမြောက်ခြင်းမှာ ထိပ်တင်ဆွေ ဂတ်သို့ရောက်ရှိခြင်းကြောင့် မဟုတ်ဘဲ မိမိသိလိုသူ မိန်းမပျိုကလေးနှင့်

Commercial use of this book will be at your own risk

ပတ်သက်၍ တစ်စထက်တစ်စ သဲလွန်စ ပို၍ တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိခြင်း ဖြစ်ပေ၏။ ခင်မောင်ကြီးမှာ ထိုမိန်းမပျို ကလေး၏ နေရပ်၊ မိဘနှင့်မောင်တို့၏ အမည်နာမများကို သိရပြီး ဖြစ်လေရာ ရှေ့အဖို့၌ ထိုမိန်းမပျိုကလေး၏ နာမည်ကိုသိရန်နှင့် ၎င်းအား ထပ်မံ၍တွေ့ဖို့ရန်သာ ကြိုးစားဖို့ ရှိလေတော့၏။

သို့ရာတွင် ထိုသို့တွေ့နိုင်ရန် ကံကိုအားကိုး၍ အိမ်တွင် ထိုင်နေရုံနှင့် မဖြစ်နိုင်ချေ။ ကံသည် မိမိအား တတ်နိုင်သမျှ ကြည့်ရှုခဲ့ပြီးဖြစ်လေရာ ဤမျှ ကြည့်ရှုပြီးသည့်နောက်တွင် ကံသည်လည်း သက်သာခိုချင်တော့မည်ဖြစ်၍ မိမိကလည်း ဝီရိယထုတ်ရန် အချိန်ရောက်ပြီ ဟု တွေးမိလေ၏။

မိမိဝီရိယထုတ်ဖို့ရန်မှာ ခဲယဉ်းလှသည်မဟုတ်ပေ။ များစွာမကြီးမား မကျယ်ဝန်းလှသော အင်းစိန်မြို့ကလေးတွင် စစ်ကဲကြီး ဦးလတ်ကို စုံစမ်းဖို့ရန်မှာ လူကိုမဆိုထားနှင့် လမ်း၌တွေ့ရသည့် ခွေးကို ကျောကလေး ပွတ်ပြီးလျှင် ဟဲ့ အောင်နက် ဦးလတ်အိမ်ဘယ်အိမ်လဲဟု မေးလျှင်ပင် အမြီးကလေးတနံ့နံ့နှင့် လိုက်၍ပို့နိုင်မည်ဟု ယုံကြည်မိလေ၏။

ခင်မောင်ကြီးသည် မည်သည့်ကိစ္စမှာမဆို အချိန်ဆွဲခြင်းကို အလိုမရှိပေ။ ယခုဆိုလျှင် ယခု၊ ကြာကြာမဆိုင်း ဟောဟောဒိုင်းဒိုင်းလုပ်တတ်သူ ဖြစ်သည့်အလျောက် နာရီအနည်းငယ်အတွင်း ကွမ်းခြံဘူတာကြီးသို့ ရောက်သွားသည်ကို တွေ့ရပေတော့၏။

မကြာမီ ရန်ကုန်ဘူတာကြီးမှ အနောက်ဖက်သို့ တဖြည်းဖြည်း ထွက်ခွါလျက်ရှိသော လော်ကယ်ရထားကြီး၏ ဒုတိယတွဲထဲတွင် ခင်မောင်ကြီးသည် တရွေ့ရွေ့ ကျန်ရစ်ခဲ့သော ဘူတာကြီးအား ကြည့်လျက်ပါသွားလေ၏။ ၎င်း၏ ရင်ဘတ်တွင်းဝယ် ဖသောာဖသနှင့် ဖြစ်လျက်ရှိသော အသည်းနှလုံးနှင့် ကပ်လျက်ရှိသည့် အိတ်ထဲတွင် အင်းစိန် မီးရထား လက်မှတ်ကလေးတစ်စောင်သည် ကျွမ်းထောင်၍ ပါသွားလေ၏။

Commercial use of this book will be at your own risk

။ ၃ ။

ခင်မောင်ကြီးသည် အင်းစိန်သို့ ရောက်သည်တွင် မည်သည့် နေရာတွင် စစ်ကဲကြီး ဦးလတ်၏အိမ်ရှိသည်ကို ဦးစွာ မစုံစမ်းရဘဲ သိရှိရလေသည်။ သို့ရာတွင် မိမိအား ညွှန်ပြလိုက်သူ၏ အဆိုအားဖြင့် ဟိုရှေ့နားမှာဟူသောခရီးသည် အင်းစိန်၊ မင်္ဂလာဒုံ လမ်းမကြီး တစ်လျှောက် ခြေပေါက်လုမတတ် လျှောက်ရလောက်အောင် ကွာဝေးသည်ကို တွေ့ရလေ၏။ ပွင့်ဖူးဝေဆာ သာယာစိမ်းလန်း ပန်းအမျိုးမျိုးစိုက်ပျိုးထားအပ်သည့် ကျယ်ဝန်းသော ခြံကြီးအတွင်းရှိ တိုက်ခံ အိမ်ကြီး တစ်ဆောင်ကိုမြင်ရလျှင် ခင်မောင်ကြီး၏ စိတ်ထဲတွင် သဲကန္တာရကြီးကို ဖြတ်လျှောက်လာခဲ့ရသူသည် ဖါလူဒါဆိုင်ကို တွေ့ရသကဲ့သို့ အမောပြေ၍ သွားလေ၏။ ဤကျယ်ဝန်းသော ခြံကြီးနှင့် အိမ်ထဲတွင် (၁၂) မိုင် ကျော် ကွာဝေးသော ခရီးကို မမောနိုင် မပမ်းနိုင် လိုက်၍ လာခဲ့ရသော မိမိ၏ချစ်သူကလေး နေလေသည်ကို သိရှိရခြင်းသည် ခင်မောင်ကြီးအား မိမိတွေ့လိုသူနှင့် ယခုပင် တွေ့ရတော့မည် ကဲ့သို့ ဝမ်းမြောက်ခြင်းကို ဖြစ်စေလေ၏။

သို့ရာတွင် မိမိသည် အဘယ်ပုံ အဘယ်နည်း အကြောင်းရှာ၍ ထိုအိမ်ကြီးထဲသို့ ဝင်နိုင်ခွင့်ရအောင် ကြိုးစားရမည်ကို ကြံရာမရ ရှိရပြန်လေ၏။ တစ်ဦးတစ်ယောက်နှင့် တွေ့လိုသည်ဟုဆို၍ ဝင်ရသည်မှာလည်း မိန်းမပျိုကလေး၏ နာမည်ကိုလည်း မိမိမသိ။ ထိပ်တင်ဆွေ၏ နာမည်ကို ပြော၍ဝင်ရမှာလည်း ဝင်ခွင့်ရသည့်တိုင်အောင် မျက်နှာချင်းဆိုင်၍ မဖြစ်နိုင်။ အခြား အကြောင်းတစ်ခုခု ရှာကြံဝင်ရမှာကလည်း ထိုအိမ်ကြီး၏ အကြောင်းကို မိမိ ဘာမျှ မသိရသဖြင့် ရှာစရာအကြောင်း ကို မမြင်ဘဲ ရှိလေတော့၏။

သို့ဖြစ်၍ မိမိတွေ့လိုသူ မိန်းမပျိုကလေး ထွက်၍လာသည်ကို မတော်တဆ မြင်များမြင်ရလေမလားဟု မျှော်လင့်ချက်ဖြင့် အိမ်ဆီသို့ မယောင်မလည်ကြည့်လိုက်ရာ မိမိမျှော်လင့်သူမှာ ထွက်၍မလာဘဲ ပန်းခြံထဲတွင် သစ်ပင်စိုက်ပျိုးနေသည့် လူကြီးတစ်ယောက်ကိုသာ တွေ့မြင်ရလေ၏။ ထိုလူကြီး၏ ဝတ်စားထားပုံ တစ်ကိုယ်လုံး ပေကျံနေပုံများကို တွေ့မြင် ရခြင်းအားဖြင့် ခြံစောင့်လိုလို မာလီလိုလို ထင်မိရလေ၏။

ခင်မောင်ကြီးသည် အတန်ကြာ ကြည့်၍ နေသော်လည်း မျှော်လင့်သူကလေးမှာ ပေါ်၍မလာချေ။ သူသည် ထိုသို့လည်း ကြာကြာရပ်၍ မျှော်မနေရဲပေ။ မိမိအား တစ်စုံတစ်ရာ မသင်္ကာဖြစ်ကာ ပုလိပ်လက်ထဲသို့ အပ်လိုက်မည်ကိုလည်း တွေး၍လန့်မိပေ၏။ သို့သော် ထိုနေရာမှ ဝေးလံရာသို့ သွားဖို့လည်း စိတ်ကူးမျှပင် မထည့်ချင်ဖြစ်သည့်အလျောက် ၎င်းတို့၏ အကျိုးအကြောင်းကိုလည်း သိရအောင် စုံစမ်းရင်း ခေတ္တလည်း အချိန်ယူရင်းဆိုသလို အနီးအနားတွင် မိမိခေတ္တဝင်ရောက်နိုင်မည့်အိမ်ကို ကြည့်လေ၏။

ထိုအရပ်တွင် နေသူတို့သည် ခြံကြီးဝင်းကြီးများနှင့် နေကြသည့်ပြင် တစ်အိမ်နှင့်တစ်အိမ်မှာလည်း မြေကွက်လပ်များ ခြံဥယျာဉ်များ၊ ကမူကလေးများက ခြားနားထားသည့် အလျောက် အနီးဆုံးအိမ်မှာ ကိုက်သုံးရာလောက်ကွာသည်ကို တွေ့ရလေ၏။ သို့ရာတွင် ခင်မောင်ကြီးမှာ မြင်သမျှအိမ်ထဲသို့ မဝင်ရဲပေ။ သို့ဖြစ်ခြင်းမှာ ဝင်ခွင့်ရဖို့ရန်

Commercial use of this book will be at your own risk

အကြောင်းရှာ၍ မရခြင်းကြောင့် ဖြစ်ပေ၏။ ထိုနောက်မှ လမ်းတစ်ဘက်တစ်ချက်တွင် ဝါးပင်ကလေးများ ယှက်မိုးလျက် လမ်းကြိတ်စက် မလိုမ့်ရသေးသော ဂဝံကျောက်များ ထောင်လွှားလျက်ရှိသည့် လမ်းကွေ့ကလေး တစ်ခုထဲသို့ ဝင်သွားပြီးလျှင် 'အိမ်ငှားရန်' ဟု ကဒ်ကြီးပေါ်တွင် မီးသွေးနှင့် ရေးဆွဲကာ ပြတင်းပေါက်တစ်ခုတွင် ချိတ်ထားသော ဆိုင်းဘုတ်တစ်ခုနှင့် အိမ်ကို တွေ့မြင်ရလေ၏။

ထိုသို့ တွေ့မြင်လိုက်သည်တွင် ခင်မောင်ကြီး၏ စိတ်ထဲတွင် အကြံတစ်ခုကို ရမိလေ၏။ မိမိမှာ ယခုလိုအနေဖြင့် မိန်းမပျိုကလေးနှင့် တွေ့နိုင်ဖို့ အတော်ခဲယဉ်းနေသေးသည်။ တွေ့သည့်တိုင်အောင်လည်း မြင်ရရုံမှတစ်ပါး အခြား ဘာမျှမတတ်နိုင်။ အစဉ်သဖြင့် တွေ့မြင်ရကာ မိမိအကြံကို အောင်မြင်သည့် တိုင်အောင် ကြိုးစားရမှာကလည်း ရန်ကုန်နှင့် အင်းစိန်ဆိုသည့် ခရီးမှာ နီးလှသည်မဟုတ်။ သို့ဖြစ်ရကား ထိုအိမ်၌ငှားနေလျှင် မနက်မတွေ့ နေ့ခင်း၊ နေ့ခင်းမတွေ့ ညနေ ဆိုသလို တစ်နေ့တစ်ခါ တွေ့မြင်နိုင်မည်ကို စဉ်းစားမိလေ၏။ သို့အားဖြင့် ထိုအိမ်ကို ငှားရန် သွား၍မေးရလျှင် မိမိအား လူစိမ်းတစ်ယောက်ဖြစ်၍ မယုံကြည်၍ မငှားသည့်တိုင်အောင် ဤအရပ် ဤအခြေအနေကို မေး၍ ရနိုင်မည်။ ငှားလျှင်လည်း အကြံနှစ်မျိုးစလုံး အောင်မြင်မည်ဟု တွေးမိကာ ထိုအိမ်ခြံဝင်းထဲသို့ ဝင်၍သွားလေ၏။

သို့ရာတွင် တစ်အိမ်လုံး တံခါးပိတ်ထားသဖြင့် မည်သူ့အားမေးရမည်ကိုမသိ။ ကြော်ငြာကဒ်ပြားပေါ်တွင်လည်း စုံစမ်းရန် နေရာမပါ ရှိသဖြင့် တောင်ကြည့်မြောက်ကြည့် ဖြစ်နေစဉ်မှာပင် ထိုအိမ်၏ နောက်ဖေးဘက် ခြံဝင်းအတွင်းရှိ တဲကလေးထဲမှ ထိုအိမ်စောင့်နှင့်တူသော လင်မယားနှစ်ယောက် ထွက်လာသည်ကို တွေ့ရ၍ အားတက်သွားမိလေ၏။

"ဒီအိမ် ငှားဖို့လား"

ခင်မောင်ကြီးက မေးလိုက်ရာ မိန်းမလုပ်သူသည် ခင်မောင်ကြီးအာ အိမ်ငှား၍နေနိုင်သည့် လူမျိုးလားဟု ၎င်း၏ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား မျက်စိဖြင့် မှန်းဆ တိုင်းထွာသလို ကြည့်နေလေ၏။ ယောကျ်ားလုပ်သူကမူ ဒီလူ စာမတတ်ဘူးလား၊ ဒါမှမဟုတ် ဆိုင်းဘုတ်ကို မမြင်နိုင်အောင် ကန်းနေသလားဟု ဝေခွဲသကဲ့သို့ ကြည့်နေပြီးမှ "ဟုတ်တယ်၊ တစ်လ သုံးဆယ်" ဟု ပြောလိုက်လေ၏။

ခင်မောင်ကြီးမှာ မိမိအားငှားမည်ဆိုလျှင် ထိုအိမ်လခကို ပေးရန်ဝန်မလေးချေ။ ထိုအိမ်လခလောက်မှာ မိမိ ဆေးလိပ်ဘိုး မျှ မရှိချေ။ သို့ဖြင့် သုံးဆယ်ဟူသော စကားကို ကြားရသည့်အခါ အတိုင်းမသိ ကျေနပ်၍ သွားလေ၏။ သို့ရာတွင် မိမိ သိရှိစုံစမ်းလိုသည့် စကားများ ရှိနေသေးသည့်အတွက် "ဒီအနီးနားမှာကော အိမ်လွတ်များ မရှိဘူးလား" ဟု လျှာရှည်လိုက်လေ၏။

"ဒီအိမ်အကြောင်းကိုပြောပါလေ၊ ယူချင်တယ် မယူချင်တယ် ဆိုတာ ပြောပါ"

"ယူမှာပါ၊ ယူမှာပါ၊ စိတ်ချပါ၊ ခု စရံ ပေးရမှာလား"

ခင်မောင်ကြီးသည် ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်သည့် အတွက် အိမ်စောင့်၏ မျက်မှာမှာ ရွှင်ပြုံးသွား၏။

"အို အခုမပေးရသေးပါဘူး၊ မနက်ဖန်ကျမှ အိမ်ရှင်နဲ့ လာပြီးတွေ့ပါ" ဟု အိမ်စောင့်ကြီးက ချိုသာစွာပြောပြီးမှ "တခြားအိမ်လွတ်ကို ကြည့်ချင်တာ ဘာဖြစ်လို့လဲ။ ဒီအနားမှာတော့ မရှိဘူး" ဟု ပြောပြလေ၏။

"သိချင်လို့ပါ။ နို့ ဟိုဘက် ကုန်းမြင့်လေးပေါ်က ခြံအကျယ်ကြီးနဲ့ အိမ်ဟာကော"

အိမ်စောင့်မှာ မျက်လုံးပြူးသွားပြီးလျှင် "အမယ်လေး၊ ဒီအိမ်သွားမစနဲ့။ အိမ်ရှင်ကိုယ်တိုင်နေတာ၊ စစ်ကဲကြီး ဦးလတ်ဆိုတာ၊ နာမည်ရင်းကတော့ ထိပ်တင်လတ် လို့ ခေါ်တယ်။ မင်းမျိုးမင်းနွယ် ရာခိုင်နှုန်း သုံးဆယ်နဲ့ သုံးပိုင်း တစ်ပိုင်းလောက် မဟာသွေးပါတယ်။ သူ့အိမ်များ သွားမေးရင် ခင်ဗျား ပြေးပေါက်မှားနေမယ်" ဟု ပြောပြလေ၏။

Commercial use of this book will be at your own risk

"ဒါလောက်ပဲ ဆိုးသလားဗျာ"

ထိုအခါမှ အိမ်စောင့်ယောက်ျား၏ မိန်းမမှာ လျှာပေါက်၍ လာသကဲ့သို့ ဖြစ်ပြီးလျှင် "ဒီလူကြီး ဒီလောက် မဟုတ်ပါဘူးရှင်။ ခပ်အေးအေးပါပဲ။ သူ့နှမ ထိပ်တင်စုဆိုတဲ့ မရွှေစုကြီးကသာ နှုတ်သီးဆိုးလွန်းလို့ သူ့အိမ်နားတောင် ဘယ်သူမှ မသွားရဲကြဘူး။ သူမရှိရင် နည်းနည်းသက်သာသေးရဲ့၊ မနေ့ကတောင် ဘယ်ကိုသွားတယ်ဆိုလား" ဟု စကားမဆုံးဘဲ ရပ်ထားလေ၏။

"ထိပ်တင်စု ဆိုတာ အပျိုကြီးလား"

"မဟုတ်ပါဘူးတော်၊ မုဆိုးမပါ။ သူ့လင်က သားတစ်ယောက်အဖေ၊ ပိုက်ဆံချမ်းသာတဲ့ မုဆိုးဖိုကြီး၊ သူလည်း ဒီမိန်းမကြီးနဲ့ရပြီး မိန်းမကြီးရဲ့ ပယောဂကြောင့် လူ့ပြည်နေရတာထက် သင်းချိုင်းထဲက နားညည်း သက်သာတယ် အောက်မေ့ရော့သလား မသိဘူး။ သေတာ တော်တော်ကြာပါပြီ"

"ဩော်"

"ဒါလောက် မအံ့သြနဲ့ဦး။ သူ့လင်ပါသားကိုလည်း သူ့တူမနဲ့ ပေးစားမလိုလို လုပ်နေတယ်"

ထိုသို့ ကြားလိုက်ရသည်တွင် ခင်မောင်ကြီးမှာ ပို၍စိတ်ဝင်စားလာလေ၏။ မိမိ၏ ငွေအိတ်သည် တန်ခိုးကြီးမား လှပါပေ၏တကား ဟု လည်းများစွာ ဝမ်းမြောက်မိလေ၏။ ထို့ပြင် ထိုမိန်းမ၏ စကားကြွယ်ခြင်းသည် မိမိ သိလိုခြင်း ကို ဖြည့်စွမ်း ပေတော့သည်တကား ဟုပို၍ ဝမ်းမြောက်ရပြန်လေ၏။

"သူ့တူမဆိုတာ ထိပ်တင်လတ်ရဲ့ သမီးလား"

"အဟုတ်ပေါ့။ ခင်ဖုန်းဆိုတာလေ။ သူတို့ခေါ်တော့ ထိပ်တင်ဖုန်း လို့ခေါ်တယ်"

ခင်မောင်ကြီးမှာ နာမည်ကိုသိရှိ၍ များစွာဝမ်းမြောက်သွားလေ၏။ သို့အားဖြင့် ယမန်နေ့ကမိမိတွေ့ရသည့် ထိပ်တင်ဆွေ မှာ ဒေါ်ရွှေစု၏ လင်ပါသားဖြစ်ကာ သူ့ကို မခင်ဖုန်း မနှစ်သက်သည့် အတွက် ထွက်ပြေးခြင်းဖြစ်လေတော့သည်ဟု တတစ်ချ စွဲမှတ်ကာ "ထိပ်တင်စုရဲ့ လင်ပါသားဆိုတာ ထိပ်တင်ဆွေ ဆိုတဲ့ ဝဝပြဲပြဲသရဲရုပ်မျိုး မဟုတ်လား" ဟု မေးလိုက်လေ၏။

ထိုမိန်းမသည် အံ့သြသွားပုံပြကာ အမေးကို မဖြေသေးဘဲ "သူ့ကိုသိသလား" ဟု မေးလိုက်လေ၏။

"ဘယ်သူ့ကိုလဲ"

"ထိပ်တင်ဆွေကို"

"ထိပ်တင်ဆွေလား"

"ဟုတ်တယ်"

ထိုအခါမှ ခင်မောင်ကြီးသည် မိမိစကားလွှတ်ခနဲ ထွက်သွားမိခြင်းကို သတိရကာ "ကျွန်တော်တို့ ကျောင်းနေဖက် တစ်ယောက်များလားလို့" ဟု ဆိုလိုက်လေ၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ဘူး"

ခင်မောင်ကြီးမှာ ထိုစကားကို စဉ်းစား၍မရအောင် ဖြစ်သွားလေ၏။

Commercial use of this book will be at your own risk

“ဘာဟုတ်တာလဲ”

”ထိပ်တင်ဆွေဆိုတာဟုတ်တယ်။ ဝဝတုတ်တုတ်ကမ္ဘာရုပ်ကြီးမျိုးပဲ၊ ကောလိပ်မှာ နေဘူးတယ်။ ကလကတ္တား မှာလည်း နေဘူးတယ်”

“နို့ဘာမဟုတ်တာလဲ”

”ဒေါ်ရွှေစုရဲ့ လင်ပါသား မဟုတ်တာ”

”အော်”

”အင်း”

”ဒေါ်ရွှေစု လင်ပါသားရဲ့ နာမည်ကကော”

“မောင်စောလွင်တဲ့”

“အော်”

“အင်း”

ခင်မောင်ကြီးမှာ မိမိချစ်သူအမည်နှင့်တကွ ဆွေစဉ်မျိုးဆက် ရာဇဝင်သံခိပ်ကိုပါ သိရှိရပြီးဖြစ်သည့်အတွက် များစွာ ကျေနပ်၍သွားလေ၏။ ထိုအိမ်ကို ငှားရမ်း၍နေရန်ကိုလည်း အမျိုးမျိုးသော အကြောင်းတို့ကြောင့် သဘောကျ၍ သွားလေ၏။ သို့ဖြစ်၍ နောက်နေ့တွင် အိမ်ရှင်နှင့် တွေ့ဆုံပြောဆိုရန် စေ့စပ်ခဲ့ပြီးလျှင် ခင်ဖုန်း၏အိမ်ကြီးအနီးဆီသို့ ပြန်လည်ရောက်ရှိလာကာ ရစ်ဝဲရစ်ဝဲနှင့် လုပ်နေပြန်လေ၏။

ခင်မောင်ကြီးသည် ခင်ဖုန်း၏အိမ်ကြီးကိုကြည့်ရင်း မြန်မာဘုရင်၏ အဆက်အနွယ်များ အထင်မရှား လွင့်ပါး ကွဲပျက်လျက်ရှိကြသည်များကို တွေးမိကာ စိတ်မကောင်းဖြစ်ရလေ၏။ အချို့မှာ သာမန်ဆင်းရဲသားနှင့်ရကြ၊ အချို့မှာ ဆင်းရဲ၍သေကြ၊ အချို့မှာ တစ်ရပ်တစ်ပါး သို့ရောက်ကြနှင့် ရှိပြီးလျှင် အနိစ္စရောက်ရှိသည့် အခါတိုင်း မသာစရိတ် အတွက် အစိုးရနှင့် ခဏခဏစကားပြောကြရကာ သတင်းစာထဲ၌ ဖတ်ရသည်များကို သတိရမိလေ၏။

သို့ရာတွင် မထင်မရှားဆင်းရဲနွမ်းပါးစွာဖြင့် နေကြရသည့် များစွာသော မင်းမျိုးမင်းနွယ်တို့နှင့်စာလျှင် ခင်ဖုန်းတို့၏ အခြေအနေမှာ အလွန်သာလှသည်ကို တွေ့ရလေ၏။ သို့အားဖြင့် မိမိကဲ့သို့ သာမန်လူစားတစ်ယောက်သည် မဟာသွေး မကင်းသူတစ်ယောက်အား ကြံ၍ရနိုင်ပါမည်လားဟု အနည်းငယ် အားလျော့၍သွားသေး၏။ ပြီးမှ ဘုရင်သွေးနှင့် ဝေးလံသောအဆက်အနွယ်ဖြစ်သည့် ခင်ဖုန်းတို့ကိုမဆိုထားဘိ၊ မြန်မာဘုရင်၏ ရင်နှစ်သည်းချာထဲ ကပင်လျှင် လူမျိုးကွဲ ဆင်းရဲသားနှင့် ရည်ငံနှစ်သက်ပေါင်းဖက်ရသေးကား ခင်ဖုန်းတို့မှာ မိဖုရားငယ်များလောက်က ပေါက်ဖွားဆင်းသက်သူ မျှလောက်သာ ဖြစ်တန်လေရာ အချစ်နှင့် ပတ်သက်လာလျှင် သံကွန်ချာအုပ်၍ တားဆီးသော်လည်း ရနိုင်မည်မဟုတ်ဟု တွေးတောခြင်းအားဖြင့် အားတင်းလိုက်မိလေ၏။

ထိုအခိုက်တွင် ဖုံတထောင်းထောင်းထအောင် လျင်မြန်စွာမောင်းနှင်လာသော ကားတစ်စီးသည် အဝေးတွင်မြင်နေရာမှ ခဏချင်း မိမိအနီးသို့ရောက်လာပြီးလျှင် လူကိုဝင်၍ တိုက်လုမတတ် ကပ်၍မောင်းကာ မြန်စွာပင်ကျော်လွန်၍ သွားသည်ကို တွေ့ရ၏။

ခင်မောင်ကြီးမှာ ကားတိုက်ခံရမည်ကဲ့သို့ ရှိသဖြင့် ရုတ်တရက်ထိတ်လန့်ကာ လမ်းဘေးသို့ ပြေးကပ်၍ ရှောင်လိုက်ပြီးမှ ရပ်၍ကြည့်နေစဉ် ခင်ဖုန်းတို့၏ ခြံဝင်းကြီးထဲသို့ ကားဝင်သွားသည်ကို တွေ့ရလေ၏။ ကားထဲတွင်



Commercial use of this book will be at your own risk

မိမိမြင်လိုက်ရသူ တစ်ယောက်မှာ ထိပ်တင်ဆွေဖြစ်သည်ကို သိရလေ၏။ ကားကိုမောင်းလာသူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရချေ။ သို့သော်လည်း ၎င်း၏ရုပ်ရည်ကို မြင်လိုက်ရခြင်းအားဖြင့် ဒရိုင်ဘာ မဟုတ်တန်ရာဘဲ ထိပ်တင်စု၏ လင်ပါသားဆိုသူ စောလွင်သော်လည်းကောင်း၊ အခြားသူတစ်ယောက်ယောက်သော်လည်းကောင်း ဖြစ်တန်ရာသည်ဟု တွေးလိုက် မိလေ၏။ သို့အားဖြင့် ခင်မောင်ကြီးမှာ မိမိအား ထိပ်တင်ဆွေမြင်၍သွားမည်ကို စိုးရိမ်ကာ ထိုနေရာတွင် ကြာကြာ မနေရဲတော့ဘဲ လှည့်ထွက်ခဲ့ရလေ၏။

သို့ရာတွင် ခင်မောင်ကြီးကို ထိပ်တင်ဆွေက မြင်သွားပြီ ဖြစ်ပေ၏။ သို့သော် ကားကလည်းလျင်မြန်လှ၍ ဖုန်များကလည်း ထ၍ကျန်ရစ်သည့်အတွက် ခင်မောင်ကြီးအား သေသေချာချာ အတတ်စွဲရလောက်အောင် မမြင်ခဲ့ရ၍ ကားပေါ်မှ နောက်သို့ လှည့်ကြည့်လိုက်လေ၏။

"ဟော့ ပေသီး၊ ဘာလှည့်ကြည့်တာလဲ"

ပေသီးမှာ ထိပ်တင်ဆွေ၏ ငယ်နာမည်ဖြစ်သည့်ပြင် စောလွင်မှာ သူ့ထက်အသက်လည်းကြီးသူဖြစ်သည့်အတွက် ငယ်စဉ်ကပင် ထိုနာမည်ကို နှုတ်ကျိုး၍ နေလေ၏။

"ခုနက မြင်လိုက်ရတဲ့အကောင်ဟာ မနေ့က ရန်ဖြစ်တဲ့ ငနဲလားလို့"

"အို တော်ပါတော့။ နောက်ထပ် ဒဏ်ငွေ နှစ်ဆယ် အတပ်ခံချင်ပြန်သေးသလား။ လူမြင်တိုင်းပဲ ဟိုလူထင်မနေပါနဲ့ဦး"

ပေသီး (ဝါ) ထိပ်တင်ဆွေမှာ စကားပြန်၍မပြောတော့ဘဲ နောက်သို့ လှည့်ကြည့်နေရာက မျက်နှာကို ပြန်၍ လှည့်လိုက်ပြီးလျှင် အိမ်ရှေ့သို့ရောက်၍ ကားဆိုက်သည့် တိုင်အောင် တွေဝေ၍လိုက်ပါသွားလေ၏။ စောလွင်သည် ကားကိုရပ်၍ လက်ပတ်နာရီကို လှန်ကြည့်ပြီးလျှင် ပုလိပ်ရုံးကနေ ဒီအထိလေးဆယ်ရှစ်မိနစ်ကြာတယ်ဟု ဆိုကာ ကားပေါ်မှဆင်းသွားလေ၏။ ထိပ်တင်ဆွေမှုကား စကားဘာမျှ မပြောဘဲ ကားပေါ်မှဆင်းခဲ့ပြီး ခြံကြီးကို လှမ်းမျှော်၍ ကြည့်လိုက်လေ၏။

မိမိရှေ့တွင်ရှိသော ဆင်ဝင်တွင် နွယ်၍တက်လျက်ရှိသော ခွာဖြူပန်းကလေးများသည် ခြံဝင်းကြီးအတွင်းရှိ ရှုမျှော်ခင်းကို ကွက်ကွက်ကွင်းကွင်း ထင်လင်းပေါ်လွင်စွာ မြင်ရစေအောင် ပန်းကုံးသဖွယ် တန်ဆာဆင်၍ ထားသကဲ့သို့ ရှိလေ၏။ မိုးတိမ်ကင်းစင် ကြည်လင်ပြာလဲ့သော ကောင်းကင်အောက်တွင် ပြန့်ပြူးကျယ်ပြောသော ခြံထဲ၌ပေါက်ရောက်လျက် ကတ္တီပါကော်ဇောကြီး ဖြန့်ထားသလို ဟိုတစ်ကွက် ဒီတစ်နေရာ နီပြာဖြူညိုခိုရောင်တစ်တန်း၊ ခရမ်းရောင်တစ်သွယ် ရှိကြသည့် ပန်းကလေးများမှာ ဆီဆေးဖြင့်ရေးခြယ်ထားသည့် အနောက်တိုင်းပန်းချီကားကဲ့သို့ ရှိပေ၏။ လက်ဝဲဘက်ရှိ နှင်းဆီခင်းထဲတွင် တူရွှန်းတစ်ချောင်းနှင့် မိုးပေါ်သို့ထောင်နေသော ဖင်ဘူးတောင်းကြီးမှာ မိမိ၏ဖခင်ဖြစ်သည်ကို သိရ၍ ယမန်နေ့က မိမိ၏ အဖြစ်အပျက်တို့ကို သိသွားလျှင် ဘယ်လောက်များ ဆူပူလိုက်မည်နည်း ဟု တွေး၍လန့်ကာ အတွေ့မခံရဲအောင် ရှိမိပေ၏။ တရားသူကြီး၏ စီရင်ချက်ကိုလည်း နားထဲ၌ ကြားယောင်ယောင် ဖြစ်မိပေ၏။ ဂတ်တဲတွင် ခြင်ကိုက် ဂျပိုးကိုက်နှင့် လုံချည်ခေါင်းမြီးခြုံ၍ အိပ်ခဲ့ရသဖြင့် အိပ်၍မရနိုင်ရသည့်အထဲတွင် အရက်မူး၍ ဖမ်းထားသူနှစ်ဦးနှင့် အဖော်လုပ်၍ အိပ်ရခြင်းကြောင့် ၎င်းတို့၏ ဆူဆူညံညံလုပ်နေကြခြင်းမှာ သာ၍အိပ်မပျော်နိုင်ဘဲ ရှိရသည်ကိုလည်း ပြန်၍မြင်ယောင်မိလေ၏။ သူ့တစ်ကိုယ်လုံးမှာ ဘူမိကမ္ဗလာ မြေအိပ်ရာ၏ တန်ခိုးကြောင့် တစ်ကိုယ်လုံး တောင့်တင်းလျက် ပင် ရှိလေ၏။

ထိပ်တင်ဆွေသည် ပြန်၍တွေးလိုက်တော့မှ နောက်ကျောစိမ့်၍ သွားသည်။ ထို့ကြောင့် နောက်ထပ်ဒဏ်တပ်ခံချင်သေးသလားဟု စောလွင်ပြောလိုက်သည့် စကားသည် ၎င်း၏ပါးစပ်ကို ပိတ်သွားစေတော့၏။ သူသည် ပုလိပ်လက်ထဲတွင် ကန့်လန့်ကန့်လန့်နှင့် ပါသွားကာ နောက်က ပရိသတ်တစ်စုတစ်ဝေးကြီးလိုက်လာခဲ့ခြင်းကို တွေး၍လည်း ရှက်မိ၏။ ဒေါသလည်း ထွက်မိ၏။

Commercial use of this book will be at your own risk

သို့ဖြစ်၍ စောလွင်က တစ်လမ်းလုံး စကားပြောလာသည့်တိုင်အောင် ပြန်၍ပြောချင်စိတ်မရှိဘဲ မလွှဲသာမှ စကားတစ်ခွန်းတစ်လေကို ပြတ်တောင်းစွာ ပြန်၍ပြောခဲ့မိ၏။ အထူးသဖြင့် ထိပ်တင်ဆွေသည် ဒေါသဖြစ်နေချိန်မျိုးတွင် စောလွင်နှင့် စကားပြော၍မရချေ။ စောလွင်က သူ့အားနာမည်ရင်းဖြင့် မခေါ်ဘဲ ပေသီးဟု ခေါ်လေ့ရှိရာ ထိုသို့ အခေါ်ခံရခြင်းကို နည်းနည်းမျှ မနှစ်သက်ပေ။ စောလွင်ကလည်း ထိုအသုံးအနှုန်းကို ပြင်ရန် ကြိုးစားသော်လည်း နှုတ်ကျိုးနေပြီးဖြစ်၍ မရဘဲ ရှိချေ၏။

ထိပ်တင်ဆွေသည် ပုလိပ်ကို ထိုးခဲ့သည့်အတွက်ကြောင့်တော့ဖြင့် မိမိအား ဘာမျှဆူပူခြင်းခံရမည် မဟုတ်သည်ကို သိ၏။ သို့ရာတွင် ဆွေကြီး မျိုးကြီးဟု ဂုဏ်ယူမာနတက်လျက်ရှိသော ဖခင်နှင့် အဒေါ်တို့မှာ မိမိအဖမ်းခံရသည်၊ ဂတ်ရောက်ရသည် စသည်ကိုကြားလျှင် အသဲကွဲလုမတတ် နာကျည်းကြမည်ဖြစ်၍ ဒေါသထွက်ကြမည်ကို ကောင်းစွာ စဉ်းစားမိ၏။ ဤကိစ္စတွင် မိမိ၏ဖခင်ထက် အဒေါ်က ပို၍အဖြစ်သဲမည်ဖြစ်ရာ အဒေါ်၏စကားများကို မကြားရမီကပင် ရင်ခုန်ကာ တုန်ရီ၍နေလေ၏။

ထိုအခိုက်တွင် အိမ်ရှေ့တံခါးနှစ်ချပ်ပွင့်လာကာ တံခါးဝတွင်မားမားကြီးရပ်နေသောရောင်ချောကြီးနှင့် လူတစ်ယောက်ကို တွေ့ရလေ၏။ ထိုလူကြီးသည် ထိပ်တင်ဆွေ၏မျက်နှာကို မြင်လိုက်ရလျှင် ရက်ပေါင်းများစွာကွဲကွာနေသော ချစ်သူတစ်ဦးတစ်ယောက်ကို တွေ့ရသကဲ့သို့ ပြုံး၍ နှုတ်ဆက်လိုက်လေ၏။

စောလွင်က ထိုလူကြီးအား ပြုံးရယ်သောမျက်နှာဖြင့်ပြန်၍ကြည့်ကာ "ကဲ ကိုသူတော်။ ခင်ဗျားအချစ်တော် ပြန်ရောက်လာပြီလေ။ သူ့ကိုမတွေ့ရတာကြာလို့ အခုပြန်တွေ့ရတဲ့နေ့မှာ နောင်ကိုပုလိပ်တွေရဲ့ဗိုက်ကို ပိုပြီး အားကောင်းကောင်းနဲ့ ထိုးနိုင်အောင် ထမင်းကောင်းကောင်း ချက်ကျွေးစမ်းပါဗျာ" ဟု ပြောလိုက်၏။

ကိုသူတော်သည် စောလွင်၏စကားကိုကောင်းစွာနားမလည်သည့် အမူအရာပြနေ၏။ ထိပ်တင်ဆွေမှာမူ မနှစ်မြို့သည့် မျက်နှာကိုပြ၏။ ခါတိုင်း၌ ထိပ်တင်ဆွေသည် စားတော်ကဲကြီး ကိုသူတော်ကို တွေ့ရလျှင် ဝမ်းသာအားရပြေး၍ နှုတ်ဆက်တတ်၏။ ယခုမူ ကြောင်အမ်းအမ်းလုမ်း၍ ကြည့်နေမိလေသည်။

"ကိုယ်တော်လေး။ ဒီတစ်ခါ မန္တလေးသွားတာ အတော်ကြာတယ်နော်။ မနေ့ကရောက်မလားလို့ မောင်စောလွင်တောင် ကားနဲ့ သွားပြီးကြိုသေးတယ် ထင်ပါ့။ မနေ့ကမလာ ဒီနေ့မှရောက်လာသကိုး"

ထိပ်တင်ဆွေသည် မပြောသေးဘဲ အိမ်ထဲသို့တန်း၍ ဝင်သွားပြီးမှ "ဦးသူတော် လက်ဖက်ရည် တစ်ခွက် မြန်မြန် ဖျော်ပြီး ယူခဲ့စမ်းပါ" ဟု အမိန့်ပေးလိုက်ပြီး ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်၏။

စောလွင်သည် ကားပေါ်သို့ ပြန်တက်၍ ကားကို ကားရုံထဲသို့ သွင်းရန် အိမ်ဘေးဘက်သို့လှည့်၍ မောင်းလာစဉ် မိဒွေးတော် ထိပ်တင်စု နှင့် တွေ့ရလေ၏။

"မယ်မယ် ဘယ်တုန်းက ပြန်ရောက်နေသလဲ"

ထိပ်တင်စုသည် ဘာမျှပြန်မပြောချေ။ သူ့မျက်နှာပေါ်တွင် ဒေါသအရိပ်အရောင်ထွေလျှမ်း၍ နေလေ၏။ ထို့နောက် ထိပ်တင်စုသည် ခြံထဲမှ မြေတူးဆွနေသော ဦးလတ်ကို လှမ်း၍ခေါ်လိုက်လေ၏။

"ကိုရင်ရေ့၊ ဒီကိုလာစမ်းပါဦး။ သင်းတို့ရောက်လာကြပြီ"

ဦးလတ်သည် တူရွင်းကိုချပြီး လက်တွင် ပေကျံလိမ်းကပ်နေသောမြေများကို ပွတ်သပ်၍ ခါချကာ ထ၍လာလေ၏။

"စောလွင်၊ ငဆွေ တစ်ယောက်ကော"

"ပေသီးလား၊ အိမ်ရှေ့ခန်းထဲမှာ ရှိတယ်"

Commercial use of this book will be at your own risk

ဒေါ်ရွှေစုသည် ဦးလတ်ဘက်သို့လှည့်ကာ "ကဲ ကိုရင်၊ လာစမ်းပါဦး။ ကျုပ်တို့တော့ သင်းအတွက်နဲ့ အရှက်လုံးလုံးကွဲပြီ" ဟုဆို၍ ရှေ့ကဦးဆောင်ကာ ခေါ်၍သွားလေ၏။ ဦးလတ်သည် ဘာမျှ ပြန်မပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ဒေါ်ရွှေစုနောက်က ပါသွားလေ၏။

စောလွင်သည် ကားကို ကားရုံတွင်းသို့သွင်းခဲ့ပြီး ပြန်၍အလာတွင် မိမိထံသို့ ခပ်သုတ်သုတ်လျှောက်၍လာသော ခင်ဖုန်းကိုမြင်ရလေ၏။ ခင်ဖုန်းမျက်နှာပေါ်တွင် စိုးရိမ်မကင်းဖြစ်နေသည်ကို လှမ်းတွေ့ရ၏။

"ကိုကိုလွင်၊ မနေ့က ကိုကိုလွင် ထိပ်တင်ဆွေကို ကြိုရအောင် ကားနဲ့သွားတာမှာ ဖုန်းဖုန်းတိတ်တိတ်လိုက်လာတာကို ဘယ်သူ့မှ မပြောပါနဲ့နော်"

"ကိုယ်ကလားပြောမှာ၊ ဖုန်းဖုန်းကသာ ဖုန်းဖုန်းမြို့ထဲသွားတဲ့ ကိစ္စပေါ်သွားလို့ သူများကမေးရင် ကိုကိုလွင်ခေါ်တယ်ဆိုတာသာ မပြောပါနဲ့"

"မပြောပါဘူး စိတ်ချ"

"နို့ မနေ့က ဖုန်းဖုန်း ဆူးလေဘုရားလမ်းဒေါင့်မှာ ဆင်းကျန်ရစ်ခဲ့ပြီးတဲ့နောက် ဖုန်းဖုန်းတွေ့ရအောင်သွားတဲ့လူကိုကော ဖုန်းဖုန်း တွေ့သေးသလား"

"ဟင့်အင်း မတွေ့ဘူး။ ဒါထက် ကိုကိုလွင်၊ မနေ့က ဘာပြုလို့ ပြန်မလာသလဲ"

"ဘယ်ပြန်လာနိုင်မလဲ။ ပေသီး အချုပ်ခံနေရလို့"

"ဟင် ထိပ်တင်ဆွေ၊ အချုပ်ခံရတယ် ဟုတ်လား။ ဘာပြုလို့လဲ"

"စပတ်လမ်းထဲမှာ ပုလိပ်တစ်ယောက်ရဲ့ ဗိုက်ကို လက်ဖ့ေကျင့်တဲ့ သဲအိတ်မှတ်ပြီး ထိုးလိုက်တယ်ထင်ပါရဲ့။ ပုလိပ်ခုခံမှုနဲ့ အဖမ်းခံရတယ်လေ။ ဒီမနက်ပဲ ဒဏ်ငွေဆောင်ခဲ့ရတယ်။ ဖုန်းဖုန်းမသိဘူးလား။ ဒီနေ့မနက်က သတင်းစာထဲမှာ ပါမှာပေါ့"

ခင်ဖုန်းသည် အံ့အားသင့်ကာ အသက်မရှူနိုင်သကဲ့သို့ ဖြစ်သွားလေ၏။ ထိုကိစ္စမှာ မိမိနှင့်ပတ်သက်ရမည်ဟူ၍လည်း တထစ်ချတွေးမိ၏။ ယမန်နေ့က ခင်ဖုန်းသည် တစ်စုံတစ်ယောက်ကိုတွေ့ရန် စောလွင်၏ကားနှင့် တိတ်တဆိတ်လိုက်၍အသွားတွင် ထိပ်တင်ဆွေကို တွေ့ရ၍ မိမိအား ထိပ်တင်ဆွေမမြင်မိစေရန် ထွက်ပြေးခဲ့ရာတွင် ထိပ်တင်ဆွေမြင်သွား၍ မိမိနောက်လိုက်တုန်း ထိုသို့ဖြစ်ရမည်ဟု တွက်ဆမိလေသည်။

"ဘယ်လိုကြောင့် ဖြစ်တယ်ဆိုတာ သူပြောမပြဘူးလား"

"အဲ့ဒါမေးလို့လည်းမရဘူး၊ ဘာမှလည်း မသိရသေးဘူး။ ပုလိပ်ကို ထိုးလို့ဆိုတာပဲ သိရတယ်။ ကဲ လာလာ ဧည့်ခန်းထဲမှာ မယ်မယ်နဲ့ ဦးရီးတော်တို့ သူ့အမှုကို စစ်ဆေးနေတာ သွားနားထောင်ကြစို့။ မယ်မယ်ကတော့ သူ့အကြောင်း သတင်းစာထဲမှာ တွေ့ရပြီနဲ့တူတယ်။ ဒါထက် မယ်မယ် ဘယ်တုန်းက ပြန်လာသလဲ"

"အခုတင်ပဲ ပြန်ရောက်လာတယ်"

"ဒါဖြင့် ဟုတ်ပြီ။ ဧကန္တ သူမီးရထားပေါ်မှာ သတင်းစာ ဝယ်ဖတ်ရင်း တွေ့ရတာဖြစ်မှာပဲ"

ထိုအချိန်တွင် ထိပ်တင်ဆွေသည် ဧည့်ခန်းထဲ၌ ကိုသူတော်ယူ၍လာသော လက်ဖက်ရည်ကိုသောက်ရင်း ငိုင်တွေ၍နေလေ၏။ ကျယ်ဝန်းသော အခန်းကြီး၏ နံရံပတ်လည်တွင် ချိတ်ဆွဲထားသော မင်းတုန်းမင်းကြီးပုံ၊ သီပေါအရှင်နှစ်ပါးပုံ၊ မြင်ကွန်းမင်းနှင့် ညီတော်နှစ်ပါးပုံ၊ အိမ်ရှေ့ကိုယ်တော်ကြီးပုံ စသော မိမိ၏ ဘေးလောင်းတော်၊

Commercial use of this book will be at your own risk

ဘိုးလောင်းတော်၊ ဦးရီးတော် စသူတို့သည် သူ့အား ပုလိပ်ကိုထိုးတဲ့အကောင်၊ ဂုဏ်မှာ အချုပ်ခံရတဲ့အကောင်၊ မျိုးရိုးဂုဏ်ကိုဖျက်တဲ့အကောင်ဟူ၍ ရှုတ်ချသော မျက်နှာများဖြင့် ငုံ့၍ကြည့်နေသကဲ့သို့ သူ့စိတ်ထဲတွင် ထင်မြင်မိကာ ထိုပုံတော်များကိုပင် မော်၍ မကြည့်ရဲအောင် ရှိလေတော့၏။

ထိုအခိုက်တွင် ထိပ်တင်စုနှင့် သူ့ဖခင်ကြီးတို့ အခန်းထဲသို့ ဝင်ရောက်လာကြလေ၏။ ဤတွင် ငြိမ်သက်လုနီးနီး ဖြစ်နေသော သူ၏နှလုံးသွေးများသည် ပွက်ပွက်ဆူ၍ ထလာပြန်လေ၏။ သူသည် ထိပ်တင်စု၏ မျက်နှာကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ရုံမျှဖြင့် မိမိအကြောင်းကို ထိပ်တင်စုအကုန်သိသွားပြီဟု တထစ်ချမှတ်ယူမိလေ၏။ သို့ဖြစ်၍ ထိပ်တင်ဆွေက စကားမစခင် မိမိက ဦးစွာကာကွယ်ခုခံလိုသည့် အမူအရာဖြင့် ဆတ်ကနဲထလိုက်၏။

"ကျွန်တော် ရှင်းပြပါရစေ"

ထိပ်တင်စုမှာ ဒေါသကိုချုပ်တည်းထားရသဖြင့် တစ်ကိုယ်လုံး နတ်ကျသလို တုန်ရီနေလေ၏။ ၎င်းမှာ ရာဇဂုဏ် မောက်သူဖြစ်လေရာ ယခုလို အကြီးအကျယ် စိတ်ထိခိုက်လောက်အောင် တစ်ခါမျှ မကြုံခဲ့ဘူးသော ရာဇဂုဏ် ပျက်စရာ ကိစ္စတစ်ရပ်ကို သတင်းစာထဲတွင် ဖတ်လိုက်ရသောအခါ အနော်ရထာ ကျွဲလိုက်ခံရစဉ်က မျက်လုံးပြူးခဲ့ရသည်ထက်ပို၍ မျက်လုံးပြူးကာ တုန်လှုပ်ချောက်ချားခြင်းဖြစ်ခဲ့ရလေ၏။

တစ်အိမ်လုံးတွင် ထိပ်တင်စုမှာ အိမ်တော်သူ အိမ်တော်သား အစေခံများပြားပြားဝတ် ကြောက်ရွံ့ခြင်းခံရသူတစ်ဦး ဖြစ်၏။ သို့ရာတွင် ၎င်း၏မမြင်ကွယ်ရာ၌ကား အစေခံများသည် မည့်သည့်အခါမျှ သူ့အမည်ကို ကောင်းကောင်း မွန်မွန် ခေါ်ဝေါ်ခြင်းမပြုကြဘဲ စုကြီးဟူ၍သာ နာမည်ပေးထားကြလေ၏။

ဦးလတ်သည် စုကြီးထက် အကြီးဖြစ်သော်လည်း နှမဖြစ်သူ၏ နှုတ်လျှာပါးခြင်းကို အမြဲကြောက်ရွံ့နေရလေ၏။ ဦးလတ်သည်ကား ဂုဏ်ပကာသနကို များစွာဂရုထားသူ မဟုတ်ပေ။ အင်္ဂလိပ်အစိုးတို့၏လက်အောက်တွင် ပင်စင် ယူသည့်တိုင်အောင် အမှုတော်ထမ်းလာခဲ့ရခြင်းသည် ငယ်စဉ်က ထက်ထက်မြက်မြက်ရှိခဲ့သော ဇာတိသွေး ဇာတိမာန် တို့ကို အရည်ပျော်ကျစေလျက်၊ ခြေသုတ်ပုဆိုး မြွေခွယ်ကျိုး ပမာ ဖြစ်စေခဲ့လေရာ၊ အငြိမ်းစားယူပြီးသည့်နောက်တွင် သစ်ပင် ပန်းပင် စိုက်ပျိုးခြင်းဖြင့်သာ အေးချမ်းစွာ နေလာခဲ့သူ ဖြစ်လေ၏။

သို့သော် ဦးလတ်သည် ထိုသို့ အေးချမ်းစွာနေသည့်တိုင်အောင် ငြိမ်းချမ်းသာယာမှုကို မရရှာပေ။ နှမဖြစ်သူက သူ၏အလုပ်တွင် နေရာတကာဝင်၍ နှောင့်ယှက်ခြင်းကို ခံယူနေရရှာလေသည်။

ထိပ်တင်စုသည် ဦးလတ် ပန်းပင်စိုက်ပျိုးပြုစုခြင်းကို သဘောမကျ။ ပုဆိုးတို့ကို ဖုတ်အထပ်ထပ် မြေအလိမ်းလိမ်းနှင့် မြင်တွေ့နေရခြင်းကိုလည်း အနည်းငယ်မျှ ကြည့်၍မရပေ။ အစေခံများရှိပါလျက်သားနှင့် ၎င်းတို့အား မခိုင်းဘဲ၊ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်နေခြင်းကို ဘယ်သို့မျှ စဉ်းစား၍ မရနိုင်အောင် ရှိချေ၏။

ဦးလတ်မှာကား သစ်ပင်စိုက်ခြင်းကို လွန်မင်းစွာနှစ်သက် မက်မောသည့်အတိုင်း မိမိ၏သစ်ပင် ပန်းပင်တို့ကို မည်သူ့မျှ အကိုင်မခံချင်ဘဲ အနောက်နိုင်ငံမှ သစ်ပင်ပန်းမန်စိုက်ပျိုးနည်းစာအုပ်များ နှင့် ပန်းမျိုးစေ့များကို မှာယူကာ ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ရမှ စိတ်တိုင်းကျသူတစ်ယောက်ဖြစ်ပေ၏။

ထိပ်တင်စုကမူ မည်သူ့ကိုမျှ စိတ်တိုင်းကျသူ မဟုတ်ပေ။ ခင်ဖုန်းသည် ယခင်တလောက ၎င်း၏ အခြားသော အဖော်များ ကျောင်းနေဘက်များနှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးသွားရာက လူတစ်ယောက်နှင့် အဆက် ဖြစ်လာသည်ဟု ကြားရကတည်းက ခင်ဖုန်းကို ကြည့်၍မရအောင် ဖြစ်ခဲ့လေ၏။ ဘုမသိ ဘမသိ မဲမဲမြင်ရာ ကြိုက်ရ ကောင်းလား ဟူ၍လည်း ဒေါသဖြစ်၏။ သို့နှင့် ခင်ဖုန်းအား အိမ်ထဲက အိမ်ပြင်မထွက်ရဟု တစ်ချက်လွှတ် အမိန့်ထုတ်ကာ အိမ်တွင်းပုန်း လုပ်စေပြီး ပိတ်လှောင်ထားခဲ့၏။

ထို့ပြင် ထိပ်တင်စုသည် သူ့လင်ပါသားစောလွင်၏ အပြောအဆို အနေအထိုင်တို့ကိုလည်း သဘောမကျချေ။ သို့ရာတွင် စောလွင်၏ ဖခင်ကြီး ထားရစ်ခဲ့သည့် ပစ္စည်းများကို ထိုင်ပြီးစားသွားနေရသူဖြစ်သည့်အတွက် စောလွင်အပေါ် မနှစ်သက်ခြင်းကို များစွာမပြသည့်ပြင်၊ ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်ဆိုသလို စောလွင်ရရှိထားသည့်

Commercial use of this book will be at your own risk

အမွေအနှစ်များ အပြင်သို့ ထွက်မသွားစေရဘဲ၊ မိမိတို့အထဲမှာပင် ရှိနေရလေအောင် နောက်ပြီး ခင်ဖုန်းအားလည်း သူနှင့် မတူမတန်သူ၊ မထင်ရှားသူ၊ မိမိမနှစ်သက်သူနှင့် ဖြစ်၍မသွားစေရအောင် စောလွင်နှင့် ခင်ဖုန်းကို ပေးစားရန် လိုလား၏။ သို့ဖြစ်၍ စောလွင်အား အမျိုးမျိုး နှစ်သိမ့်ချော့မော့ကာ ထားနေရလေသည်။

ဦးလတ်သည် ထိပ်တင်စုက ခင်ဖုန်းနှင့် စောလွင်တို့အား နေရာချလိုက်ရန် အတန်တန်တိုက်တွန်း ပြောဆိုသည့် စကားများကို နားပူမတတ်ကြားနေရပေ၏။ သို့ရာတွင် မိမိ၏နဂိုစရိုက်အားဖြင့် အေးအေးနေတတ်သူ ဖြစ်သည့်အလျောက် ထိပ်တင်စုက ထိုစကားများကို လာ၍ပြောတိုင်းပြောတိုင်း ငြင်းခုန်၍မနေဘဲ အင်းမလုပ် အဲမလုပ် နှင့် အလိုက်သင့်နေခဲ့ရပေ၏။

ထိပ်တင်စု၏အသဲနှလုံးမှာ ထိပ်တင်ဆွေသာလျှင်ဖြစ်ပေ၏။ ထိပ်တင်ဆွေ၏ ဣန္ဒြေသိက္ခာကြီးခြင်း၊ သာမည်ညောင်ည လူများနှင့်မပေါင်းသင်းခြင်း၊ မင်းသွေးမင်းမာန်ရှိခြင်းတို့သည် အမျိုးဂုဏ်ကိုစောင့်ထိန်းသူ ဖြစ်ခြင်းကို ထင်ရှားစေသည် ဟူ၍ ထိပ်တင်စု၏ စိတ်ထဲတွင် အထင်ကြီးခြင်းကို ဖြစ်မိပေ၏။ သို့ရာတွင် ယနေ့နံနက်သတင်းစာထဲတွင် ထိပ်တင်ဆွေ၏ အကြောင်းကို ဖတ်လိုက်ရသောအခါ ရုတ်တရက်သော် ထိုသတင်းကို မယုံကြည်အောင် ဖြစ်မိ လိုက်သေး၏။ ထို့နောက်မှ သတင်းစာတွင်ပါသည့်အတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ယင်းသို့ ပါရှိခဲ့ခြင်းကြောင့် ဆွေဂုဏ်မျိုးဂုဏ်ကို ထိခိုက်ခံရပြီဟု စိတ်မချမ်းမသာဖြစ်လျက် ထိပ်တင်ဆွေအပေါ်တွင် ဒေါသထွက်မိလေ၏။

"ကဲ ကဲ ပြောစမ်း၊ ပြောစမ်း၊ ဘာများပြောချင်သလဲ။ မိဂုဏ်ဖဂုဏ်နဲ့ ကိုယ့်ဂုဏ်ကိုမှ ကိုယ်မထောက်ဘဲ ခုကာလ ခေါ်နေကြတဲ့ တေလေဂျပိုးအလုပ်မျိုးကို လုပ်တာ လူကြီးတွေရဲ့ မျက်နှာကို အိုးမဲသုတ်တာပေါ့လေ၊ ကောင်းသေးရဲ့လား"

"အရီးတော်ဖုရားကလည်း ဘာဖြစ်တယ်ဆိုတာ မသိဘဲနဲ့ ပြောရော့မယ်"

"ဘယ့်နှယ် ငါမသိရမှာတုန်း။ သတင်းစာထဲမှာ ထင်ထင်ရှားရှား ပါနေတာပဲဟာ"

"ဟုတ်သားပဲ" ဟု ဦးလတ်က ဝင်၍ထောက်ခံလိုက်လေ၏။ "တူးလိုင်းဆိုလား သရီးလိုင်းဆိုလား၊ ရွှေးကြီးစေ့ လောက်ရှိတဲ့ စာလုံးကြီးတွေနဲ့ ခေါင်းစဉ်တပ်ပြီး ရေးထားတဲ့ဟာ။ ဘယ့်နှယ်မဟုတ်ရမှာလဲ။ ငါသာ အယ်ဒီတာ ဖြစ်ရင် ဂေါ်လီလုံးလောက်ရှိတဲ့ စာလုံးကြီးကြီးတွေနဲ့"

"အို ကိုရင်က ဝင်ပြီး လျှာရှည် မနေစမ်းပါနဲ့"

ဒေါ်ရွှေစုသည် ဦးလတ်အား ဟန့်တားလိုက်မှ အဖိုးကြီး စကားရပ်အသွားတွင် ထိပ်တင်ဆွေ က "ဒီလိုပါ ဖေဖေရဲ့ အရီးကလည်း နားထောင်ပါဦး။ ကျွန်တော် ဘူတာရုံကဆင်းပြီး လမ်းလျှောက်အလာမှာ ဆူးလေဘုရားနား မရောက်ခင် ဖုန်းဖုန်းကို မြင်လိုက်တာနဲ့"

"ဘာ မိခင်ဖုန်းကို မြို့ထဲမှာ တွေ့တယ်လား" ဟု ဒေါ်ခင်စု က ထိပ်တင်ဆွေအား စကားဖြတ်၍ မေးလိုက်လေ၏။

ဦးလတ်သည် စုကြီးကျေနပ်အောင် မိမိ၏သားအပေါ်တွင် ဒေသဖြစ်သော အမှုအရာမျိုး လုပ်ထားရသော်လည်း ကြာရှည်စွာ ဟန်မဆောင်နိုင်ချေ။ အမှန်အားဖြင့် ပုလိပ်ကို ထိပ်တင်ဆွေထိုးခြင်းကိုလည်း အပြစ်ရှိသည်ဟု ယူဆမထားချေ။ မိမိကိုယ်တိုင်ပင် ငယ်စဉ်က အမျိုးမျိုးရမ်းကားလာခဲ့ဘူးသဖြင့် ဤအရွယ်တွင် ဤကဲ့သို့ဖြစ်ခြင်းမှာ ဖြစ်မြဲဓမ္မတာမို့ အပြစ်မယူသာဟုအောက်မေ့ကာ ထိပ်တင်ဆွေ၏ရှင်းပြချက်ကို ငြိမ်သက်စွာ နားထောင်၍ နေလေ၏။

"ဟုတ်ကဲ့၊ ကျွန်တော်မြင်မြင်ချင်းတော့ တူလို့ပဲလေ သိပ်တူတာပဲလို့ အောက်မေ့မိသေးတယ်။ ဒါပေမယ့် ကျွန်တော့်ကိုလည်း သူမြင်ရော ကားတစ်စင်းပေါ်တက်ပြေးတာ တွေ့ရတာနဲ့ အဟုတ်ပဲလို့ သိရတာပေါ့"

Commercial use of this book will be at your own risk

“ကြည့်စမ်း၊ ကြည့်စမ်း၊ ဒီသပေါက်မကို ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် အပြင်ကို မထွက်ရဘူးလို့ ဆိုထားတာ။ အခု ဘယ်လို လုပ်ပြီးတော့များ ထွက်သွားပါလိမ့်၊ ဘယ်သူကများ ခေါ်သွားသလဲ၊ အင်း ငါမရှိရင် ဒီလိုချည်းပဲ။ ကိစ္စကလေး ရှိလို့ ခရီးထွက်သွားပါတယ်။ တစ်ရက်မရှိ တစ်ရက်ဆိုသလို ဖြစ်ကုန်တော့တာပဲ”

ဦးလတ်မှာ မျှတသော စိတ်ကောင်းနှလုံးကောင်းထားရှိသည့်အတိုင်း ထိပ်တင်ဆွေ၏ အပြောကို လုံးဝလက်ခံခြင်း မပြုသေးဘဲ ခင်ဖုန်းဘက်က ရှေ့နေလိုက်ကာ “ဘယ်နှယ့်ကွာ၊ မိန်းကလေးတစ်ယောက် ကားစီးသွားတာ မြင်တာနဲ့ ငါ့သမီးဖြစ်ရမယ်ဆိုတာ တခြားမိန်းကလေးတွေက ကားမစီးနိုင်ကြလို့တဲ့လား။ ရန်ကုန်မြို့ကြီးမှာ ကားစီးတဲ့ မိန်းကလေးတွေ ပြည့်လို့ပဲကွာ” ဟုဆိုလိုက်၏။

“ကားစီးတာ ပြောတာမဟုတ်ပါဘူး”

“နို့ မင်းအခုနက ပြောတာ ဘာလဲလို့”

“ကားပေါ်တက်ပြေးတာကို ပြောတာပါ။ သူတက်ပြေးတဲ့ကားထဲမှာလည်း ယောကျ်ားတစ်ယောက်နဲ့ဗျ သိရဲ့လား။ အရီးရဲ့ အကောင်၊ ဟိုအကောင်”

ဒေါ်ရွှေစု၏ မျက်လုံးများမှာ ပြူးသည့်ထက်ပြူးလာကာ “ဟင် ဟိုအကောင်လား၊ ကျိုက်ထီးရိုးမှာ တွေ့ပြီး ကြိုက်လာတယ်ဆိုတဲ့ ဟိုအကောင်ဟာလေ၊ သူ့နာမည်က ဘယ်သူ”

ဦးလတ်ကဝင်၍ “သူ့နာမည် ငါမှတ်မိပါတယ်။ သူ့နာမည်ထဲမှာ စလုံးနဲ့ ခရွေးပါတယ်။ အဲအဲ အောင်မြင့်ဆိုလား။ လှဖေဆိုလား”

“အသာနေစမ်းပါ ကိုရင်ရာ။ ဝင်မရှုပ်စမ်းပါနဲ့ဦး” ဟု ဒေါ်ရွှေစုက ဦးလတ်ကို ဟန့်တားလိုက်ရပြန်ပြီးလျှင် “ဟိုဒင်းလေ သူ့နာမည်က” ဟု စဉ်းစားနေစဉ် ထိပ်တင်ဆွေက အဖြေပေးလိုက်၏။

”အော် ဘတင့် တဲ့၊ ဒီကောင့်နာမည်”

“အဲ ဟုတ်ပြီ။ ငါမရှိတုန်း ကိုရင်နဲ့ မောင်စောအလစ်မှာ ထွက်ပြေးတာပဲ။ ဒီအကောင်နဲ့ တွေ့ရအောင် သွားတာဖြစ်မှာပေါ့။ ဘယ်လိုလုပ်ပြီးတော့များ ထွက်သွားပါလိမ့်။ ဒါထက် နင့်အကောင်ကို အသေအချာ မှတ်မိရဲ့လား”

“ဟုတ်ပါတယ် အဲဒီအကောင်ပါပဲ။ သူပြောတာ ဆိုတာ သူ့အမူအရာ မြင်ရတာနဲ့ပဲ သူဆိုတာ တစ်ထစ်ချ ယူဆလိုက်တာပဲ။ ကျွန်တော်ပြေးအလိုက်မှာ ဖုန်းဖုန်းက သူ့ကားထဲဝင်သွားတယ်။ ကျွန်တော်က ကားထဲဝင်သွားတာ ဘယ်သူလည်း ဘယ်ဝါလည်း လို့ မေးတာတောင် ဒီကောင် က ဘာမှ ပြန်မပြောဘူး။ တစ်ခါထဲကားကို မောင်းထွက်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ကားတစ်စင်းနဲ့ နောက်ကလိုက်သေးတယ်။ အိမ်တစ်အိမ်ရှေ့ကျတော့ သူတို့ကိုမီပြီး ဖုန်းဖုန်းဘယ်မှာလဲလို့ မေးတော့ သင်းက ရီးတီးယားတား လုပ်နေတယ်”

“ရီးတီးယားတား လုပ်နေတယ်တော့ ငါကြားဖူးတဲ့ ပုံကလေး တစ်ပုံ သတိရသေးတယ်” ဟု ဦးလတ်က ကြားဝင်ဖောက်လိုက်ရာ ထိပ်တင်စုက “ကိုရင်နော် တော်စမ်း။ ဝင်ဝင်ပြီးတော့ အရှမ်းတွေ မပြောစမ်းနဲ့” ဟု ပိတ်လိုက်ရလေ၏။

“အဲ့ဒီလိုနဲ့ စကားများနေတုန်းမှာ ကုလားပုလိပ်တစ်ယောက် ရောက်လာပြီး ကျွန်တော့ကို ဖမ်းဆုပ်တော့တာပဲ”

“ဘယ်ကို ဆုပ်မိသလဲ” ဟု ဦးလတ်က ဝင်၍မေးလိုက်၏။ ဦးလတ်သည် အလွန်စေ့စပ်သေချာလှသည့်ပြင် ရုံးထိုင်စဉ်က အပြန်အလှန် မေးခွန်းထုတ်တတ်သည့် ဝါသနာအလေ့အကျင့်ကို မဖျောက်နိုင် သေးပဲ ရှိပေ၏။

Commercial use of this book will be at your own risk

"ဘယ်ဆုပ်ဆုပ် ဒါက ဘာအရေးကြီးသလဲ။ မဆိုင်တာတွေ ဝင်မတောစမ်းပါနဲ့။ အင်း သူ့ပြောရတာနဲ့ စကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ အော် အင်း ပြောစမ်းပါဦး။ အဲဒီအကောင်ရဲ့ ပုံပန်းသဏ္ဍာန်က ဘယ်လိုလဲ"

"ဒီကောင်ရဲ့မျက်နှာကတော့ ဆင်ခရမ်းသီး မီးဖုတ်ထားတဲ့ မျက်နှာမျိုးပဲ။ ဘယ်လိုနေတယ်ဆိုတာ စဉ်းစားသာ ကြည့်တော့"

"အမယ် ဒီမျက်နှာက တယ်ဆန်းပါကလား။ ဘယ်လိုဆိုတာ သေသေချာချာသိရအောင် သူတော်ကိုခေါ်ပြီး ဆင်ခရမ်းသီးကို မီးဖုတ် ကြည့်ခိုင်းဦးမယ်"

ဦးလတ်က ပြောပြောဆိုဆို သူတော်ကို ခေါ်လိုက်၏။

"သူတော် လာစမ်း"

"ဘုရား"

"ကိုရင်ကလည်းနော်။ အရေးထဲ အရာမပေါ်စမ်းပါနဲ့"

ထိုခဏတွင် စကားပြတ်သွားပြီး ကိုယ့်စိတ်ကူးနှင့် ကိုယ်ရှိနေကြလေ၏။ ထိပ်တင်ဆွေသည် ကြမ်းပြင်ကို စိုက်ကြည့်ရင်း ခြေတစ်ဖက်က ကြမ်းတိုက်သလို လုပ်နေမိ၏။ ထိပ်တင်စုမှာ မူ အသက်ပြင်းစွာ ရှူလိုက် ထုတ်လိုက်နှင့် ဒေါသ မကုန်ခမ်းနိုင်ပဲ ရှိနေ၏။

ထိပ်တင်လတ်မှာ ကား လက်နှစ်ဘက် နောက်ပစ်ပြီး အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန်လျှောက်ကာ စဉ်းစားနေစဉ် အခန်းထဲ ဝင်လာသော ကြောင်တစ်ကောင်၏ အမြီးကို တက်နင်းမိသဖြင့် ကြောင်က ခွီးခနဲအော်ပြီး ပြေးလေ၏။ ဦးလတ်ကမူ "လခွီး" ဟူ၍ ကြောင်ထက် လတစ်လုံး အပိုထည့်၍ ရေရွတ်ကာ လန့်ပြီး ခုန်မိ၏။

ထိုအခါ သုံးယောက်စလုံး စဉ်းစားခန်းဝင်ရာမှ နိုးကြားလာကြလေ၏။ ထိုစဉ် ခင်ဖုန်းနှင့် စောလွင်တို့ ပြုံးရွှင်စွာ အခန်းထဲသို့ ဝင်လာကြပြီး ခင်ဖုန်းက စကားစလိုက်လေ၏။

"ဖေဖေ။ ဖေဖေ့မှာ ဘောက်ဆင်ကောင်းကောင်းထိုးနိုင်တဲ့သားတစ်ယောက် ရနေပါပကောလား၊ ကမ္ဘာ့ချန်ပီယံ ဖြစ်အောင် လေ့ကျင့်ပေးဖို့သာ လိုတော့တယ်"

ခင်ဖုန်းသည် ဦးလတ်အား ပြောလိုက်ပြီးနောက် ထိပ်တင်ဆွေ ဖက်သို့လှည့်၍ ပြုံးစနဲ့နဲ့မျက်နှာဖြင့် မခံချင်စရာ လုပ်လိုက်ပြန်လေ၏။

"ဘယ်နှယ့်လဲ ထိပ်တင်။ ကိုကိုလွင်ကပြောနေတယ်။ အခုတလောက ရန်ကုန်မှာ ရှိတဲ့ ဂေါ်ရာ စာသင်ရော၊ ပန်ချာပီ ပုလိပ်ရော ထိပ်တင်ကို မြင်တာနဲ့ ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ကြောက်ပြီးထွက်ပြေးကြရတယ် ဆိုပါလား။ ဘယ်လိုအစွမ်းကြောင့်များလဲ"

တစ်ခန်းလုံးရှိ လူအများသည် ခင်ဖုန်း၏စကားကို ရယ်စရာ ဟူ၍ အသိအမှတ်မပြုကြဘဲ ခင်ဖုန်းအား တည်တည်ကြီး စိုက်၍ကြည့်နေကြလေ၏။

ဒေါ်ရွှေစုကမူ ခင်ဖုန်းအား မျက်မှောင်ကုပ်ကာ ကြည့်လိုက်လေ၏။

"ဖုန်းဖုန်း မနေ့က ဘယ်ကိုသွားသလဲ၊ ပြောစမ်း"

Commercial use of this book will be at your own risk

ခင်ဖုန်းသည် မိခင်ပျောက်၍ မျက်စေ့သူငယ်နှင့် ဖြစ်နေသော ကလေးတစ်ယောက်ကဲ့သို့ ဟိုလူ့ကိုကြည့် ဒီလူကိုကြည့်နှင့် အပြစ်ကင်းစင်သူ တစ်ဦး၏ အံ့သြခြင်းမျိုးဖြင့် ကြည့်ကာ "ဟင် ဖုန်းဖုန်း ဘာလုပ်လို့လဲ။ ဘယ်သူက ဘယ်သွားလို့လဲ" ဟု ပြန်၍ မေးခွန်းထုတ်လိုက်လေ၏။

"ပြောစမ်း ပြောစမ်း ဆူးလေဘုရားလမ်းကို သွားပြီး ဘာလုပ်နေသလဲ"

ယင်းသို့ပြောလိုက်ပြီးမှ စကားကို ဝေ့လည်လည်လုပ်၍မရဘဲ ဟုတ်မဟုတ် အဖြေတစ်ခွန်းထည်းထွက်အောင် "ညီး မနေ့က ရန်ကုန် ကိုသွားသလား မသွားဘူးလား" ဟု ဒေါ်ရွှေစုက ယတိဖြတ် မေးလိုက်လေ၏။

ခင်ဖုန်းသည် မွေးကတည်းက စကားတစ်ခွန်းမျှ လိမ်လည်၍ မပြောခဲ့ဘူးပေ။ သူတစ်ပါးက လိမ်လည်ပြောဆိုခြင်းကိုလည်း မုန်းတီးတတ်၏။ ထို့ပြင်ထက်မြက်သောစိတ်ရှိကာ အပြစ်ရှိလျှင် ခံရဲသော သတ္တိရှိသူ ခေတ်ပညာတတ်တစ်ဦး ဖြစ်လေ၏။ သို့ဖြစ်၍ . . .

"ဟုတ်ကဲ့ သွားပါတယ်" ဟူသော အဖြေသည် ခင်ဖုန်း၏ ပါးစပ်မှ သွက်လက်စွာ ထွက်လာလေ၏။

ထိုအဖြေကို ကြားလိုက်ရလျှင် စောလွင်မှာ ထိတ်လန့်သွားမိလေ၏။ ထပ်ဆင့်မေးခွန်းအဖြစ်ဖြင့် "ဘယ်သူလိုက်ပို့သလဲ" ဟု မေးချေက ယမန်နေ့က မိမိသည် ပေသီးကို ကြိုရန် ကားနှင့်သွားခဲ့ရတွင် ခင်ဖုန်းက လိုက်ခဲ့ပါရစေ ဆိုသည့်အတွက် ခေါ်သွားခဲ့ခြင်းမှာ ပေါ်ပေါက်သွားမည်ဖြစ်ရာ မိမိပါ တရားခံဖြစ်နေဦးမည်ကို တွေးလျက် လန့်မိခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ စောလွင်သည် နောက်ထပ်မေးခွန်းများ ထွက်ပေါ်မလာမီ အပြင်သို့လစ်ခဲ့ရလေ၏။

ထိုသို့လစ်လာခဲ့ပြီး စောလွင်သည် အပြင်ထွက်ရန် တံခါးကို တွန်းဖွင့်လိုက်ရာတွင် တံခါးအပြင်ဘက်မှ ဗုန်းခနဲ မြည်သံတစ်ချက်ကြား လိုက်ရ၏။ အပြင်ရောက်၍ ကြည့်လိုက်သည့်အခါ တံခါးအနီးတွင် နဖူးကို လက်နှင့်အုပ်ကာ ဖင်ထိုင်ပြီး လဲကျနေသော အခိုင်းအစေ သူငယ်ကလေးတစ်ယောက်ကို တွေ့၍ "ဟင် စိုးဝင်း ခွေးမသားကလေး၊ နင်ဘာချောင်းပြီး နားထောင်နေတာလဲ" ဟု ပြောပြောဆိုဆို ဆောင့်ကန်လိုက်မည်ဟု ခြေအမြှောက်တွင် စိုးဝင်းသည် ကောက်ကာ ငင်ကာ လျင်မြန်စွာထ၍ ပြေးလေ၏။

ထို့နောက် စောလွင်ထွက်သွားသောအခါ စိုးဝင်းချောင်းကြည့်သည့်နေရာတွင် ကိုသူတော်ရောက်လာပြီး စိုးဝင်း၏ လုပ်ငန်းကို ဆက်ခံပြန်လေ၏။ မင်းအိမ် စိုးအိမ်များတွင် အပြင်လူများ မသိစေလိုသော အတွင်းရေးများသည် အပြင်လူများ ပို၍သိလွယ်သည်မှာ ယခုလို အချောင်းသမားများကြောင့် ဖြစ်ပေ၏။ သူတို့သည် ချောင်းမြောင်း နားထောင်ရရုံနှင့် မနေသေးချေ။ ကြားရသမျှသတင်းများကို လက်လီ လက်ကား ဖောက်သည်ချတတ်ကြလေသည်။

အခန်းတွင်း၌ကား ဒေါ်ရွှေစုသည် မိမိမေးခွန်းကို အဖြေရ၍ ကျေနပ်သွားလေ၏။

"ညီး အရင်တစ်ခါ ကျိုက်ထီးရိုးမှာ တွေ့ခဲ့တယ်ဆိုတဲ့ အကောင်နဲ့ တွေ့ရအောင် သွားတာပေါ့လေ"

"ဟုတ်ကဲ့"

ခင်ဖုန်းသည် မကွယ်မထောက် ဖြောင့်ချက်ပေးလိုက်၏။ အမှန်ပင် သူသည် ဘတင့်နှင့် တွေ့ရအောင် သွားခြင်းဖြစ်၏။ သို့ရာတွင် နှစ်ယောက်သား အချိန်းအချက်ရှိ၍ သွားခြင်းမဟုတ်ဘဲ ထိုနေ့ကမှအိမ်မှာ ဒေါ်ရွှေစုလည်းမရှိ၊ စောလွင် မြို့ထဲသို့ သွားသည်နှင့်လည်း အခန့်သင့်ကြုံခြင်းကြောင့် လိုက်၍သွားခြင်း ဖြစ်ပေ၏။

"ဒါဖြင့်ရင် ကိုယ့်ခေါင်းက ဆံပင်ကို ကိုင်ဆွဲတာ ဒီအကောင်ပဲပေါ့"

ထိပ်တင်ဆွေက ခင်ဖုန်း၏စကားကို ကြားရသဖြင့် ကြားဖြတ်၍မေးလိုက်လေ၏။

Commercial use of this book will be at your own risk

ခင်ဖုန်းသည် ထိုအမေးကို ဖြေမည်အပြု ထိပ်တင်စုက အရင်ဦးပြီး “အမယ် ဒီခွေးမျိုးက နင့်ထိပ်ကို ကိုင်သလားဟင်၊ ရာရာစစ ဒို့အမျိုးဟာ ဇာမရီလို အမွေးတစ်ပင်မှ အကျွတ်မခံတဲ့အမျိုး။ အထွတ်အထိပ် အမြတ်တနိုးထားတဲ့ခေါင်းကိုမှ သင်းက ကိုင်ရသလား။ သယ် စော်ကားလိုက်တာဟယ်။ ပါးချတာထက်တောင် နာစရာကောင်းသေးတယ်“ ဟု ဆိုလိုက်၏။

“ဒီလိုဆိုရင် ခွေးသား တရားစွဲမယ်”

ဦးလတ်က ဒေါသထွက်ဟန်ဖြင့် ပြောလိုက်၏။

ထိုမျက်နှာထားမှာ နဂိုသဘောအတိုင်း ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တမင်လုပ်ယူရသော မျက်နှာထားဖြစ်နေသည့်အတွက် ကြောက်စရာ အသွင်မပေါ်ဘဲ လောင်တိုက်မသွင်းရသေးသော ဘုန်းကြီး အလောင်းလို ရှုံ့မဲ့မဲ့ကြီး ဖြစ်နေတော့၏။

ထိုအချိန်မှ ခင်ဖုန်းက “ထိပ်တင်ဆွေရဲ့ ခေါင်းကို ကိုင်တဲ့လူဟာ အရီးတော်ဘုရား ပြောတဲ့လူ မဟုတ်ပါဘူး၊ တခြားလူတစ်ယောက်ပါ။ ဘယ်သူမှန်းလည်း မသိဘူး” ဟု ပြောပြလေ၏။

“တော် တော် ညီး လိမ်မနေနဲ့တော့၊ ဘယ်နှယ့်တော် ကိုယ်မသိတဲ့ သူစိမ်းတစ်ရံဆံ တစ်ယောက်နဲ့ ကားအတူတူ စီးတယ်ဆိုတာ ညီးဘာဖြစ်နေသလဲ၊ စဉ်းစားမိရဲ့လား”

ဦးလတ်သည် စကားပြောရန် လည်ချောင်းကို ရှင်းလိုက်လေ၏။ သူသည် သားသမီးများကို ချစ်ခင်အလိုလိုက်ကာ ဘယ်အခါမှ ဆူဆူပူပူ မလုပ်ခဲ့ပေ။ ဤကိစ္စမျိုးကြုံသည့်အခါ ဒေါ်ရွှေစုကသာ သူ့နေရာဝင်၍ ကိုယ်စားလှယ်ခံယူလေ့ ရှိပေ၏။ သို့သော် ဒေါ်ရွှေစုက ပြောလွန်းလာသည့်အခါ ချစ်လှသော သမီးအတွက် သနားကရုဏာ ပိုလာလေ၏။

“မဟုတ်သေးပါဘူးလေ။ ဖြစ်သွားခဲ့တဲ့ကိစ္စတွေကို သတ္တုချပြီး တစ်ခုစီ တစ်ခုစီ စဉ်းစားကြည့်မယ်ဆိုရင်”

“ကိုရင်”

ဦးလတ်၏စကားမဆုံးခင် ဒေါ်ရွှေစုက မာန်လိုက်သဖြင့် ဦးလတ်၏ပါးစပ်သည် ကျီးကန်းထောင်သော ညှပ်ကဲ့သို့ ဂျပ်ခနဲ ပိတ်သွားလေ၏။

ဤတွင် ခင်ဖုန်း ကသူ့အဖြစ်ကို ပြောပြရလေသည်။

“ထိပ်တင်ဆွေကို ဖုန်းဖုန်းမတွေ့ချင်လို့ မြင်ရာကားပေါ် တက်မိတာပါ”

“ညာတာ မယုံဘူး။ ဟိုလူနေတဲ့နေရာကို ခြေရာခံပြီး လိုက်မှာ စိုးလို့ လိမ်နေတာ”

ဒေါ်ရွှေစုသည် ထိပ်တင်ဆွေ၏ စကားကို စဉ်းစားနေလိုက်ပြီးမှ “ညီးဟာ အသက်လည်း မငယ်တော့ဘူးနော်၊ အရာရာကို စဉ်းစားချင့်ချိန်မှ ရမယ်။ လူကြီးများက သွန်သင်ဆုံးမတာ၊ ညွှန်ကြားပြောဆိုတာကို လိုက်နာရမယ်” ဟုဆိုလိုက်၏။

“ဟုတ်တာပေါ့”

ထိပ်တင်ဆွေက ထောက်ခံလိုက်၏။

“အခုဖြစ်တဲ့ကိစ္စဟာ တစ်ဆွေလုံး တစ်မျိုးလုံး အရှက်ကွဲရမယ့် ကိစ္စ”

Commercial use of this book will be at your own risk

“မှန်တာပေါ့”

“ထိပ်တင်ဆွေ နင်ဝင်မပြောစမ်းနဲ့ နင်ဝင်ပြောတာနဲ့ ငါပြောရမယ့် စကားတောင်မေ့သွားပြီ”

ထိုအခါ ဦးလတ်က ခေါင်းထောင်ကာ တစခန်း ထပြန်လေ၏။

“ကဲ အဲဒီလိုဆိုတော့ ဒီကိစ္စမှ ဘယ်လိုလုပ်ဖို့ကောင်းမလဲ၊ တော်မလဲ”

“လာပြန်ပြီလား” ဟု ဒေါ်ရွှေစုက ခပ်ထန်ထန်ပြောလိုက်သဖြင့် ဦးလတ်၏ခေါင်းမှာ လိပ်လိုပုဝင်သွားလေ၏။

“ကဲ ပြောစမ်းပါဦး၊ ညီး ဘယ့်နှယ်ကြောင့် ထင်သလို လွတ်လွတ်လပ်လပ် သွားနေတာလဲ”

“ဖုန်းဖုန်း မေတ္တာရှိနေတာ ဘယ်တတ်နိုင်ပါ့မလဲ”

ခင်ဖုန်းက မကြောက်မရွံ့ ပြန်၍ ပြောလိုက်လေသည်။

“အို ညီးမှာ အုပ်ထိန်းတဲ့ လူကြီးမိဘတွေ ရှိနေသေးသမျှ တတ်နိုင်ရမယ်”

“မဟုတ်ဘူးလေ”

ဦးလတ်က ဝင်၍ပြောပြန်ကာ ဒေါ်ရွှေစု မဟန့်တားနိုင်အောင် လျှာကို တာတိုပြေးနှုန်းဖြင့် မြန်စေ သွက်စေလိုက်၏။

“ငါလည်း ဆယ့်ကိုးနှစ်သားလောက်တုန်းက ပန်းသည်မကလေးတစ်ယောက်နဲ့ ဖြစ်ခဲ့သေးတာပဲကွယ်၊ မပြောပါနဲ့ကွယ်။ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရရင် ကိန္နရီမောင်နှံ သောင်ယံ ခြားသလို”

“ကိုရင့်ဟာက အရေးမဟုတ်ပါဘူး၊ ထားစမ်းပါ”

“အင်းလေ ဘယ်သူကကော အခု အရေးလုပ်သေးတော့လဲလို့၊ နောက်တော့လည်း မေ့ကုန်ကြတာပဲ။ အဲဒါပြောချင်လို့ပါ။ အခုဖြစ်တာများလောက်တော့ ဒါလောက်တောင် ဆူပူဖို့ ကျပ်တည်းဖို့ မလိုသေးပါဘူး”

“အို ဖုန်းဖုန်းကိုတော့ လေ့ကားဦးက ဒူးတောင် မကျော်စေရဘူး၊ အမြဲစောင့်ကြပ်ထားမှ တန်ကာကျမယ်”

“စိတ်ချ။ ကျွန်တော်ကိုယ်တိုင် အမြဲကြည့်နေမယ်”

ဖုန်းဖုန်းသည် ပုန်ကန်အာခံသည့် မျက်နှာထားဖြင့် ခေါင်းကို မော့မော့ကလေး ထားကာ ပြန်ပြောလိုက်၏။

“အို ဘယ်သူ ဘာပြောပြော၊ ဘာလုပ်လုပ် ကိုယ့်စိတ်ထဲမှာ ချစ်နေတာ ချစ်မှာပဲ။ တစ်သက်လုံး ချစ်နေမှာပဲ။ အဲသလို ချစ်ရမလား ဆိုပြီး ဖုန်းဖုန်းအသည်းကို လှီးပစ်လို့ရမလား”

ထိုသို့ပြောပြောဆိုဆို အပြင်သို့ ထွက်လာမည်ပြုရာ အပြင်မှ ချောင်း၍ နားထောင်နေသော ကိုသူတော်၏ကိုယ်သည် ငှက်ထောင်သည့် လေးကိုင်းပြုတ်သလို ကုန်းနေရာမှ ဖျတ်ခနဲ ရုတ်တရက် ဆန့်တန်းသွားပြီးလျှင် ခင်ဖုန်းတံခါးနား မရောက်မီ ရဲတပ်သား အဘောက်တန်းသလို ချာခနဲ သွက်သွက်ကြီး လှည့်ပြီး ထွက်ပြေးရလေ၏။

ကိုသူတော်ကား စိုးဝင်းကဲ့သို့ တစ်ကြိမ်တစ်ခါသာ မဟုတ်ဘဲ၊ အခါပေါင်းများစွာ တံခါးနှင့် နဖူး ထိပေါင်းများပြီဖြစ်၍ တစ်ခါဆောင့်ဖူး၊ ပရုပ်ဆီဖူးဖိုး နားလည်နေပြီ ဖြစ်ပေ၏။

Commercial use of this book will be at your own risk

Commercial use of this book will be at your own risk

။ ၄ ။

နောက်တစ်နေ့တွင် ခင်မောင်ကြီးသည် မိမိတွေ့ထားသော အိမ်ကို ငှားရမ်းလိုက်ကာ နေထိုင်ရန် လုံလောက်ရုံအတွက် ပစ္စည်း အနည်းငယ်မျှသာ ယူ၍လာခဲ့လေ၏။ ထိုမှာလည်း မူလက အိမ်ရှင်နေခဲ့ပြီး၊ အချို့ပစ္စည်းများကို ယူမသွားဘဲ ချန်ထားရစ်ခဲ့သောကြောင့် ခင်မောင်ကြီးမှာ ပရိဘောဂ များများစားစား သယ်ယူလာရန် မလိုဘဲ ရှိပေ၏။

သို့ရာတွင် ထမင်းစားဖို့ အတွက်က အခက်အခဲရှိနေသေး၏။ အကြောင်းမှာ အနီးဆုံးထမင်းဆိုင်သည် ထိုနေရာမှ အနည်းဆုံး တစ်မိုင်ကျော်မျှ လျှောက်ရမည်ဖြစ်၏။ ထိုနေရာသို့ သွားရောက်စားသောက်ပြီး ပြန်၍လျှောက်ခဲ့ရလျှင် စားခဲ့သမျှ အစာကြေပြီး ထပ်မံဆာလာဦးမည် ဖြစ်သည့်အတွက် ဆိုင်နှင့် အိမ်နှင့် တစ်နေ့လုံးသွားလိုက်လာလိုက်နှင့် အချိန်ကုန်ပြီး ထိုကိစ္စက လွဲ၍ ဘာမျှလုပ်နိုင်မည်မဟုတ်ဘဲရှိမည် ဖြစ်ပေ၏။ ထို့ကြောင့် အိမ်စောင့်ကြီး၏ဇနီးက စားချိန်သောက်ချိန်တွင် လာရောက် ချက်ပြုတ်ကျွေးမွေးရန် တာဝန်ယူလိုက်သဖြင့် အစစအရာရာ အဆင်ပြေသွားလေ၏။

သို့ဖြင့် ထိုအိမ်ရောက်လာပြီးနောက် ခင်ဖုန်းနှင့် အမြန်ဆုံးတွေ့ရန် ကိစ္စကိုသာ လုပ်ဆောင်ရန် ကျန်ရှိတော့သည့်အတိုင်း မဆိုင်းမတွ ဖြစ်မြောက်အောင် ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ခင်မောင်ကြီး ငှားရမ်းနေထိုင်သော အိမ်ကလေးက စိမ်းလန်းသော သစ်ပင်ဝါးပင်များဖြင့် ခြံရံပတ်ဝန်းလျက် ရှိသည့်ပြင် ထိုအရပ်မှာလည်း မြို့နှင့် အတန်ငယ်ဝေးကွာလျက် တောပိုင်းကျသဖြင့် သာသာယာယာရှိသလောက် တိတ်ဆိတ် ငြိမ်သက်လှပေ၏။ ထိုနေရာဒေသမျိုးသည် သာမန်လူများအဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းမည် ဖြစ်သော်လည်း အချစ်နှင့်မကင်းသော ခင်မောင်ကြီးလို လူများအတွက်မှာမူ ယခုလို တိတ်ဆိတ်ခြင်းသည် အချစ်နှင့် လွမ်းစိတ်ကို ပို၍အားပေးကာ အဆွေးကြွယ်စေတတ်ပေ၏။

တိတ်ဆိတ်ခြင်းသည် ခင်မောင်ကြီးအား အတွေးကြွယ်စေသည့်အတိုင်း ခင်ဖုန်းသည် မည်သည့်ဒုက္ခနှင့် ရင်ဆိုင်နေရရှာ လေရော့သနည်းနှင့် တွေးကြည့်မိ၏။ သို့ဖြင့် သူ့ကို ယက္ခဂုမ္ဘဏ်တွေ ဝိုင်းရံလျက် လုံတွေ၊ ဒါးတွေ ကိုင်ဆောင် စောင့်ကြပ်ထားသည့်အကြားမှ မိမိရိုက်ကူးခဲ့သော “ဗိုလ်” ဇာတ်ကားများမှ ဇာတ်လိုက်များလို စွန့်စားပြီးကယ်ဖို့ များလိုလေမည်လား ဟူ၍လည်း အတွေးနက်မိလေ၏။

သို့ရာတွင် သူသည် ကယ်တင်ဖို့ကို မဆိုထားဘိ၊ အိမ်နားသို့ပင်မကပ်နိုင်ဘဲ ရှိရခြင်းအတွက် စိတ်ထဲတွင် မချင့်မရဲဖြစ်နေရ၏။ သူအစွမ်းကုန်တတ်နိုင်သည်မှာ ခင်ဖုန်းအား တွေ့ရလို တွေ့ရငြား မြော်လင့်အားထားခြင်းဖြင့် ခင်ဖုန်းတို့၏ အိမ်ကြီးနီးပါးတစ်ဝိုက် မယောင်မလည် လျှောက်ကာ ငေးမျှော်ရုံသာဖြစ်လေသည်။ သို့ရာတွင် ထိုသို့ ရစ်ဝဲရစ်ဝဲလုပ်နေသည့်တိုင်အောင် ခင်ဖုန်းအား မတွေ့ရ မမြင်ရဘဲရှိနေပေတော့၏။

သို့ရာတွင် ခင်မောင်ကြီးအမြဲအားကိုးသော “ကံ” တည်းဟူသော မိခင်ကြီးသည် ခင်မောင်ကြီးအား စောင့်ရှောက်မြဲ စောင့်ရှောက်နေသည်နှင့် အညီ လေးရက်မြောက်သောနေ့၏ ညနေစောင်းတွင် ခင်ဖုန်းတို့၏ အိမ်နှင့်မနီးမဝေး လမ်းဘေးတွင်ရပ်နေသော ကားတစ်စင်းအနီး၌ မတ်တပ်ရပ်နေသော ခင်ဖုန်းကို မြင်ရလေ၏။ ထိုသို့ ခင်ဖုန်းကို မြင်လိုက်ရသည်နှင့် ခင်မောင်ကြီး၏ ရင်ထဲတွင် ကုလားဗုံဝင်၍ တီးလိုက်သကဲ့သို့ ဒိန်းတပ်တပ် ဒိန်းဖြစ်သွားကာ ခြေထောက်များ လှုပ်ရှားမရတော့သလို ရပ်တန့်သွားလေ၏။

ခင်ဖုန်းမှာ ခင်မောင်ကြီးလာသည့်ဘက်သို့ ကျောပေးထားသဖြင့် ခင်မောင်ကြီးကို မမြင်ဘဲရှိလေ၏။ သို့ဖြစ်၍ သူ့အနားသို့ မိမိကပ်၍မသွားသမျှ မိမိအားသူမြင်မည်မဟုတ်ဟု သဘောပေါက်ကာ ခင်မောင်ကြီးသည် ခြေထောက်များကို စက်ကုန်နှိုးလျက် ဆက်လက်၍ သွက်သွက်ကြီးလျှောက်သွားလေ၏။

ခင်မောင်ကြီးသည် မြက်ခင်းပေါ်မှ လျှောက်၍လာသည့်အတွက် ခြေသံမကြား၍ ခင်ဖုန်းသည် ခင်မောင်ကြီး မိမိအနားကပ်၍လာသည့်တိုင်အောင် လှည့်၍မကြည့်မိပေ။ သို့ဖြစ်၍ ခင်မောင်ကြီးက မည်ကဲ့သို့နှုတ်ဆက်ရပါမည်နည်း ဟု စဉ်းစား၍မရသဖြင့် လည်ချောင်းကိုရှင်းသကဲ့သို့ “အဟင်း” ဟု ချောင်းဟန့် သံပေးလိုက်လေ၏။

Commercial use of this book will be at your own risk

ခင်ဖုန်းသည် ရုတ်တရက်မို့ လန့်သွားပြီး နောက်သို့လှည့်ကြည့်လိုက်ရာ ခင်မောင်ကြီးနှင့် မျက်စိချင်းဆုံမိကြလေ၏။

ပထမသော် ခင်ဖုန်းသည် ခင်မောင်ကြီးအား မမှတ်မိသော အကြည့်ဖြင့် စိုက်၍ကြည့်နေမိသေး၏။ နောက်မှ သူ့မျက်လုံးများသည် ကြည်လင်တောက်ပကာ မျက်နှာပေါ်တွင် ရှက်သွေးကလေးများဖြန်းသွားသည် အရိပ်အယောင် ပေါ်လာလေ၏။

ခင်မောင်ကြီးသည် အသိမိတ်ဆွေဟောင်းတစ်ယောက်ကို နှစ်ပေါင်းများစွာကြာပြီးသည့်နောက်မှ ပြန်၍တွေ့လိုက်ရ သကဲ့သို့ ဝမ်းသာအားရ နှုတ်ဆက်လိုက်တော့မည်ပြုပြီးမှ ကားအောက်မှ အပြင်သို့ထွက်နေသော ယောကျ်ားခြေထောက် နှစ်ချောင်းကို မြင်ရ၍ ပါးစပ်ဖျားမှ ထွက်တော့မည့် ဆဲဆဲဖြစ်နေသော စကားလုံးများကို ဇက်သတ်လိုက်ရပြီး "အို၊ ကားဘာဖြစ်လို့လဲ၊ ကျုပ် အကူအညီလိုပါသလား" ဟုမေးလိုက်လေ၏။

ခင်ဖုန်းသည် ပြန်၍ပြောရမည့်စကားကို အစရှာနေစဉ်မှာပင် ကားအောက်ကထွက်နေသော ခြေနှစ်ချောင်းသည် တွန့်ကာလိမ်ကာဖြင့် တဖြည်းဖြည်းရှည်ထွက်၍လာပြီး ကိုယ်တစ်ပိုင်းပါ ပေါ်လာလေ၏။ ကားအောက်က ထွက်လာသူသည် မိမိရှေ့တွင် ရပ်လိုက်တော့မှ စောလွင်ဖြစ်နေသည်ကို ခင်မောင်ကြီး သိရလေ၏။

စောလွင်သည် ခင်မောင်ကြီးကို မသင်္ကာသည့်အကြည့်မျိုးဖြင့် ကြည့်ကာ "ဟင်" ဟု မေးလိုက်၏။

"ကျွန်တော် ကူပြီးလုပ်ပေးရမလားလို့ပါ၊ ကျွန်တော်ကားပြင်တတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ကူဖို့မလိုပါဘူး။ ကျွန်တော်လည်း ကားပြင်တတ်ပါတယ်"

စောလွင်၏မျက်နှာထားသည် မသင်္ကာသည့် အမူအရာမှ ကြည်လင်ရွှင်လန်းသော အသွင်သို့ ပြောင်း၍သွားလေ၏။ သို့သော် ခင်မောင်ကြီးသည် စောလွင်၏အဖြေကို နားထဲသို့မသွင်း၊ သူ့ကိုလည်း မကြည့်ဘဲ ခင်ဖုန်းဘက်သို့သာ စူးစိုက်၍ကြည့်ကာ ထပ်၍ပြောလိုက်ပြန်သည်။

"ဘာများ လုပ်ပေးစေချင်တာရှိသလဲ။ ဒီကအတွက်ဆိုရင် ဘာမဆို ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ"

ထိုအခါမှ ခင်ဖုန်းသည် ပြောစရာစကားကို ရှာ၍ရသကဲ့သို့ "အခုလိုမေးတာ ကျေးဇူးတင်ပါတယ်ရှင်" ဟု မပွင့်တပွင့်ဖြေလိုက်လေ၏။

ခင်မောင်ကြီးသည် နှစ်ဦးစလုံး၏စကားအရ မိမိအား အလိုမရှိသည်မှာ ထင်ရှားနေသဖြင့် နောက်ထပ်စကားဆက် စရာမရှိတော့ဘဲ ထိုနေရာမှ လှည့်၍ ထွက်ခဲ့ရလေ၏။

ခင်ဖုန်းနှင့် စောလွင်တို့သည် ခင်မောင်ကြီးကို စိုက်ကြည့်နေကြပြီးနောက် စောလွင်က စကားစလိုက်၏။

"ဒီလူအတော်သားဘဲ၊ သူများဒုက္ခကို ကြည့်မနေတတ်ဘူး၊ တခြားလူဆိုရင် ဂရုမစိုက်ဘဲ ထွက်သွားမှာ"

"ဟုတ်ကဲ့"

ခင်ဖုန်းသည် စောလွင်၏ စကားကို များစွာထောက်ခံအားပေးခြင်မပြုဘဲ "ဟုတ်ကဲ့" တစ်လုံးဖြင့်သာ အဆုံးသတ်စေ ပြီးနောက် –

"ကဲ ကိုကိုလွင်၊ ကားကို ကြည့်လုပ်လိုက်ပါဦး။ အိမ်ပြန်ရောက်တာ နောက်ကျနေဦးမယ်"

"အို မကြာပါဘူး၊ ခက်ခက်ခဲခဲလည်း ပြင်စရာမလိုပါဘူး"

Commercial use of this book will be at your own risk

စောလွင်သည် ပက်လက်လှန်၍ ကားအောက်သို့ ဝင်သွားပြန်လေ၏။ ခင်ဖုန်းသည် ခင်မောင်ကြီးအား မျက်စိတစ်ဆုံးကြည့်နေကာ လမ်းကွေ့ကလေး တစ်ခုထဲသို့ ခင်မောင်ကြီး ဝင်ရောက်ပျောက်ကွယ် သွားသည့်တိုင်အောင် ငေးမောနေမိလေတော့သည်။

ထိုညနေခင်းမှာ လွန်စွာပင် သာယာလှပေ၏။ ထိုအချိန်တွင် ခင်ဖုန်းတို့နေထိုင်သော အိမ်ကြီး၏ ခြံဝင်းထဲတွင် ခေါင်းပေါင်းစရာ ပဝါ သို့မဟုတ် တဘက်ဟူ၍ တစ်စုံတစ်ရာ ဘာမျှမပါဘဲ ဖြူကြောင်သော ဆံပင်များဖြင့် ပြီးသည့် လျောင်ထုံးကလေးကို ကျစ်ကျစ်ပါအောင် ထုံးထားလျက် စွပ်ကျယ်အကျီပခုံးစုတ်ဖြင့် ငုတ်တုတ်ထိုင်၍ မြေဆွနေသော အသက် ၆၀ ကျော် လူကြီးတစ်ယောက်ကို တွေ့ရ၏။ ၎င်း၏အနားတွင် ပြုံးရွှင်သော မျက်နှာဖြင့် မရပ်မနား စကားပြောနေသော ပိန်ပိန်ပါးပါး အမျိုးသမီးကြီးတစ်ယောက်ကိုလည်း တွေ့မြင်ရ၏။

သူတို့နှစ်ဦးကို မသိသူတို့က ယောကျ်ားကြီးသည် ဥယျာဉ်မှူး (ဝါ) မာလီဖြစ်၍ မိန်းမကြီးသည် အိမ်ရှင်မဖြစ်ပြီး မာလီ၏ အလုပ်ကောင်းခြင်းကို ချီးမွမ်းနေခြင်းဖြစ်မည်ဟု ထင်မြင်ယူဆကြမည်ဖြစ်ပေ၏။ သူတို့နှစ်ဦးကို သိရှိသူတို့ကမူ ယောကျ်ားကြီးသည် ထိုအိမ်ကြီးကို ပိုင်ဆိုင်သော ထိပ်တင်လတ်အမည်ရှိ အငြိမ်းစား စစ်ကဲကြီးတစ်ဦးဖြစ်ပြီး အနားက အမျိုးသမီးကြီးမှာ သူ့နှမ ထိပ်တင်စုဖြစ်သည်ကို အဝေးက မြင်ရရုံမျှဖြင့် သိနိုင်ကြမည်ဖြစ်၏။ သို့ရာတွင် ထိပ်တင်စုသည် အပေါ်က်ဆိုသော အမျိုးသမီးကြီး တစ်ဦးဖြစ်ရာ ဘာကြောင့် ယခုလိုပြုံးရွှင်စွာ စကားပြောဆိုနေခြင်းကို နားလည်နိုင်မည်မဟုတ်ပေ။ သူတို့နှစ်ဦး၏ အနီးအနားသို့ သွားရောက်ချဉ်းကပ်ပြီး နားထောင်မှပင် အကြောင်းရင်းကို ကောင်းစွာသိနိုင်မည်ဖြစ်ပေသည်။

"ကိုရင်ရယ်၊ စုစုစီမံထားတဲ့အတိုင်းသာ လိုက်နာစမ်းပါ။ မောင်စောလွင်နဲ့ ထိပ်တင်ဖုန်းတို့က အင်မတန်မှ နတ်ဖက်တာပါ။ နောက်ပြီး သူတို့နှစ်ယောက်ကို ခပ်မြန်မြန်ပေးစားလိုက်မှ ထိပ်တင်ဖုန်းဟာ ဘတင့်ဆိုတဲ့ အကောင်ပေါ်မှာ စွဲစွဲလန်းလန်း တတမ်းတတဖြစ်နေတဲ့ စိတ်တွေဟာ ပျောက်သွားမယ်။ အခုလည်း သူတို့နှစ်ယောက် အတူတူ ကားနဲ့ထွက်သွားကြတယ်လေ။ သူတို့ဟာရှေ့သွားနောက်လိုက် အင်မတန်ညီကြတယ်။ သူတို့အချင်းချင်းလည်း မေတ္တာမျှနေပုံပါပဲ"

"သေပေတော့ နန္ဒယ"

ဦးလတ်၏ပါးစပ်မှ ထွက်လာသော စကားကြောင့် ထိပ်တင်စုမှာ အတော်ကလေးလန့်သွားမိ၏။ သို့သော် ဦးလတ်သည် ထိပ်တင်စု၏ စကားကိုကြားရ၍ ထိုသို့ဆိုလိုက်ခြင်းမဟုတ်ပေ။ သူသည် တူရွင်းငန်းပြားဖြင့် ခူတစ်ကောင်ကို ဇီဝိန်ချွေလိုက်ရင်း ထိုစကားကို ဆိုလိုက်ခြင်းဖြစ်၏။

စင်စစ်အားဖြင့်သူသည် ထိပ်တင်စု၏စကားကို အာရုံမစိုက်လိုပေ။ သူသည် သူ၏အသက်နှင့် ထပ်တူချစ်မြတ်နိုးလှသော ပန်းပင်ကလေးများကို ကိုက်ဖဲ့ဖျက်ဆီးနေသည့် ပိုးကောင်များနှင့် စစ်တိုက်နေရခြင်းဖြင့် အလုပ်များ၍နေလေသည်။

ဥယျာဉ်ပန်းမန်တို့မှာ ဦးလတ်၏ အသက်သွေးခဲများဖြစ်၏။ အခြားသူတို့သည် မိမိတို့၏ ရင်သွေးရင်နှစ်များအပေါ်၌ ထားရှိသည့် မေတ္တာမျိုးကို သူသည် သူ့ပန်းပင်များ၊ နောက်ချေးရောသော မြေဆွေးများနှင့် သစ်စေ့များအပေါ်၌သာ ပုံ၍ထားမိပေ၏။ မိမိ၏ဘိုးစဉ်ဘောင်ဆက် ရှေးအထက်ထက်က ဆွေတော်မျိုးတော်တို့သည် ကုလားဖြူတို့အပေါ်တွင် ရှုံရှာမုန်းတီးသလောက် ဦးလတ်သည် မိမိ၏သစ်ပင်၊ ပန်းပင်တို့ကို ကိုက်ဖဲ့ဖျက်ဆီးသည့် ဖောက်ဖတ်၊ ခူ၊ ခရု၊ တီကောင်၊ လိပ်ပြာ၊ နံကောင်၊ စာကလေးတို့ အပေါ်တွင် ရန်သူကြီးများအဖြစ် မုန်းတီးရွံရှာ လှပေ၏။

ထိပ်တင်စုသည် အချိန်ရှိသ၍ ဦးလတ်အနားကပ်ပြီး နားမချမ်းသာအောင် တတွတ်တွတ်ပြောဆိုတတ်၏။ ထိုအခါမျိုးတွင် ဦးလတ်သည် အေးရာအေးကြောင်းရှာကြံကာ ခြံထဲသို့ ဆင်းပြီး သစ်ပင်ပန်းပင်များကို



Commercial use of this book will be at your own risk

စိုက်ပျိုးလေ့ရှိ၏။ ယင်းသို့ ဦးလတ်သည် ရွံ့အလူးလူးဖုတ်အလိမ်းလိမ်းဖြင့် အလုပ်လုပ်စဉ် ခြံထဲသို့ ဒေါ်ရွှေစုက လိုက်လာပြီး စကားပြောတတ်သေး၏။

ထို့ကြောင့် ဦးလတ်သည် ထိပ်တင်စု၏အနှောင့်အယှက်မှ တတ်နိုင်သမျှ ကင်းဝေးရပါစေတော့ဟု သဘောထားကာ ပန်းပင်မစိုက်သည့်အခါ သူစာရေးစာဖတ်သော အခန်းထဲမှာ အောင်းပြီး ရာဇဝင်စာအုပ်များထဲတွင် မပါဝင်သေးသော ရွှေနန်းတော်အတွင်းရေးများကို ရေးသားခြင်းဖြင့် အနားယူရ၏။

ထိုစာအုပ်ကြီးကို ရေးသားရာတွင် သူသည် ရာဇဝင်စာအုပ်များတွင် မပါသေးသည့် အကြောင်းအရာများကို လူအများသိရှိကြရကာ ဇာတိမာန် တက်ကြွစေရန်ဟူသော ရည်ရွယ်ချက်လည်းမရှိ။ စာအုပ်ထုတ်၍ အမြတ်အစွန်း ရရှိရန် အတွက်လည်း မျှော်မှန်းချက်မထား၊ ထိုစာအုပ်ရေးနေသောအချိန်တွင် ဒေါ်ရွှေစု၏ နားပူနားဆာ စကားများကို မကြားရအောင် ရှောင်ကွင်းခွင့်ရနိုင်မည်ဖြစ်၍ ရေးရခြင်းဖြစ်လေရာ ထိုစာအုပ်ကြီးကို မြန်မြန် ပြီးမသွားရအောင် အချိန်ဆွဲပြီး ရေးနေခဲ့ပေ၏။

ယခုအခါ ထိုစာအုပ်ကြီးကိုရေးလာခဲ့သည်မှာ ခြောက်လမျှ ကျော်လွန်ခဲ့ပြီဖြစ်၏။ ထိုမျှကာလအတွင်း မိမိကနှုတ်ဖြင့် ပြောသည်ကိုလက်ရေးတိုဖြင့် လိုက်၍ရေးကာ စာချောမောအောင် ပြုပြင်ရသူခင်မေကြည်သာလျှင် လခကိုမှန်မှန် ယူနေပြီး အလုပ်ကိုများများ မလုပ်ရသဖြင့် စာအုပ်ကြီးမှာ နိဒါန်းသာသာမျှလောက်သာ ပြီးစီးနေပေသေးတော့၏။

"အခု ကျွန်မစီမံထားတာ ကြည့်လေ၊ ထိပ်တင်ဖုန်းကို အဖေါ်မပါဘဲ အိမ်ထဲက အိမ်ပြင်မထွက်ရလို့ အမိန့်ထုတ်ထားတော့ ဘတင့်ဆိုတဲ့ သူ့အကောင်ကို ဘယ်လိုပဲ တွေ့ချင်ဦးတော့ တွေ့ခွင့်မရဘူး မဟုတ်လား။ ဒီလို ကြာကြာ မတွေ့ရလေ မေ့လေပေါ့။ အခုကြည့်ပါလား။ သူ ဟိုအကောင်ကို မေ့သလောက်ရှိသွားပြီ။ တကယ်လို့သာ သူ့စိတ်ထဲက မပြတ်နိုင်သေးဘဲ လွမ်းလွမ်းဆွေးဆွေးဖြစ်နေသေးရင် သူ့မျက်နှာဟာ အခုတလောတွေ့ရသလို ကြည်ကြည်လင်လင် ရှိနေမှာ မဟုတ်ဘူး။ ဒီအရွယ်ဆိုတာ ဘာကိုမြင်မြင် ရတ်တရက်တော့ တန်းတန်းစွဲ ချစ်တတ် ကြိုက်တတ်တာမျိုးပဲ။ ကလေးလိုပေါ့၊ အရုပ်ကလေးများမြင်တုန်းကတော့ မရမက ငိုယိုပြီး တောင်းတာပဲ မဟုတ်လား။ ရပြန်တော့ လည်း ဟိုပစ် ဒီပစ်နဲ့ လုပ်တတ်တယ်။ သူတို့အရွယ်က နောက်တစ်ယောက်တွေ့ပြန်ရင်လည်း ပထမတစ်ယောက်မေ့တတ်စမြဲပဲ၊ အခုလည်း ကြည့်လေ၊ မောင်စောလွင်နဲ့ သွားသွားလာလာ လုပ်ပါများရင်"

"သွားချင်ရာ သွားရော့လဟယ်"

ဦးလတ်သည် နှင်းဆီခင်းကြားထဲတွင် ဝင်၍ရှုပ်နေသော ပေါင်းပင်တစ်ပင်ကို ဆွဲနုတ်လိုက်ပြီး ခွေးသေပုပ်ကို ခြေကကိုင်၍ ပစ်လိုက်သလို အဝေးသို့ လွှင့်ပစ်လိုက်လေ၏။

ထိုအခိုက်တွင် အိမ်ဝင်းထဲသို့ ကားကလေးတစ်စင်း ဝင်လာလေသည်။ ဒေါ်ရွှေစုသည် ကားပေါ်၌ပါလာသော ခင်ဖုန်းနှင့် စောလွင်တို့ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ဦးလတ်၏အဖြေကို မစောင့်၊ ဆက်၍လည်း ထိုကိစ္စကို မတိုင်ပင်တော့ပဲ ခင်ဖုန်းနှင့် စောလွင်တို့ ကားရပ်ရာနေရာသို့ ခပ်သုတ်သုတ်ကလေး လျှောက်သွားလေ၏။

ခင်ဖုန်းသည် နဂိုကပင် ထိပ်တင်စုနှင့် မျက်နှာကြောမတည့်ရသည့်အထဲ မိမိ၏အရေးကိစ္စ၌ ဝင်ရောက်နှောင့်ယှက် နေသည့်အတွက် သူနှင့်မျက်နှာချင်းမဆိုင်လို၍ သူလျှောက်လာသည်ကို မြင်လျှင်မြင်ချင်း အိမ်တွင်းသို့ လျင်မြန်စွာ ဝင်၍သွားလေ၏။

စောလွင်သည် ကားပေါ်မှ ဖျတ်လတ်စွာဆင်းကာ "မယ်မယ် ဘာများသဘောကျပြီး ပြုံးလာတာလဲ" ဟု မေးလိုက်၏။

"ဘယ့်နှယ်လဲ သားရဲ့၊ နေရာကျခဲ့ရဲ့လား"

"နေရာကျပါတယ်၊ ဒါမျိုးကတော့ ကျွန်တော့်အဖို့ လွယ်လွယ်ကလေးပါ"

"ဆို ဆို စမ်းပါဦး သားရဲ့"

ဒေါ်ရွှေစုသည် တစ်မျက်နှာလုံးချိုပြုံးကာ သတင်းကောင်းကို ကြားလိုဇောဖြင့် ပြောလိုက်လေသည်။

"ဖြစ်တာက သိပ်ပြီး ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ စက်ကလေးနည်းနည်းချောင်နေတာပါ။ ကျွန်တော် ကိုယ်တိုင်က အောက်ဝင်ကြည့်၊ စက်ဖုံးလှန်ကြည့်ပြီး နတ်တွေ၊ ဘာတွေ ကျပ်ပေးလိုက်တာ ကောင်းသွားတာပဲ"

ဒေါ်ရွှေစုသည် မျှော်လင့်သည့်စကားနှင့် ကြားရသည့်အကျိုးအကြောင်းမှာ တခြားစီဖြစ်နေ၍ မျက်နှာရှုံ့မဲ့သွားလေ၏။

"ဒါကိုသိချင်လို့မေးတာ မဟုတ်ဘူး သားရဲ့၊ ဒီနေ့ မင်းတို့နှစ်ယောက် ကားနဲ့ထွက်သွားကြတာ၊ ဘယ်လို စကားတွေများ ပြောခဲ့ဆိုခဲ့ရသလဲလို့ မေးတာပါ"

"ဟာ ပြောတာတွေတော့ စုံနေတာပဲ။ မနေ့ညက ဂျူဗလီဟောမှာ လက်ဝှေ့ထိုးတာ သုံးပွဲတောင် နောက်ကောက် ကျတာရော၊ အရင်တစ်ခါ မေမြို့မှာ ကားပြိုင်ပြီးမောင်းခဲ့ဖူးတာရော၊ ဟိုဟာတွေ ဒီဟာတွေ စုံလို့ပါပဲ"

"ဖြစ်ရလေ သားရယ်၊ အင်မတန် အဖိုးတန်တဲ့အချိန်တွေကို ဒီလို သောင်စဉ်ရေမရ စကားတွေပြောပြီး အချိန်ဖြုန်း ပစ်တာလောက် နှမြောစရာ ကောင်းတာမရှိဘူး။ မင်းသူ့ကို ချစ်တယ်ဆိုတာ ပြောမပြဘူးလား"

"အို ဒါကို ဘာပြောပြဖို့ လိုသလဲ မယ်မယ်ရဲ့၊ သူသိပြီးသားပဲ၊ သူကလည်း ချစ်တာပါပဲ။ ကျွန်တော်တို့ဟာ ကလေးဘဝတည်းကပဲ မောင်နှမအရင်းလို အတူတူနေလာခဲ့ကြတာ အခုကျမှ မုန်းနိုင်ကြပါ့မလား"

"အဲဒါကို ပြောတာမဟုတ်ဘူးဟဲ့၊ နင့်ကို ကြိုက်မကြိုက်"

"အော် ဒါလား"

"ဟင့်အင်း အဲဒါကိုတော့"

စောလွင်သည် ထိုအကြောင်းကို ရှောင်လွှဲ၍ အခြားစကားကို ပြောရန် စိတ်ကူးနေဆဲမှာပင် ခင်မေကြည် ရောက်လာသဖြင့် ဝမ်းမြောက်သွားမိလေ၏။ စောလွင်ဝမ်းမြောက်ရခြင်းမှာ အကြောင်းနှစ်ချက်ရှိ၏။ တစ်ကြောင်းမှာ ပြောနေဆဲ စကားကိုအစဖြတ်ရန် ချက်ကောင်းပေါ်လာ၍ဖြစ်၏။ နောက်တစ်ကြောင်းက အခြားသူမဟုတ် မိမိအလွန်တွေ့ချင်မြင်ချင်သူ ခင်မေကြည်ကို တွေ့ရ၍ ဖြစ်၏။

စောလွင်သည် ခင်မေကြည်၏ မျက်နှာကို တွေ့ရမြင်ရတိုင်း ဣန္ဒြေမဆောင်နိုင်လောက်အောင် ခပ်ကြောင်ကြောင် ဖြစ်သွားတတ်၏။ အကြောင်းကို ဆိုရသော် စောလွင်သည် ခင်မေကြည်ကို ကြိတ်၍ချစ်ကြိုက်နေသောကြောင့်ဖြစ်၏။

ထိုသို့ခင်မေကြည်ကို ချစ်ကြိုက်နေမိခြင်းကြောင့်လည်း စုကြီးတည်းဟူသော မိထွေးတော် ဂေါ်တမီက ခင်ဖုန်းနှင့် ချစ်ကြိုက်အောင် လှုံ့ဆော်တိုက်တွန်းနေခြင်းကို မလိုက်နာဘဲ အမြဲရှောင်လွှဲနေတတ်၏။ ထို့ပြင် စောလွင်သည် ခင်မေကြည်အား ချစ်ကြိုက်နေခြင်းမဟုတ်သည့် တိုင်အောင် မိမိနှင့်မောင်နှမအရင်းကဲ့သို့ အတူတကွနေထိုင်လာခဲ့သော ခင်ဖုန်းအပေါ်တွင် ရိုးရိုးမှတစ်ပါး ဆန်းပြားသောချစ်ခြင်းဖြင့် ဘယ်နည်းနှင့်မှ မချစ်နိုင်ဘဲ ရှိပေ၏။

"ကိုကိုလွင် အန်ကယ်ကော"

ခင်မေကြည်က မေးလိုက်သည့်အတွက် စောလွင်က "ခြံထဲမှာ ရှိမှာပေါ့။ လာလေ၊ လိုက်ပြမယ်" ဟု ဆိုကာ ဒေါ်ရွှေစုအနားမှခွာရန် အကြံထုတ်လိုက်လေ၏။

Commercial use of this book will be at your own risk

"နင်တို့ဟာ မြန်မာပီပီပြောကြတာမဟုတ်လား။ နောက်ကောက်တွေ အန်ကယ်တွေနဲ့ ပထွေးစကားကို ပြောတာ နားကြားပြင်းကပ်လှတယ်"

စောလွင်သည် ခင်မေကြည်ကိုခေါ်ပြီး ခပ်သွက်သွက် ထွက်သွားသဖြင့်ထိပ်တင်စု၏ စကားများကို ကုန်စင်အောင် မကြားလိုက်ရတော့ချေ။

ခင်မေကြည်သည် ဦးလတ်အနီးသို့ ရောက်ရှိသည်နှင့် "မေ့ကို မနေ့က ကူးရေးခိုင်းတာ မိတ္တူနှစ်ခုကူးပြီးပါပြီ။ ဒီနေ့ ဆက်ပြီးအလုပ်လုပ်မယ် ဆိုလို့ စောင့်နေပါတယ်" ဟု ပြောလိုက်လေ၏။

ဦးလတ်သည် မြေကြီးဆွနေရာက လန့်ဖျတ်သည့် အမူအရာဖြင့် လှည့်ကြည့်လိုက်၏။

"အင်း အင်း လုပ်တာပေါ့လေ။ ဒီညမှာ လုပ်နိုင်ပါ့မလား"

"ဒီညတော့ မေကြည်မအားဘူး"

"ဒါဖြင့် မနက်ဖြန် စောစောလုပ်ကြတာပေါ့"

ထိုသို့ပြောလိုက်ပြီးနောက် ဦးလတ်သည် မိမိအား နှုတ်ဆက်၍ ထွက်ခွာသွားသော ခင်မေကြည်ကို စောလွင်နှင့်အတူ ငေးစိုက်၍ ကြည့်နေလိုက်မိလေ၏။

ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်လောင်လျက်ရှိစဉ်အခါနီရိုဘုရင်မှာ တယောထိုးမျှပင် မပျက်ခဲ့၊ ဥရောပတိုက်အတွင်း သွေးချင်းချင်းနီရဲအောင် စစ်ပွဲကြီးများခင်းနေသော်လည်း အင်္ဂလန်ပြည်တွင်ကား ဘောလုံးပွဲအကြည့်မပျက်ကြဟု ဆိုကြ၏။ ထို့အတူ ခင်ဖုန်းနှင့်စောလွင်တို့အတွက် စုကြီးမှာ ဦးနောက်ရှုပ်ကာ ဗျာများလျက်ရှိသော်လည်း အိမ်နောက်ဖေးပိုင်းက အစေခံတစ်သိုက်မှာ ဖဲရိုက်မပျက် "နှစ်ကောင်တွဲ" အထိုးမပျက်ပဲ ရှိကြ၏။ သို့ရာတွင် ၎င်းတို့၏ပိုက်ဆံမှာ အပြင်သို့ မထွက်ချေ။ ၎င်းတို့အထဲတွင်သာ လှည့်လည်နေပေ၏။ သို့ရာတွင် မြစ်အပေါင်းတို့မှ ရေသည် သမုဒ္ဒရာတွင်းသို့ စီးဆင်းကြသကဲ့သို့ နောက်ဆုံးတွင် အားလုံးကစားသမျှ ပိုက်ဆံတို့သည် ဦးသူတော်၏ လက်ထဲတွင် စုလေတော့၏။

ကိုသူတော်သည် ဖဲကစားနည်းအမျိုးမျိုးကို အမြဲဒိုင်ကိုင်လေ့ရှိ၏။ တစ်မျိုးတွင်မနိုင်လျှင် အခြားတစ်မျိုးဖြင့်နိုင်အောင် ပြုလုပ်လေ့ရှိ၏။ သို့ဖြစ်၍ ကိုသူတော်သည် လောင်းကစား၍မနိုင်သည့်အခါ ဟူ၍ မရှိခဲ့။ ရိုးရိုးကစား၍ မနိုင်လျှင် ကလိမ်ဉာဏ်သုံး၍ နိုင်အောင်လုပ်တတ်၏။

ထိုသို့လုပ်ဖန်များသည့်အတွက် ထိုးသားများသည် ကိုသူတော်အပေါ်တွင် အယုံအကြည်မရှိ အဆိုတင်သွင်း၍ ဆုံးဖြတ်လိုက်ကြရာ ကိုသူတော်မှာ ငွေရပေါက်တစ်မျိုးကို ရှာကြံရပြန်လေ၏။

"ဟေ့ လာကြဟေ့ ထီဖွင့်မယ်" ဟု ကိုသူတော်က စလိုက်လေ၏။

"ဘာထီလဲ၊ ဘာကို ထီဖွင့်မှာလဲ"

အစေခံမတစ်ဦးက မေးလိုက်၏။

"ဖုန်းဖုန်းကို ထီဖွင့်မယ်"

"ဗျာ"

Commercial use of this book will be at your own risk

အစေခံ ယောကျ်ားတစ်ဦးက မေးပြန်၏။

"ဖုန်းဖုန်းကို ထိဖွင့်မယ်"

"ခင်ဗျားကြီးဒီလိုမပြောနဲ့၊ ဘာဘာဘုရားကြားရင် သူ့သမီးကိုထိဖွင့်ရမလားလို့ သတ်ပစ်လိမ့်မယ်။ ပြီးတော့ ခင်ဗျားဟာက မဖြစ်နိုင်တာဘဲ။ တကယ်လို့ ကျုပ်ကပေါက်ရင် ခင်ဗျားက ဖုန်းဖုန်းကို ကျုပ်နဲ့ ပေးစားနိုင်လို့လား"

"မဟုတ်ဘူးလေ၊ လူကိုထိဖွင့်တာမဟုတ်ဘူး။ ငါပြောတာလည်း ဆုံးအောင်နားထောင်ကြပါဦး။ ဒီလိုကွ မင်းတို့တစ်တွေ အကုန်လုံး တစ်ယောက်တစ်ကျပ်စီ ထည့်ကြ။ အဲဒီငွေတွေ အားလုံးကို စုထားမယ်။ ပြီးတော့ မင်းတို့ကို ထီလက်မှတ်တစ်စောင်စီ ထုတ်ပေးမယ်။ အဲဒီထီလက်မှတ်တွေပေါ်မှာ ဖုန်းဖုန်းနဲ့ရမယ်ထင်တဲ့ လူတွေရဲ့ နာမည်ကို တစ်စောင်တစ်မျိုးစီ ရေးထားမယ်။"

"ဒါပေမယ့် အဲဒီလက်မှတ်တွေကို မင်းတို့ ကြိုက်ရာရွေးယူချင်လို့မရဘူး။ မဲလိပ်လုပ်ပြီး တစ်ယောက်တစ်ခုစီ နှိုက်ရမယ်။ ကိုယ်ရတဲ့ လက်မှတ်ကို ကိုယ်သိမ်းထား။ နောက်တော့ ဖုန်းဖုန်းဟာ ဘယ်သူနဲ့ ယူမယ်ဆိုတာ သိရတဲ့အခါ အဲဒီလူရဲ့ နာမည်ရေးထားတဲ့ လက်မှတ် ပိုင်ရှင်ဟာ စုထားတဲ့ ငွေတွေအားလုံးရမယ်"

"ဒီနာမည်တွေက ဘယ်ကရမှာလဲ"

"ဒီအိမ်ကို လာလာနေကြတဲ့ လူပျိုကာလသားတွေ မှန်သမျှဟာ ဖုန်းဖုန်းနဲ့ ရနိုင်တဲ့ အလားအလာရှိသူတွေချည့်ပဲပေါ့။ ပြီးတော့ မင်းတို့ ငါတို့ သိထားတဲ့ လူတွေလည်းရှိတယ်။ ဒီနာမည်တွေအားလုံးကို ရေးထည့်ရမှာပဲပေါ့"

"နာမည်တွေကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ဖုန်းဖုန်းဟာ ဘယ်သူနဲ့ယူမယ်ဆိုတာ သိရအောင် စောင့်ရမှာက အကြာကြီးနေဦးမယ် မဟုတ်လား"

"မကြာပါဘူးကွာ၊ အခု စနေနေ့ညမှာ တို့အိမ်မှာ ထမင်းစားပွဲ လုပ်လိမ့်မယ်။ ဒီအထဲမှာ ဖုန်းဖုန်းနဲ့ ရမယ့်လူ ပါလာမှာပဲ။ အဲဒီ ထမင်းစားပွဲဟာ စေ့စပ်ပွဲဖြစ်ချင်လည်း ဖြစ်မယ်။ ဒီတစ်ခါ မသိရသေးရင် နောက်တစ်ခါ ထမင်းစားပွဲလုပ်ရင် သိရမှာပဲ။ သိပ်မကြာပါဘူး။ ဖုန်းဖုန်းကို စုကြီးက နေရာချချင်နေတာ မင်းတို့သိသားပဲ မဟုတ်လား"

ကိုသူတော်က စကားပြော၍ဆုံးသည့်အခါ အစေခံများထဲက တစ်ယောက်က "ဘယ့်နှယ်ဗျ။ ခင်ဗျားပြောတာ ပြန်ပြောစမ်းပါဦး" ဟု ဆိုလိုက်၏။

ကိုသူတော်သည် ဒေါပွသွား၏။ သို့သော် သူ့အကြံအစည်ဖြစ်မြောက်ဖို့က အရေးကြီးသဖြင့် "မင်းကလည်းကွာ၊ စောစောကပြောတုန်းက ကောင်းကောင်းမှ နားမထောင်ဘဲဟာ" ဟု ညည်းညည်းညူညူဖြင့် အစမှပြန်၍ ရှင်းပြရလေ၏။

"ဘာလဲ ဘာလဲ၊ ကျွန်တော်လည်း ပါမယ်"

စိုးဝင်းဆိုသောသူငယ်ကလေးသည် အစည်းအဝေးနောက်ကျမှ ရောက်၍လာကာ နေရာတကာ ပါချင်သူဖြစ်သည့်အတိုင်း ပြာပြာသလဲ မေးမြန်းရလေ၏။

"သွား သွား၊ ဒီကောင်လေးကို နားရွက်ဆွဲပြီး ထုတ်ပစ်လိုက်ကြစမ်းကွာ။ အို ဒီကောင်လေးဟာ နေရာတကာမှာ ပါချင်တယ်"

"ကောင်းပြီ ဒီလိုဆိုရင် ကျွန်တော့်အကြောင်း သိရမှာပေါ့။ ကျွန်တော်မပါရရင် အကုန်လုံး ဖေဖေကြီးကို တိုင်ပြောမယ်"

Commercial use of this book will be at your own risk

စိုးဝင်းက ခြိမ်းခြောက်လိုက်သဖြင့် ကိုသူတော်မှာ ဘာပြောရမည်မသိဘဲ ငေးကြောင်ပြီး ကြည့်နေမိလေ၏။

ထိုစဉ် အစေခံတစ်ယောက်က "ဒါပေမယ့် ခင်ဗျားကြီးကို မယုံဘူး။ ကျုပ်တို့ ငွေတွေ ခင်ဗျားလက်ထဲမှာ မထားနိုင်ဘူး" ဟု အယုံအကြည်မရှိ အဆိုတင်လိုက်၏။

"ဒါဖြင့် မသေးသွယ်ကို ဒီငွေတွေ အပ်ထားမယ်။ သူ့ကိုတော့ ယုံတယ်မှုတ်လား"

"ယုံတယ်"

အတိုက်အခံ ဂိုဏ်းသားအားလုံးက တစ်သံတည်း ထွက်ဆိုလိုက်ကြ၏။

သို့ဖြင့် ကိုသူတော်သည် ခင်ဖုန်းနှင့် ရွယ်တူတန်းတူ အသိအကျွမ်းများနှင့် ဆွေတစ်စမျိုးတစ်စ တော်စပ်သူများပါမကျန် ယောကျ်ားပျိုတို့၏ နာမည်များကို အစေခံများနှင့် ညှိနှိုင်းရွေးချယ်ပြီး နောက် စာရွက်ကလေးများကို ဖြတ်၍ နာမည်တစ်ခုချင်းရေးလေ၏။ ထိုသို့ရွေးချယ်လိုက်သည့် ယောကျ်ားပျိုများထဲတွင် စောလွင်မှာ ပရိသတ်အများကြိုက် ဖေးဘရိတ်ဖြစ်နေကာ လူတိုင်းက စောလွင်၏နာမည်ပါသည့် မဲလိပ်ကို နှိုက်မိပါစေဟု ဆုတောင်းကြလေ၏။

သို့ရာတွင် ကိုသူတော်သည် မိမိကုလားဖန်ထိုးထားသည့် ဖဲထုပ်ကို မိမိကိုယ်တိုင်ချိုး၍ မိမိကိုယ်တိုင် ဝေရသူ ဖြစ်သည့်အတိုင်း မဲလိပ်များကို လက်ဖက်ခြောက်ဘူးလွတ်ထဲတွင် ထည့်၍ ခလောက်သည့်အခါ စောလွင်နာမည် ပါသည့် မဲလိပ်ကို မိမိ၏လက်ကြားတွင် ညှပ်၍ကပ်ထားလိုက်သဖြင့် ထိုမဲလိပ်ကို ဘယ်သူမှ နှိုက်၍မရဘဲ ရှိလေ၏။

ထိုသို့စောလွင်၏နာမည်ပါသည့် မဲလိပ်ကို လက်ကြားညှပ်၍ရယူထားလိုက်သဖြင့် ကိုသူတော်သည် အလွန်ကျေနပ်နေကာ သူ့မျက်နှာမှာ ဖားကိုမျိုပြီးမျက်စိကြီးနှစ်လုံးကိုမှိတ်၍မှိန်းကာ ဇိမ်ကျနေသည့်မြွေကဲ့သို့ အဆီတပြောင်ပြောင်ဖြင့် ပြုံးပြုံးကြီး ဖြစ်၍နေပေတော့၏။

"ကျွန်တော်လည်း ဆွဲမယ်လေ။ ကျွန်တော့်ဖို့ကော" ဟု စိုးဝင်းက တောင်းဆိုလိုက်၏။

"မင်းဖို့မရှိတော့ဘူး။ နာမည်ကုန်နေပြီ"

"နို့ ကျွန်တော် မပါရတော့ဘူးလား"

"မင်း ဘယ့်နှယ်လုပ်ပြီး ပါလို့ရတော့မလဲ။ မဲလိပ်မှ မရှိတော့တဲ့ဟာ"

"ဒါဖြင့် ကျွန်တော့အတွက် စာရွက်တစ်ခုပေါ်မှာ ကြက်ခြေခတ်ပြီးတော့ ကိုဟဝါဆိုတဲ့ နာမည်တစ်ခုလောက် ရေးပေးပါလား။ ခင်ဗျားတို့ ရွေးထားတဲ့ လူတွေထဲက တစ်ယောက်ယောက်မှ မစွန့်ဘဲ အပြင်လူ တစ်ယောက်ယောက်နဲ့ ရသွားရင် ကျွန်တော်နိုင်တာပဲ မဟုတ်လား"

"ကောင်းပြီ၊ ဒီလိုဆိုရင်"

ကိုသူတော်သည် စာရွက်တစ်ခုပေါ်တွင် ကြက်ခြေခတ်ပြီး ကိုဟဝါဟူသော စာသုံးလုံးကို ရေးပြီးနောက် ထိုစာရွက်ကို စိုးဝင်းလက်ထဲက ငွေတစ်ကျပ်နှင့် လဲလိုက်လေ၏။

စိုးဝင်းသည် "ထီ" လက်မှတ်ကိုရသည်နှင့် "မောင်ပိုင်ကွ" ဟု ဆိုကာ ဝမ်းသာအားရ ထွက်သွားလေ၏။ သူသည် မိမိ၏လက်မှတ်မှာ တခြားသူတို့၏ လက်မှတ်များထက် ထီပေါက်ဖို့ ပို၍နီးစပ်သည်ကို သိရလေ၏။ အကြောင်းမှာ

Commercial use of this book will be at your own risk

သူသည် ခင်ဖုန်းကို ဒေါ်ရွှေစုကြိမ်းမောင်း နေစဉ်က ချောင်း၍နားထောင်ခဲ့ရာတွင် ခင်ဖုန်းနှင့် အမည်မသိလူတစ်ယောက် ချစ်ကြိုက်နေခြင်းကို ကြားခဲ့ရသောကြောင့်ဖြစ်ပေ၏။

ထိုသို့နောက်ဖေးချောင်ကလူများသည် ခင်ဖုန်းကိုထိဖောက်နေကြစဉ်က ခင်ဖုန်းသည် လေသာဆောင်သို့ထွက်၍ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် လှဲလျောင်းကာ မပျောက်ကွယ်နိုင်သေးဘဲ လေးတွဲ့ဖင့်နွဲ့စွာ ရုပ်သိမ်းလျက်ရှိသော နေရောင်ခြည်ကို ရှုစားရင်း ခင်မောင်ကြီးကို မြင်ယောင်နေမိလေ၏။

“သူ အင်းစိန်ကို ဘာလုပ်ရအောင် လာတာပါလိမ့်”

ခင်ဖုန်းသည် ခင်မောင်ကြီးလာရောက်ခြင်းကို ဝေခွဲ၍မရချေ။ သို့သော် ထူးခြားမှုရှိခြင်းကိုကား တွေးမိ၏။ ထို့ထက် ညနေက သူပြောသွားသည့်စကားများမှာ ပို၍ထူးသည်ဟူ၍လည်း စဉ်းစားမိ၏။ ယခင်တလောက ထိပ်တင်ဆွေ၏ ဆံပင်ကို ဆွဲကိုင်တွန်းပစ်ကာ မိမိအား အခက်အခဲထဲမှ ကယ်ဆယ်လိုက်ခြင်းကိုလည်းကောင်း၊ ညနေက ပြောသွားသည့် စကားများကိုလည်းကောင်း၊ ထောက်ချင့်ရခြင်းဖြင့် မိမိအား မည်သည့်ဒုက္ခထဲက မဆို ဆယ်တင်ကယ်မ လိုခြင်းမှာ ထင်ရှားသည်ကိုလည်း တွေးမြင်မိပေ၏။

သို့သော် ခင်ဖုန်း၏စိတ်ထဲတွင် လောကကြီးသည် လူသတ္တဝါတို့အပေါ်တွင် သရော်ပြောင်လှောင်တတ်သော သဘောရှိသည်ကို တွေး၍လည်း ပြုံးမိသေး၏။ ခင်ဖုန်းသည် မိမိအားကူညီကယ်မမည့်သူ တစ်ဦးကို အမှန်ပင်လိုလားတောင့်တ ခဲ့မိ၏။ ထိုသူသည် မိမိအလိုရှိတိုင်း ပေါ်လာ၏။ သို့ရာတွင် ထိုပေါ်လာသည့်သူမှာ မိမိအလိုရှိနေသူမဟုတ်။ မိမိအားကူညီရန်လာသူမှာ ခင်မောင်ကြီးဖြစ်နေသည်။ ယင်းသို့ မိမိအားကယ်ဆယ်ရန် ရောက်လာသူမှာ မိမိအလိုရှိသူနှင့် မှားနေခြင်းကို ရယ်လည်း ရယ်ချင်၊ မခံချိ မခံသာလည်း ဖြစ်မိပေ၏။

“ကိုဘတင့် ဘာပြုလို့များ မပေါ်လာပါလိမ့်။ စာကလေးတစ်စောင်လောက်မှ မပေးနိုင်ရအောင် ဘာများ ဖြစ်နေလို့ပါလိမ့်”

ခင်ဖုန်းသည် ဘတင့်အား အနည်းငယ် စိတ်ပျက်ချင်မိ၏။ သို့ရာတွင် ဘတင့်အပေါ်၌ ကြီးမားစွာ စွဲလန်းနေသော စိတ်သည် စိတ်ပျက်ခြင်းကို ဖြိုခွင်းချေမှုန်းပစ်လိုက်၏။

ခင်ဖုန်းသည် ဘတင့်ထံက စာမလာ၍ မိမိကရေးဖို့ရန်မှာ စာပေး၍မလွယ်သဖြင့် မရေးနိုင်ဘဲရှိရလေ၏။ ခင်ဖုန်းမှာ အပြင်သို့ မထွက်ရခြင်းကြောင့် ကိုယ်တိုင်သွား၍ စာထည့်ရန်မှာ မလွယ်ချေ။ အစေခံများကိုလည်း မယုံကြည်နိုင်။ ယုံကြည်၍ပေးလိုက်သည့်တိုင်အောင် ထိပ်တင်စုသော်လည်းကောင်း၊ ထိပ်တင်လတ်သော်လည်းကောင်း မတော်တဆ တွေ့မြင်၍ ဆွဲယူကြည့်မည်ကိုလည်း စိုးရိမ်မိ၏။

အကယ်၍ ဘတင့်ထံစာရေးရန် လွယ်မည်ဆိုလျှင် မိမိ၏ ရင်ထဲက ရှိရှိသမျှ အချစ်တို့ကို နံဖိုနံမကြားတွင် ကပ်နေသည့် အချစ်ပါမကျန်ရအောင် အိတ်သွန်ဖာမှောက် ဖေါ်ထုတ်ကာ ရှည်လျားလှစွာသော စာကြီးတစ်စောင်ကို ရေး၍ ပေးလိုက်ချင်သည်။ သို့သော် မိမိရေးလိုက်သည့် စာကို သတင်းစာများထဲတွင် မကြော်ငြာရဘဲနှင့် ပျံ့နှံ့သွားမည်ကို စိုးရိမ်ရသဖြင့် အခက်ကြုံ၍ နေလေတော့၏။

ခင်ဖုန်းသည် ခင်မောင်ကြီး အင်းစိန်သို့ ရောက်လာခြင်းကို စဉ်းစားခန်းထုတ်မိပြန်လေ၏။ သူသည် ခေတ္တခဏမျှ လမ်းကြုံ၍ ရောက်လာခြင်းလော။ သူ၏သွားလာ ဝတ်စားပုံအရ မိမိထင်မြင်မိသလို အမြဲတမ်းနေထိုင်ရန် လာရောက်ခြင်းပင် ဖြစ်လေသလား၊ အကယ်၍ အမြဲတမ်းလာရောက်ခြင်း ဖြစ်ဦးတော့ သူဘယ်နေရာ၌ နေသည်ကို မိမိမသိရ၍ သူသည် အင်းစိန်၌ရှိနေခြင်းသည် မိမိအား မည်သို့အကျိုးပြုပါမည်နည်း၊ မိမိမှာ အိမ်တွင်းမှ အိမ်ပြင်မထွက်ရ၍ သူ့ကို ဘယ်လို လိုက်၍ရှာနိုင်မည်နည်း။ သူ့ကို ရှာ၍တွေ့ဦးတော့ သူသည် မိမိနှင့် ရင်းရင်းနှီးနှီးသိကျွမ်းသူ မဟုတ်သည့်အတွက် သူ့အကူအညီကို မိမိက မည်သို့ တောင်းခံနိုင်ပါမည်နည်း။

ထိုသို့ မိမိကိုယ်ကို မိမိ မေးခွန်းအမျိုးမျိုး ထုတ်ကြည့်ရာတွင် ခင်မောင်ကြီးသည် မိမိအား အကူအညီ ပေးနိုင်မည်မဟုတ် ဟူသော အဖြေထွက်လာသဖြင့် စိတ်ပျက်သွားမိ၏။ နောက်မှ ခင်မောင်ကြီးအား မိမိနှင့်

Commercial used of this book will be at your own risk

ဘတင့်တို့အကြားတွင် စာတိုက်သဖွယ်အသုံးချကာ သူ့လက်မှ တဆင့် စာပေးစာယူပြုလုပ်၍ဖြစ်နိုင်မည်ကို စိတ်ကူးရလေ၏။ သို့သော် ခင်မောင်ကြီးနှင့် နီးစပ်အောင် ပထမဦးဆုံးလုပ်ရန်လိုသေးရာ ထိုအရေးအတွက် အတွေးရခက်နေပြန်၏။

နေရောင်သည် လုံးလုံး ကွယ်ပျောက်သွားလေပြီ။ အေးမြသော ညနေချမ်းလေပြည်သည် နီးပါးဝန်းကျင်ရှိ သစ်ပင်ကြီးများကို သရဲတစ္ဆေပမာ လက်ကားယား ခြေကားယားဖြင့် လှုပ်ရှားခြောက်လှန့်သည့်အသွင်ကိုဆောင်စေ၏။ ခင်ဖုန်း၏ စိတ်တွင်း၌လည်း ထိုသစ်ပင်ကြီးများပမာ လှုပ်ရှား၍ နေပေ၏။

ခင်ဖုန်းသည် မိမိအပေါ်တွင် ခင်မောင်ကြီးက မည်သို့စိတ်ထားရှိသည်ကို မစဉ်းစားမိပေ။ သူသည် မိမိအတွက် ဆောင်ရွက်ပေးပါမည်ဟု ပြောလိုက်သည့်အလုပ်မှာ ဘတင့်နှင့်အောင်သွယ်ပေးမည့် အလုပ်ပဲဖြစ်မည်ဟူ၍ သာထင်မိ၏။

သို့ဖြစ်၍ မိမိတို့ကိစ္စတွင် ကြားဝင်၍ ဆောင်ရွက်ပေးရန် ပြောလိုက်ပါက မိမိအား ကြိတ်၍ကြိုက်ချစ်နေသော ခင်မောင်ကြီး၏ စိတ်ထဲတွင် များစွာထိခိုက်သွားမည် ဖြစ်ခြင်းကို နည်းနည်းမျှ မတွေးတောမိပေ။ တွေးတောစရာ အကြောင်းလည်း မမြင်ပေ။ ထို့ကြောင့် ခင်မောင်ကြီးက မိမိအား ကူညီပါမည်ဟု ပြောသည့် အလုပ်မှာ မိမိတို့နှစ်ဦးအကြားက အောင်သွယ်ပေးရန် အလုပ်ဖြစ်သည်ဟူ၍ သာ တထစ်ချယူမှတ်ထားလိုက်ပေ၏။

Commercial use of this book will be at your own risk

။ ၅ ။

ခင်မောင်ကြီးသည် ခင်ဖုန်းတို့၏ အိမ်ရှေ့လမ်းသို့ လျှောက်ရသည်မှာ ခြေလည်းတိုလုပြီ။ လမ်းမှာလည်း ချောင်းဖြစ်၍ ရေထွက်လုလေပြီ။ သို့သော် ခင်ဖုန်းအား တစ်ကြိမ်တစ်ခါမျှ မမြင်ရပေ။ သို့ဖြစ်ရာ ဤနည်းအတိုင်းသာ စခန်းသွားနေပါမူ ခင်ဖုန်းနှင့် ဘယ်နည်းနှင့်မျှနီးနိုင်ရန် လမ်းမရှိသည်ကို တွေးမိကာ တစ်စုံတစ်ခုသော အကြောင်းကို ရှာပြီးလျှင် အိမ်ထဲသို့ဝင်ဖြစ်အောင် ဝင်မှဖြစ်မည်ဟု နှလုံးပြုလိုက်မိလေ၏။ သို့ရာတွင် ခင်မောင်ကြီးသည် စိတ်ထဲကသာ ဆုံးဖြတ်မိ၍ ခြေလက်ကိုယ်နှုတ်တို့က စိတ်၏ဆုံးဖြတ်ရာသို့ မလိုက်ပါသေးပဲ ရှိနေကြသေးလေ၏။

တစ်ညနေတွင်မူ ဘာပဲဖြစ်ဖြစ် အိမ်ထဲဝင်တော့မည်ဟု စိတ်ကိုတင်းပြီး သွားခဲ့၏။ သို့ရာတွင် ခြံဝသို့ရောက်ကာမှ စိတ်ထဲတွင် မရဲတရဲနှင့် မသိုးမသန့်ဖြစ်မိကာ နောက်ဆုတ်၍ပြန်ခဲ့ရလေ၏။

ထိုသို့ပြန်ထွက်လာခဲ့ရာတွင် အတွေးထဲတွင် စိတ်ကူးနစ်မွန်း၍နေခြင်းကြောင့် မိမိ၏မျက်နှာချင်းဆိုင်မှ လျှောက်၍ လာသော မိန်းမပျိုကလေး တစ်ယောက်ကိုပင် သတိမမူပဲ အနားသို့ရောက်၍ ထိုမိန်းမပျိုကလေးက "ဟာ ဆရာပါလား" ဟုနှုတ်ဆက်လိုက်သည့် အသံကိုကြားရမှ အတွေးတွင် နစ်မျောနေရာက နိုးကြားလာကာ ထိုမိန်းမပျိုကလေးကို ကြည့်မိလေ၏။ ထိုအခါမှ ၎င်းမှာ ခင်မြရီဖြစ်နေသည်ကို တွေ့ရလေ၏။

ခင်မြရီသည် သိုးမွေးရေခဲချည်ဖြင့် ရက်လုပ်ထားသော မာဖလာကလေးကို လည်တွင်ပတ်ထားရာ ဝါဝင်းသော အသား၊ လေတိုက်ရာတွင် လွင့်ပါးနေသော ဆံယဉ်ဆံစနှင့် နီနီထွေးထွေး သွေးသားတက်ကြွနေသော ပါးမို့ကလေးတို့မှာ ထိုမာဖလာကလေးနှင့် များစွာ ပန်သင့်လှသည်ကို တွေ့ရပေ၏။

"ဆရာ၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

"နို့ မြကော ဘာလုပ် ဒီရောက်လာသလဲ"

"ကျွန်မလား၊ အသိတစ်ယောက်က သူ့ကားနဲ့ လေညင်းခံရအောင် ထွက်ဖို့ခေါ်လာရင်း၊ ဒီကျမှ သူ့မော်တော်ကား ဘာဖြစ်သလဲ မသိပါဘူး။ ဂီယာဂုတ်ဆိုလား၊ ဂတ်စကိတ်ဆိုလား အဲဒါတစ်ခုခုဖြစ်လို့ ပြင်နေတာနဲ့ ရပ်စောင့်နေရတာ ပျင်းလွန်းလို့ ဒီဘက်လျှောက်လာတာပဲ"

"ကားကော ဘယ်မှာလဲ"

"နောက်မှာ ကျန်ရစ်ခဲ့တယ်။ ကားပြင်ပြီးရင် သူမောင်းပြီးလိုက်လာလိမ့်မယ်"

Commercial use of this book will be at your own risk

ခင်မြရီသည် မိမိအကြောင်းပြောပြပြီးနောက် ခင်မောင်ကြီး၏အကြောင်းကို သိလို၍ စကားကိုပြန်ပြီး ဆက်လိုက်လေသည်။

"ဆရာကကော ဘယ့်နှယ် ဒီကိုရောက်လာတာလဲ။ ဆရာက ဘယ်သူ့မှ အသိမပေးဘဲ တိတ်တိတ်ထွက်လာတာကိုး။ ဆရာ့ကားတော့ သိပ်စွန်နေတာပဲ။ တစ်နေ့လေးပွဲမှာ ပွဲတိုင်းရုံလျှံပြီး နေရာမရလို့ ပြန်သွားရတဲ့ လူတွေ အများကြီးပဲ။ ဒီလိုနေရာကျတဲ့အတွက် သူဌေး ဦးလေးညွန့်ကတောင် ဆရာ့ကို လိုက်ရှာနေတယ်။ ဒါပေမယ့် ဆရာ့ကို ဘယ်မှာမှ မေးမရ၊ ရှာမရလို့ သတင်းစာထဲကနေပြီးတော့ လူပျောက် ကြော်ငြာရ ကောင်းမလား။ ပုလိပ်တိုင်ရကောင်းမလား လို့တောင် စိတ်ကူးနေကြတယ်။ တစ်ခြံလုံးကတော့ ဆရာအောင်မြင်တာကို မနာလိုတဲ့ လူတစ်ယောက်ယောက်က ဆရာ့ကို ကတ္တီပါရွှေအိတ်နဲ့ ချိတ်ပိတ်ပြီး ရေမှာမျှောလိုက်ပြီ ထင်ပါရဲ့လို့တောင် ပြောနေကြတယ်"

ခင်မြရီသည် နဂိုကပင် စကားကြွယ်သူ အသံထွက်ရုပ်ရှင် မင်းသမီးတစ်ယောက်ဖြစ်သဖြင့် အသက်ကိုပင် မရှူဘဲ မရပ်မနား ပြောလိုက်လေ၏။

ခင်မောင်ကြီးသည် ခင်ဖုန်းကို စတင်မြင်မိသည့်နေ့မှစ၍ မိမိ၏အလုပ်များကို လုံးလုံးသတိမရ။ မိမိမရှိသည့်အတွက် ရုပ်ရှင်ကုမ္ပဏီတွင် မည်မျှလစ်ဟင်းနေမည်ကို မစဉ်းစား။ ယခု ခင်မြရီပြောလိုက်သည့် စကားများကို ကြားရတော့မှ "သြော် ဟုတ်လား" ဟူသော စကားဖြင့် သိနားလည်ရခြင်းကို ပြောပြလိုက်လေ၏။

ထို့နောက် ခေတ္တတွေဝေနေလိုက်ပြီးမှ "ဘာရယ်လို့တော့ မဟုတ်ပါဘူးလေ။ အလုပ်တွေ သိပ်လုပ်လွန်းရင် ဦးနှောက်ပျက်ပြီး ရူးသွားမှာစိုးလို့ အနားယူရအောင် အေးအေးချမ်းချမ်းရှိမယ့် နေရာကို ထွက်လာတာပဲ။ တခြားအထူးအထွေ အကြောင်းမရှိပါဘူး။ ဦးလေးသိရင်လည်း သူ့အလုပ်မှာ ထိခိုက်မှာစိုးလို့ သွားစေချင်မှာမဟုတ်ဘူး။ တခြားလူတွေ သိပြန်ရင်လည်း တစ်ယောက်ပြီး တစ်ယောက် လာနေကြလို့ အနားယူတာဟာ အလကားဖြစ်နေမှာပဲ။ ဒါကြောင့် ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တိတ်ထွက်လာတာ" ဟု ယုံကြည်လောက်အောင် လှည့်ပတ်ပြောဆို လိုက်ရလေ၏။

"ဟုတ်ပါတယ်၊ နေရာတွေကတော့ အေးအေးချမ်းချမ်း သာသာယာယာနဲ့ စိတ်ကြည်နူးစရာကောင်းတဲ့ နေရာတွေပဲ။ ကဲလာပါဆရာ၊ ရှေ့လျှောက် သွားပြီး ကြည့်ရအောင်။ ဆရာပြန်ပြီး လိုက်ခဲ့ပါဦး"

သို့နှင့် ခင်မောင်ကြီးနှင့် ခင်မြရီတို့သည် အတူလျှောက်လာကြရင်း ခင်ဖုန်းတို့၏အိမ်ရှေ့သို့ ရောက်လာကြလေ၏။ ခင်မြရီသည် ခြံတွင်းမှ သာယာလှပသော ပန်းပင်များကို မြင်ရသည့်အတွက် စိတ်ဝင်စားမိလေ၏။

"အမယ် ဒီအိမ်နဲ့ ခြံကြီးက တယ်ပြီးကြီးပါလား။ ဟောဟိုနှင်းဆီပင်တွေနားမှာ တကုန်းကုန်းနဲ့ လုပ်နေတာ မာလီနဲ့ တူတယ်။ ဒီဆီမှာတော့ ပန်းပင်တွေ ဘာတွေ လှလှပပစိုက်ထားပြီး ဈေးဖိုးပဲရရ မာလီခပဲကျေကျေ ဆိုသလို၊ မာလီတွေကို ပန်းလည်ပြီး ရောင်းခိုင်ကြတာပဲ။ ကြည့်စမ်း လှလိုက်တဲ့ ပန်းတွေ ဝင်ပြီးကြည့်ရအောင်လားဆရာ"

ခင်မောင်ကြီးသည် နဂိုကပင် ထိုခြံတွင်းသို့ ဝင်ချင်နေရာ ယခုလို အဖော်ရသည့်အခါ ငြင်းဆန်လေးဖင့်မနေဘဲ ခင်မြရီက ရှေ့ဆောင်၍ ခေါ်ရာနောက်သို့ ကောက်ကောက်ပါ၍ သွားလေ၏။ ခင်မြရီသည် နှုတ်လျှာပါးလျက် သွက်လက်ချက်ချာသူ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သည့်အတိုင်း ပန်းပင်စိုက်နေသော စွပ်ကျယ် အင်္ကျီစုတ်ဝတ်ထားသူ လူကြီးအနားသို့ ရောက်သည်နှင့် "ဦးလေးကြီး ဘာလုပ်နေတာလဲ" ဟုမေးလိုက်၏။

ဦးလေးကြီး အခေါ်ခံရသူလည်း ပါးစောင်တွင် ခဲ၍ထားသော စွပ်တံနှင့် ဆေးပြင်းလိပ်ကို ချွတ်လိုက်ပြီးလျှင် ခင်မြရီနှင့် ခင်မောင်ကြီးတို့ကို ပါးစပ်ဟပြီး စကားမပြောဘဲ စိုက်ကြည့်နေလေ၏။

"လှလိုက်တာနော်၊ နှင်းဆီပန်းကလေးတွေ သိပ်လှတာပဲ။ ဥယျာဉ်ဆိုတာ ခုလိုစိုက်မှပေါ့"

Commercial use of this book will be at your own risk

ဦးလေးကြီးမှာ မိမိစိုက်ပျိုးထားသော ပန်းပင်များကိုချီးမွမ်းမည့်သူ ဤတစ်ယောက်သာ တွေ့ရသေးသဖြင့် များစွာ ဝမ်းမြောက်လျှက် "င့ါတူမကြီးက နှင်းဆီပန်းတွေ ကြိုက်တတ်တယ်ထင်တယ်" ဟုမေးလိုက်၏။

"နှင်းဆီပန်းတစ်မျိုးတည်းတင် မဟုတ်ဘူး။ ပန်းမှန်ရင် အကုန်ကြိုက်တာပဲ"

ခင်မောင်ကြီးသည် မပြုံးတပြုံးလုပ်လျက် "ရွှေပန်း ငွေပန်းကော ရှိသလား" ဟု မေးလိုက်၏။

"ဒါတွေ ဘယ်ကမလဲ မောင်ရင်ရယ်။ မြန်မာပြည်က ပန်းတွေကို မပြောနဲ့။ အနောက်နိုင်ငံမှာ ပွင့်တဲ့ ပန်းတွေကိုတောင် မရ ရအောင် ရှာပြီး ဟောဟိုက မှန်အိမ်ကလေးထဲမှာ စိုက်ထားသေးတယ်။ ဦးရဲ့ ဥယျာဉ်ဟာ ရန်ကုန်က အစိုးရ ပန်းဥယျာဉ်ထက်တောင် စုံပါသေးတယ်"

"အားလုံး အမျိုးပေါင်း ခြောက်ဆယ်လောက် ရှိမလား"

"ဘယ်ကမလဲ။ သုံးရာလောက်ရှိတယ်။ သုံးရာ၊ သုံးရာ"

ခင်မြရီသည် နှစ်သက်စဖွယ်ပြုံးလိုက်လေ၏။ "ကျွန်မက ဦးရဲ့စကားကိုရအောင်လို့ ပြောတာပါ။ ပန်းပင်အကြောင်းတော့ ကျွန်မကိုသင်ပေးဖို့ မလိုဘူး။ ကျွန်မကိုယ်တိုင် ပန်းပင်စိုက်လာတာ၊ ဒါထက် ဒီမှာ ဆယ့်နှစ်လပန်းတွေ မရှိဘူးလား"

"ရှိပါပြီလား တူမရယ်။ ဒီအပင်းမျိုးကတော့ မြေကောင်းဖို့လိုတယ်။ မြေရွှေးတယ်"

"ဟုတ်ပါတယ်။ မြေကလည်း နည်းနည်းစေးရမယ်။ မိုးရေလည်း များများလိုတယ်"

"အဲ ဟုတ်တာပေါ့။ မင်းပြောတာ အမှန်ပဲ"

ခင်မြရီ၏ မျက်နှာပေါ်တွင် ခင်မောင်ကြီး တစ်ခါမျှမမြင်ဖူးခဲ့သော မိမိကိုယ်တိုင်လည်း သွန်သင်ပြသ၍ မရခဲ့သော စိတ်အားထက်သန်မှုကို ပြသည့် အိုက်တင်သည် ပေါ်ပေါက်၍ နေလေ၏။

"တဆိတ်မေးပါရစေနော်၊ ဒီမှာ နှင်းဆီပိုးတွေ ရှိသလား။ တကယ်လို့ အဲဒီနှင်းဆီပိုးတွေဟာ အဖူးထွက်လာချိန်မှာ ပေါက်လာကြရင် သူတို့ကို သေအောင်သတ်တဲ့နည်းကကော"

ခင်မောင်ကြီးသည် သူတို့နှစ်ဦး၏ စကားများကို စိတ်မဝင်စားဘဲရှိကာ တစ်နေရာသို့ ရှောင်ထွက်သွားလေ၏။ ထိုသို့ရှောင်ထွက်လာရာတွင် ၎င်း၏ဉာဏ်ဝတွင် မှန်ပြသလို အသိဉာဏ်တစ်ခုပေါ်လာလေ၏။ မိမိသည် ဤခြံတွင်းသို့ ဝင်ရောက်လာသော်လည်း ခင်ဖုန်းနှင့် တွေ့ရန် မလွယ်။ အိမ်ထဲသို့ ဝင်၍လည်း မဖြစ်။ သို့ရာတွင် ယခုလို ခြံထဲသို့ ရောက်လာနိုင်ခဲ့ပြီးမှ ထိုအခွင့်အရေးကို လက်လွှတ်ခံကာ အလဟဿ မဖြစ်စေရ။ တစ်နည်းနည်းအားဖြင့် အကျိုးရှိအောင် လုပ်ရမည်ဟု စိတ်ပိုင်းဖြတ်လိုက်ရ၏။

ထိုဆုံးဖြတ်ချက်အရ ခင်မောင်ကြီးသည် မြန်မာအမျိုးသား မာလီကြီးအား ခင်ဖုန်းထံ စာပေးခိုင်းရန် အသုံးချဖို့ အကြံရလေ၏။ ထိုသို့ စာပေးခိုင်းလျှင် ခင်ဖုန်း၏လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် စာရောက်ရှိသွားလိမ့်မည်ဟု အောက်မေ့မိလေ၏။ သို့ဖြစ်၍ ခပ်လှမ်းလှမ်း ရောက်သည့်တိုင်အောင် ဆက်၍လျှောက်သွားပြီးမှ မှတ်စု စာအုပ်ကလေးထဲမှ စာတစ်ရွက်ဆုတ်ယူကာ တိုင်ငုတ်တစ်ခုကို စားပွဲလုပ်ပြီး စာတိုတို တစ်စောင်ရေးလိုက်လေ၏။

ခင်မောင်ကြီးသည် တစ်စုံတစ်ခုလုပ်မိပြီဆိုလျှင် ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် မိမိရရလုပ်တတ်သူဖြစ်သည်။ သို့ဖြစ်ရကား ဥယျာဉ်မှူးကြီး တစ်ဦးတည်းနှင့် စိတ်မချနိုင်သေးဘဲ ထိုလူကြီးက ပေါ့လျော့၍သော်လည်းကောင်း၊ အခွင့်မကြုံ၍ မပေးနိုင်ဘဲရှိနေလျှင်သော်လည်းကောင်း၊ လူကြီးများမိ၍သွားလျှင်သော်လည်းကောင်း၊ မိမိပေးသော စာသည် ခင်ဖုန်း၏လက်ထဲသို့ မရောက်ပဲ မရှိရလေအောင် အလားတူ စာတစ်စောင်ကူး၍ အခြားအခိုင်းအစေ



Commercial use of this book will be at your own risk

တစ်ယောက်နှင့် ပေးမည်ဟု အကြံပြုလိုက်၏။ သို့မှသာ တစ်ယောက်က မပေးဖြစ်လျှင် တစ်ယောက်က ပေးဖြစ်မည်။ နှစ်ယောက်စလုံးက ပေးမိလျှင်လည်း ပို၍လေးလေးနက်နက်ရှိမည်ဟူသော စိတ်ကူးဖြင့် မိတ္တူတစ်စောင်ထပ်မံ၍ ရေးရလေ၏။

ထိုသို့ရေးပြီးနောက် ခင်မောင်ကြီးအဖို့ ပြဿနာတစ်ခုပေါ်လာပြန်လေ၏။ မှန်သည်၊ ခင်ဖုန်းအားပေးရန် စာနှစ်စောင် ရေးထားရာ တစ်စောင်ကို ဥယျာဉ်စိုက်ပျိုးနေသူ လူကြီးလက်သို့ပေးခဲ့လျှင် ဖြစ်သော်လည်း နောက်တစ်စောင်ကို ပေးခဲ့ဖို့ရန် လူရှာရဦးမည်ဖြစ်၏။ သို့ဖြစ်၍ ထိုသူကို မည်သို့ရအောင်ရှာရပါမည်ဟု အကြံထုတ်နေစဉ်မှာပင် မုန့်များကို ပါးစပ်ထဲတွင်ပလုပ်ပလောင်းသွင်းကာ ဝါးမျိုလာသော သူငယ်ကလေးတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူငယ် ကလေးသည် ထိုအိမ်တွင် ခိုင်းစေသည့် သူငယ်ကလေး ဖြစ်ပုံရပြီး သူမုန့်စားလာပုံကိုထောက်ချင့်ကာ သူသည် မုန့်ခိုးစားပြီး အပြင်သို့ထွက်လာခြင်း ဖြစ်မည်ဟု အကဲခတ်နိုင်ပေ၏။

"ဟေ့ မောင်ပါ၊ လာပါဦး"

ခင်မောင်ကြီးက ရင်းရင်းနှီးနှီး ခေါ်လိုက်၏။ သူငယ်ကလေးသည် ခင်မောင်ကြီး၏အနီးသို့ကပ်လာပြီးနောက် ဘယ်လိုလူစားမျိုးပေနည်း ဟု စစ်ဆေးသည့်အလား ခင်မောင်ကြီးအား ခြေဆုံးခေါင်းဖျားကြည့်လိုက်ပြီးလျှင် "ကျွန်တော့်နာမည်အပါမဟုတ်ဘူးဗျ။ စိုးဝင်း" ဟု ပြန်၍ ပြောပြလေ၏။

"အော် မောင်စိုးဝင်းလား၊ ငါက အပါမှတ်လို့"

"ဟုတ်တယ် စိုးဝင်းဗျ။ အပါ မှုတ်ဘူး"

"ဟေ့ မောင်စိုးဝင်း၊ မင်းငွေတစ်ကျပ်ယူမလား"

"ဗျာ"

စိုးဝင်းသည် ခင်မောင်ကြီး၏ စကားကို နားမလည်သည့်အလား ပြန်၍မေးလိုက်၏။

ခင်မောင်ကြီးသည် ကလေးများအား ဂျောက်ဂျက်အရုပ်ကလေးပြပြီး မြူသလို ဒင်္ဂါးတစ်ကျပ်ကို မိမိမျက်နှာနားတွင် ကပ်၍ထောက်ပြကာ ပါးစပ်ကိုလည်း သွားအကုန်ပေါ်အောင် ဖြဲ၍ပြလိုက်လေ၏။

စိုးဝင်းသည် ဒင်္ဂါးကိုမြင်လျှင် တစ်မျက်နှာလုံးပြုံးသွားကာ ဘာစကားကိုမျှ မပြောသေးဘဲ ဒင်္ဂါးကို ဆတ်ခနဲလှမ်း၍ ဆွဲလိုက်၏။ သို့သော် ခင်မောင်ကြီးက ဒင်္ဂါးကို မျက်လှည့်ဆရာဖျောက်ပြသလို လက်ဝါးထဲတွင် ဖျောက်လိုက်သဖြင့် စိုးဝင်းလက်ထဲသို့ ဒင်္ဂါးပါ၍ မသွားဘဲ ရှိလေ၏။

"မင်း ဒီငွေတစ်ကျပ်ကို လိုချင်ရင် ဟောဒီစာကို မင့်သခင်မ ဖုန်းဖုန်းလက်ထဲကို ရောက်အောင်ပေးရမယ်။ ဟုတ်လား"

စိုးဝင်းသည် ခေါင်းညိတ်ပြလိုက်ပြီး လက်တစ်ဖက်ကို ရှေ့သို့ ဆန့်၍ လက်ဝါးကိုဖြန့်လိုက်၏။ ခင်မောင်ကြီးသည် ထိုလက်ထဲသို့ စာရွက်ကလေးကို ထည့်လိုက်သည့် ခဏတွင် စိုးဝင်းက နောက်လက်ဝါးတစ်ဖက်ကို ဖြန့်လိုက်ပြန်သဖြင့် ထိုလက်ထဲသို့ ဒင်္ဂါးကို ထည့်လိုက်ရ ပြန်လေ၏။

ထို့နောက် ခင်မောင်ကြီးသည် ဝမ်းသာအားရသော မျက်နှာဖြင့် ထွက်ခွာသွားသည့် စိုးဝင်းကို ကြည့်နေပြီးနောက် အိမ်ထဲသို့ စိုးဝင်း ဝင်ရောက် ပျောက်ကွယ်သွားတော့မှ ခင်မြရီနှင့် ဥယျာဉ်မှူးကြီး ရှိရာသို့ လှည့်၍ လာခဲ့လေ၏။

သို့ရာတွင် ဥယျာဉ်မှူးကြီးအနီးတွင် မြမြမရှိတော့ချေ။ မြမြက မိမိအား နှုတ်ဆက်သွားသည့်စကားကို ဥယျာဉ်မှူးကြီးမှ တဆင့် ပြောကြားရန် မှာကြားပြီး ထွက်ခွာသွားပြီ ဖြစ်ပေ၏။

Commercial use of this book will be at your own risk

ထိုသို့ မိမိကို ပြန်၍ တွေ့ရအောင်မှ မစောင့်ပဲ မြမြထွက်ခွာသွားခြင်းကို ခင်မောင်ကြီးသည် အနည်းငယ်မျှ စိတ်မဆိုး၊ ပို၍ပင် ဝမ်းသာကျေးဇူးတင်မိပေ၏။ သူ့အဖို့မှာ မြမြရှိနေလျှင် ၎င်း၏ရှေ့တွင် အဖိုးကြီးလက်ထဲသို့ စာပေးခဲ့ဘို့ရန် ခက်နေဦးမည်။ ယခုမူ ဘယ်သူ့ ကိုမှ ရှက်မနေရတော့ပေ။

"ဗျို့ ဒီမှာ ဆရာကြီး"

ဆရာကြီး ဟူ၍ အမည်ပေးပြီး ဗျို့တပ်၍ အခေါ်ခံရသူမှာ ခင်မောင်ကြီးထင်ထားသလို ဉယျာဉ်မှူး တစ်ယောက် မဟုတ်ပေ။ ခင်ဖုန်း၏ ဖခင် စစ်ကဲကြီး ဦးလတ်ဖြစ်ပေ၏။

ဦးလတ်မှာ လူတိုင်းက တရိတသေ နှုတ်ဆက်ခေါ်ပြောကာ ဘုရားထူးကြရသူတစ်ဦး ဖြစ်လေရာ ယခုလိုစကားမျိုးကို မကြားစဘူးကြားရသည့်အခါ မျက်နှာ ရှုံ့သွားလေ၏။ ကုန်း၍ သစ်ပင်စိုက်နေသော ကိုယ်ခန္ဓာသည်စပရိန် လွှတ်လိုက် သလို ဆတ်ကနဲထောင်၍ ထလာလေ၏။ သည့်နောက် ဦးလတ်သည် ခင်မောင်ကြီး၏ ရှေ့တွင် မားမားမတ်မတ်ရပ်ပြီး ခါးထောက်လိုက်လေ၏။

"ဘယ့်နှယ်ကွဲ့"

ခင်မောင်ကြီသည် ဦးလတ်၏ လက်ထဲသို့ စာကို ဦးစွာထည့်လိုက်ပြီး "အဲဒီစာကို ထိပ်တင်ဖုန်းနဲ့ တွေ့တွေ့ချင်း ပေးလိုက်ပါ။ သိပ်အရေးကြီးတယ်။ ရော့ ခင်ဗျားသုံးဖို့ ငွေတစ်ကျပ်" ဟုဆိုကာ ဦးလတ်၏ လက်ထဲသို့ နောက်ထပ် ငွေတစ်ကျပ် ထည့်လိုက်လေ၏။

ခင်မောင်ကြီးသည် စာကိုပေးပြီးလျှင် ပြီးချင်း ထိုနေရာမှ ထွက်၍ မသွားမိခဲ့လျှင် ဦးလတ်၏ တူးရွန်းငန်းပြား အောက်တွင် ပုံ၍သော်လည်း သွားမည်။ သို့မဟုတ် လှမ်း၍ပေါက်လိုက်သည့် မြေစိုင်မြေခဲ ဖြင့် ကပွဲခြင်းသော်လည်း ခံရမည်ဖြစ်၏။ သို့ရာတွင် ဦးလတ်သည် ခင်မောင်ကြီး ပေးခဲ့သော်စာကို ဖတ်ပြီးသည့်အဆုံးတွင် ဒေါသ ဟုန်းဟုန်းတောက်ကာ တူးရွန်းငန်းပြားကိုကောက်၍ ကိုင်လိုက်မိသည့်အချိန်တွင် ခင်မောင်ကြီးသည် ခြံပြင်သို့ ရောက်ရှိ သွားပြီ ဖြစ်ပေ၏။

ဦးလတ်သည် စာကိုထပ်မံ၍ ဖတ်ပြန်၏။ စာအစတွင် "ခင်" ဟု ရေးထားသည်ကို တွေ့ရသည့်အခါ မိမိ၏ နှုတ်ခမ်းမွေးကြီးကိုစမ်းကြည့်လိုက်မိ၏။ ထိုအခါ ဦးလတ်သည်ပြုံးချင်သလိုလိုဖြစ်မိပြီးမှ "ငါ့ကို တမင်စော်ကား တာတော့ မဟုတ်ဘူး၊ ငါ ခင်ဖုန်း အဖေဖြစ်မှန်း မသိလို့ အစေခံမှတ်ပြီး စာပေးခိုင်းတာ ဖြစ်မှာပဲ" ဟုတွေးကာ စာကို ဆက်၍ ဖတ်ကြည့်လေ၏။

**"မောင် ဒေါ်နှင်းခက်ခြံထဲမှာ နေသည်။ အိမ်ခပ်သစ်သစ်၊**
**အုတ်ကျွတ် မိုးအနီနဲ့ ရှာရင် လွယ်လွယ်နဲ့ တွေ့နိုင်ပါသည်။**
**တွေ့လိုလျှင်လာပါ။ အသင့် အမြဲစောင့်နေပါမည်။"**

**ကားထဲကလူ**

ဦးလတ်သည် စာကိုဖတ်ကြည့်၍ ဆုံးသည်တွင် တန်တော့ ခင်ဖုန်းကြိုက်နေတဲ့ အကောင်ဆိုတာ ဒီအကောင်ဖြစ်မှာပဲ။ ကြည့်စမ်း ရဲရဲ တင်းတင်း၊ ဒီအနားတောင် လိုက်လာတာ၊ ဒီအကောင် မရိုးဘူး။ ရိုးရိုးချစ်ရုံ ချစ်တာမျိုးမဟုတ်ပဲ၊ ပစ္စည်းကို အရယူဖို့ ကြံတဲ့အကောင် ဖြစ်မှာပဲ ဟု တွေးလိုက်မိ၏။ သို့ဖြင့် ထိုကိစ္စကို မိမိ၏ နှမအား တိုင်ပင်မှ ဖြစ်တော့မည်ဟု အောက်မေ့ကာ ထိပ်တင်စုနှင့်တွေ့ရန် အိမ်ထဲသို့ ခပ်မြန်မြန် လျှောက်၍ သွားလေ၏။

ခင်ဖုန်းသည် အိမ်နောက်ဖေးရှိ ဗာဒံပင်ကလေးအောက်က တန်းလျားတွင်ထိုင်၍ ဝတ္ထုစာအုပ်တစ်အုပ် ဖတ်နေစဉ် စိုးဝင်းရောက်လာကာ "မမဘုရားကို လူတစ်ယောက်က ဟောဒီစာပေးသွားတယ်ဘုရာ့" ဟုပြောပြောဆိုဆို စာကိုလှမ်း၍ ပေးလိုက်လေ၏။

Commercial use of this book will be at your own risk

ခင်ဖုန်းသည် ဖတ်နေရာက ခေါင်းထောင်၍ ကြည့်ကာ လက်ထဲက စာအုပ်ကို ချလိုက်လေသည်။

"ဘယ်သူ ပေးလိုက်တဲ့ စာများပါလိမ့်"

သို့တွေးတောရင်း ခင်ဖုန်းသည် စိုးဝင်း၏လက်ထဲမှ စာကို လှမ်း၍ ယူလိုက်၏။ ထိုနောက် စာရွက်ခေါက်ကလေးကို ဖြန့်၍ ကြည့်လိုက်ရာ စာဆုံးသည်နှင့် ခင်မောင်ကြီး၏ စာဖြစ်မှန်းသိရ၍ ဝမ်းသာသွားလေ၏။

မိမိသည် ခင်မောင်ကြီးအား အဘယ်နေရာတွင် လိုက်၍ ရှာရမည်ကို မသိပဲ၊ မည်ကဲ့သို့ နီးနီးစပ်စပ် အဆက်အသွယ် ရရှိအောင်လုပ်ရမည်ကို စဉ်းစား၍ မရရှိနေစဉ်တွင် ယခုလို ခင်မောင်ကြီးထံက စာကို ရလိုက်ခြင်းသည် နတ်မင်းတို့ ကူညီဖန်တီး ပေးခြင်းဖြစ်လေရော့သလား ဟု ခင်ဖုန်း၏ စိတ်ထဲတွင် အတွေးဝင်မိလေ၏။

"ဟဲ့ စိုးဝင်း၊ နင် – ဒေါ်နှင်းခက်တို့ ခြံဆိုတာ သိသလား"

"သိပါတယ် ဘုရာ့၊ အရင်တစ်ခါ ကျွန်တော် ကြက်ဥသွားဝယ်တဲ့အိမ်ပေါ့ ဘုရား"

"အေး အဲဒီအိမ်မှာ မမရဲ့ အသိတစ်ယောက်နေတယ်။ သူ့ဆီကို စာပေးလိုက်ချင်တယ်"

"ကောင်းပါပြီ ဘုရား"

"နောက်ပြီးတော့။ ဟဲ့ စိုးဝင်း"

"ဘုရား"

"ဒါကို ဘယ်သူ့ကိုမှ မသိစေရဘူး"

"မှန်ပါ့ ဘုရား"

ထိုအချိန်တွင် ဦးလတ်၏ စာကြည့်ခန်းထဲတွင် အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပလျက်ရှိကာ ဒေါ်ရွှေစုအား သဘာပတိထားပြီး ဦးလတ်က ခင်မောင်ကြီး၏အစီရင်ခံစာကို ဖတ်ကြားတင်ပြနေပေ၏။ အစည်းအဝေးတက်သူများမှာ အားလုံးပေါင်းမှ သုံးယောက်သာရှိပြီး ဦးလတ်နှင့် ထိပ်တင်စုတို့အပြင် ကျန်တစ်ယောက်မှာ ထိပ်တင်ဆွေ ဖြစ်ပေ၏။

ဦးလတ်သည် မိမိအား အစေခံ ထင်မှတ်ခံရခြင်းကို သဘာပတိ ဒေါ်ရွှေစုထံ တိုင်ကြားရသည့်အတွက် မျက်နှာမှာ ခပ်ရှက်ရှက်ဖြစ်နေ၏။ ထိပ်တင်ဆွေ၏ မျက်နှာမှာ ခက်ထန်လျက်ရှိပြီး ဒေါ်ရွှေစု၏ မျက်နှာမှာမူ မချရသေးသော မသာနှင့် တူနေပေ၏။

ဒါကြောင့် ကိုရင့်ကို အစကကျွန်မပြောတယ်မဟုတ်လား။ အိမ်မှာ ခိုင်းစရာ စေစရာတွေ ဒါလောက်တောင် ပေါများနေရက်သားနဲ့ သင်းတို့ကို မခိုင်းပဲ ကိုယ်တိုင်ဉယျာဉ်မှူးလုပ်နေရသလားလို့၊ အခုတော့ ဒီလိုအထင်ခံရတာ နည်းတောင်နည်းသေးတယ်"

"အို ဒါကိုပြောမနေပါနဲ့လေ"

ထိပ်တင်ဆွေက ဟန့်တားပြီး စကားကို ဆက်ပြန်သည်။

Commercial use of this book will be at your own risk

"အခု အကြောင်းစုံသိရပြီ မဟုတ်လား။ ဒီနေ့က စပြီး ဖုန်းဖုန်းကို သူတစ်ယောက်တည်း မပြောနဲ့၊ ဘယ်သူ့နဲ့မှ အပြင်ကို မထွက်ရအောင် မျက်စေ့အောက်က အပျောက်မခံပဲ ထားမှ ဖြစ်တော့မယ်"

ထိပ်တင်ဆွေ၏ အဆိုတင်သွင်းချက်သည် ဦးလတ်၏ နားထဲသို့မဝင်။ သူ့စိတ်ထဲတွင် "ဒီကောင့်နယ်နော် ပေးစရာ ရှားလွန်းလို့ ငါ့လက်ထဲကိုမှ လာပြီး ပေးရလေတယ်။ လောကမှာ ဒါလောက် အ, တဲ့လူများလည်း ရှိသေးသကိုး၊ ရယ်စရာပဲကောင်းသေးတော့" ဟု တွေး၍ ပြုံးမိလေ၏။

ဒေါ်ရွှေစုသည် ဦးလတ်၏ ပြုံးစိစိ မျက်နှာထားကို မနှစ်သက်သော အမူအရာဖြင့် ကြည့်ပြီး –

"ကိုရင့်နယ် ဒါလောက်တောင် အရေးကြီးတဲ့ ကိစ္စကို ရယ်စရာများ မှတ်နေရော့သလား။ အဲဒီစာကို မိခင်ဖုန်း လက်ထဲရောက်အောင် ကိုယ်တိုင်ကိုယ်ကျများ ပေးချင်နေသေးသလား"

ဦးလတ်သည် ခင်မောင်ကြီးပေးသွားသော မိမိ၏ လက်ထဲရှိ ဗွေက်ဘုရင် ထိပ်ပြောင်ကြီးနှင့် ဒင်္ဂါးကို အပြန်အလှန် ကြည့်ကာ ပြုံးစိစိ လုပ်နေပြန်လေ၏။

စင်စစ်အားဖြင့် ဦးလတ်သည် ဤကိစ္စအတွက် အရေးတကြီးမိသားစုအစည်းအဝေးခေါ်လိုသည့် ဆန္ဒက အနည်းငယ် မျှသာရှိပြီး မိမိအား အစေခံ အထင်ခံရခြင်းကို ရယ်စရာကောင်းနေသည့် အဖြစ်အပျက်တစ်ရပ်အနေဖြင့် ပြောလိုသည့် ဆန္ဒကပို၍ကဲသဖြင့် အစည်းအဝေးလုပ်ရခြင်း ဖြစ်၏။ သူသည် အိမ်တွင်းရေးကိစ္စများတွင် စိတ်ဝင်စားလှသူမဟုတ်။ မိမိ၏ ပန်းပင်သစ်ပင်တို့နှင့် ပျော်နေရလျှင် တစ်အိမ်လုံး ဖြစ်ချင်ရာဖြစ်ပါစေ ဟု သဘောထားသူ တစ်ဦး ဖြစ်ပေ၏။

"ကဲ ကိုရင်၊ ဒီအကြောင်းတွေကို ရှည်ရှည်ဝေးဝေး ပြောမနေနဲ့တော့၊ အဲဒီခွေးမျိုး သပေါက်မသားဆီကို မြန်နိုင်သမျှ အမြန်ဆုံးသွားပြီး ဆုံးမမှ ဖြစ်တော့မယ်"

"သူ့အိမ်ကို သွားပြီး ငါက ဆုံးမရမယ်လား။ အင်း သူ့ကို ငါက မဆုံးမရခင် သူက သူ့အိမ်ထဲ ဝင်ရကောင်းလားလို့ ငါ့ကို ဆုံးမလိုက်တော့မှ"

"ကဲ ကိုရင်၊ သွားမလား မသွားဘူးလား ပြော"

ဒေါ်ရွှေစုသည် ဦးလတ်အား အိပ်မွေ့ဆရာ အမိန့်ပေးသည့် အကြည့်မျိုးဖြင့် ကြည့်၍ ပြောလိုက်၏။ သည်တွင် ထောင်ထောင် ထောင်ထောင် လုပ်နေသော ဦးလတ်၏ ခေါင်းမှာ လိပ်ခေါင်းလို ပုဝင်သွားကာ "သွားမယ် သွားမယ်၊ သွားပါ့မယ်၊ စိတ်ချ" ဟု ဝန်ခံ ကတိပေးပြီး အခန်းထဲက ထွက်ပြေးရလေ၏။

ခင်မောင်ကြီးသည် ထိုနေ့အဖို့ မိမိ၏ အကြံအစည်အတော်ပင် အောင်မြင်ခရီးရောက်ခဲ့ပေပြီ ဟု ဝမ်းမြောက်ကာ မြေပြင်တွင်ခြေတင်ရသည် ဟူ၍မျှမထင်ပဲ ပေါ့ပါးဖျတ်လတ်စွာအိမ်သို့ပြန်၍ လျှောက်လာခဲ့၏။ ထိုသို့လျှောက်လာ ရာတွင် နောက်နားဆီမှ မော်ကားကားဟွန်းသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသဖြင့် ရုပ်သေးထဲက ဇော်ဂျီခုန်သလို ခြေကားယား လက်ကားယားဖြင့် လမ်းဘေး ပလက်ဖောင်းပေါ်သို့ ခုန်၍ တက်လိုက်မိလေ၏။

ကားပေါ်တွင်ပါလာသူသည် ရှေ့ကလူတစ်ယောက် လန့်ဖျပ်သွားပုံကို နှစ်သက်အားရစွာ ရယ်မောမိပြီးလျှင် အနည်းငယ် လွန်သွားမှ လှည့်ကြည့်လိုက်ရာ ခင်မောင်ကြီး ဖြစ်သည်ကို တွေ့မြင်ရသဖြင့် ကားကိုရပ်ပြီး စိုက်ကြည့်နေမိ၏။ ပြီးမှ သိဟောင်း ကျွမ်းဟောင်း တစ်ယောက်ကို တွေ့ရသည့် အနေမျိုးဖြင့် လှမ်း၍ နှုတ်ဆက်လိုက်၏။

"ဟာ ကို"

Commercial use of this book will be at your own risk

ထိုသူသည် ခင်မောင်ကြီး၏ နာမည်ကို မခေါ်တတ်သဖြင့် "ဟာ ကို" နှင့် စကားရပ်သွားလေ၏။ ခင်မောင်ကြီးကမူ ထိုသူသည် စောလွင် ဖြစ်ကြောင်း ကောင်းစွာ သိနေသဖြင့် စောလွင်က မိမိအား သိဟောင်းကျွမ်းဟောင်းအဖြစ် နှုတ်ဆက်လိုက်သကဲ့သို့ မိမိကလည်း ပြန်၍ နှုတ်ဆက်လိုက်၏။

"ဟဲလို"

စောလွင်သည် လူတကာနှင့် တွေ့သမျှမရှောင် ပေါင်းသင်း အသိဖွဲ့တတ်သူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် လူတိုင်းကို အဖက်တန်သည်ဟု သဘောမထားပဲ ကိန်းကြီးခန်းကြီးလုပ်နေတတ်သော ဒေါ်ရွှေစုကြီးက ဤကိစ္စနှင့် ပတ်သက်၍ မိမိ၏လင်ပါသားအတွက် မကြာခဏ စိတ်နှင့်အခန့်မသင့်ပဲ ရှိမိပေ၏။ မည်သို့ရှိစေ ဒေါ်ရွှေစုသည် တစ်အိမ်သားလုံး အပေါ်တွင် ဩဇာရှိသော်လည်း စောလွင်ကိုမူ ကား ဩချအရှုံးပေး ရသူဖြစ်လေသည်။

စောလွင်သည် ဒေါ်ရွှေစုကို မိထွေးလို သဘောမထား၊ မိမိ၏ ဖခင်က ယူလိုက်မိသည့်အတွက် မတော်တဆ တော်စပ်ရသည့် အမေတစ်ယောက်ကဲ့သို့ သဘောထားကာ ဒေါ်ရွှေစု မနှစ်သက်၍လဲပြီး သေသေ၊ မိမိအား ဖခင်ဖြစ်သူ ခွဲဝေပေးခဲ့သည့်အမွေနှင့် စားနိုင်သောက်နိုင်ဖြစ်သည့်အတိုင်း မည်သူ့ကိုမျှဂရုမထား၊ သွားချင်သလိုသွား လာချင် သလိုလာ နေချင်သလိုနေသူတစ်ဦးဖြစ်ပေ၏။

စောလွင်သည် မိမိ၏ ကားအနီးသို့ ခင်မောင်ကြီးရောက်လာသည့်တိုင်အောင် ကားပေါ်မှ သမင်လည်ပြန် ကြည့်နေပြီးမှ ပြုံးသော မျက်နှာဖြင့် "ခင်ဗျားကို ကျွန်တော်မြင်ဖူးပါတယ်" ဟု ပြောလိုက်လေသည်။

"မြင်ဖူးမှာပေါ့၊ ဟိုတစ်နေ့က ခင်ဗျား ကားပျက်နေတုန်းကလေ"

"ဟာ သိပြီ သိပြီ၊ အစစ်ပေါ့၊ ခင်ဗျားနဲ့တွေ့ဖူးတာပေါ့။ ဒါပေမယ့် နေပါဦး၊ ခင်ဗျားဘယ်မှာနေသလဲ"

"ကျွန်တော်လား၊ ဟိုရှေ့နားမှာပဲ၊ တယ်ပြီးမဝေးလှပါဘူး၊ ခင်ဗျားကော ဘယ်သွားမလို့လဲ"

"ဘယ်ကိုမှ သွားမယ်လို့ စိတ်ကူးမရှိပါဘူး၊ အားလို့ကားလျှောက်မောင်းနေတာပဲ။ အခု ခင်ဗျားအိမ်ကို ပြန်မလို့လား၊ လိုက်ပို့ပေးမယ်လေ"

"ကောင်းသားပဲ၊ ဒီလိုဆို ကျေးဇူးပေါ့ခင်ဗျာ"

စောလွင်က ကားတံခါး ဖွင့်ပေးလိုက်သဖြင့် ခင်မောင်ကြီးက ကားပေါ်သို့ တက်သွားလေသည်။ ခင်မောင်ကြီးသည် ခင်ဖုန်း၏ အိမ်သူအိမ်သားထဲက တစ်ဦးတစ်ယောက်နှင့် အသိဖြစ်ရလျှင် ကောင်းလေစွ၊ ထိုသို့သိရလျှင် ထိုအိမ်သို့ အဝင်ရ အထွက်ရချောင်မည်ဟု စိတ်ကူးနေသည့်အထဲက ယခုလို စောလွင်နှင့် အခန့်သင့်တွေ့ရ သိကျွမ်းရသည့် အတွက် များစွာဝမ်းသာမိလေ၏။

"နေပါဦး၊ ခင်ဗျားနာမည် ဘယ်သူ"

"ခင်မောင်ကြီး"

"သြော် ဟုတ်လား"

"နေပါဦး၊ အခုလိုပြောတာ ခင်မောင်ကြီးဆိုတာ မယုံလို့လား"

"မဟုတ်ပါဘူး၊ မေးတာပါ"

"နို့ ကျွန်တော်ဖြေလိုက်ပါပကောလား"

Commercial use of this book will be at your own risk

"သြော်"

"အင်း"

"ဟဲဟဲ ကျွန်တော့်နာမည်လည်း ပြောရဦးမယ်။ ကျွန်တော့်နာမည်က စောလွင်ပါ။ စစ်ကဲကြီး ထိပ်တင်လတ် အိမ်မှာနေပါတယ်"

"သြော် ဟုတ်လား"

ခင်မောင်ကြီးက စောလွင်၏ အသုံးအနှုန်းဖြင့် ပြန်၍ ပြောလိုက်ရာ စောလွင်မှာ နှစ်ခြိုက်သဘောကျကာ မရယ်ပဲ မနေနိုင်အောင် ရှိလေ၏။

ခင်မောင်ကြီး၏ အိမ်ရှေ့တွင် ကားဆိုက်လိုက်သည့်အခါ ခင်မောင်ကြီးက ကားပေါ်မှ မဆင်းသေးပဲ စောလွင်အား "အိမ်ပေါ် မတက်တော့ဘူးလား၊ လက်ဖက်ရည်လေး ဘာလေး သောက်သွားပါဦး" ဟု ဖိတ်ခေါ်လိုက်လေ၏။

"ဒီနေ့တော့ အချိန်မရှိတော့ဘူး ထင်တယ်။ မနက်ဖြန်မှပဲ စောစောလာတော့မယ်။ ခင်ဗျား ဘယ်မှ မသွားနဲ့နော်"

"ကောင်းပါပြီဗျာ၊ စောင့်နေပါ့မယ်"

ထိုသို့ပြောပြီးနောက် ခင်မောင်ကြီးသည် ကားပေါ်မှ ဆင်းပြီလျှင် စောလွင်အား "ချီရီးယို" ဟု နှုတ်ဆက်လိုက်၏။

"ခင်ဗျာ"

စောလွင်က ခင်မောင်ကြီး ဘာပြောသည်မသိ၍ မေးမိလေသည်။

"ကျွန်တော် နှုတ်ဆက်တာပါ"

"သြော် ဟုတ်လား"

ခင်မောင်ကြီးမှ အဖြေရ အပြောရကျပ်ပြီး ရပ်ကြည့်နေမိ၏။ ထိုအခါမှ စောလွင်က လက်တစ်ဖက်ကို မြှောက်၍ "သွားတော့မယ် တစ်ကော့" ဟု ဆိုပြီး ကားမောင်းထွက်သွားဖြင့် ခင်မောင်ကြီးသည် ပြုံးပြီး ကျန်ရစ်ခဲ့လေ၏။

စောလွင်သည် လူအားတစ်ယောက်ဖြစ်၏။ သို့ဖြစ်သည့်အတိုင်း နောက်နေ့ ညနေတွင် ခင်မောင်ကြီးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်၍လာလေ၏။ ခင်မောင်ကြီးသည် စောလွင်လာမည်ဖြစ်၍ ဒေါ်နှင်းခက်ကို ခေါ်ထားကာ လက်ဖက်ရည်စသည့် စားသောက်စရာများကို အသင့်ပြင်ထားခိုင်းရလေ၏။

သို့နှင့် စောလွင်ရောက်လာသည့်အခါ ခင်မောင်ကြီးက "ဒေါ်နှင်းခက် လက်ဖက်ရည်ယူခဲ့ပါ" ဟု ပြောလိုက်ရာတွင် စောလွင်သည် ဒေါ်နှင်းခက် ဟူသော စကားကို ကြားရသည်နှင့် တစ်စုံတစ်ရာကို တွေးမိကာ လက်ဖက်ရည် ယူလာသော ဒေါ်နှင်းခက်၏ မျက်နှာကို သေသေချာချာ ကြည့်မိလေ၏။

ဒေါ်နှင်းခက်သည် လက်ဖက်ရည်ပွဲကိုချခဲ့ပြီး အိမ်နောက်ဖေးဖက်သို့ပြန်၍ ဝင်သွားတော့မှ စောလွင်က ခင်မောင်ကြီး အား "သူက ဘာတော်လဲ" ဟု မေးလိုက်လေသည်။

Commercial use of this book will be at your own risk

"ဘာမှမတော်ပါဘူး၊ ကျွန်တော်ကတစ်ယောက်တည်း ဒီအိမ်ကိုငှားပြီးနေတာပါ။ သူတို့က သူတို့ဆိုတာ ဒေါ်နှင်းခက်တို့ လင်မယားက အိမ်ငှားမရှိတဲ့အခါ အိမ်ရှောခြံပါစောင့်ရတယ်။ အခုတော့ ကျွန်တော် တစ်ယောက်တည်းဖြစ်နေလို့ သူတို့ကပဲ ချက်ပြုတ်ကျွေးမွေးနေကြတယ်။"

စောလွင်သည် မျက်လုံးပြူးသွား၏။ ပြီးတော့ သူတွေးဆ၍ ရသည့်အချက်ကို ဖွင့်ဟ၍ ပြောလိုက်၏။

"ဒါဖြင့်ရင် ခင်ဗျားဟာ အဲဒီငနဲပေါ့"

"ဘာဗျ"

"ဟိုငနဲလေ"

"ဘာငနဲလဲ၊ ဘယ်ငနဲလဲ"

"ငနဲလို့ဆိုတာကို စိတ်မဆိုးပါနဲ့၊ ခင်ဗျားကို တစ်အိမ်လုံးက ငနဲလို့ပဲ ခေါ်ကြ၊ အသိအမှတ်ပြုထားကြလို့ပါ။ ဒါကြောင့် ဒီအခေါ်စကားအတိုင်း ကျွန်တော့် ပါးစပ်က လွှတ်ခနဲ ထွက်သွားမိတာပါ။ ခင်ဗျားအတွက်ဟာ အိမ်ထဲမှာ နန်းတွင်း အရေးတော်ပုံပေါ်နေတယ်။ ခင်ဗျားနဲ့တွေ့ရတော့မှ ခင်ဗျားဟာ သူတို့ပြောတဲ့ခင်ဗျားပဲ ဆိုတာ သိရတော့တာပါပဲ"

"နို့ ဟုတ်သားပဲ၊ ကျွန်တော်ဟာ ကျွန်တော်ပေါ့"

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောချင်တာက ခင်ဗျားဟာ ခင်ဗျား၊ အဲလေ ဟိုငနဲဆိုတာဟာ ခင်ဗျားပဲကိုးလို့"

"ဘယ့်နှယ်လဲ"

"သြော် ဒီလိုလား၊ အမှန်ကိုပြောရရင် ခင်ဗျားတို့ အတွင်းရေးကိစ္စတွေမှာ ကျွန်တော် မပါဝင်ချင်ပါဘူး။ ဒါပေမယ့် ဒီအကြောင်းက ဒီလိုရှိလေတော့"

"ဘယ်အကြောင်းက ဘယ်လိုရှိနေတာလဲဗျာ၊ ဒီအကြောင်းတွေဆိုတာ ကျွန်တော်လည်း မသိရသေးပါလား"

"ပြောမယ်လေ၊ နားထောင်ပါဦး။ ခင်ဗျားကို ဖုန်းဖုန်းက ကြိုက်နေတယ်ဆိုတာ တစ်အိမ်သားလုံးသိနေကြတယ်။ ဖုန်းဖုန်းဆိုတာက ကျွန်တော် မတော်တဆတော်ရတဲ့ မိထွေးကိုအကြောင်းပြုပြီး နှမဝမ်းကွဲတော်နေရတဲ့သူကလေးပါ။ အဲဒီလို ကျွန်တော့် နှမဝမ်းကွဲနဲ့ ခင်ဗျားနဲ့ ချစ်နေကြတာကို ပေသီးလည်း သိတယ်။ ပေသီးဆိုတာက ဖုန်းဖုန်းရဲ့မောင် ထိပ်တင်ဆွေ။ ရန်ကုန်မြို့ထဲမှာ ခင်ဗျားက ဆံပင်ဆွဲဆောင့်တာခံရတဲ့သူ။ အဲဒီလိုခံခဲ့ရတဲ့တွက် ခင်ဗျားကို သူဒေါ်ပွလို့မဆုံး ဖြစ်နေတယ်။ တစ်အိမ်လုံးက ခင်ဗျားနဲ့ ကြိုက်ရမလားလို့ ဖုန်းဖုန်းကို စိတ်ဆိုးနေကြတယ်။ အဲဒီလိုဖြစ်နေတဲ့အထဲမှာ ခင်ဗျားက ဒီအနီးအနားကိုပါ လာပြီး နေပြန်တော့ အရေးတော်ပုံဟာ ပိုပြီးကြီးလာတာပေါ့"

"ဗျာ ဖုန်းဖုန်းက ကျွန်တော့်ကို ကြိုက်နေတယ်လား"

ခင်မောင်ကြီးသည် အံ့အားသင့်စွာဖြင့် မေးမိလေသည်။ ဖုန်းဖုန်းနှင့်မိမိတို့မှာ လူချင်းတွေ့လို့မှ စကားဆယ်ခွန်းပြည့်အောင်မပြောရသေးခင်က မိမိကို ဖုန်းဖုန်းကကြိုက်နေသည်ဆိုခြင်းကို စဉ်းစား၍ မရအောင်ရှိလေတော့၏။

ထို့အတူ ခင်မောင်ကြီး၏အမေးမှာလည်း စောလွင်ကို အံ့အားသင့်သွားစေ၏။

Commercial use of this book will be at your own risk

"အိုဗျာ ဒီကိစ္စဟာ ခင်ဗျားအဖို့ အသစ်အဆန်းမဟုတ်ပါဘူး။ ခင်ဗျားတို့ အချင်းချင်း မေတ္တာရှိနေကြတဲ့အလုပ်ကို မသိသလို ဟန်ဆောင်မနေနဲ့၊ ဖုန်းဖုန်းက ဒီကိစ္စကို ကျွန်တော့်ကို ပြောပြပြီးပါပြီ။ ခင်ဗျားကို ချစ်တယ်ဆိုတာကို သူပြောပြခဲ့လို့ ခင်ဗျားရင်ထဲမှာ ဖိုးကျိုင်းတုတ် ဖြစ်နေတယ် မဟုတ်လား"

"ဗျာ၊ သူက ကျွန်တော့်ကို ချစ်နေတယ်လို့ ခင်ဗျားကို ပြောပြတယ်လား"

ခင်မောင်ကြီးသည် မိမိကြားရသည့် စကားများကို မယုံနိုင်အောင်ပင် ရှိနေပေ၏။

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျား အပိုတွေလုပ်မနေနဲ့။ ကျွန်တော်ပြောပြမယ်။ ဖုန်းဖုန်းရဲ့ အဖေ ထိပ်တင်လတ်ရဲ့နှမ ထိပ်တင်စုဆိုတာ ကျွန်တော့်မိထွေး တော်တယ်။ သူ့မှာ ဘယ်လိုရောဂါဆိုးဝင်နေတယ် မသိဘူး၊ ကျွန်တော့ကို သူနဲ့၊ သူဆိုတာ ဖုန်းဖုန်းနဲ့ ပေးစားချင်နေတယ်။ ကျွန်တော်တို့ကလည်း သွေးသားမတော်စပ်ကြပေမယ့် ငယ်ငယ်လေးထဲက အတူတကွနေလာခဲ့ကြတော့ မောင်နှမအရင်းလိုပါပဲ။ မောင်နှမအရင်း လို ဖြစ်နေကြတော့ သူ့ကိုချစ်ဖို့ ကြိုက်ဖို့ စိတ်ကူးလိုက်ရင် သူငယ်ငယ်တုန်းက နှပ်ချေးထူတာ နှပ်ချေးတွဲလောင်းနဲ့နေတာ မြင်မြင်ပြီး၊ နေပါဦး ခင်ဗျားရွှံတတ်သလား"

"မရွံ့တတ်ပါဘူး"

"ဒီလိုဆိုရင် ခင်ဗျားဟာ သူ့အပေါ်မှာ သစ္စာရှိတာ အမှန်ပဲ။ နောက်ပြီး ကျွန်တော်ကလည်း တခြားတစ်ယောက်ကို အသေအလဲကြိုက်နေတာက ရှိသေးတယ်။ ဖုန်းဖုန်းဆိုတာကလည်း ကမ္ဘာပေါ်မှာ ရှိရှိသမျှ ယောကျ်ားတွေ အကုန်သေပြီး ကျွန်တော်တစ်ယောက်တည်းပဲ ကျန်နေဦးတော့ ကျွန်တော့်ကို ယူမှာ မဟုတ်ဘူး။ သူ့စိတ်ထဲမှာလည်း ကျွန်တော်နဲ့ မောင်နှမလို၊ သူငယ်ချင်းလို အောက်မေ့နေတာပါ။နောက်ပြီး သူငယ်ငယ်တုန်းက နှပ်ချေးတွဲလောင်းနဲ့နေတာကို ကျွန်တော် ရွံ့သလို၊ ကျွန်တော်ငယ်ငယ်တုန်းက အိပ်ရာထဲ သေးပါတာကိုလည်း သူကရွံ့တယ်။ အဲဒါကြောင့် တစ်ယောက်ကိုတစ်ယောက် မောင်နှမလို ချစ်တဲ့အချစ်မျိုးကလွဲပြီး မချစ်နိုင်အောင် ရှိနေကြတဲ့အထဲက ကျွန်တော့် မိထွေးတော် ဂေါတမီ ဒေါ်ရွှေစုက သူ့ကိုယူဖို့ သူ့ကိုဆိုတာ ဖုန်းဖုန်းကိုယူဖို့၊ ကျွန်တော့်ကို နားပူနားဆာ လုပ်နေတဲ့အတောအတွင်းမှာ သူက ခင်ဗျားကိုကြိုက်နေပြီး ခင်ဗျားကလွဲရင် ဖွဲနဲ့ကြွက်ချေးလောက် အောက်မေ့နေတယ် ဆိုတာ သိရတော့ ကျွန်တော့်ရင်ဘတ်ထဲမှာ ဆို့နေတဲ့ အပူလုံးကြီးဟာ ဂလုခနဲမြည်ပြီး ကျသွားတာပေါ့။ ဘယ်သူမဆို ဒီလိုအခါမှာ ဒီလိုကြုံရရင် စိတ်သက်သာရာ ရကြစမြဲပေါ့ဗျာ၊ ကျွန်တော့်ဖြင့် အဲဒီအကြောင်းကြားရကတည်းက စိတ်ချမ်းသာပြီး သီချင်းကလေး တအေးအေး၊ ဒူးကလေး တန့်နှံ့နဲ့ တိန်တိန်ကို မြည်နေတာပဲပေါ့"

ခင်မောင်ကြီးသည် စောလွင်၏ စကားများကို ကြားရပြီးသည့်အဆုံးတွင် သူ့လိုပင် သီချင်းကလေး တအေးအေး၊ ဒူးကလေး တန့်နှံ့ ဖြစ်နေချင်မိ၏။ သို့ရာတွင် စောလွင်ပြောပြသည့်စကားများမှာ မိမိအဖို့ ယုံကြည်နိုင်စရာ မရှိအောင် ဖြစ်နေလေသည်။

မိမိအား ဖုန်းဖုန်းက ကြိုက်နေပါသည်ဟု ကြားရခြင်းသည် လွန်စွာ ဝမ်းမြောက်၍ သွေးနှထင်ရောက်စရာ ကောင်းသော အရာတစ်ခုကဲ့သို့ ထင်မြင်စရာဖြစ်ရ၏။ စောလွင်ကိုလည်း မိမိအားသတင်းကောင်းလာ၍ ပို့သည့် သတ္တဘာဂ နတ်တမန်ကဲ့သို့ အောက်မေ့မိကာ စောလွင်၏ ကိုယ်မှ လက်ရုံးနှစ်ဖက်က အတောင်များ ထွက်နေသကဲ့သို့ ပင် ထင်မြင်မိ၏။ သာယာသော ညနေခင်း၏ ပျံ့သင်းသော လေပြည်တွင် နတ်တို့၏ တူရိယာသံများသည် ပျံ့လွင့်လျက်ရှိနေသည်ဟူ၍လည်း ထင်မိ၏။

သို့ရာတွင် ခင်မောင်ကြီးမှာ စောလွင်ပြောသွားသည့်စကားများနှင့်ပတ်သက်၍ မိမိ၏ခံစားရချက်နှင့် ထင်မြင်ချက်များကို မည်သို့မျှ မပေးနိုင်ပဲရှိသည့်အတွက် "ဩော် ဒီလိုကိုး" ဟူ၍သာ နှုတ်မှထွက်လိုက်နိုင်ရာလေ၏။

စောလွင်သည် ခင်မောင်ကြီးကို ကြည့်၍ မနာလိုဖြစ်မိ၏။ အားလည်းကျ၏။ ထိုသို့ကြည့်ရာက "ကျပ်တာပဲဗျာ" ဟု ကောက်ကာငင်ကာ ညည်းညူလိုက်ရာ၊ ဘာများဖြစ်လာပါလိမ့်ဟု ခင်မောင်ကြီးမှာ တွေးတော စဉ်းစားမရအောင် ဖြစ်သွားရလေ၏။

Commercial use of this book will be at your own risk

“အိုင်ဆေး၊ မိန်းကလေး တစ်ယောက်ယောက်က ကြိုက်အောင် ဘယ်လိုများ လုပ်ကြသလဲမသိဘူး။ တချို့ငနဲတွေများ ရည်းစားထားတာ လွယ်လိုက်တာ၊ ငှက်ပျောသီးကို အခွံနွှာပြီးစားရတာကမှ ခက်လိမ့်ဦးမယ်။ ကျွန်တော်တော့ဗျာ ဘယ်လိုက စရမှန်းတောင် မသိဘူး။ ကျွန်တော် ကြိုက်နေတဲ့ မြာကလေးက ကျွန်တော့်ကို ကြည့်ပုံရှုပုံက တစ်မျိုးပဲဗျ။ ကျွန်တော့်ကို ဘယ်လိုများသူ့စိတ်ထဲမှာ အောက်မေ့နေသလဲတော့မသိဘူး။ အမြီးမပေါက်သေးတဲ့ မျောက်လောင်း ကလေးကို ကြည့်ရသလို သနားစရာ သတ္တဝါကလေးတစ်ကောင်လို အကြည့်မျိုးနဲ့ ကြည့်ကြည့် နေတာ တွေ့ရတယ်ဗျ”

စောလွင်သည် လေရှည်ကြီးဖြင့် သူ၏ခံစားရချက်ကို ပြောပြလိုက်လေသည်။ ခင်မောင်ကြီးကမူ သူ့စကားများကို ကြားရ၍ ရယ်ချင်မိကာ “အဲဒါ ခင်ဗျားဘက်က တစ်ဝက်သေချာနေပြီပေါ့” ဟုနောက်လိုက်၏။

“ဗျာ”

စောလွင်က မျက်လုံးကြီးပြူးပြီး မေးလိုက်သဖြင့် ခင်မောင်ကြီးက မိမိ၏စကားကို ထပ်၍ပြောဖို့ခက်နေသဖြင့် “အင်း အင်း ဆက်ပြီး ပြောပါဦး” ဟုပြောလိုက်ရတော့၏။

“သူ့ကြည့်ရတာ ကျွန်တော်က တစ်ခုခုစပြီး ခြေလှမ်းစချင်တဲ့အမူအရာမျိုးတွေ့ရတယ်။ တော်တော်ဉာဏ်များတဲ့ ဟာကလေးပါပဲဗျာ။ ဒါပေမယ့် ကျွန်တော်ကလည်း အူတူတူ အတတမို့ ဘာလုပ်ရမှန်းမသိဘူး။ စတင်ရန် ခက်ပါဘိ၊ အသက်ကြောင့် မောင့်ပူ ဆိုတာလို ဖြစ်နေတယ်”

ခင်မောင်ကြီးသည် အချစ်နှင့် ပတ်သက်လာလျှင် မိမိက စောလွင်ထက် ကံကောင်းသူတစ်ယောက်ဖြစ်သည်ဟု ဝမ်းမြောက်မိကာ မိမိလောက် အခြေမဟန်သူ တစ်ယောက်ကို မိမိမှတစ်ပါး အားပေးနိုင်မည့်သူ မရှိဟု နှလုံးပြုမိ၏။

“ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆိုတော့”

“အဲ အဲ၊ ပြောပါဦး။ ပြောပါဦး”

စောလွင်သည် မျှော်လင့်ချက်ကြီး တစ်ခွဲသားလောက်ဖြင့်မျက်လုံး ပေကလပ် ပေကလပ်လုပ်ကာ သခင့်လက်မှ အစာကို မြင်ရသော ခွေးကလေးပမာ အာသာငမ်းငမ်းနှင့် ဖြစ်နေပေ၏။

“ကျုပ်လည်း ဘယ်လိုလုပ်ရမလဲ မသိဘူး”

ခင်မောင်ကြီး၏ စကားမှာ ဟုတ်တော့မလိုလိုနှင့် အဖျားရှူးသွားသောကြောင့် စောလွင်မှာ ဖင်ထိုင်၍ လှဲချလိုက်ချင်မိအောင် ဖြစ်သွားရလေ၏။ ပြီးမှ ခင်မောင်ကြီးက စကားဆက်လိုက်ပြန်သည်။

“ကျွန်တော့်အဖို့ကတော့ ကံသက်သက်ပဲ ထင်ပါရဲ့။ အချစ်ဆိုတာ ကံရှိမှလည်း စွံတတ်တဲ့ အရာမျိုးဗျ။ ကျွန်တော့်မှာ ဘာများ ချစ်စရာ ကောင်းတယ် ရှိလို့လဲ”

“အစစ်ပေါ့။ ဘယ်လိုမှ အသုံးချစရာ မမြင်ဘူး”

“ဗျာ”

“ဟို – ဟိုဒင်းလေ၊ ကျွန်တော်ပြောလိုတာက ကံ၊ ကံ”

“ဒါကြောင့် ဖူးစာကံဟာ ဆန်းကြယ်တယ်လို့ ဆိုကြတာပေါ့”

Commercial use of this book will be at your own risk

"အဟုတ်ပဲဗျာ။ ကျွန်တော့်ကံဟာ နဖူးမှာ မရှိဘဲ၊ ဖိုက်မှာ ကပ်နေသလား မသိဘူး။ သူ့ကိုမြင်တိုင်း ဖိုက်ထဲက ယားကျိယားကျိ ဖြစ်ဖြစ်လာတယ်။ ပါးစပ်ကတော့ ဘာစကားကို စပြီး ပြောရမှန်းမိဘဲ အာစေးထည့်ထားတာ ကျနေတာပဲ"

"အဲဒါ ဆိုးတာလဲဗျာ"

ခင်မောင်ကြီး၏ သည်းလိုက်သံမှာ မျှော်လင့်ချက်စရာ လုံးဝပိတ်အောင် ကားလိပ်ချလိုက်သကဲ့သို့ ရှိသဖြင့် စောလွင်က စိတ်ပျက်ပျက်ဖြင့် "ကဲ ကဲ သွားလိုက်ဦးမယ်" ဟု ပြောပြောဆိုဆို သွားရန် ဟန်ပြင်လိုက်လေ၏။

"နောက်လည်း လာဦးဗျာ။ ကျွန်တော့်မှာ စကားပြောဖော်ပြောဖက်ဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်"

"စိတ်ချ။ ခင်ဗျားကိုပဲ ကျွန်တော် မကြာခဏ လာပြီး တိုင်ပင် ရမှာပဲ"

စောလွင် အိမ်အပြင်ရောက်၍ ကားပေါ်တက်မိသည်နှင့် တစ်ပြိုင်နက် ခင်မောင်ကြီးသည် ယမန်နေ့က စောလွင် ပြောသွားသည့် စကားကို သတိရလိုက်၏။

"ကဲ သွားတော့၊ တစ်ကော့"

စောလွင်သည် မျက်လုံးကြီးများ ပြူးစိုက်ကာ ခင်မောင်ကြီးကို ကြောင်၍ ကြည့်မိလေ၏။

"ဗျာ"

"ကျွန်တော် နှုတ်ဆက်တာပါ"

"သြော် ဒါဖြင့် ချီးသီးယို ချီးသီးယို"

စောလွင်က လက်ပြ၍ နှုတ်ဆက်ပြီး ထွက်ခွာသွားသည်ကို ခင်မောင်ကြီးက ပြုံးပြုံးကြီး ကြည့်ရင်း ပြန်၍ လက်ပြလိုက်လေ၏။

Commercial use of this book will be at your own risk

။ ၆ ။

အချစ်စိတ်ဖြင့် မွေ့လျော်ပျော်မြူးကာ ကြည်မြူးကာ ကြည်နူးနေကြသူတို့အဖို့မှာ အချိန်သည်ကုန်လွယ်လှပေ၏။ ခင်မောင်ကြီးသည် စောလွင် ပြောကြားသွားသည့် စကားများအရ ကြည်နူးနှစ်သိမ့်လျက်ရှိနေရာ အချိန်မည်မျှ ကုန်မှန်းမသိ၊ သူငယ်ကလေးတစ်ယောက် ဝင်ရောက်လာသည်ကိုပင် မမြင်မိ။ အနီးသို့ ထိုသူငယ်ရောက်လာပြီး ရပ်လိုက်တော့မှ စိုးဝင်းရောက်လာမှန်း သိရလေ၏။

ထိုအခါမှ ခင်မောင်ကြီးသည် အချစ်စိတ်အလျဉ်တွင် နစ်မျောနေရာက ဖျတ်ခနဲ သတိရလာကာ ပြာပြာသလဲဖြင့် "ဟော့ အပါ၊ မင်း အလည်လာသလား" ဟု နှုတ်ဆက်လိုက်လေ၏။

"ကျွန်တော့်နာမည် အပါ မဟုတ်ပါဘူး၊ စိုးဝင်းလို့ပြောတာ ဘယ်နှစ်ခါ ရှိပြီလဲ"

ခင်မောင်ကြီးသည် မိမိ၏ အဖြီးပေါ်သွားသည်ကို သိရ၍ ရယ်စရာလုပ်သည့်အနေဖြင့် "ဩော် ဟုတ်သားပဲ၊ မင်းပြောတာ နှစ်ခါ ရှိပြီ၊ သုံးခါမှ မပြည့်သေးပဲ" ဟု ဆိုလိုက်ရလေ၏။

"မဘုရားလေးက စာတစ်စောင်ပေးလိုက်တယ်"

စိုးဝင်းသည် စကားပလ္လင်ခံ မနေဘဲ၊ လာရင်းကိစ္စကို ထုတ်ဖော်ပြောကာ စာတစ်စောင် ထုတ်ပေးလေသည်။ ခင်မောင်ကြီးမှာ ခင်ဖုန်းထံမှ စာကိုရ၍ ခုန်ပေါက် ကရမည်လား။ ကြမ်းပေါ်တွင် လေးဘက်ထောက်ပြီး ကျားဟိန်း ဟိန်းလိုက်ရကောင်းမည်လား ဟု၍ပင် စိတ်ထဲတွင် ဖြစ်မိပေ၏။

"ဟော့ နောက်ဖေး မီးဖိုချောင်ထဲမှာ မုန့်တွေရှိတယ်။ သွားပြီး ကြိတ်ပေတော့"

ခင်မောင်ကြီးသည် ဝမ်းသာကျေးဇူးတင်ခြင်းဖြင့် စိုးဝင်းအား စတုဒီသာချလိုက်၏။

"တကယ်လား"

စိုးဝင်းသည် ခင်မောင်ကြီး၏ အဖြေကို မစောင့်ဘဲ နောက်ဖေးခန်းထဲသို့ သုတ်ချေတင်သွားလေ၏။

ခင်မောင်ကြီးသည် ဝမ်းသာလွန်းသဖြင့် ခင်ဖုန်း၏ စာကိုဖွင့်၍ဖတ်ရာတွင် လက်များ တုန်တုန်ယင်ယင် ဖြစ်၍ပင်နေပေတော့၏။

Commercial use of this book will be at your own risk

*ကိုခင်မောင်ရှင့်*

*ကိုကိုပေးလိုက်တဲ့စာကို စိုးဝင်းကလေး ထံမှ ရပါတယ်။ အလွန့်အလွန် ကျေးဇူးတင်ပါ၏။ ယခုလို ကိုကို အနီးအနား လာ၍ နေပြီး ခင့်ဒုက္ခကို ကူညီလိုကြောင်း ပြောပြသိရပါ၍ တိုင်းထက်အလွန် . . .*

"ဟော့ အကို"

ခင်မောင်ကြီးသည် စာဖတ်နေရာမှ လန့်ဖျတ်သွားကာ ခေါင်းထောင်၍ ကြည့်လိုက်ရာ၊ စိုးဝင်းဖြစ်နေသည်ကို တွေ့ရလေ၏။ ခင်မောင်ကြီးသည် ခင်ဖုန်း၏စာထဲတွင် လွန်စွာစိတ်ဝင်စားလျက် အာရုံစိုက်နေရာက ယခုကဲ့သို့ အာရုံပြတ်သွားအောင် နှောင့်ယှက်ခြင်းခံရသဖြင့် များစွာ စိတ်ရှုပ်သွားလေ၏။

"ဘာလဲကွ။ ရှာလို့ မရဘူးလား"

စိုးဝင်းက ခေါင်းညိတ်ပြသည်။

"သွား သွား၊ ကြောင်အိမ်ထဲမှာ သွားရှာချေ။ ဆိတ်သားမှန့်လည်း ရှိတယ်။ လင်မနစ်လည်း ရှိတယ်။ မျက်စိနဲ့ ကြည့်လို့ မမြင်ရရင် နှာခေါင်းနဲ့ အနံ့ခံကြည့်၊ တွေ့လိမ့်မယ်"

"ဟုတ်ကဲ့"

စိုးဝင်း နောက်ဖေးဘက်သို့ ပြန်သွားမှ ခင်မောင်ကြီးသည် စာကို အစမှ ပြန်၍ဖတ်ရလေသည်။

*ကိုခင်မောင်ရှင့်*

*ကိုကိုပေးလိုက်တဲ့စာကို စိုးဝင်းကလေး ထံမှ ရပါတယ်။ အလွန့်အလွန် ကျေးဇူးတင်ပါ၏။ ယခုလို ကိုကို အနီးအနား လာ၍ နေပြီး ခင့်ဒုက္ခကို ကူညီလိုကြောင်းပြောပြ သိရပါ၍ တိုင်းထက် အလွန် ဝမ်းမြောက် ကျေးဇူးတင်၍ မဆုံးတော့ပါ။*

*ဟိုနေ့က ကားထဲတွင် ခင့်အကြောင်း ဘာမှ –*

"ဟော့ အကို"

"ငါ့လခွီးမှပဲ၊ အရေးကောင်း ဒိန်းဒေါင်း ဖျက်တဲ့အကောင်"

ခင်မောင်ကြီးသည် စိုးဝင်း၏အသံလာရာအိမ်နောက်ဘက်သို့ လှမ်း၍ညည်းညူပြောဆိုလိုက်စဉ် စိုးဝင်းထွက်လာ ပြန်သည်ကို တွေ့ရ၍ . . .

"ဘာဖြစ်ပြန်တာတုန်း၊ မတွေ့ဘူးလား"

"တွေ့ပါပြီ။ ဒါပေမယ့် ဟိုဒင်းကို မတွေ့ရလို့"



Commercial use of this book will be at your own risk

"ဘယ် ဟိုဒင်းလဲ"

"ဟိုဒင်းဖွင့်တဲ့ ဟိုဒင်းလေ"

"ဘာလဲကွ။ ဟိုဒင်းဖွင့်တဲ့ ဟိုဒင်း"

"ဟိုဟာလေ၊ လင်မနစ်ဖွင့်တဲ့ ဟိုဒင်းဟာ"

"သြော် ဟိုဟာလား"

စိုးဝင်းသည် သွားဖုံးတွင် ကပ်နေသော ဆိတ်သားမုန့် အစအနများကို လျှာဖြင့်ထိုးကော်၍ မျိုလိုက်နှင့်ပြီးမှ ပြုံး၍ဖြေလိုက်၏။

"ဟုတ်တယ်။ အဲဒီဟာပါ"

"ရှာကွာရှာ။ ကြောင်အိမ် အလယ်အံဆွဲထဲမှာ ရှိလိမ့်မယ်"

"ဟုတ်ကဲ့"

စိုးဝင်းနောက်ဖေးသို့ ပြန်၍ဝင်သွားမှ ခင်မောင်ကြီးသည် စာကို အစမှ ပြန်၍ဖတ်ရပြန်သည်။

*ကိုခင်မောင်ရှင့်*

*ကိုကိုပေးလိုက်တဲ့စာကို စိုးဝင်းကလေး ထံမှ ရပါသည်။ အလွန့်အလွန် ကျေးဇူးတင်ပါ၏။ ယခုလိုကိုကို အနီးအနားလာ၍ နေပြီးခင့်ဒုက္ခကို ကူညီလိုကြောင်း ပြောပြ သိရပါ၍ တိုင်းထက် အလွန် ဝမ်းမြောက် ကျေးဇူးတင်၍ မဆုံးတော့ပါ။*

*ဟိုနေ့က ကားထဲတွင် ခင့်အကြောင်းဘာမှ မပြောခဲ့ဘဲ ခင့်ကိုတွေ့အောင်ရှာ၍ လာခြင်းကို အံ့သြ၍မဆုံးနိုင်ပါ။ ကိုကို တကယ်ကူညီလိုတဲ့ စိတ်ထားရှိလျှင် ခင့်ဒုက္ခကို အမှန်ပင် ကယ်နိုင်ပါမည်။ သို့ပေမယ့် ခင့်အဖြစ်ကို ရေးပြလို့ ဆုံးနိုင်မည် မဟုတ်ပါ။ ခင့်မှာ ဒုက္ခကြီးစွာ တွေ့နေရပါ၏။ ဤဒုက္ခကို ကိုကိုမှတပါး မည်သူမျှ ကယ်နိုင်မည် မဟုတ်ပါ။ ကိုကိုနှင့် တွေ့တဲ့ တစ်နေ့မှာ အကုန်ပြောပြပါမည်။ ခက်နေသည်မှာ အိမ်ကထွက်ဖို့ခဲယဉ်းခြင်းဖြစ်ပါသည်။ ခင့်ကိုအမြဲ မျက်ခြေမပြတ် ကြည့်နေကြပါသည်။ သို့သော်လည်း ကိုကိုနှင့် ခင်တွေ့ရအောင် အမျိုးမျိုးကြိုးစားပါမည်။*

*ထိပ်တင်ဖုန်း*

ခင်မောင်ကြီးသည် စာကိုဖတ်၍ ဆုံးသည့်အခါ ငိုင်ငိုင်ငေးငေးကြီးဖြစ်သွားလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ မိမိမျှော်လင့်မိသလို ခင်ဖုန်း၏ စာထဲတွင် အချစ်ဆိုသည့်စကားလုံးတွေ မိုးမွှန်နေအောင် မပါ၍ဖြစ်သည်။ အထူးသဖြင့် ထိုစကားလုံးတစ်လုံးမှ မပါသည့်အတွက် ဝမ်းနည်းမိပေ၏။

Commercial use of this book will be at your own risk

ထိုသို့ ခင်မောင်ကြီးက ခင်ဖုန်း၏စာထဲတွင် အချစ်ဟူသော စကားလုံးတွေဝေစီနေအောင် ပါမည်ဟု မျှော်လင့်မိခြင်းမှာ စောလွင်ပြောသွားသော စကားများကြောင့် ဖြစ်ပေသည်။ သို့သော် သူ့စာထဲ၌ ကိုကိုဟူသော စကား၊ ခင်ဟူသော စကားတို့ ပါလာသည့်အတွက် ခင်မောင်ကြီးမှာ ဖြေသိမ့်စရာရခဲ့ပေသည်။ ထိုသို့ ဖြေသိမ့်လိုက်ရတော့မှပင် အဆင်ခြင် တရားလည်း ဝင်လာလေသည်။

လူချင်းမှ အခါများစွာမတွေ့ရသေးခင် မိန်းကလေးတစ်ယောက်သည် မိမိမျှော်လင့်ထားသလောက် ချစ်ပါသည်၊ ကြိုက်ပါသည်ဟူ၍ ရေးမည်မဟုတ်၊ မည်မျှပင်ချစ်ဦးကြိုက်ဦးတော့ ဣန္ဒြေရှင်ပီပီ စောင့်စည်းရပေလိမ့်ဦးမည်။ သို့ဖြစ်၍ ယခုလောက်ရေးလိုက်ခြင်းကိုပင် ဝမ်းမြောက် ကျေနပ်သင့်ပေပြီ၊ ဤကိစ္စမျိုးမှာ မိန်းကလေးက စ,ရမည့် ကိစ္စမျိုးမဟုတ်၊ ရည်းစားထားခြင်း၏ ဥပဒေစည်းမျဉ်းအတိုင်း ဆိုလျှင် မိမိကစတင်၍ ရေးဖို့ရန်လိုသည် မဟုတ်ပါလော။

ထိုသို့ စဉ်းစားမိတော့မှပင် ခင်မောင်ကြီးသည် ဘဝင်မြူး၍ ကြည်နူးရွှင်ပြုံးနိုင်ကာ ခင်ဖုန်း၏ စာကလေးကို အားရပါးရ နမ်းရှုတ်မည်အပြုတွင်၊

"ဟော့ အကို"

စိုးဝင်း၏ အသံကြောင့် ဟန်လုပ်နေလိုက်ရလေ၏။

စိုးဝင်းသည် တစ်စုံတစ်ရာ ပြောမည် ပြုပြီးမှ ခင်မောင်ကြီး၏ ကြောင်စီစီ ရက်အမ်းအမ်းမျက်နှာကို တွေ့ရ၍ အဖြေရှာသည့်အလား စိုက်၍ ကြည့်နေမိလေ၏။

"ဟော့ ဝပြီလားကွ၊ ဆိတ်သားမုန့် တွေစားပါဦး"

စိုးဝင်းက ခေါင်းခါလိုက်၏။

"ဟော့ စားပါကွ၊ အားနာ မနေပါနဲ့။ ဘာအားနာစရာ ရှက်စရာ ရှိလဲ"

"အားမနာပါဘူး၊ ကျွန်တော် အပြောင်ရှင်းလိုက်ပြီ"

"ဘယ်နှယ့်"

"ကျွန်တော် အကုန်စားပစ်လိုက်ပြီ၊ မကျန်တော့ဘူး"

ခင်မောင်ကြီးသည် မျက်လုံးပြူးကာ ဇူစကာပေါက်စကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်မိလေသည်။

"ကဲ မင်းဘာလိုချင်သေးသလဲ"

"သီကလိတ်"

"ဘာ မင်းစီးကရက် သောက်တတ်သလား"

"အို ရရင် တွယ်တာချည့်ပဲ"

"ဘယ့်နှယ်"

Commercial use of this book will be at your own risk

"သိကလိတ် သောက်တတ်ပါတယ်လို့ ပြောတာပါ"

"အေး မင်းသောက်တတ်ပေမယ့် ငါစီးကရက်မသောက်တတ်ဘူး၊ ဆေးတန်တော့ရှိတယ်။ မင်း ဒန်ဒိုခဲချင်သလား"

"ဗျာ"

"ဆေးတန် သောက်မလားလို့"

စိုးဝင်းက ခေါင်းခါပြလိုက်၏။ ပြီးမှ "ကျွန်တော့်မှာ ရှိသေးတယ်ထင်တယ်" ဟု ဆိုကာ သူ့အိတ်ထဲနှိုက်ပြီး ဆွဲထုတ်လိုက်ရာ မျက်လှည့်ဆရာ၏ ဦးထုပ်ထဲက ပစ္စည်းမျိုးစုံထွက်လာသလို၊ ကြိုးတစ်ချောင်း၊ ကြွေလုံးနှစ်လုံး၊ စီးကရက်ဘူးခွံတစ်ထပ်ကြီး၊ သံချေးတက်နေသော လက်သည်းလှီးဓားကလေးတစ်လက်၊ ပြား၍နေသော စီးကရက်တစ်လိပ်၊ အေ့စပိတ်ဖဲတစ်ချပ်နှင့် မီးခြစ်ဆံ နှစ်ချောင်းထွက်လာလေ၏။

စိုးဝင်းသည် ကြိုး၊ ကြွေလုံး၊ စီးကရက်ဘူးခွံ၊ ဖဲချပ်နှင့် ဓားကလေးကို တစ်ခုချင်း အစဉ်လိုက် အိတ်ထဲသို့ ပြန်၍ ထည့်ပြီးနောက် ပြား၍နေသော စီးကရက်ကို ပါးစပ်မှာတပ်၊ အခြားအိတ်တစ်ခုထဲမှ မီးခြစ်ဘူးခွံကို ဖျက်၍ထားသော ယမ်းကပ်ထားသည့် သစ်သားပြားကလေးကို ထုတ်ပြီး မီးခြစ်၍ ညှိ၍ စီးကရက်ကို ဖွာလိုက်လေ၏။

"အစ်ကိုတို့ အကြောင်း ကျွန်တော်သိတယ်"

ခင်မောင်ကြီးမှာ ရုတ်တရက် အံ့အားသင့်သွား၏။ နောက်မှ စိုးဝင်းသည် မိမိတွေ့ရ မြင်ရစကတည်းက ထင်မြင်ခဲ့သည့်အတိုင်း လူလည် ကလေးတစ်ယောက် ဖြစ်နေမှန်း သိရှိကာ မျက်နှာထားကို ပြင်လိုက်ရ၏။

"သြော် မင်းသိသလား"

"သိတာပေါ့။ အစ်ကိုနဲ့ အစ်မဖုရားလေးတို့ အကြောင်း ကောင်းကောင်းသိတယ်"

"သြော် မင်းအကုန်သိနေမှကိုး"

"ဟုတ်တယ်။ အစ်ကိုနဲ့ မဖုရားလေးတို့ ကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေကြီးတို့ ဆူကြပူကြ စကားများနေကြတာကို ကျွန်တော် ချောင်းပြီး နားထောင်ထားလို့ အကုန်ကြားရ အကုန်သိနေရပြီ"

"အင်းပြောစမ်းပါဦး။ ဘာတွေများ ကြားရသလဲ"

"အို – ကြားရတာတွေကတော့ မပြောနဲ့၊ ဆူလိုက်ပွက်လိုက် ကြတာလည်း လွန်နေတာပဲ။ အဲဒီတော့မှ အစ်ကို့မှာ နာမည်တွေ အများကြီး ရှိတာ သိရတယ်"

"ငါ့ကို ဘယ်လိုခေါ်နေကြလို့တုန်းကွ"

"ဟိုအကောင်တဲ့၊ ခွေးမသားတဲ့၊ ဒီငနဲတဲ့၊ သဘောက်မသားတဲ့၊ မိ . "

"ဟိုး – ဟိုး တော်တော့ တော်တော့"

ခင်မောင်ကြီးသည် စိုးဝင်းဆက်၍ ပြောမည့်စကားများကို တားမြစ်လိုက်ပြီးမှ ထပ်မံ၍ မေးလိုက်ပြန်သည်။

"ဒါတွေ မင်းတို့ အမြဲချောင်းပြီး နားထောင်နေသလား"

Commercial use of this book will be at your own risk

"ဟုတ်တယ်။ အစ်ကို့ကို မဖုရားလေးကလွဲရင် တစ်အိမ်သားလုံး က မုန်းနေကြတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ အစ်ကို့ ဘက်ကပါ"

"မင်းကတော့ ငါ့ကို ဘာလို့ မမုန်းတာလဲ"

"ကျွန်တော်က အစ်ကို့နာမည်နဲ့ တွဲပြီး ထီလက်မှတ်ရထားတဲ့လူပဲ"

"ဘယ့်နှယ်ကွဲ့"

ခင်မောင်ကြီးသည် စိုးဝင်းပြောသည့်စကားကို နားမလည်၍ ရှင်းပြခိုင်းရလေသည်။

"ဒီလိုဗျ။ ကျွန်တော်တို့အားလုံး မဲဆွဲကြတယ်။ ထီလက်မှတ်တစ်စောင် တစ်ကျပ်နဲ့ ခိုင်းတဲ့လူအားလုံး ထီထိုးထားကြတယ်။ ထီကတော့ ဒီလိုဗျ"

စိုးဝင်းသည် ကိုသူတော်က ခင်ဖုန်းနှင့် လက်ထပ်ရန် အလားအလာရှိသည့်သူများ၏ နာမည်ရေးထားသော ထီလက်မှတ်ကို မဲဆွဲခိုင်းပုံကစ၍ ပြောပြပြီးလျှင် မိမိ၏ လက်မှတ်အကြောင်းဆက်ပြော လေသည်။

"ကျွန်တော်က အစ်ကို့နာမည်ပါတဲ့ ထီလက်မှတ်ကို ရထားတော့ မဖုရားလေးနဲ့ အစ်ကိုနဲ့ရရင် ကျွန်တော်တို့အားလုံး ထိုးထားတဲ့ ငွေတွေကို ကျွန်တော်တစ်ယောက်တည်းရမယ်။ ဒါကြောင့် ကျွန်တော်က အစ်ကို့လူဖြစ်နေတယ်။ အစ်ကိုနဲ့ မဖုရားလေးနဲ့ နေရာကျအောင် ကျွန်တော်က လုပ်ပေးရမယ်။ အစ်ကို့ဘက်က အားပေးရမယ်"

ခင်မောင်ကြီးသည် ဝမ်းသာအားရဖြစ်ကာ စိုးဝင်းအား ချစ်ကျီစယ်သည့်အနေဖြင့် စိုးဝင်း၏ဦးခေါင်းကို ပွတ်သပ်လိုက်လေ၏။ သို့သော် စိုးဝင်းက အပွတ်မခံ။ ဆတ်ခနဲ ခေါင်းကိုရမ်း၍ ရှောင်လိုက်လေသည်။

"ကျွန်တော့်ဆံပင်တွေ မဖွပါနဲ့ဗျ။ ကျွန်တော်မကြိုက်ဘူး"

ခင်မောင်ကြီးက ပြုံး၍ကြည့်နေလေသည်။ စိုးဝင်းက မိမိဆံပင်များကို သပ်ရပ်ပြီး စကားပြန်ဆက်သည်။

"အခု အစ်ကိုနဲ့ မဖုရားလေးနဲ့ ကြိုက်နေကြတယ်ဆိုတာ သိကုန်ကြတော့ ကျွန်တော့်လက်မှတ်ကို သုံးလေးကျပ်တောင် ပေးပြီးဝယ်ချင်တဲ့လူတွေ ရှိနေပြီ။ ဒါပေမယ့် ကျွန်တော်က ဘယ်ရောင်းမလဲ"

"အေး အေး မရောင်းနဲ့၊ ကောင်းကောင်းသိမ်းထား၊ မင်းကို အပိုဆုပေးပါဦးမယ်၊ ငါ့ကိစ္စကိုသာ နေရာကျအောင် မင်းကူညီပေတော့။ ငါ့ရဲ့ အောင်မြင်ခြင်းဟာ မင်းရဲ့ အောင်မြင်ခြင်းပဲ မဟုတ်လား"

"ဟုတ်တာပေါ့ အစ်ကိုရ၊ နေဦး ကျွန်တော် စဉ်းစားဦးမယ်"

ထိုသို့ပြောပြီး ချက်ချင်းအကြံရသည့်အလား စိုးဝင်းမျက်နှာမှာ ပြုံးရွှင်သွားလေ၏။

"ဟာ နေရာကျပြီ၊ ကျွန်တော် အကြံရပြီ"

"နိပ်ပဟ ဆိုစမ်း၊ ဘယ်လိုတုန်းလဲကွဲ့"

"အစ်ကို မဖုရားလေးကို မတွေ့ချင်ဘူးလား"

"ဟ ဘယ်လိုပြောပါလိမ့်၊ တွေ့ချင်တာပေါ့ကွ။ တွေ့ချင်သမှ ထွန့်ထွန့်ကိုလူးနေတာပဲ။ အဲဒါ မင်းကြံပေးနိုင်ပါ့မလား"

Commercial use of this book will be at your own risk

“အခုနေတော့ အစ်ကို ကျွန်တော်တို့အိမ်ကို လာလို့ မဖြစ်သေးဘူး။ မဖုရားလည်း ဒီကိုမလာနိုင်ဘူး။ ဒီတော့ ကျွန်တော် အကြံပေးမယ်”

“လုပ်စမ်းပါ ငါ့ညီရာ။ မင်းကို ညီကလေးအရင်းလို ချစ်ပါတယ်”

“ဒီလိုလုပ်မယ်။ မနက်ဖြန်ကျရင် အိမ်ကိုဧည့်သည်တွေ ဖိတ်ပြီး ထမင်းကျွေးမလို့၊ အစိုးရ အရာရှိတွေလည်းလာမယ်။ ဆွေတော်မျိုးတော်တွေလည်း လာမယ်။ အဲဒီကိစ္စအတွက် ဦးသူတော်က ဦးသူတော်ဆိုတာ အစေခံတွေထဲမှာ သူအကြီးဆုံးပဲ။ သူ့ထက်ကြီးတာကတော့ သူ့မိန်းမကြီး ဒေါ်သေးသွယ်ပဲ ရှိတယ်။ အဲဒီ ဦးသူတော်က မနက်ဖြန် ညစာ ကျွေးပွဲမှာ စားပွဲထိုးဖို့၊ ထမင်းဟင်းပြင်ပေးဖို့ အကူလိုတယ်။ အိမ်ကလူနဲ့ မနိုင်လို့ အပြင်လူလိုတယ်တဲ့”

ခင်မောင်ကြီးသည် မိမိကိုယ်တိုင် ဘာမျှ အကြံမရဖြစ်လေရာ၊ စိုးဝင်း၏ အကြံပေးချက်ကို သူဌေးဖြစ် ရှူးဝါးတစ်ရသကဲ့သို့ အောက်မေ့ကာ ဝမ်းအမြောက်ကြီးမြောက်လျှက် အကြံပိုင်သော စိုးဝင်းအား ချီးကျူးမိလေတော့သည်။

“ငါ့ညီက သိပ်ဟုတ်ပါလား၊ မဟာဇနကလထက်တောင် အကြံကြီး ဉာဏ်ကြီးပေတာပဲ”

“ဒါပေမယ့် ဇနကလ ပိုကာဆွဲရာမှာတော့ ကျွန်တော့ကို အရှုံးပေးရလိမ့်မယ် ဟဲဟဲ”

“အစစ်ပေါ့ကွ။ မင်းက နေရာတကာမှ သိပ်ဟုတ်တာ။ နို့ပေတဲ့ ခက်နေရတာက ငါဘယ်လိုလုပ်ပြီး မင်းပြောတဲ့ အလုပ်ကို ရအောင်ဝင်ပြီး လုပ်ရမှာလဲ”

“ဒါအတွက်တော့ ကျွန်တော့ တာဝန်ထား။ ဦးသူတော်ကို ကျွန်တော်ပြောမယ်။ ဒီနေရာအတွက် ဘယ်သူ့ကိုမှ မခေါ်ပါနဲ့။ ကျွန်တော့် အစ်ကိုတစ်ယောက် မန္တလေးက ရောက်လာတယ်။ သူ့ကိုခေါ်ပါ။ သူက မင်းအိမ် စိုးအိမ်တွေမှာ စားပွဲထိုးလုပ်ဘူးတယ်လို့ ပြောရင် တစ်ခြားလူကို ခေါ်တော့မှာ မဟုတ်ဘူး။ အစ်ကို့ကိုပဲ ခေါ်မှာ၊ အစ်ကိုအိမ်ရောက်ရင် ပြီးတဲ့နောက် မမလေးနဲ့တွေ့ဖို့ကိုတော့ ကျွန်တော် စီစဉ်ထားမယ်”

“အေးကွာ၊ ကျေးဇူးတင်တယ်ကွာ။ အားလုံးမင်းကိုပဲ တာဝန်လွှဲထားလိုက်မယ်။ မင်းဂွတ်တယ်ထင်တာ ဒူးသာဒူး ပေတော့”

“ဗျာ”

စိုးဝင်းသည် ခင်မောင်ကြီး၏ စကားကို နားမလည်သဖြင့် ပြန်၍မေးရင်း မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ်နှင့် လုပ်နေလေ၏။

“မင်း ကောင်းတယ်ထင်တာ လုပ်ပေတော့လို့ ပြောတာ”

“ဩော် ဒါကိုပြောတာလား၊ ဟာနေရာကျလိုက်တာ၊ ကျွန်တော် မှတ်ထားရဦးမယ်။ ဂွတ်တယ်ထင် ပေါင်ဘာဖြစ်တယ်”

“ပေါင်မဟုတ်ဘူးကွ။ ဒူးသာဒူး”

“ဟားဟားဟား ဂွတ်တယ်ထင် ဒူးသာဒူး။ ဟဲဟဲ သိပ်ကောင်း သိပ်ကောင်း”

“အေး အေး ဟုတ်ပြီ၊ သွားပေတော့။ မင်းကို ငါဆုချလိုက်ဦးမယ်”



Commercial use of this book will be at your own risk

ခင်မောင်ကြီးသည် အိတ်ထဲက ငွေဒင်္ဂါးတစ်ကျပ်ကို ထုတ်ပေးလိုက်ရာ၊ စိုးဝင်းသည် ဝမ်းသာအားရ လှမ်းယူပြီး အိတ်ထဲသို့ ထည့်သွင်းရင်း အိမ်ပေါ်မှ ဆင်းပြေးလေ၏။

နောက်နေ့ညတွင် ခင်မောင်ကြီးသည် စိုးဝင်း၏ ဆောင်ရွက်ချက်ဖြင့် မည်သူနှင့်မျှ ကိုယ်တွေ့မေးမြန်း စစ်ဆေးခြင်းမခံရပဲ ခင်ဖုန်းတို့၏အိမ်တွင် မီးဖိုချောင် အကူအညီအလုပ်ကို ရရှိလေ၏။

ခင်မောင်ကြီးသည် ထိုအိမ်သို့မရောက်မီက ခင်ဖုန်းနှင့် တွေ့ရန်လောက် စိတ်ဝင်စားပြီး ရောက်ရဖို့ အရေးကိုသာ အာရုံပြုမိသည့်အတွက် အခြားဘာကိုမျှ ထည့်သွင်းစဉ်းစားခြင်း မပြုမိပေ။ ထိုအိမ်သို့ ရောက်ရှိတော့မှပင် မိမိအား ထိပ်တင်ဆွေလည်း မြင်ဖူးကြောင်း သတိရမိလေ၏။ ထိုအခါမှ ၎င်းတို့ မိမိအား မမှတ်မိအောင် ရုပ်ဖျက်၍ မလာမိခြင်းအတွက် မိမိကိုယ်ကို မိမိအပြစ်တင်မိလေ၏။ အကယ်၍သာ ယခုလို စောစောက သတိရခဲ့လျှင် ရုပ်ရှင်ခြံသို့သွား၍ ရုပ်ပြောင်းရုပ်လွှဲ တန်ဆာပလာများကို ယူငင်တပ်ဆင်နိုင်ခံပေမည် ဟူ၍လည်း စဉ်းစားမိလေ၏။

ယခုမူ ထိုသို့ပြုလုပ်ရန် အချိန်မရှိတော့ချေ။ သို့ဖြစ်၍တစ်ယောက်က မိမိအားမြင်၍ မှတ်မိသွားလျှင် လူမှားသကဲ့သို့ ပြောင်လိမ်ရန်ကိုသာ စိတ်ကူးထားရလေ၏။

စင်စစ်အားဖြင့် ခင်မောင်ကြီးသည် ထိုအိမ်သို့ အလုပ်လုပ်ရန်လာခြင်းမဟုတ်၊ ခင်ဖုန်းနှင့်တွေ့ရဖို့ရန် လာခြင်းဖြစ်၍ မိမိသည် အစေခံဟန်ဆောင်ကာ လုပ်ရမည့်အလုပ်ကို သတိမရပဲ ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေမိလေ၏။ သို့အတွက် ဦးသူတော်သည် ခင်မောင်ကြီး လုပ်ကိုင်နေပုံကို အားမရပဲ ရှိကာ "ဟိုကောင်ကြီးက ဘာလုပ်နေတာလဲ။ လက်ဖက်ရည်နဲ့ သောက်ဖို့ ဟောဟိုက မုန့်တွေကို ယူသွားပါတော့လား" ဟု အော်ငေါက်၍ ပြောလိုက်၏။

ခင်မောင်ကြီးသည် ထိုအခါမှ မိမိ၏အခြေအနေမှန်ကို သတိရကာ ရုပ်ရှင်ဒါရိုက်တာကြီးတစ်ယောက်လုံး လုပ်နေသူဖြစ်သည့်အတိုင်း အစေခံတို့၏ လန့်ဖျပ်ကြောက်ရွံ့သွားသော အမူအရာကို သရုပ်တူစွာ အက်တင် လုပ်ပြီးလျှင် မုန့်များထည့်ထားသော ငွေလင်ပန်းတစ်ခုကို ကောက်ယူ၍ အိမ်ရှေ့သို့သယ်သွားရလေ၏။

ထိုသို့ သယ်ယူလာရာတွင် အိမ်တွင်းခန်းနှင့် မီးဖိုချောင်ကို ဆက်သွယ်ထားသော အဆောင်ကူး လမ်းကလေးတွင် စောလွင်နှင့် ပက်ပင်းလာတွေ့လေ၏။ စောလွင်သည် မိမိမြင်နေရသည်ကို မယုံကြည်သကဲ့သို့ ကြည့်နေပြီးမှ စိတ်ချလက်ချ နှုတ်ဆက်လိုက်၏။

"ဟေ့ ကိုခင်မောင်ကြီး"

ခင်မောင်ကြီးသည် စောလွင်ကို မြင်လိုက်သည်နှင့် ရုတ်တရက်တွေဝေသွား၏။ ပြီးမှ မိမိသည် ခင်မောင်ကြီး မဟုတ်ဟန်ပြုလုပ်ရန်လိုသည်ကို သတိပြုမိကာ စောလွင်ပြောလိုက်သောစကားသည် မိမိနှင့် မဆိုင်သကဲ့သို့ ခပ်တည်တည် ရှေ့သို့ဆက်၍ လျှောက်သွားလေ၏။

စောလွင်သည် ထိုနေ့ည ထမင်းစားပွဲတွင် ခင်မေကြည်လည်း ပါရှိမည်ကိုသိ၍ လူအများ ရှုတ်ယှက်ခတ်နေသည့် ကြားထဲက အလစ်တစ်နေရာ တွင် ခင်မေကြည်အား အရဲစွန့်ကာ ရည်းစားစကားပြောရန် ဆုံးဖြတ်ထား၏။ သို့ဖြစ်၍ မြို့ထဲသို့ ထွက်သွားပြီး အရက်အနည်းငယ်သောက်ကာ ရဲဆေးတင်ထားသည်ဖြစ်ရာ ခေါင်းထဲ၌ အနည်းငယ် တွေဝေနေခြင်းကြောင့် ခင်မောင်ကြီးက မိမိအား အသိမလုပ်ပဲ ရှိသည်ကိုတွေ့ရသောအခါ မိမိမူး၍ နေခြင်းကြောင့်လား။ လူတူမရှားသလို ခင်မောင်ကြီးနှင့် တူလွန်းလို့လား။ အကယ်ပင် ခင်မောင်ကြီးအစစ် ဖြစ်နေလေရော့သလား ဆိုသည်ကို ဝေခွဲပိုင်းခြား၍မရပဲ ဖြစ်သွားလေ၏။ ထို့နောက် မိမိကို ခင်မောင်ကြီး လွန်သွားတော့မှ "ဟေ့လူ လာပါဦး" ဟု ခေါ်လိုက်ရ၏။

ခင်မောင်ကြီးသည် စောလွင်မှာ မိမိ၏ ရန်ဖက်မဟုတ်၍ မိမိကို စောလွင်သိသွားသော်လည်း ကိစ္စရှိမည်မဟုတ်။ သို့ရာတွင် ဤနေရာ၌ မိမိကို သိသွားလျှင် တစ်ယောက်ကစ တစ်ရာဆိုသလို အားလုံးသိသွားစရာရှိသည့်အတွက် ဆက်လက်၍ ဟန်ဆောင်ရန် ဆုံးဖြတ်လိုက်ရလေ၏။

Commercial use of this book will be at your own risk

“ဘာအလိုရှိပါသလဲခင်ဗျာ၊ အမိန့်ရှိပါ”

စောလွင်သည် အစဉ်းစားရကျပ်ကာ လည်ပင်းကော်လာကြားထဲ လက်ထိုးကာ ကြမ်းပိုးနှိုက်သကဲ့သို့ ပြုလုပ်နေမိပြီးမှ

“အိုင်ဆေး”

“ဟုတ်ကဲ့ခင်ဗျာ”

“ကိုယ့်လူကို အရင်ကတွေ့ဖူးတယ်ထင်တယ်”

“မတွေ့ဖူးပါဘူးခင်ဗျာ၊ လူမှားလို့ ဖြစ်ပါလိမ့်မယ်”

စောလွင်သည် မျက်နှာထားပြောင်းသွားပြီး “မင်းလူသစ်လား” ဟု မေးလိုက်၏။

“မှန်ပါတယ်ခင်ဗျာ”

“မင်းမှာ အမွှာညီအစ်ကို တစ်ယောက်များရှိသလား”

“မရှိပါဘူးခင်ဗျာ၊ ကျွန်တော် ညီတစ်ယောက်လောက်တော့ လိုချင်ပါရဲ့၊ ဒါပေမယ့် အဖေမသေခင်က မတောင်းလိုက်မိဘူး။ အဖေက ကျွန်တော်လိုချင်ရင် ဘာမဆို မငြင်းပယ်တတ်ပါဘူး”

ထိုစကားကို ကြားလိုက်ရသည့်အခါ စောလွင်သည် မိမိ၏မျက်စိသာမက နားကိုပါ မယုံချင်သလို ဖြစ်မိလေ၏။

ထို့နောက်မှ စောလွင်က “ကဲ ကောင်းပြီ၊ မင်းဧည့်ခန်းထဲက အမျိုးသမီးတစ်ယောက်အတွက် လင်မနစ်တစ်ခွက်သွားပို့စမ်း” ဟု ခိုင်းလိုက်ကာ ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် ထိုင်နေသော ခင်မေကြည်ထံသို့လျှောက်သွားလေ၏။

စောလွင်သည် ဗလရှင့် ကွမ်းသီးမွှေးဝါးကာ ပါးစပ်က အနံ့ကို ဖျောက်သော်လည်း မပျောက်ပဲ ကြောင်သိုလေဝှေ့တင္ဘေ့ဝှေ့နှင့် တူသော ရန့်မှာ ပျံ့လွင့်၍ ထွက်ထွက်လာသဖြင့် စောလွင်ဘာလုပ်လာသည်ကို ခင်မေကြည်က ကောင်းစွာရိပ်မိလေသည်။ သို့ရာတွင် အချို့သော မိန်းမတို့၏ သဘောသည် ကောင်းသော အကျင့်ရှိသူတို့ကို ဂရုမစိုက်ကြ။ ပျက်စီးနေသူတို့ကိုသာ အာရုံစိုက်ကြကာ သူတို့အား မိခင်စိတ်ဓာတ်မျိုးဖြင့် ကောင်းမွန်လာအောင် ထိန်းသိမ်းပြုပြင်လိုသော ဆန္ဒရှိကြသလို ခင်မေကြည်ကလည်း စောလွင်အရက်သောက်ထားခြင်းကို အပြစ်မမြင်၊ ယခုလို သူ့ကို အုပ်ထိန်းပြုပြင်ပေးမည့်သူ မရှိလျှင် သူ့ဘဝနစ်မွန်းတော့မှာပဲဟု သနားမိလေ၏။

“ကိုစောလွင် ခုနက ခိုင်းတဲ့ လူတစ်ယောက်နဲ့ ဘာပြောနေတာလဲဟင်”

“ဩော် သူ့မှာ ညီအစ်ကိုများရှိသလားလို့ပါ”

“ရှိရင် ဘာလုပ်မလို့မေးတာလဲ”

“သိချင်လို့ပါပဲ”

ခင်မေကြည်မှာ စောလွင်၏ အပြုအမူကို မစဉ်းစားတတ်အောင်ရှိကာ မူးမူးရူးရူးနှင့် အစေခံမှန်း ဘာမှန်းမသိပဲ အရောဝင်နေလေသလားဟု သံသယဖြစ်မိလေသည်။

Commercial use of this book will be at your own risk

နောက်မှ စောလွင်က မိမိမပြောသင့်သည့်စကားကို ပြောမိမှန်းသိ၍ "ဟိုဟာပါ၊ မေသောက်ဖို့ လင်မနစ် အယူခိုင်းလိုက်တာပါ" ဟု ပြောပြရလေ၏။

ထိုအခိုက် ခင်မောင်ကြီးထွက်လာသည်ကို မြင်ရသဖြင့် "ဟော့ ဒီမှာ" ဟု လှမ်း၍ ခေါ်လိုက်လေသည်။

"ဘာပါလဲ ခင်ဗျာ"

"လင်မနစ် ဘယ်မှာလဲ"

"ခင်ဗျာ လင်မနစ် ဟုတ်လား"

"မင်းကို ခုနက ငါယူခိုင်းလိုက်တာလေ"

"ကျွန်တော်မသိရပါလားခင်ဗျာ"

ခင်မောင်ကြီးက တမင်အကြောင်ရိုက်လိုက်လေသည်။ စောလွင် ဒေါသထွက်လာ၏။

"ငါခုနက မင်းကို ဘာပြောခဲ့သလဲ"

"ကျွန်တော့်ကိုပြောတာလား၊ ဩော် အလုပ်ရှာရအောင် အောက်ပြည်အောက်ရွာကိုရောက်လာတဲ့ အညာသား တစ်ယောက် ရဲ့ ရယ်စရာပုံကလေးကို ပြောပြတယ်လေ"

ခင်မကြည်သည် စောလွင်၏ လက်မောင်းကို အသာအယာဆုပ်ကိုင်ကာ "ကိုစောလွင် ရှင်တော်တော်မူးနေပြီ ထင်တယ်၊ လူကြီးတွေ မရိပ်မိခင် အိပ်ရာထဲဝင်ပြီး အိပ်နေလိုက်ရင် ကောင်းမယ်ထင်တယ်" ဟု ပြောလိုက်လေ၏။

ခင်မောင်ကြီးသည် မိမိလုပ်ကိုင်ပုံ ထိမိလှခြင်းကို ဝမ်းသာမိသော်လည်း ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ကာ လှည့်ထွက်သွားလေ၏။ သူ့စိတ်ထဲတွင် ဒါရိုက်တာအဖြစ်ဖြင့် အမူအရာမျက်နှာပေး အမျိုးမျိုးထားနည်းကို နားလည်အောင် ဆည်းပူးတတ်မြောက်ထားခြင်းကို ယခုမှ ကိုယ်တွေ့ လက်တွေ့ အသုံးချနိုင်ပေတော့သည်ဟု တွေး၍ ကျေနပ်မိလေ၏။ ထိုအခိုက်တွင် –

"ဟော့ အစ်ကို"

စိုးဝင်း၏ ခေါ်သံကို ကြားရသဖြင့် အသံလာရာဘက်သို့ ချာခနဲ လှည့်၍ စိုးဝင်းကို ရှာကြည့်လေ၏။

"ဒီမှာ ဒီမှာ"

စိုးဝင်းသည် အခန်းတစ်ခုထဲမှ မကျယ့်တကျယ် အသံပေးလိုက်၍ ခင်မောင်ကြီးသည် သူ့အနားသို့ ချဉ်းကပ် သွားလေ၏။

"အစ်ကို ဒီအထဲဝင်နေ ကျွန်တော် မမလေးကို သွားပြောလိုက်မယ်။ အခုပဲ လာမှပါ" ဟု စိုးဝင်းက ပြောပြောဆိုဆို ခင်မောင်ကြီး၏ တင်ပါးကို လက်နှင့်တွန်း၍ အခန်းထဲသို့ ပို့လိုက်လေ၏။

ခင်မောင်ကြီးသည် ဒါရိုက်တာ ရင့်မကြီးဖြစ်လင့်ကစား ယခုလို ခင်ဖုန်းကို နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့မည် ဆိုသည့်အခါတွင် လူပျိုပေါက် ကလေးပမာ ဒူးများချောင်သလိုလို ဖြစ်လာ၍ ပျော့ခွေ၍ကျမသွားရအောင် ကိုယ်ကို မနည်းတည့်မတ်ထားရလေ၏။ ရာသီဥတုမှာ အေးမြလျက်ရှိသော်လည်း သူ့နဖူးတွင် ချွေးများစို့၍ နေ၏။

Commercial use of this book will be at your own risk

ထိုခဏမှာပင် စိုးရိမ်စိတ်တစ်ခုပေါ်လာပြန်လေသည်။ ယခုနေအခါတွင် အခန်းထဲသို့ ခင်ဖုန်းဝင်မလာမီ အခြားသူတစ်ဦးတစ်ယောက် ဝင်ရောက်၍ လာခဲ့ပါက ဘယ်အကြောင်းကြောင့် သည်အခန်းထဲသို့ မိမိရောက်ရှိနေခြင်းကို အဘယ်ပုံ ကြံဖန်ဖြေရပါမည်နည်း။ အဘယ်ပုံ မျက်နှာထားရပါမည်နည်းဟု စဉ်းစားမရရှိလေ၏။ ထိုသို့ဝင်လာသူသည် မိမိအားမမြင်ဖူးသူဖြစ်လျှင် တော်ပေလိမ့်ဦးမည်။ ထိပ်တင်ဆွေ ဖြစ်ခဲ့လျှင် ပို၍ဆိုးလိမ့်မည်ဟူ၍လည်း ပူပင်မိလေသည်။

ထိုသို့ စိုးရိမ်မှုက မိမိအားချောက်လှန့်နေစဉ် ကျွဲခနဲမြည်ကာ အခန်းတံခါးပွင့်ဟ၍လာရာ ရင်ထဲ၌ဖိုလိုက်၍သွားမိပြီးမှ ဝင်၍လာသူမှာ ခင်ဖုန်းဖြစ်နေသည့်အတွက် ရင်အေးရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။

ယင်းသို့ ခင်ဖုန်းဝင်လာသည်ကို တွေ့ရသည်နှင့် တပြိုင်နက်မှောင်နေသော အခန်းတွင်းဝယ် မီးမထွန်းပဲလင်းသွားသလားဟု ထင်မိပေ၏။ ယဉ်နုလှသော အဝတ်အစားများဖြင့် ဆင်ယင်ထုံးဖွဲ့ထားသော ခင်ဖုန်းအားလည်း မိုးနတ်ဒေဝီ ဘရဏီကလေးတစ်ပါးလားဟူ၍ပင် ထင်မြင်မိလေ၏။

ရုတ်တရက်သော် ခင်မောင်ကြီးသည် မည်သို့ စကားစ၍ နှုတ်ဆက်လိုက်ရမည်ကို မတွေးတောတတ်ပဲ ငေးမောပြီးသာ ကြည့်နေမိလေ၏။ အတော်အတန် လှပသော မိန်းမပျိုတစ်ဦးသည်ပင် ခင်မောင်ကြီးလို လူတစ်ယောက်အား ကြက်သေသေပြီး ငေးမောကြည့်နေမိစေလေမည်ဖြစ်ရာ တိမ်ညွန့်တိမ်နွယ်တို့ အကြားမှ ခြေကျွံ၍ ကျလာသလားဟု ထင်မှတ်ရလောက်သော ဤမိုးနတ်ဒေဝီကလေးမှာကား ပဲပြုတ်နှင့်နံပြားကိုစားနေသည့် မနုဿလူသား ခင်မောင်ကြီးလို လူစားတစ်ယောက်အား ပို၍ စကားမပြောနိုင်ပဲ ရှိစေရုံသာမက ဆွံ့အ၍ မသွားစေလျှင်ပင် ကံကောင်းလှပြီဟု ဆိုရမည်ကဲ့သို့ ရှိပေ၏။

ထိုသို့ ကြည့်နေစဉ်မှာပင် မိုးကောင်းကင်မှ နတ်တို့၏ စောင်းညှင်းပတ်သာ တူရိယာသံသည် ခင်မောင်ကြီးနားထဲသို့ ခိုဝင် ခ,စား လေ၏။ (ဝါ–တစ်နည်းကား) ခင်ဖုန်းသည် ချိုအေးသာယာသော အသံဖြင့် ခင်မောင်ကြီးအား နှုတ်ဆက်လိုက်လေ၏။

“ခင် ချက်ချင်းပဲ လာမလို့၊ စကားကလည်း မပြတ်၊ လူကလည်း လစ်ပဲ မလစ်နိုင်ဘူး”

ထိုသို့ပြော၍ စကားဆုံးသည်နှင့် ခင်ဖုန်းမှာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်၍သွားရာ ခင်မောင်ကြီးလည်း ခင်ဖုန်းကို ကြည့်ကာ အလိုလို လန့်သွားပြီးလျှင် “ဘာဖြစ်သလဲခင်” ဟု အထိတ်ထိတ်အပြာပြာ မေးမိလေ၏။

“အပြင်က ခြေသံတွေ ကြားနေရတယ်။ ဒီအခန်းထဲများ ဝင်လာမလား မသိဘူး”

ခင်ဖုန်းသည် ပြောပြီး ဆက်၍ နားထောင်နေရာက

“ဟုတ်တယ် ဒီကိုလာတာပဲ၊ ဖေဖေ့အသံနဲ့တူတယ်” ဟုဆိုလိုက်၏။

“ဒီလိုဆိုရင် ဘယ်နှယ်လုပ်ပါ့မလဲ။ ဘယ်လိုလုပ်ပုန်းရမလဲ”

ခင်မောင်ကြီးသည် ပြေး၍ပုန်းရန် ပုရွက်ဆိတ်တွင်း ရှာသကဲ့သို့ အခန်းတွင်းက ကြမ်းပြင်ကို ဟိုဟိုဒီဒီ လှမ်း၍ ကြည့်မိလေ၏။

ခင်ဖုန်းသည် ဤအချိန်အခါမျိုးတွင် သည်လိုအခန်းထဲ၌ သာမန် အစေခံတစ်ယောက်နှင့် စကားပြောနေခြင်းကို မိမိဖခင်လို လူကိုမဆိုထားဘိ အခြားသူစိမ်းတစ်ရံဆံလူထဲက မြင်လျှင်ပင် သင်္ကာမကင်းပဲ ရှိမည်ကိုစဉ်းစားမိ၍ ခင်မောင်ကြီးအား မည်သို့ ဝှက်ထားရပါမည်နည်းဟု အကြံထုတ်ရလေ၏။ ရုတ်တရက်သော် ခင်ဖုန်းသည် ကြံရာမရရှိနေပြီးမှ အခန်းပြင်ဘက်တွင် ဝရံတာရှိနေသည်ကို သတိရပြီး ခင်မောင်ကြီးအား ဝရံတာဘက်သို့ ထွက်ခိုင်းပြီးလျှင် ထိုဝရံတာဘက်ရှိတံခါးကို ပိတ်ထားလိုက်ရလေ၏။

Commercial use of this book will be at your own risk

ထိုခဏမှာပင် ဦးလတ်သည် အခန်းထဲသို့ဝင်၍လာရာ ခင်ဖုန်းကိုတွေ့၍သွားလေသည်။

"သမီး ဖုန်းဖုန်း ဒီအခန်းထဲမှာ ဘာလာပြီး လုပ်နေတာတုန်း၊ ဧည့်သည်တွေနဲ့ စကားပြောပါဦးလား"

"ဟုတ်ကဲ့ဖေဖေ၊ သမီးလိုချင်တာကလေးတစ်ခုရှိလို့ လာရှာနေတာ"

"ဘာလိုချင်လို့လဲ သမီးရဲ့"

"လင်"

ဦးလတ်မှာ မျက်လုံးပြူးသွားလေ၏။ ခင်ဖုန်းလည်း ဘာပြောမိလို့ ပြောမိမှန်းမသိပဲ ရှိရာက သတိရ၍ "လင်မနစ်ဖန်ခွက်တွေ လာရှာတာ" ဟုစကားကို ဖာလိုက်ရလေ၏။

"အို ဒါတွေကို ခိုင်းတဲ့လူတွေ ကြည့်လုပ်လိမ့်မပေါ့"

အပြင်၌ရှိနေသော ခင်မောင်ကြီးမှာ အေးမြသော လောကဓာတ်၏ အရသာကို မခံစားနိုင်ပဲ အထဲက ပြောနေသူတို့၏ စကားကို နားထောင်ရင်း ချွေးပြန်၍နေလေ၏။

"အိုက်လိုက်တာ သမီးရယ်။ တံခါးတွေ ဘာပြုလို့ ပိတ်ထားသလဲ။ ဒီဝရံတာ တံခါးကို ဖွင့်လိုက်ရင် လေဝင်လာမှာပေါ့"

"ဟိုက် အဲဒါမှ ဂွပဲ။ မတော်လို့ တံခါးများ လာပြီးဖွင့်ရင် ငါ့ကို မိသွားတော့မှာပဲ"

ခင်မောင်ကြီးသည် စိတ်ထဲက ပြောကြီး ထူပူသွားလေတော့၏။ သူ့အဖို့ ဦးလတ်၏ အတွေ့မခံရအောင် လုပ်ရန်မှာ နည်းလမ်းတစ်လမ်းသာ ရှိ၏။ ထိုနည်းလမ်းမှာ ဝရံတာပေါ်မှနေ၍ အောက်သို့ ဒိုင်ဗင်ထိုး၍ ခုန်ချရန်ပင်ဖြစ်၏။ သို့ရာတွင် ထိုသို့ ဒိုင်ဗင်ထိုး၍ ခုန်ချရန်မှာ မိမိရိုက်ကူး ခဲ့သော ရုပ်ရှင်ကားများကဲ့သို့ မလွယ်ကူချေ။ ရုပ်ရှင်ကားထဲ၌ အောက်က ပိုက်ခံထား၍သော်လည်းကောင်း၊ သစ်ပင်ကိုင်းများ ဆွဲစရာ၍သော်လည်းကောင်း၊ ဇော်ဂျီ ဝိဇ္ဇာလာရောက်ကယ်ဆယ်၍ သော်လည်းကောင်း၊ အသက်ချမ်းသာရာရမည်ဖြစ်၏။ ယခုအရေးမှာမူ မိမိခုန်၍ ချလိုက်လျှင် ဆေးရုံက လူနာတင်ကားပေါ်တွင် ပက်လက်ကလေး လိုက်ပါသွားရမည်ကို မြင်ယောင်မိကာ ထိုစတန့်မျိုးကို မလုပ်ရဲပဲရှိလေတော့၏။

ခင်မောင်ကြီးသည် ဝရံတာပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ အတော်ပင်မြင့်သည်ကိုတွေ့ရ၍ စတန့်လုပ်လိုက်လျှင် စတွန့်ဖြစ်သွားမည်ကို တွေးမိ၏။ ထိုသို့ကြည့်လိုက်ရာက ဝရံတာမှာ အောက်ကတိုင်စိုက်ထားသည်ကိုတွေ့ရလေ၏။ ထိုသို့တွေ့ရသော်လည်း ထိုတိုင်ကိုဖက်၍ မဆင်းဝံ့သေးပဲ ချီတုံချတုံဖြစ်နေလေ၏။ ထို့နောက် ဦးလတ်၏ ခြေသံများ ဝရံတာဘက်သို့ ချဉ်းကပ်လာသည်ကို ကြား၍ ဝရံတာကို ကျော်လွှားပြီး တိုင်ကို ကုပ်ကပ်၍ဖက်ကာ တဖြည်းဖြည်း လျှော၍ဆင်းရလေ၏။ ထိုအခါမှ ခင်မောင်ကြီးသည် စတန့်မင်းသားများ၏ အလုပ်မှာ လွန်စွာ ပင်ပန်းသည့်အလုပ်ဖြစ်မှန်းသိကာ ယခုမှပင် သူများကို ရက်ရက်စက်စက်ခိုင်းခဲ့မိသမျှ ဝဋ်လည်တော့သည်ဟု တွေးမိလေ၏။

ဦးလတ်သည် ဝရံတာသို့ ထွက်သော တံခါးကို ဖွင့်လိုက်သည့်အချိန်တွင် ခင်မောင်ကြီးသည် မြေပေါ်သို့ ရောက်သွားပြီဖြစ်၏။ တိုင်ကိုဖက်၍ လျှောချခဲ့ရသဖြင့် ရင်ပတ်များလည်း ပွန်းပဲ့ကာ စပ်ဖျဉ်းဖျဉ်းဖြစ်နေလေ၏။ သို့ရာတွင် အနာကို ဂရုမစိုက်နိုင်။ ရုပ်ရှင်ထဲကလို 'အိုပူပုံပန်း' ဟူသော တေးသွားဖြင့် လွမ်းနေဖို့ကိုလည်း အချိန်မရှိ။ ဦးလတ် ဝရံတာဖက်သို့ ထွက်လာ၍ မိမိကိုမြင်သွားလျှင်လည်းကောင်း၊ ဦးလတ်ကိုယ်တိုင်မတွေ့ပဲ ခြံထဲက တစ်ယောက်ယောက်တွေ့သွားလျှင် လည်းကောင်း၊ ဒုက္ခရောက်ရတော့မည်ကို တွေးတောစိုးရိမ်မိကာ ထိုနေရာမှ မြန်မြန်လစ်ကာ အိမ်နောက်ဖေးဘက်သို့ လှည့်၍ပြေးရလေ၏။

Commercial use of this book will be at your own risk

ထိုသို့အပြေးတွင် မိမိအလွန်တရာ မတွေ့ချင်မမြင်ချင်ဆုံးသော သူတစ်ယောက်နှင့် လမ်းမှာ ကန့်လန့်ကြီး တိုးနေလေရာ နဂိုကမှ မပြေနိုင်သေးသော အမောမှာ ပို၍ခိုက်ပြီး မောဟိုက်သွားလေ၏။ ခင်မောင်ကြီး ပြေးသည့်လမ်းတွင် ပိတ်ဆို့ကာဆီးနေသူမှာ ဘိုးသာဝရုပ်နှင့် အလုပြိုင်နေသူ ထိပ်တင်ဆွေ ဖြစ်ပေ၏။ ဘိုးသာဝရုပ်ကြီးသည် ပြာရီး ပြာရာ ပြေးလာသော ခင်မောင်ကြီးအား ခါးထောက်ပြီးရပ်ကြည့်နေလေ၏။

ခင်မောင်ကြီးမှာ မလှည့်သာ မရှောင်သာတော့၍ ဤအရေးတွင်ကျွန်မပျက် မျက်နှာထား တည်တည်နှင့် ဟန်လုပ်နိုင်မှ တော်ရော့မည်ဟု အကြံရကာ ခပ်မှန်မှန် ဆက်လက်၍ လျှောက်သွားလေ၏။ ထိပ်တင်ဆွေသည် မိမိအနားသို့ ခင်မောင်ကြီး ရောက်လာသည်နှင့် "ဟေ့ဒီမှာ" ဟု ခေါ်လိုက်၏။

"ဟုတ်ကဲ့ ခင်ဗျာ"

ထိပ်တင်ဆွေသည် မိမိအား ရှိရှိသမျှ အစေခံအားလုံးက ဘုရားထူးကြရသည်ကိုသာ နားမှ အကျင့်ရနေသူ ဖြစ်သဖြင့် ယခုလို ခင်မောင်ကြီးက "ခင်ဗျာ" ဟုဆိုလိုက်ခြင်းသည် မိမိအား ကော်၍ဆဲသကဲ့သို့ အခံရခက်သည့်ပြင် မသင်္ကာစရာ ဖြစ်သည်ကိုလည်း တွေ့ရလေ၏။

"ငါ့ကို ခင်ဗျာလို့ ထူးရသလား"

"တင်ပါ၊ အဲလေ မသိလို့ပါ"

"တင်ပါ၊ ဘာတင်ပါလဲ၊ ငါဘုန်းကြီးမဟုတ်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်မှားလို့ပါဆရာ"

"လာပြန်ပြီလား ဆရာ၊ ဘာဆရာလဲ"

"မှားလို့ပါခင်ဗျာ" ဟု ခင်မောင်ကြီးက ပြောပြီးမှ "ခင်ဗျာ" ထပ်၍ထည့်မိသည်ကို သတိရကာ ပါးစပ်အဟောင်းသားနှင့် ပြုံးသယောင်ယောင် ကြောင်စီစီ ငေးကြည့်မိလေ၏။

ထိပ်တင်ဆွေသည် မိမိအား အခေါ်အပြောနှင့်ပတ်သက်၍ စကား အခြေအတင် ပြောပွဲ ပြုလုပ်မနေတော့ပဲ ထိုစကားကို ဖြတ်ကာ "မင်းကို ငါမြင်ဖူးသလားလို့" ဟု ပြောလိုက်လေ၏။

"ကျွန် ကျွန်တော် ဘယ်သိမလဲ။ ဆ ဆ အဲ ခင် . . . ခင်"

ခင်မောင်ကြီးသည် ဆရာခေါ်ရမလား။ ခင်ဗျားဟူ၍ သုံးရမလားဟု ခေါ်စရာ တွေးမရပဲ ထစ်အဲအဲ ဖြစ်နေလေ၏။

"နို့ မင်းဘယ်သူလဲ"

"ကျွန်တော် ဒီညအဖို့ ခေတ္တအကူအညီလာလုပ်တာပါ"

"မင်းဘယ်အရပ်ကလဲ"

"ကျွန်တော်မန္တလေးကပါ၊ ကျွန်တော့်ညီ မောင်စိုးဝင်းက ဒီမှာ အလုပ် လုပ်ပါတယ်၊ ဒီညအဖို့ ကူညီလုပ်ဖို့ လူလိုတယ်ဆိုလို့ လာပြီး လုပ်ရတာပါ"

ထိပ်တင်ဆွေသည် မျက်မှောင်ကြုံ့၍ စဉ်းစားနေပြီးမှ ဟုတ်မဟုတ် ကိုသူတော်အားမေးမြန်းကြည့်လျှင် သိနိုင်မည်ဟု စဉ်းစားမိပြီးလျှင် "အေး အေး ကောင်းပြီ၊ လက်ဖက်ရည် တစ်ခွက်ယူခဲ့" ဟု အမိန့်ပေးလိုက်လေ၏။



Commercial use of this book will be at your own risk

“တင်ပါ မှန်ပါ၊ အဲ အဲ ဟုတ်ကဲ့ဆရာ”

ခင်မောင်ကြီးသည် အယောင်ယောင်အမှားမှား ပြော၍ထွက်သွားလေ၏။ သို့သော် ထိပ်တင်ဆွေသည် ခင်မောင်ကြီး ယခုလိုပြောခြင်းကြောင့် မယုံသင်္ကာမဖြစ်မိ။ သူပြောသည့်အတိုင်း လူသစ်ဖြစ်၍ စကားအသုံးအနှုန်းမတတ်၊ မပြောတတ်၍ ယခုလို ပြောခြင်းဖြစ်မည်ဟု တွေးမိ၏။ သို့သော် ယခုလိုပြောခြင်းကိုကား သူမကျေနပ်ချေ။

မကြာမီ ခင်မောင်ကြီးသည် လက်ဖက်ရည်တစ်ခွက် ဗန်းထဲတွင်ထည့်၍ သယ်ယူလာလေ၏။ ခင်မောင်ကြီးသည် ထိပ်တင်ဆွေက မိမိအား နောက်ထပ် ဘာများမေးမြန်းလိမ့်ဦးမည်နည်းဟု တွေး၍ လန့်နေမိ၏။ သို့ရာတွင် ထိပ်တင်ဆွေသည် ဘာမျှ အမေးအမြန်းထူမနေပဲ “ကိုသူတော် ကို လွှတ်လိုက်စမ်း” ဟု ပြောလိုက်လေ၏။

ထိုအခါမှ ခင်မောင်ကြီးသည် ရင်အေးသွားပြီး “ကောင်းပါပြီ ခင်ဗျာ” ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။ သို့သော် ခင်မောင်ကြီးသည် ထိုအိမ်မှာ ကြာကြာမနေရဲတော့ပေ။ ထိုညအဖို့၌ ယခုလိုဖြစ်ပျက်ခဲ့ကြပြီးမှ နောက်ထပ် ခင်ဖုန်းနှင့်တွေ့ရန် အခွင့်ကောင်းရတော့မည်မဟုတ်။ ကြာကြာနေလျှင် မိမိအကြောင်း အားလုံးပေါ်ကုန်ချေတော့မည်။ သို့ဖြစ်၍ စောစောက လစ်မှပဲဟု တွေးတောဆုံးဖြတ်ကာ ကိုသူတော်အား သူ့ကို ထိပ်တင်ဆွေခေါ်နေကြောင်း ပြောဆိုမှာကြားပြီး လစ်၍ ပြေးတော့လေ၏။



Commercial use of this book will be at your own risk

။ ၇ ။

ထိပ်တင်ဆွေသည် လက်ဖက်ရည်သောက်ရင်း ကိုသူတော်ကို ကြည့်ရှုအကဲခတ်နေပြီးမှ သောက်ပြီးသား လက်ဖက်ရည်ပန်းကန်ကို ကိုသူတော်၏ လက်ထဲသို့ ထိုးအပ်လိုက်ရင်း “ကိုသူတော် ဒီညခိုင်းစေဖို့ အပြင်လူတွေ ခေါ်ရသေးသလား” ဟုမေးလိုက်၏။

“မှန်ပါ ခေါ်ပါတယ်”

“အဲဒီအထဲမှာ စိုးဝင်းရဲ့ အစ်ကို ဆိုတာကော ပါသလား”

“မှန်ပါ၊ စိုးဝင်းက သူ့အစ်ကိုပါလို့ ပြောပြီး လူတစ်ယောက်တော့ ခေါ်လာတယ်၊ ကြည့်ရတာတော့ လူရိုးလူကောင်း၊ လူကောင်းပုံပန်းသဏ္ဍာန်ပါပဲ၊ ဘာပြုလို့လဲ ဘုရာ့”

“ဘာမှ မဖြစ်ပါဘူး၊ မဖြစ်ပါဘူး၊ အဲဒီလူကို အရင်ကတည်းက သိတာလားလို့ မေးချင်လို့ပါ”

“မသိပါဘူး ဘုရား”

“ဒါပဲ၊ သွားတော့”

“ကောင်းလှပါ ဘုရား”

ထိပ်တင်ဆွေသည် အကျိုးအကြောင်းသိရပြီဖြစ်၍ မသက်ာမှု ပပျောက်ကာ ကျေနပ်သွားလေ၏။ သို့သော် ကိုသူတော်ကမူ ဘာ့ကြောင့် ယခုလို မိမိအားခေါ်ပြီးမေးရသလဲဟု မကျေနပ်ဘဲ ထိပ်တင်ဆွေအားမှ ထွက်ခွာခဲ့ရလေ၏။ သို့ဖြင့် ဘာကြောင့် ဖြစ်မည်ကို အမျိုးမျိုးစဉ်းစားရာတွင် အဖြေတစ်ခု ထွက်လာပြီး ကျေနပ်စွာ ပြုံးမိလေ၏။

ထိုအဖြေမှာ ယခုကိစ္စသည် ခင်ဖုန်းနှင့်သက်ဆိုင်နေရမည် ဟူသော တွေးမိခြင်း ဖြစ်လေသည်။

ထိုသို့တွေးမိခြင်းကို အထောက်အထားပြုစရာ အချက်တစ်ရပ်မှာ စိုးဝင်းသည် ၎င်း၌အစ်ကိုတစ်ယောက်ရှိနေပါသည် ဟူ၍ ဘယ်အခါကမှ မပြောခဲ့ဖူးပဲ၊ ယခုမှ ထိုသို့ ပြောခြင်းဖြစ်ပေ၏။ စိုးဝင်းသည် မိမိနှင့်ပတ်သက်သည့်

Commercial use of this book will be at your own risk

မည်သည့်ကိစ္စမဆို လူတကာ သိအောင်လုပ်တတ် ပြောတတ် ကြွားဝါတတ်သူတစ်ယောက်ဖြစ်ခြင်းကို ကိုသူတော်မှာ အစင်းသိသူတစ်ဦးဖြစ်လေရာ၊ အကယ်၍သာ ၎င်း၌ အစ်ကိုရှိနေလျှင် ယခုမှ ထုတ်ဖော်ပြောမည်မဟုတ်။ ဤအိမ်သို့ ရောက်လာစကတည်းကပင် ပြောမည်ဖြစ်၏။ ထိုသို့ မဟုတ်ပဲ ယခုမှပြောခြင်းသည် ခင်ဖုန်းနှင့် ထိုသူတို့ အဆက်အသွယ်ရှိနေသောကြောင့် ဖြစ်ရမည်။ စိုးဝင်း၏လက်ထဲတွင် “ကိုဟဝါ” ဟူသော ထိလက်မှတ်ရှိနေရာ၊ ထိုလက်မှတ်ကို ပေါက်မဲဖြစ်အောင် ပြုလုပ်နိုင်ရေးအတွက် သူလျှိုလုပ်နေခြင်းဖြစ်မည်ကို စဉ်းစားမိလေ၏။ ထိုသို့ စဉ်းစားမိသည်နှင့် ကိုသူတော်သည် စိုးဝင်းကို ကလိန်ကျရန် အကြံတစ်ခုရကာ ပြုံးလိုက်မိခြင်းဖြစ်ပေ၏။

ကိုသူတော်သည် အကြံကြီးသူဖြစ်၏။ ကြံစည်သည့်အတိုင်းလည်း ဖြစ်အောင် ကြိုးစားတတ်၏။ သို့ဖြင့် ထိုအကြံကို အကောင်အထည်ဖော်ရန် စိုးဝင်းကို ရှာရာ၊ မီးဖိုချောင်မှာ တွေ့လေ၏။

“ဟေ့ကောင်ကလေး၊ လာခဲ့စမ်း၊ လာခဲ့စမ်း”

“ဘာလဲဗျ။ ခင်ဗျားကြီး”

“ဘာလဲလုပ်မနေနဲ့။ မင်းကိုယ်မင်း ပါးလုပြီပေါ့လေ”

“ဘာလုပ်လို့လဲ ကျွန်တော်”

“မင်းအစ်ကိုလေး ဘာလေးနဲ့လုပ်ပြီး ဖုန်းဖုန်းနဲ့တွေ့ရအောင် ငနဲတစ်ကောင်ကို မင်းခေါ်ခဲ့တာပေါ့လေ”

“ဘယ်ကလာ ဟုတ်ရမှာလဲဗျ”

ကိုသူတော်သည် မိမိပါးစပ်ကိုဖြဲပြပြီး “ဒါမျိုးတွေ အံခွနေပြီကွ။ ဒါတွေ ငါကဖြစ်လာတာ။ အံမာ မင်းအကြံကို ငါမသိဘူးမှတ်လို့လား” ဟု ဆိုလိုက်၏။

စိုးဝင်းသည် မွှန်ထူသွားကာ “ခင်ဗျားသိရင်လည်း အစက ဘာလို့လက်ခံသေးသလဲ” ဟု ပြောမိပြောရာ ပြောလိုက်ရာ၊ ကိုသူတော်မှာ မလုံသည့်အိုး ဒုတ်မိုးရုံနှင့် ပေါ်လာသည်ကို တွေ့ရ၍ တဟားဟား အသံထွက်အောင် ရယ်လိုက်မိလေ၏။

“ကိုင်း မင်းအခု ဖြောင့်ချက်ပေးပြီးပြီ မဟုတ်လား၊ ဘာပြောချင်သေးသလဲ”

စိုးဝင်းမှာ ယခုမှ မိမိ ခြေလှမ်းမှားသွားပြီဟု တွေးမိကာ မျက်လုံးများပြူးလျက် ကိုသူတော်ကို ငေးစိုက်ကြည့်ရှုနေမိလေ၏။ ထို့နောက်မှ ဆင်သေကို ဆိတ်ရေဖြင့် ဖုံးရန် ကြိုးစားသည့်အနေဖြင့် “ခင်ဗျား ပြောတာတွေ ဘာတွေလဲ။ ကျွန်တော်နားမလည်ဘူး” ဟု ပြောလိုက်လေသည်။

“ဟေ့ မင်းစကားများမနေနဲ့။ ခရမ်းသီးကို လက်ဆုပ်လက်ကိုင်မိနေရက်သားနဲ့ ဗန္ဓုလ ခမောက်ပါလို့ ညာမနေနဲ့တော့၊ မင်းက ငါ့ကို လိမ်လို့ ရမယ်များ မှတ်နေသလား။ ဟင်း၊ မင်းနဲ့ငါနဲ့ စကားများများ ပြောနေဖို့ အချိန်မရှိဘူး။ ဒီအကြောင်းကို ထိပ်တင်ကိုယ်တော်ကြီးနဲ့ ထိပ်တင်ဆွေကို တိုင်ရလိမ့်မယ်”

စိုးဝင်းမှာ မြီးညှောင့်ရိုး ငုပ်၍ဝင်သွားဘိသကဲ့သို့ ကျောတွန့်၍ သွားလေ၏။ မိမိမှာ အလိမ်ပေါ်နေပြီဖြစ်၍ မွှန်ထူနေရသည့်အထဲတွင် ယခုကဲ့သို့ တိုင်တန်းဦးမည်ဟု ခြိမ်းခြောက်ခံရသည့်အခါ စိုးဝင်းသည် ကိုသူတော်အပေါ်တွင် မောက်မာမာန်တင်း၍ မနေနိုင်တော့ပဲ။

“မတိုင်ပါနဲ့ ဘကြီးရာ၊ ကျွန်တော် ရှိကြီးခိုးပါရဲ့” ဟုတောင်းပန်ရလေ၏။

Commercial use of this book will be at your own risk

ကိုသူတော်သည် စိုးဝင်းပျော့လာသည်ကိုတွေ့ရလျှင် နဂိုကပင် အကြံရှိထားသူဖြစ်သည့်အတိုင်း ချိုသာသော လေသံကို သုံးလိုက်လေ၏။

"အေးကွာ ငါကတော့ မတိုင်ချင်ပါဘူး။ ငါ့သဘောလည်း မင်းသိသားပဲ။ ဒါပေမယ့် ငါ့ကိုစုံစမ်းပေးဖို့ အမိန့်ရှိထားတော့ ပြောပြဖို့ဟာ ငါ့တာဝန်ဖြစ်နေတယ်"

"ဒါပေမယ့် မပြောရင်လည်း ပြီးတာပဲ မဟုတ်လား ဦးရယ်"

ကိုသူတော်၏ မျက်နှာကြီးမှာ ပြုံးရွှင်၍လာကာ "အေးကွာ၊ ငါဘယ်တုန်းကမှ ကိုယ်တော်ကြီးကို လိမ်မပြောခဲ့ဖူးပါဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ မင်းအတွက် လိမ်ရတော့မှာပဲ။ မင်းငါ့ကို ဘာပေးမလဲ" ဟု မေးလိုက်လေ၏။

"ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါ။ ခိုင်းတာလုပ်ပါ့မယ်"

"ဒါလောက်နဲ့တော့မရဘူး။ မင်းဆီမှာ ထီလက်မှတ်ရှိတယ်မဟုတ်လား။ ကိုဟဝါဆိုတဲ့ဟာကွယ်။ အဲဒါ ငါ့ကိုပေးပေတော့"

စိုးဝင်းသည် အကြံရကြပ်ကာ ခေါင်းကို ကုတ်နေလေ၏။

"မင်းစဉ်းစားလေ၊ အဆူအပူ အရိုက်အနှက်ခံမလား။ လက်မှတ်ကလေးပဲ ပေးမလား။ အဲဒါစဉ်းစား။ နောက်ပြီး ဒီလက်မှတ်ပေးလိုက်ရလို့ မင်းမှာ ဘာမှမနာပါဘူး။ ငါ့လက်မှတ်ကမှ တစ်ဝက်သေချာနေသေးတယ်။ မင်းဟာက သေချာတာ မဟုတ်ဘူး။ ဒါပေမယ့် ငါ့ကံနဲ့ မင်းကံပေါ့လကွယ်"

စိုးဝင်းသည် ကြံရာမရဖြစ်ကာ အတန်ကြာ စဉ်းစားနေပြီးမှ ယခင် မိမိအား ခင်မောင်ကြီးပြောလိုက်သည့် စကားတစ်လုံးကို သတိရ၍ "ခင်ဗျားသဘောပေါ့ဗျာ။ ဂွတ်တယ်ထင် ဒူးသာဒူး" ဟု ပြောလိုက်သဖြင့် ကိုသူတော် မျက်လုံးပြူးသွားလေ၏။

"ဘာလဲ။ ချွေးမသားကလေး၊ မင်းငါ့ကို ဆဲသလား"

စိုးဝင်းသည် စိတ်ပျက်သည့် အမူအရာဖြင့် "ခင်ဗျားကြီးကလည်း အရမ်းပြောရော့မယ်။ ကျွန်တော်က ကောင်းတယ်ထင်သလိုလုပ်ပေါ့လို့ ပြောတာပါ" ဟု ရှင်းပြလိုက်ရသည်။ ပြီးမှ စိုးဝင်းသည် မိမိ၏ အင်္ကျီအိတ်ထဲတွင် တရိုတသေသိမ်းထားသော ကိုဟဝါဟု ရေးမှတ်ထားသည့် ထီလက်မှတ်ကို ကိုသူတော်အား လှမ်း၍ပေးလိုက်ပြီးလျှင် ကိုသူတော်၏လက်ထဲမှ "စောလွင်" ဟုရေးထားသည့် လက်မှတ်ကို စိတ်မချမ်းမသာ ဖြင့် လဲယူလိုက်ရလေ၏။

ကိုသူတော်သည် အောင်မြင်သော ပြုံးခြင်းဖြင့် ပြုံးကာ ကိုဟဝါ လက်မှတ်ကို အင်္ကျီအိတ်ထဲသို့ သွင်းရင်း "ကဲ ဒီည မင်းအလုပ်မလုပ်ချင်နေ စောစောအိပ်ပေတော့" ဟုခွင့်ပေးပြီး ထွက်သွားလေ၏။

ဆုံးရှုံးခြင်းသည် စိတ်ပျက်အားလျှော့တတ်သူတို့ အဖို့ ပျက်စီးခြင်းကို ဖြစ်စေတတ်သော်လည်း ဇွဲကောင်းသူတို့ အဖို့မှာမူ မလျှော့သော လုံ့လဖြင့် အောင်မြင်မှုရရှိသည့်တိုင်အောင် ကြီးမားသော ကြံစည်အားထုတ်မှုကို ဖြစ်ပေါ်စေသည့် တိုက်တွန်းမှုတစ်မျိုးပင် ဖြစ်ပေသည်။ စိုးဝင်းသည် လူပင်ငယ်သော်လည်း လူလည်ကလေး၊ အကြံသမား ကလေးတစ်ယောက်ဖြစ်သည့်အလျောက် ခဏမျှသာ စိတ်ပျက်မိပြီးနောက် ချက်ချင်းပင် စိတ်တင်းကာ ရှုံးရာက ကုန်း၍ထဖို့ရန် အကြံပြုလေ၏။

ယင်းသို့ အကြံထုတ်လိုက်သည်နှင့် ချက်ချင်းပင် စိုးဝင်းသည် အကြံတစ်ခုကိုရလေ၏။ ထိုအကြံမှာ မိမိ၏ လက်ထဲရှိ ထီလက်မှတ်သည် စောလွင်၏နာမည်နှင့် ဖြစ်နေသည်နှင့်အညီ မိမိအကျိုးအတွက် စောလွင်ဘက်ကနေ၍

Commercial use of this book will be at your own risk

အားပေးကူညီရန် ဖြစ်ပေ၏။ သို့သော် စောလွင်၏ အောင်မြင်မှုရရှိရေးအတွက် လူသိထင်ရှားကိုယ်ထိလက်ရောက် ဆောင်ရွက်၍ မဖြစ်နိုင်၊ ထိုအကြောင်းကို ခင်ဖုန်းသိလို့ မဖြစ်၊ တစ်နည်းနည်းဖြင့်သာ စောလွင်ကို အားပေးရန်သာရှိ၏။ ထို့ပြင် ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့၏ စာပေးစာယူ၊ အဆက်အသွယ်ဟူသမျှ အဝဝ တို့ကို နှောင့်ယှက်ဖျက်ဆီး၍ လူယုံသတ်ခြင်းအားဖြင့် ၎င်းတို့၏ဇာတ်လမ်းကို လွမ်းခန်းဖြင့်သိမ်းစေရမည်ဟု အဓိဋ္ဌာန် ပြုလိုက်လေ၏။

နောက်နေ့နံနက်တွင် စောလွင်၏ ခုတင်ခေါင်းရင်း၌ နံနွှင်းနှင့်ဆီ စွန်းနေသော နှစ်ပြားဖိုးသုံးလုံးတန် စာအိတ်တစ်အိတ်ပေါ်တွင် စောလွင်သို့ ဟု မညီညာသော လက်ရေးဖြင့် ပိန်တစ်လုံးဖောင်းတစ်လုံး ရေးသားထားသော စာတစ်စောင်ရောက်ရှိ နေလေ၏။

စောလွင်သည် အိပ်ရာကထ၍မျက်နှာသစ်ပြီး ပြန်အလာတွင် ထိုစာကိုတွေ့လိုက်လေရာ မျက်နှာသုတ်မည်ပြုနေသော မျက်နှာသုတ်ပဝါကို အိပ်ရာပေါ်သို့ ပစ်၍ချလိုက်ပြီးလျှင် စာကိုရုတ်တရက်ကောက်ယူလိုက်လေ၏။ ထို့နောက် စာအိတ်ကို ဖောက်ဖွင့်၍ကြည့်လိုက်ရာ။

"စိတ်မပျက်ပါနဲ့၊ ယောကျ်ားတို့ စွမ်းရည် သေခါမှလျှော့ရမယ်။ ၄ပ်မိသဲတိုင် တက်နိုင်ဖျားရောက် အမြဲမှတ်ထားပါ။ နောက်ပြီးတော့ ကြောင်ရင်လာဘ်လွှဲ၊ ရဲရင် မင်းဖြစ်နိုင်တယ်။ မိန်းမတစ်ယောက်ရဖို့ လောက်တော့ အပျော့ပေါ့။ မကြောက်နဲ့ ကျွန်ုပ်အသင့် အကျိုးကို အမြဲသယ်ပိုးပါမည်"

ဟူ၍ ရေးထားသည်ကို တွေ့ရပြီး အောက်တွင် "သမ္မာဆန္ဒနတ်မင်း" ဟု လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသောကြောင့် စောလွင်မှာ အတော်ပင် အံ့အားသင့်၍သွားလေတော့၏။

စောလွင်သည် စာကိုကြည့်ရင်း စဉ်းစားတွေဝေနေပြီးမှ တစ်ဖြည်းဖြည်းပြုံး၍လာကာ မိမိဖက်မှ အားပေးမည့် သူတစ်ယောက်တော့ ရှိနေပြီဟု တွေးမိလိုက်၏။ သို့သော် ထိုသူသည် မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကိုကား မစုံစမ်းလိုပေ။ ထိုသူသည် မည်သူ မည်ဝါဖြစ်ခြင်းကို မိမိအားအသိမပေးလို၍သာ ထိုသို့စာရေးခြင်းဖြစ်ရာ၊ အကယ်၍ မိမိကလိုက်စုံစမ်း၍ ပေါ်ပေါက်ခဲ့သော် ၎င်း၏စိတ်သည် တစ်မျိုးတစ်မည်ပြောင်းကာ မိမိဖက်က အားမပေးပဲ နေတော့မည်ကို စိုးရိမ်မိလေသည်။ သို့ဖြစ်၍ ထိုစာရေးသူအား စုံစမ်းရန် စိတ်မကူးတော့ပဲ ဝမ်းမြောက်စွာဖြင့်ပင် ထိုစာကို ခေါင်းအုံးအောက်သို့ ထိုးသွင်းလိုက်လေ၏။

စာရေးသူကား စိုးဝင်းပင်ဖြစ်၏။ သူသည် စာကောင်းစွာမရေးတတ်သော်လည်း သမ္မာဆန္ဒဟူသောအမည်ကို စာလုံးပေါင်းမှန်အောင် ရေးတတ်သည်မှာ စာအုပ်တစ်အုပ်ထဲမှ ခိုးချ၍ဖြစ်ပေ၏။

စိုးဝင်းသည် စောလွင်အား ကိုယ်တိုင် ကိုယ်ကျကူညီခြင်းမပြုပဲ ပစ်စာသဘောမျိုးဖြင့် နှိုးဆွ အားပေးကူညီရန် အကြံပြုထား၏။ သို့ဖြစ်၍ ထိုစာကိုရေးပြီးသည့်နောက်တွင် စောလွင်လစ်သည့်အခါတိုင်း နောက်ထပ်စာတစ်မျိုးပြီး တစ်မျိုးပြောင်းလဲ၍ ရေးပေးနိုင်ရန် ထမင်းချက်မိန်းမ ဖတ်လေ့ရှိသည့် ဝတ္ထုစာအုပ်များ၊ အချစ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ၊ ဂျာနယ်မဂ္ဂဇင်းများရှိ အချစ်ဆောင်းပါးများကို ရှာဖွေစုဆောင်းလျှက် သေချာစွာ ဖတ်ရှုမှတ်သားထားလေ၏။

သူသည် အမြဲတန်း အကြံထုတ်နေသော သူငယ်ကလေးတစ်ယောက်ဖြစ်သလောက် ကိုသူတော်သည်လည်း အကြံကြီးသူတစ်ဦး ဖြစ်သည့်ပြင် တစ်စုံတစ်ရာကို လုပ်မည်ဆိုလျှင် ရှေ့ရေးနောင်ရေးကို မျှော်တွေးစဉ်းစားပြီး လုပ်တတ်သူတစ်ယောက်ဖြစ်လေသည်။ ကိုသူတော်သည် ကြိုတင်၍ အကွက်မြင်တတ်သူဖြစ်၍ တစ်အိမ်လုံးရှိ အခိုင်းအစေအားလုံးတွင် သူ့ကိုနိုင်အောင် ကျားထိုးနိုင်သူမရှိချေ။ ယင်းသို့ အမြင်ကြီးသူတစ်ယောက် သည် မိမိ၏ စောလွင်အမည်ပါသောလက်မှတ်နှင့် စိုးဝင်း၏ "ကိုဟဝါ" အမည်ပါသောလက်မှတ်ကို လဲလှယ်ယူလိုက်မိသည့် အချိန်ကစ၍ စိုးဝင်းကိုအလစ်မပေးတော့ချေ။ စိုးဝင်း၏ခြေလှမ်းကို အမြဲအကဲခတ်ကာ ရှေ့သို့ လေးငါးခြောက်လှမ်း မျှမက ကြိုတင်၍ မြင်နိုင်အောင် ကြိုးစားနေရပေ၏။

Commercial use of this book will be at your own risk

ကိုသူတော်သည် အခြားသူတို့၏ လက်ထဲ၌ရှိသည့် လက်မှတ်များအတွက် မစိုးရိမ်မိချေ။ ခင်ဖုန်းတည်းဟူသော သောင်းငါးထောင်တန် ဖလားပွဲတွင် ရေချိန်ဖြင့်လည်းကောင်း၊ နာရီခိုး၍ရိုက်ထားခြင်းအားဖြင့်လည်းကောင်း စောလွင်မှာ “ဟော့ ဖေးဘရိတ်” ဖြစ်နေ၏။ ကိုဟဝါမှာမူ အောက်ဆိုက်ဒါ အကော်ကောင် လျှိုမြင်းဖြစ်၍နေလေသည်။ သို့သော် စိုးဝင်းသည် မိမိ၏လက်မှတ်ကို မည်သည့်နည်းနှင့်မျှပြန်၍ရအောင် ကြံစည်မည်မဟုတ်။ ကြံစည်၍လည်း မရနိုင်သည်ကို ကိုသူတော်ကောင်းစွာ စဉ်းစားမိ၏။

သို့ဖြစ်လျှင် စိုးဝင်းသည် ၎င်းရရှိထားသည့် လက်မှတ်နှင့် တွဲထားသော စောလွင်မှာ ကောင်းစွာ နိုင်နိုင်သည့် အခြေရှိသည်ကို သိပြီးသားဖြစ်၍ စောလွင်ကိုသာ အပိုင်ထုတ်မည်ဖြစ်ပေ၏။ သို့သော် အထင်အရှားကူညီလိမ့်မည် မဟုတ်သည်ကိုလည်း ကိုသူတော်ကောင်းစွာ ရိပ်စားမိ၏။ သို့ဖြစ်ရာ စောလွင်အား တိုက်ရိုက်ကူညီခွင့်မရလျှင် သွယ်ဝိုက်သောအားဖြင့် ကူညီရာရောက်အောင် ခင်ဖုန်းနှင့် ကိုဟဝါတို့၏စာများကို ကြားဖြတ်၍ ဖျက်ဆီးခြင်းအားဖြင့် တစ်ယောက်နှင့်တစ်ယောက် အထင်လွဲအောင် ပြုလုပ်မည်။ ၎င်းတို့နှစ်ဦး၏ အချစ်စခန်းသည် ရှေ့သို့ မတက်လှမ်းနိုင်အောင် ဖြစ်နေစဉ် စောလွင်ကိုပန်းဝင်အောင် ဇက်တွန်း၍ ထိုးတက်သွားစေလိမ့်မည်ဟု ကိုသူတော်က အပ်ချမတ်ချ တွေးမိလေသည်။

သို့ဖြစ်ရကား စိုးဝင်းက ခင်ဖုန်းနှင့် ကိုဟဝါတို့ကို အဆက်ပြတ်အောင် လုပ်ခဲ့လျှင် မိမိကမည်သည့်နည်းဖြင့် သူတို့နှစ်ဦးဆက်သွယ် နေမိအောင် လုပ်ရမည်ကို အကြံထုတ်ဖို့သာရှိသည်ကိုတွေးမိ၏။

ထိုသို့တွေးမိသဖြင့် စိုးဝင်း၏ အကြောင်းကို ခင်ဖုန်းအား ထုတ်ဖော်ပြောပြ၍မဖြစ်။ ထိုသို့ပြောခဲ့လျှင် ခင်ဖုန်းသည် သူတို့အကြောင်း လူအများသိသွားပြီဆိုပြီး ရှက်ကြောက်ခြင်း၊ စိတ်ဆိုးခြင်း ဖြစ်မည်ကိုလည်း စိုးရိမ်မိ၏။ စိုးဝင်းအားလည်း စစ်ဆေးမေးမြန်းမည်ဖြစ်၏။ မေးခဲ့လျှင် စိုးဝင်းသည် မိမိတို့ လောင်းထားကြသည့် ကိစ္စကို ဖော်လိမ့်မည်။ ထိုသို့ဖော်ခဲ့လျှင် မိမိတို့၏ ခြေရှုပ်ပုံ အလုံးစုံကို ခင်ဖုန်းသိသွားမည်။

ထိုအခါ မိမိကြောင့်စိုးဝင်းက ကိုဟဝါဘက်မှ မပါတော့ပဲ စောလွင်ဘက်မှပါက စိတ်ပြောင်းသွားခြင်းကိုသိရှိရပြီး ခင်ဖုန်းက မိမိကိုသာ ခေါင်းတည်ပြီး အပြစ်ယူလိမ့်မည်ကို တွေးမိ၏။

သို့ဖြစ်၍ ထိုကိစ္စအားလုံးကို ခင်ဖုန်းအား လုံးဝအသိပေး၍ မဖြစ်ဟုဆုံးဖြတ်လိုက်ပြီးလျှင် ခင်မောင်ကြီးအား သာလျှင်သွား၍ပြောဖို့ရန်ကို စိတ်ကူးထည့်၍ကြည့်မိလေ၏။

ကိုသူတော်သည် ခင်မောင်ကြီး၏နာမည်ရင်းကိုမသိသေးချေ။ သို့သော်ဦးလတ်အား ဥယျာဉ်မှူးမှတ်ကာ ခင်မောင်ကြီးက စာမှားပြီးပေးလိုက်ခြင်း ကို အကြောင်းပြု၍ အိမ်တွင်း၌ ပွက်လောရိုက်သွားပြီးပြောဆိုကြသည့် စကားများကို တစ်စေ့တစ်စောင်းချောင်း၍ နားထောင်ကြသူတို့က တစ်ယောက်နှင့်တစ်ယောက် စကားဖောက်သည်ချကာ စကား ကူးသန်းရောင်းဝယ်ရေးလုပ်နေကြသည့်အတွက် ကိုသူတော်သည် ခင်မောင်ကြီး၏ နာမည်ရင်းကို မသိခြင်းမှတပါး အခြားကိစ္စအားလုံးကို သိနေလေ၏။

မိမိတို့နှင့်မနီးမဝေးတွင် ခင်ဖုန်း၏ ရည်းစားရောက်ရှိနေလေရာ သူ့ထံသို့သွားပြီး သူလိုသည့် အကူအညီကို ပေးနိုင်ကြောင်းပြောလျှင် သူသည် ထိုအကူအညီကို လက်မခံပဲ နေမည်မဟုတ်။

သူသည် ယောကျ်ားတစ်ယောက်ဖြစ်သည့်အတွက် ခင်ဖုန်းထက် အပြောရ အဆိုရလွယ်မည်ဖြစ်သည့်ပြင် အကူအညီ လို၍ နေသူတစ်ဦးဖြစ်သဖြင့် မိမိ၏ အကူအညီကို ဧကန်မုချ လက်ခံလိမ့်မည်ဟု စိတ်ချယုံကြည်မိလေ၏။

ကိုသူတော်သည် ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့ အဆက်အသွယ်မပြတ်စေလိုခြင်းမှာ ယင်းသို့အဆက်အသွယ် ပြတ်ခဲ့လျှင် ပီယေဟိဝိပ္ပယောဂေါ တည်းဟူသော ဒုက္ခကိုခံစားကြရကာ မျက်ရည်ယိုစီးပြီး ငိုကြီးရှိုက်ငင်ဖြင့် ကိန္နရီမောင်နှံ ဓာတ်ခင်းနေကြရသည့်အဖြစ်ကို မရှုရက်မမြင်ရက်၍မဟုတ်ပဲ “ကိုဟဝါ” နှင့်တွဲထားသော လက်မှတ်ကို ရရှိထားသည့် အတွက် ခင်မောင်ကြီးဖက်က အားပေးလို၍ ဖြစ်ပေသည်။

Commercial use of this book will be at your own risk

သို့သော် ခင်ဖုန်းချစ်နေသော ကိုဟာဝါမှာ ၎င်းတို့ထင်နေကြသည့် ခင်မောင်ကြီး မဟုတ်ပေ။ တစ်နည်းဆိုရသော် ကျိုက်ထီးရိုးတွင် ခင်ဖုန်းတွေ့ ၍ ချစ်လာခဲ့သူမှာ ခင်မောင်ကြီးမဟုတ်ပဲ ဘတင့်ဆိုသူဖြစ်၏။

ထိုဘတင့်နှင့် ခင်မောင်ကြီးမှာ တစ်ခြားစီဖြစ်သည်ကို ကိုသူတော်သော်လည်းကောင်း၊ အခြားသူများသည်လည်းကောင်း၊ မသိကြပဲ၊ ကိုဟာဝါသည် ခင်မောင်ကြီး ဖြစ်သည်ဟူ၍ အထင်မှားနေကြခြင်းဖြစ်ပေသည်။ ယင်းသို့ ကိုဟာဝါမှာ တစ်ယောက်ထဲသာမကပဲရှိရာ၊ နောက်ဆုံးတွင် ခင်ဖုန်းနှင့် မည်သူဟာဝါမည်ကို မည်သူမျှ မတွေးမိပဲ ရှိကြလေ၏။

စိုးဝင်းနှင့် ကိုသူတော်တို့သည် သပွတ်အူနှင့် စာဖူးတောင်းဇာတ်ခင်းနေကြခြင်းကို စိုးစဉ်းမျှ မသိရှာသော ခင်ဖုန်းသည် စိုးဝင်းအပေါ်တွင် အယုံအကြည်ရှိမြဲရှိနေကာ ခင်မောင်ကြီးထံသို့ စိုးဝင်းမှ တဆင့် စာပေးမြဲ ပေးလျက်ရှိလေ၏။

စိုးဝင်းနှင့် ကိုသူတော်တို့သည် ခင်ဖုန်း၏ချစ်သူမှာ ခင်မောင်ကြီးမဟုတ်ပဲ အခြားသူတစ်ဦးတစ်ယောက်ဖြစ်သည်ကို မသိကြခြင်း ထက် ခင်မောင်ကြီးသည် ခင်ဖုန်းက အခြားတစ်ယောက်အား ချစ်နေမှန်းမသိပဲ၊ စောလွင်၏စကားဖြင့် မိမိအားချစ်နေသည်ကို ထင်နေခြင်းက ပို၍ ဆိုးပေတော့၏။

ထို့ထက် ခင်ဖုန်း၏စိတ်ထဲတွင် ခင်မောင်ကြီးသည် မိမိအား မေတ္တာရှိနေသည်ဟု မထင်မြင်မိပဲ၊ မိမိ၌ ကြုံကြိုက်နေရသော ဒုက္ခအခက်အခဲကို သက်သက်ကူညီကယ်ဆယ်လိုသူ တစ်ယောက်ဖြစ်နေသည် ဟု ထင်နေခြင်းမှာ အဆိုးဆုံး ဖြစ်ပေသည်။

ခင်ဖုန်းသည် အတော်ပင် အစွဲအလန်းကြီးလှ၏။ ဘတင့်ဆိုသူနှင့် ကျိုက်ထီးရိုးတွင် တွေ့ခဲ့ရသည်မှာ တစ်နှစ်မျှပင် ကြာမြင့်ခဲ့ပေပြီ။ ထိုသို့ တွေ့ခဲ့ကြပြီးနောက် တစ်နှစ်အတွင်း တစ်ယောက်နှင့်တစ်ယောက် ပြန်၍မတွေ့ကြ။ ဘတင့်မျက်နှာကို နောက်ထပ်မမြင်ရပဲ ရှိတော့သည့် တိုင်အောင် ဘတင့်အား မမေ့နိုင်ပေ။

ကျိုက်ထီးရိုးတွင် မြင့်ခဲ့ရသည့် မျက်နှာကလေးကိုသာ ၎င်း၏မျက်စိထဲတွင် တရေးရေးမြင်နေသည့်ပြင် ဘတင့်ဆိုသည့် နာမည်ကိုလည်း နားထဲတွင် တစိမ့်စိမ့်ကြားယောင်နေမိလေသည်။

ထိုသို့ဘတင့်ကို ရူးမတတ်စွဲလန်းမှုကြောင့် ခင်မောင်ကြီးကို အကျိုးဆောင်အောင်သွယ်အဖြစ် အသုံးချရန် နှလုံးပြုထားလေရာ ခင်မောင်ကြီးထံ သို့ သွား၍ပေးရန် စာတစ်စောင်ကို စိုးဝင်းလက်ထဲသို့ ထည့်လိုက်လေ၏။ ထိုစာထဲတွင် ခင်မောင်ကြီးအား ရန်ကုန်သို့သွား၍ ဘတင့်နှင့် တွေ့ဆုံပြီးလျှင် မိမိတို့၏ အပြန်အလှန်ပေးစာများကို ခင်မောင်ကြီးက စာပို့သမားအဖြစ်ဆောင်ရွက်ကာ အောင်သွယ်တော် ပြုလုပ်ပေးပါရန် တောင်းပန်စကား ရေးလိုက်လေသည်။

သို့ရာတွင် အကြံကြီးကြံနေသော စိုးဝင်းသည် ခင်ဖုန်း၏ လူမဟုတ်တော့ပဲ ငါ့လူသူ့ဖက်သား ဖြစ်နေသည့်အတိုင်း ခင်မောင်ကြီးထံ ခင်ဖုန်း ပေးလိုက်သည့်စာကို ၂ မိနစ်နှင့် စက္ကန့် ၄၀ အတွင်း အစအနရှာ၍မရအောင် ဖျက်ဆီးပစ်လိုက်ပြီးလျှင် ခင်မောင်ကြီးထံ သွားရောက်နေသည်ဟု ထင်ရအောင် ချောင်တစ်ချောင်တွင် ဝင်၍ ပုန်းနေလိုက်လေ၏။ ထိုသို့ ကိုယ်ရောင်ဖျောက်နေရာက အချိန်အလဟဿမဖြစ်စေရန် စောလွင်အား အချစ်စိတ် ထက်သန်ထကြွလာအောင် တိုက်တွန်းလှုံ့ဆော်ပေးရမည့် စာများကို လှန်လှောရှာဖွေ ဖတ်ရှု၍နေလေ၏။

ကိုသူတော်ကား စိုးဝင်းကို အလစ်မပေးချေ။ သူ့ကို မျက်ခြည်မပြတ်စောင့်ကြည့်နေကာ သူဘာလုပ်နေသည်ကို မကြာမကြာ အကဲခတ်နေလေ၏။

ခင်ဖုန်းသည် စိုးဝင်းပြန်လာချိန်တန်သည့်တိုင်အောင် မိမိထံ ရောက်မလာသဖြင့် အိမ်ထဲတွင် မယောင်မလည် ဟိုဟိုဒီဒီ ကြည့်လိုက်ရာက ကိုသူတော်နှင့်တွေ့ရ၍ “စိုးဝင်းကလေး တစ်ယောက် မမြင်ဘူးလား” ဟု မေးလိုက်၏။

Commercial use of this book will be at your own risk

ကိုသူတော်မှာ ခင်ဖုန်းအမေးကြောင့် နေရာကျတာပဲဟု ဝမ်းမြောက်သွားကာ ဘယ်အခါမဆို ခင်ဖုန်း၏ အလိုဆန္ဒကို မဆိုင်းမတွဆောင်ရွက်ပေး ရန် အသင့်ရှိသည့်ဟန်ဖြင့် "ရှိပါတယ်၊ ရှိပါတယ်" ဟု ပြောပြောဆိုဆို စိုးဝင်းရှိရာနေရာကို ခင်ဖုန်းအား လိုက်၍ပြသလေ၏။

စိုးဝင်းသည် ခင်ဖုန်းကိုမြင်သည်နှင့် တပြုံးပြုံးနက် ဖတ်ရှုနေသည့်စာများကို ကမန်းကတန်းသိုဝှက်ပြီးလျှင် မျက်နှာကို ပြောင်ပြောင်တင်းတင်း ထားလျက် ခင်ဖုန်းအနီးသို့ကပ်လာကာ "စာပြန်ဖို့ မလိုဘူးလို့ ပြောလိုက်တယ်ဘုရာ့" ဟု ဆို၏။

"ဘာ၊ စာပြန်ဖို့ မလိုဘူးတဲ့လား"

"မှန်ပါတယ် ဘုရား"

ခင်ဖုန်းမှာ နားမလည်နိုင်သကဲ့သို့ဖြစ်သွားသည်။ ခင်မောင်ကြီးသည် မိမိကိုယ်တိုင်လာ၍ မပြောပဲ အခန့်သားစာဖြင့် ရေးလိုက်သည့်အတွက် ဂရုမစိုက်ပဲနေလေရော့သလားဟု ဦးစွာတွေးလိုက်မိသည်။ သို့ရာတွင် မိမိသည် အိမ်ထဲက ထွက်ရန် မလွယ်ကူ၍ ယခုလို စာဖြင့် ရေးပေးလိုက်ရခြင်းကို သိလျှင် မိမိအပေါ်တွင် အပြစ်ယူမည်မဟုတ်ဟု စိတ်ကို ဖြေသိမ့်လိုက်ရ၏။

ကိုသူတော်သည် ကွယ်ရာမှ ချောင်းမြောင်းနားထောင်နေရာက အပြုံးကြီးပြုံးလိုက်မိ၏။ ကောင်ကလေးတော့ ပတ်တီးလိုက်ပြီဟု၍လည်း တွေးမိ၏။ ထိုသို့ဖြစ်ခဲ့လျှင် မိမိအနေဖြင့် ကြာရှည်လေးမြင့် ဖင့်ဆိုင်း၍နေလို့ မဖြစ်တော့ပြီ။ ခင်မောင်ကြီးထံသို့ အလျင်အမြန်သွားကာ ခင်မောင်ကြီးနှင့် ခင်ဖုန်းတို့ တွေ့ဆုံကြရအောင် ဖန်တီးပေးမှ အရေးတော်ပုံလုပေတော့မည်ဟု နှလုံးပြုကာ လူအများအလစ်တွင် ခင်မောင်ကြီး၏ အိမ်ဘက်သို့ ခပ်သွက်သွက်ဖြင့် မြန်းခဲ့လေ၏။

ကိုသူတော်သည် ခင်မောင်ကြီး၏အိမ်သို့ တန်းတန်းမတ်မတ်သွားရောက်ကာ လှေကားပေါ်သို့ ရဲတင်းစွာ တက်ရောက်သွားလေ၏။ သို့သော် ကိုသူတော်သည် လှေကားထိပ်သို့ ရောက်သည်နှင့် အိမ်တွင်းမှ မိမိအမြဲ ကြားနေရလေ့ရှိသော အသံတစ်သံကြားလိုက်ရသဖြင့် ရှေ့သို့ဆက်၍ မသွားပဲ ခြေလှမ်းကို တုံ့ဆိုင်းရပ်တန့်ကာ အထဲက ပြောသည့်စကားများကို နားစိုက်ထောင်နေလိုက်၏။

ကိုသူတော်ကြားနေကျဖြစ်သော အသံမှာ ဦးလတ်၏အသံပင် ဖြစ်ပေသည်။ ဦးလတ်သည် ထိပ်တင်စုကြီး၏ အမိန့်တော်မြတ်ကို နာခံကာ တွေ့ဆုံရန်ရောက်ရှိနေခြင်းဖြစ်၏။ ယင်းသို့ ဦးလတ် ဖြစ်နေသည်ကို သိရ၍ ကိုသူတော်သည် အသံမကြားရအောင် ခြေဖျားထောက်ကာ အောက်သို့ တိတ်ဆိတ်စွာဆင်း၍ အိမ်ဘက်သို့ပြန်၍ ပြေးလေတော့၏။

Commercial use of this book will be at your own risk

॥ ၈ ॥

ခင်မောင်ကြီးထံသို့ ဦးလတ်ရောက်ရှိလာသည့် အချိန်တွင် ခင်မောင်ကြီးမှာ ခင်မြရီထံမှ စာနှင့် ရုပ်ရှင်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာထံမှ စာများကို ဖတ်ရှုနေစဉ်အခါဖြစ်ပေ၏။ ထိုစာနှစ်စောင်စလုံးတွင် ယခုပြသလျက်ရှိနေသော မိမိရိုက်ကူးသည့်ရုပ်ရှင်ဇာတ်ကားကို ကြိတ်ကြိတ်တိုး၍ လူအများစည်ကားစွာ ကြည့်ရှုကြသည့်အကြောင်းနှင့်တကွ ကြော်ငြာထားသော နောက်ဇာတ်ကားကို ရိုက်ကူးရန် အချိန်တန်ပြီဖြစ်သောကြောင့် အလုပ်ခွင်သို့ မြန်မြန်ပြန်၍ ဝင်ရောက်ရန် ရေးသားလိုက်သော စာများ ဖြစ်ပေသည်။

လွန်ခဲ့သောအချိန်အခါများတွင် ထိုကဲ့သို့သောစာများကိုရလျှင် ခင်မောင်ကြီးသည် လွန်စွာ ဝမ်းသာခဲ့မိ၏။ ယခုအခါ၌မူ ၎င်း၏စိတ်ထဲတွင် ခင်ဖုန်းကိုသာလျှင် အာရုံစွဲလန်းလျက်ရှိလေရာ ထိုစာများတွင် များစွာစိတ်မဝင်စားမိပေ။ နှစ်စောင် စလုံးကိုပင် အဓိပ္ပါယ်သိရုံမျှ ဖြတ်ကျော်၍ ဖတ်ရှုလိုက်လေသည်။ ထိုသို့ဖတ်နေဆဲမှာပင် အပြင်မှ တံခါးခေါက် လိုက်သည့်အသံကို ကြားရလေ၏။

“ဝင်ခဲ့လေ”

အခန်းထဲသို့ဝင်လာသူမှာ အသက် ၆၀ ခန့်မျှရှိ၍ ခန့်ခန့်ညားညား ယောကျ်ားကြီးတစ်ယောက်ဖြစ်လေသည်။ ခင်မောင်ကြီးသည် ထိုလူကြီးအား မြင်လျှင်မြင်ချင်း ယခင်ကမြင်ဖူးပါသည်။ ဘယ်နေရာတွင် မိမိမြင်ခဲ့ဖူးပါလိမ့်ဟု ပြန်၍ စဉ်းစားကြည့်မိလိုက်လေသည်။ နောက်မှ ခင်ဖုန်း၏အိမ်တွင် ဥယျာဉ်စိုက်ပျိုးနေသူဖြစ်ပြီး ခင်ဖုန်းအား ပေးရန်စာကိုပင် သူ့လက်ထဲသို့ ပေးခဲ့ရသေးသည်ကို အမှတ်ရလေ၏။ သို့ရာတွင် ထိုလူကြီး၏ အဝတ်အစားများမှာ ယခင်ကနှင့်မတူပဲ ထူးထူးခြားခြား ပြောင်းလဲလာပုံကိုမူ စဉ်းစားမရပဲ ဖြစ်မိလေသည်။

မည်သို့ရှိစေ။ ထိုလူကြီးကို မြင်လိုက်သည့်တွင် ခင်မောင်ကြီးမှာ နှလုံးသွေးများလျှင်မြန်စွာ လှုပ်ရှားလာကာ ဝမ်းမြောက်ဝမ်းသာဖြစ်မိပေ၏။ ထိုလူကြီးရောက်လာခြင်းသည် ခင်ဖုန်းထံမှ စာကိုယူလာခြင်းဖြစ်တန်ရာ၏ဟု တွေးမိသည်တွင် မိမိ၏ဖူးစာကံသည် အလွန် အဘိုးထိုက်တန်သည့် အသုံးဝင်သော အောင်သွယ်တော်များနှင့် တွေ့ရာဆုံရအောင် ဖန်တီးပို့ပေးနေချေသည်တကားဟု များစွာဝမ်းမြောက် သွားပြီးလျှင် ထိုလူကြီးအား ထိုင်ရန်နေရာပေးလေ၏။

ထို့နောက် ခင်မောင်ကြီးသည် ပြုံးရွှင်သောမျက်နှာဖြင့် “ခင်ဖုန်းဆီကစာ ပါလာသလား” ဟု မေးလိုက်လေသည်။

ထိုသို့မေးလိုက်သည်တွင် ထိုလူကြီး၏ပြည့်ဝန်းသော မျက်နှာမှာ ပိန်ရှုံ့သွားကာ နှုတ်ခမ်းမွေးတစ်ဘက်သည် အပေါ်သို့ထောင်လျက် တစ်ဘက်က အောက်ကိုကုတ်ဆင်းသွားသည်ဟု ထင်မှတ်ရလောက်အောင် တွေ့မြင်ရပေ၏။

Commercial use of this book will be at your own risk

"ဘာပြောတယ်"

"ခင်ဖုန်းဆီက စာကလေး"

"ဘယ်ခင်ဖုန်းလဲ၊ ကျုပ်သမီးထိပ်တင်ဖုန်းလား၊ အဲဒီခင်ဖုန်းဆိုရင်တော့ မပါပေဘူးပဲ"

ထိုစကားကိုကြားလိုက်ရသည်နှင့်တပြိုင်နက် ခင်မောင်ကြီးမှာ ဆင်ခရမ်းရှည်သီးကိုဖင်ထိုင်မိသကဲ့သို့ မဲ့၍သွားကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေတော့၏။ ထို့နောက်မှ လည်ပင်းတွင် တစ်ဆို့နေသောအလုံးကြီးကို တံတွေးနှင့်ရောချ၍မျိုချလိုက်ပြီးလျှင် "စစ်ကဲကြီးဦးလတ်ဆိုတာ ဦးပါပဲလားခင်ဗျာ" ဟု တရိုတသေမေးလိုက်နိုင်ပေတော့သည်။

"ဟုတ်ပေသပေါ့မောင်။ ကျုပ်သမီးကို ပေးဖို့စာတောင် ကျုပ်လက်ထဲမောင်ထည့်သွားသေးတာပဲ။ မမှတ်မိတော့ဘူးလား"

"ခင်ဗျာ"

ခင်မောင်ကြီးသည် စကားတစ်ခွန်းမျှသာ ပြောနိုင်ပြီး မျက်လုံးများပြူးသွားလေ၏။ ပြီးမှ "ဟိုတစ်နေ့က သစ်ပင်စိုက်နေတာ ဦးပဲလား၊ ကျွန်တော် က ဥယျာဉ်မှူးမှတ်လို့" ဟု တုန်တုန်ယင်ယင်ဖြင့် ပြောလေသည်။

"ကျုပ်ပေါ့မောင်၊ ကျုပ်ပေါ့။ ပန်းပင်စိုက်တာ ကျုပ်ဝါသနာပဲ။ ဒါထက် မောင်ရင့်နာမည်ကို ဘယ်လိုခေါ်သလဲ"

"ခင်မောင်ကြီးပါတဲ့"

ဦးလတ်သည် ခင်မောင်ကြီးအား မျက်နှာတည့်တည့်စိုက်ကြည့်နေပြီးနောက် "အဲဒါမဖြစ်နိုင်ဘူးကွဲ့" ဟု ဆိုလိုက်၏။

"ခင်ဗျာ၊ ဘယ့်နှယ်ကြောင့် မဖြစ်နိုင်ရမှာလဲခင်ဗျ။ ဒါအမေ မွေးကတည်းက ပေးထားတဲ့နာမည်ပဲ"

"မဟုတ်ဘူးလေ၊ နာမည်ကိုပြောတာမဟုတ်ဘူး။ ဖုန်းဖုန်းနဲ့ မင်းနဲ့ မဖြစ်နိုင်ဘူးဆိုတာကို ပြောတာကွဲ့"

ခင်မောင်ကြီးသည် မိမိ၏ခေါင်းကို စောင်းကာ ငဲ့ကာဖြင့် ဦးလတ်ကိုကြည့်လိုက်ပြီးမှ "ဘာဖြစ်လို့လဲဦးရယ်၊ ကျွန်တော်နဲ့ ဖုန်းဖုန်းနဲ့ ဘာကြောင့်မဖြစ်နိုင်ရမှာလဲ။ မဖြစ်နိုင်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲခင်ဗျ" ဟု မေးလိုက်၏။

"မင်းဟာ ဘယ်သူမှန်း ဘယ်ဝါမှန်း ဒို့များ လုံးလုံးသိတာ မဟုတ်ဘူးကွဲ့"

"နို့ ကျွန်တော့်နာမည် ခင်မောင်ကြီးဆိုတာ အခုပြောပြီ မဟုတ်လား"

"ဒါမဟုတ်ဘူးလေ၊ မင်းမျိုးရိုးကိုပြောတာ၊ ဒို့မှာ မျိုးနဲ့ရိုးနဲ့"

"ကျွန်တော့်မှာလည်း မိဘဘိုးဘွားရှိပါတယ်။ ဝါးပင်ကပေါက်ဖွားတဲ့ သန္ဓေတစ မဟုတ်ပါဘူး။ အခုလိုပြောတာကိုလည်း စိတ်မရှိပါနဲ့လို့ တောင်းပန်ပါတယ်"

ဦးလတ်သည် ခင်မောင်ကြီး၏ စကားကို နားထဲသို့မသွင်းပဲ ဆက်၍ပြောပြန်သည်။

"နောက်ပြီး ဖုန်းဖုန်းဟာ အသက်အများကြီး ငယ်သေးတယ်"



Commercial use of this book will be at your own risk

"ဟုတ်ပါတယ်။ ငယ်တယ်ဆိုတာ ကျွန်တော်လည်း တွေးမိပါတယ်"

"ကိုယ့်စိတ်ကိုကိုယ်သိသေးတဲ့အရွယ်မဟုတ်ဘူးကွဲ့။ ဒီတော့ ခုနေအခါမှာ မင်းအပေါ်မှာ မေတ္တာရှိတယ်ဆိုတာ"

"ဩော် သူက တကယ်မေတ္တာရှိနေသလား"

ခင်မောင်ကြီးမှာ မိမိကဘာမျှ ချစ်ကြောင်းကြိုက်ကြောင်း စာမပေးရသေး၊ လူချင်းပင် ကြိမ်ဖန်များစွာ မတွေ့ရသေးပဲ၊ ထိုစကားကို ကြားရသည့်အခါ အထူးပင်အံ့ဩမိလေ၏။ ၎င်း၏စိတ်ထဲတွင် ခင်ဖုန်း၏ ဆွေတွေ မျိုးတွေသည် အဘယ်ကြောင့် မိမိအား ခင်ဖုန်းကချစ်သည်ဆိုသော သတင်းစကားကို ဆောင်ကျဉ်းလာနေကြပါသနည်းဟု မေးခွန်း ထုတ်မိ၏။ ထိုစကားကို စောလွင်လာစဉ်တုန်းကလည်း တစ်ခါ၊ ယခုလည်း တစ်ခါ လာရောက်ပြောနေကြသည်မှာ အဘယ်ကြောင့်ပါနည်း။ ခင်မောင်ကြီးမှာ မည်သို့မျှ ဝေခွဲစဉ်းစား၍မရအောင် ရှိလေ၏။

"နောက်ပြီး မင်းလည်းပဲ ငယ်သေးတာပဲ။ မင်းစိတ်ထဲမှာ ဖုန်းဖုန်းအပေါ် တကယ်စွဲမြဲတဲ့ မေတ္တာမျိုးနဲ့ ချစ်မိတယ်လို့ အခုအခါတော့ အထင်ရှိနေမှာပဲ။ တဖြည်းဖြည်းကျတော့မှ မင်းမေတ္တာလျော့လာတာကို သိရမယ်"

"ဒီလိုမဟုတ်ပါဘူး။ ကျွန်တော့်စိတ်ကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ဖုန်းဖုန်းကို ကျွန်တော်စပြီး မြင်မိရင် မြင်ခြင်းပဲ၊ တကယ့်မေတ္တာနဲ့ ချစ်မိတာပါ။ အခုလည်းချစ် နောင်လည်း ချစ်မှာပဲ"

"အို မဖြစ်ဘူး – မဖြစ်ဘူး။ မင်းတကယ်ချစ်တာပဲ ဖြစ်ဖြစ်အပျော်ချစ်တာပဲ ဖြစ်ဖြစ်၊ မင်းနဲ့ ဖုန်းဖုန်းနဲ့ချစ်ကြတာကို တတ်နိုင်သမျှ တို့များ တားမြစ်ပိတ်ပင်ရမှာပဲ။ တို့အမျိုးဟာမင်းဆွေမင်းမျိုး။ မဟာဆီ မဟာသွေးပါတဲ့အမျိုးဆိုတာ မင်းလည်း သိပါလိမ့်မယ်။ ဒါကြောင့် တို့အမျိုးအောက် နိမ့်ကျတဲ့အမျိုးနဲ့ ဘယ်လိုအဖြစ်မျိုးနဲ့မှ အဖြစ်မခံနိုင်ဘူး။ ဒါဟာ ငါတစ်ယောက်ထည်းရဲ့ သဘောမဟုတ်ဘူး။ ငါ့နမမယ်စုရော၊ ငါ့သား ထိပ်တင်ဆွေရော၊ တစ်ဆွေလုံး တစ်မျိုးလုံးက ဒီသဘောအတိုင်းရှိကြတော့ မင်းကို စောစောက သိရအောင် ငါပြောတာပဲ။ ပြောတဲ့အတိုင်း မင်းကလည်း ရှောင်ကြဉ်စေချင်တယ်"

ခင်မောင်ကြီးမှာ ခင်ဖုန်းနှင့်ချစ်ပြီး ကြိုက်ပြီးသားဖြစ်နေခဲ့လျှင် မိမိ၏ အပြောအဆိုကို အထူးသတိထားကာ တိုးလျှိုးတောင်းပန်ပြီးလျှင် ဘိန်းစားချွဲချွဲ၍ အသနားခံမည်ဖြစ်ပေ၏။ ယခုမူ စောလွင်သည်လည်းကောင်း၊ ဦးလတ်သည်လည်းကောင်း၊ ခင်ဖုန်းနှင့် မိမိတို့သည် ချစ်ပြီး ကြိုက်ပြီးဖြစ်နေကြသကဲ့သို့ တစ်ယောက်ပြီးတစ်ယောက် လာပြောနေကြခြင်းကြောင့် စိတ်ထဲတွင် အထူးအဆန်းသဖွယ် မှတ်မိသည့်ပြင် ရယ်စရာ အဖြစ်အပျက်တစ်ခုကို တွေ့ရသကဲ့သို့ ရှိလေရာ ရက်သလို သရော်သလိုလို ပမာမခန့်လုပ်သလိုလို ပြောနေမိခြင်းဖြစ်ပေ၏။ ခင်မောင်ကြီးက ယခုလိုပြောခြင်းမှာ ရွတ်လို သရော်လိုသော စိတ်အလျဉ်းမပါချေ။ အံ့ဩဝေခွဲ၍မရနိုင်ခြင်းကြောင့် ပါးစပ်ထဲမှ အလျဉ်းသင့်သလို ပေါ်လာသော စကားများကို ထွက်လိုက်မိ ခြင်းသာဖြစ်ပေသည်။

သို့ရာတွင် ဦးလတ်၏နောက်ဆုံးစကားကို ကြားလိုက်ရသည့်အခါ ခင်မောင်ကြီးသည် စဉ်းစားဉာဏ်ဝင်လာပြီး မိမိ၏စကားများကို ပေါ့ပေါ့ဆဆ ပြောဆို၍ မဖြစ်တော့ကြောင်း သဘောပေါက်လာလေသည်။ ထို့ကြောင့် လေသံပြောင်းလိုက်၏။

"ဟုတ်ကဲ့ဦးတို့ သဘောမကျဘူးဆိုရင်လည်း နားထောင်ရုံပါပဲ"

"အေးကွယ် ဒီလိုသဘောထားနိုင်ရင် ဝမ်းသာပါတယ်။ ဒီစကားအတိုင်းအမြဲလိုက်နာစေချင်ပါတယ်။ အနှောင့်အယှက် လည်း မပေးချင်ပါနဲ့တော့"

ဦးလတ်သည် ခင်မောင်ကြီး၏ချစ်မေတ္တာကို ပိတ်ပင်တားမြစ်ရန် လာရောက်ပြောရသော်လည်း တင်းတင်းမာမာ ပြောလိုသော စိတ်ဆန္ဒမရှိချေ။ မိမိမှာလည်း ငယ်ရာကကြီးလာသူ တစ်ယောက်ဖြစ်ပြီးလျှင် မိမိငယ်စဉ်ကပင် ဇာတ်မင်းသမီးတစ်ယောက်နောက် တကောက်ကောက်လိုက်၍ ပိုးပမ်းမိသေးသည်ကို သတိရမိကာ အချစ်ဆိုသည့်

Commercial use of this book will be at your own risk

အရာမျိုးသည် ရှေ့နောက်ဆင်ခြင်တိုင်းထွာတတ်သော အမြင်မျိုးမရှိပဲ စိတ်၏ဆွဲငင်ရာနောက်သို့ ဇွတ်တရွတ်လိုက်ပါတတ်ခြင်းကို စဉ်းစားမိလေသည်။ ထို့ပြင် ယခုမိမိလာရခြင်းမှာ မိမိတစ်ဦးတည်း၏ သဘောအရမဟုတ်ပဲ နှမဖြစ်သူ တိုက်တွန်းချက်အရ လာရောက်ရခြင်းဖြစ်၍ ခင်မောင်ကြီးအပေါ် များစွာ ကိုယ်ချင်းစာနာထောက်ထားမိလေသည်။

ဦးလတ်သည် နဂိုအားဖြင့် အေးချမ်းစွာနေလိုသော ဆန္ဒရှိ၏။ ဂုဏ်မရှိ ဥစ္စာဓနမရှိဟု ခွဲခြားလိုသောစိတ်မရှိချေ။ သူလည်းလူ ငါလည်းလူ ဟူ၍လူလူချင်းတန်းတူထားလိုသော စိတ်မျိုးသာရှိ၏။ သို့ရာတွင်ထိပ်တင်စုမှာ အလွန်ပင်မင်းစိတ်စိုးစိတ်ပေါက်နေသူဖြစ်သဖြင့် လူမျိုးခွဲခြား လေ့ရှိသူဖြစ်၏။ သို့ဖြစ်ရာ ထိပ်တင်စု၏ အမိန့်ကို မနာခံပဲနေလိုက်ချေသော် ဘယ်အခါမှ အဆူအပူအေးမည်မဟုတ်။ နားချမ်းသာမည်လည်း မဟုတ်ခြင်းကြောင့် အေးမှအေးရောဟု သဘောထားကာ ခင်မောင်ကြီးထံလာခဲ့ရခြင်း ဖြစ်ပေသည်။ ထိုသို့လာရာတွင် ဤကိစ္စတစ်ခုတည်းသာ နှလုံးပိုက်၍ လာခဲ့သည်မဟုတ်ပေ။ အခြားကိစ္စအကြံအစည်တစ်ခုလည်း ပါလာလေသည်။

"ကဲ ဦးပြောစရာ ကုန်ပြီမဟုတ်လား"

"အင်း ဖုန်းဖုန်းနဲ့ ပတ်သက်လို့တော့ ပြောစရာကုန်ပြီ ဆိုပါတော့။ ဒါပေမယ့် အရေးအကြီးဆုံးကိစ္စတစ်ခုကျန်နေသေးတယ်"

"ဘယ်လိုကိစ္စပါလဲခင်ဗျာ"

ဦးလတ်သည် ထိုကိစ္စကို ဖွင့်ဟခြင်းမပြုမီ စကားပလ္လင်ခင်းရန်လိုသေးသည်ဟုယူဆကာ "ငါလာတဲ့ကိစ္စဟာ မင်းကိုရန်သူအဖြစ်နဲ့ ရန်လုပ်ရအောင် လာတာမဟုတ်ပါဘူး။ အမှန်ကိုဆိုရရင် မင်းနဲ့ငါနဲ့ အသိမိတ်ဆွေဖွဲ့ရအောင်လာတဲ့ကိစ္စပါ။ ဖုန်းဖုန်းအကြောင်း ပါလာတဲ့အတွက် ငါ့အပေါ်မှာ ရန်သူကြီးလို သဘောမထားစေချင်ပါဘူး။ ဒီအကြောင်းကို ပြောရမှာကတော့ လောကမှ မပြောမပြီး မတီးမမြည်ဆိုတဲ့ စကားလိုပဲ" ဟုနိဒါန်းပျိုးလိုက်လေသည်။ ပြီးမှ ဆက်၍ "ဟို ဟို အရင်တစ်ခါ ပန်းခြံထဲကိုမင်း မင်း" ဟု ပြောရင်း၊ ရှေ့သို့အဆက်ရခက်သလို ဖြစ်နေလေ၏။

"ဟုတ်ကဲ့ ကျွန်တော်လာတုန်းက"

"မင်းနဲ့ မိန်းကလေးတစ်ယောက်ပါလာတယ်မဟုတ်လား"

"အို သူ့အပေါ်မှာ အထင်မလွဲပါနဲ့၊ မသင်္ကာမရှိပါနဲ့၊ သူဟာ ကျွန်တော့်တပည့်မပါ။ သူ့ကိုအကြောင်းပြုလို့တော့ဖြင့် ကျွန်တော်တို့ရဲ့ အချစ်ကို မပိတ်ပင်ပါနဲ့ ခင်ဗျာ"

"ဒါကိုပြောချင်လို့ မဟုတ်ဘူးကွဲ့၊ သူ့အကြောင်းသိချင်လို့ပါ" ဟု ဆိုပြီးမှ

"သြော် သူက မင်းတပည့်မလား၊ ဘယ်လိုတပည့်မျိုးလဲ"

"ရုပ်ရှင်မင်းသမီး ခင်မြရီဆိုတာ သူပဲပေါ့"

"သြော် ဒါကြောင့် လှပေတာပဲကိုး"

"လှရုံတင်မကပါဘူး၊ သဘောလည်း အင်မတန်ကောင်းပါတယ်၊ ခေတ်ကလည်းဆန်တယ်။ ယောကျ်ားမိန်းမခွဲခြားပြီး ရှက်တာကြောက်တာ မရှိပါဘူး၊ ကိန်းကြီးခန်းကြီးလည်း မလုပ်တတ်ပါဘူး၊ ယောကျ်ားတစ်ယောက်တည်းနဲ့ပေမယ့်လည်း သွားစရာရှိလည်း အတူတူသွား၊ စားစရာရှိ လည်း အတူတူစား၊ ပျော်လည်းပျော်တတ်ပါတယ်"

Commercial use of this book will be at your own risk

"အင်း လွတ်လပ်တယ်ဆိုတာ ဒီသဘောမျိုးပေါ့။ ငါလည်းဒီလိုမှသဘောကျတယ်။ ဒါပေမယ့် ဒို့ခေတ်တုန်းကတော့ ဒါမျိုးကို သိပ်ကဲ့ရဲ့ရှုံ့ချ မေးငေါ့လေ့ရှိကြတယ်။ အဲဒီခေတ်ကလူတွေရဲ့ သားသမီးတွေဟာလည်း အိမ်တွင်းပုန်း လိုပဲနေကြရတယ်။ ဥပမာ ဖုန်းဖုန်းလိုပေါ့။ နို့ မင်းက ဘယ်လိုဆရာလဲ"

"ရုပ်ရှင် ဒါရိုက်တာ"

"သြော် ဒီလိုရုပ်ရှင်အလုပ်လုပ်တော့မှပဲ တစ်ယောက်နဲ့ တစ်ယောက်သိကြတာလား"

"မဟုတ်ပါဘူး၊ အရင်ကတည်းကသိကြပါတယ်။ အရင်က သူလက်နှိပ်စက်ရိုက်တဲ့ စာရေးမ, လုပ်ဖူးတယ်။ အဲဒီကခေါ်ယူတာ"

ဦးလတ်သည် ခေတ္တမျှတွေဝေနေပြီးမှ။

"အေး အရင်တစ်ခါမင်းနဲ့သူလိုက်လာတုန်းက ငါ့ကို ပန်းစေ့တွေတောင်းလို့ ငါကပေးလိုက်မယ်လို့ ကတိပေးထားပြီး သူ့လိပ်စာကိုတောင် တောင်းယူထားလိုက်သေးတယ်။ အဲဒီစာရွက်ကလေးပျောက်သွားလို့ ဘယ်ကိုပို့ပေးရမှန်းမသိပဲ ဖြစ်နေတယ်၊ အခုမင်းဆီလာစရာ ကိစ္စပေါ်လာ တော့မှ အဲဒါကို သတိရပြီး ဒါကိုပါ မေးမြန်းရအောင် လာခဲ့တာပဲ"

"သြော်"

ခင်မောင်ကြီးသည် ရုတ်တရက် သတိရသည့်အနေဖြင့် စောစောကဖတ်နေသော စာများထဲမှ စာတစ်စောင်ကို စာအိတ်ထဲက ဆွဲထုတ် လိုက်လေသည်။

"အခုပဲ သူ့ဆီက စာလာလို့ဖတ်နေသေးတယ်။ စာထဲမှာ ဘဘကိုလည်းပြောလိုက်ပါ။ ပန်းစေ့တွေမမေ့ပါနဲ့လို့ ရေးထားတယ်။ အဲဒါ စောစောက ဘဘရေးလို့ ဘဘဆိုလိုမှန်းမစဉ်းစားမိဘူး၊ အခုမှပဲရှင်းတော့တယ်"

"သြော် စာထဲမှာ ထည့်ရေးလိုက်သလား၊ မမေ့ပဲကိုး" ဟု ဦးလတ်က ပြုံးပြုံးကြီးလုပ်၍ ပြောလိုက်လေသည်။

"ဟောဒီမှာသူ့စာ၊ သူ့လိပ်စာလည်းပါပါတယ်"

ဦးလတ်သည် စာကိုယူ၍ဖတ်ပြီးနောက် လိပ်စာကိုကူး၍ရေးလေသည်။

"ကျေးဇူးတင်သကွယ်၊ ဒါကိုသိပ်ပြီးသိချင်နေတာ၊ ဒီမှာ ဒီအတွက်တော့ နေရာကျပြီး၊ ဟိုအကြောင်းကိုတော့ မင်းစိတ်ထဲက ဖျောက်လိုက်ပါတော့၊ မင်းကိုတော့ဖြင့် ငါခင်မင်ပါတယ်၊ သဘောလည်းကျပါတယ်"

"ကျွန်တော်ကလည်း ဦးအပေါ်မှာ ဒီလိုပဲ သဘောထားပါတယ်"

"အေးမင်းကို ခင်ခင်မင်သဘောကျပေမယ့် ငါ့သမက်အဖြစ်ထိအောင်တော့ သဘောမကျနိုင်ဘူးကွဲ့၊ ဒီကိစ္စမှာ ငါတစ်ယောက်တည်းနဲ့သာ ပြီးမယ်ဆိုရင် ငါဝင်ပြီးတားမနေပါဘူး။ ဘယ်လူနဲ့ပဲကြိုက်ကြိုက် လူကောင်းသူကောင်း ထဲက မယားမှတ်မှတ်သားမှတ်မှတ်ပေါင်းပြီး ငါ့သမီး စိတ်ချမ်းသာအောင် လုပ်မယ့်လူဆိုရင် ပေးစားလိုက်မှာပဲ။ အဲဒီလိုဖြစ်နိုင်အောင်လည်း ကြိုးစားနေတာပဲ။ ဒါပေမယ့် ငါ့နမ မယ်စုရှိနေတယ်။ သူတစ်ယောက်အတွက်နဲ့ နေရာတကာမှ အနှောင့်အယှက်တွေ့နေရတာပဲ။ ငါလည်း သူ့သဘောကို လိုက်လျောနေရတာမို့ မင်းနဲ့ ဖုန်းဖုန်းနဲ့ မပေးစားနိုင်ဘူးလို့ ပြောလိုက်ရတာပဲ။ အဲဒီစကားဟာ ထွက်ပြီးသော ဆင်စွယ်ဝင်တယ်မရှိဆိုတဲ့အတိုင်း ဖျက်လို့မရဘူးဆိုတာကို သိစေချင်တယ်"

ဦးလတ်၏စကားကြောင့် ခင်မောင်ကြီးမှာ ဝမ်းသာရမလို ဝမ်းနည်းရမလိုဖြစ်ရလေသည်။

Commercial use of this book will be at your own risk

ဝမ်းသာဖွယ်ရာ ဖြစ်ရာမှာ မိမိအားခင်ဖုန်းက ချစ်နေပါသည်ဟူ၍ စောလွင်၏ ပြောကြားချက်ကို ဦးလတ်က ထပ်မံအတည်ပြုနေသောကြောင့် ဖြစ်ပေသည်။ ဝမ်းနည်းဖွယ်ရာဖြစ်ရခြင်းမှာမူ ယခုလို ဦးလတ်က လာရောက်တားမြစ်ခြင်းကြောင့် ဖြစ်ပေ၏။

သို့သော် ခင်ဖုန်းက မိမိအားချစ်သည်ဟု သိရခြင်းပင်လျှင် ခင်မောင်ကြီးအဖို့ ကျေနပ်လောက်စရာ ဖြစ်နေပေပြီ။ ချစ်ပြီးနောက်ညားဖို့ အရေးအတွက် မိမိ၏ဖူးစာကံသည် လက်ပိုက်ပြီး ကြည့်နေလိမ့်မည်မဟုတ်ဟု ယုံကြည်လေသည်။

ဦးလတ်သည် မိမိပြောလိုသောစကားကိုလည်းပြောရပြီ၊ သိလိုသောကိစ္စကိုလည်း မေးမြန်းသိရှိရပြီဖြစ်၍ ကျေနပ်သွားကာ ခင်မောင်ကြီးအား နှုတ်ဆက်၍ ထွက်သွားလေ၏။

ခင်မောင်ကြီးသည် လှေကားထိပ်အထိလိုက်၍ပို့ပြီးနောက် တဖြည်းဖြည်းဝေးကွာသွားသော ဦးလတ်ကို ငေးမျှော်၍ ကြည့်ရင်း မိမိ၏ အဖြစ်အပျက်များကို မယုံကြည်နိုင်လောက်အောင် ရှိလေတော့၏။

ဦးလတ်ကွယ်ပျောက်သွားတော့မှ အိမ်ထဲသို့ ပြန်၍ဝင်ကာ ခင်ဖုန်းအကြောင်း ပြန်ပြောင်းစဉ်းစားနေမိလေသည်။

ခင်ဖုန်းကား ခင်မောင်ကြီးထံသို့ မိမိပေးလိုက်သောစာကို စိုးဝင်းဖျောက်ဖျက်ပစ်ခြင်းကို မသိရှာပဲ ခင်မောင်ကြီးထံမှ ပြန်စာမရပဲ ရှိခြင်းကိုသာ တစိမ့်စိမ့်တွေးပြီး စိတ်မကောင်းဖြစ်နေရလေသည်။

သို့ဖြစ်၍ မိမိအားကျပ်တည်းစွာ စောင့်ကြပ်အကဲခတ်နေကြသည့် ကြားထဲက ဘယ်ပုံဘယ်နည်းဖြင့် ခင်မောင်ကြီးထံ ကိုယ်တိုင်သွားရောက် တွေ့နိုင်မည်ကို အကြံထုတ်ရလေ၏။

ယခုလို ခင်ဖုန်းမှာ ဦးနှောက်အလုပ်ရှုပ်သလောက် ၎င်း၏အိမ်တွင် စိတ်ရောကိုယ်ပါ အလုပ်များနေသူမှာ စိုးဝင်းပင် ဖြစ်ပေတော့သည်။

စိုးဝင်းသည် အချစ်ဝတ္ထုကာစာအုပ်အမျိုးအမျိုးမှ ထိမည့်ညိမည့်စာသားများကို ရွေးချယ်ကာ သတ္တဘာဂဟူ၍ လည်းကောင်း၊ အချစ်ဝိဇ္ဇာဟူ၍ လည်းကောင်း၊ လက်မှတ်အမျိုးမျိုးထိုးကာ စာတို စာစများရေး၍ စောလွင်အလစ်တွင် သူ့အခန်းထဲဝင်ပြီး ထပ်တလဲလဲသွားရောက် ချထားခြင်းဖြင့် အလုပ်များ၍နေပေတော့၏။

စောလွင်မှာ ထိုစာတို စာစများကို တစ်ခုပြီးတစ်ခု တွေ့နေရရာ၊ စောလွင်ကမူ ရိုးရိုး အံ့သြရုံ အံ့သြနေခဲ့မိသော်လည်း တစ်စောင်ထက် တစ်စောင် များလာသောအခါ ထိုစာများထဲတွင် ပါသည့်အတိုင်း လက်တွေ့စမ်းသပ်ကြည့်ရန် စိတ်ကူးမိလေ၏။

ထိုစာများထဲက –

*"များစွာသော ချစ်သူရည်းစား ယောကျ်ားပျိုတို့သည် မိမိတို့ ချစ်ကြိုက်နေသော မိန်းကလေးက တစ်ခါတရံ ဂရုမစိုက်သလိုလို ပြုမူကြခြင်းများကြောင့် စိတ်မပျက်သင့်၊ ယင်းသို့ စိတ်မပျက်ပဲ စွဲစွဲမြဲမြဲ ကြံစည်ကြိုးစားကာ အထပ်ထပ်အခါခါ၊ ချစ်စကား ကြိုက်စကားပြောခြင်း၊ သနားလောက်အောင် ချွဲနွဲ့တောင်းပန်ခြင်းများပြုလျက် ချစ်သူကိုသာ အမြဲဂရုစိုက်ပုံမျိုး ပြသ၍ ချစ်သူ၏ ကျေနပ်နှစ်သိမ့်မှုကို ဖြစ်စေခြင်းအားဖြင့် မိမိတို့၏ အချစ်ပန်းကို ဆွတ်ခူးရယူနိုင်ကြလေသည်။*

*မိန်းမပျိုတို့၏ ဂရုမစိုက်သလိုလို ပြုမူတတ်ခြင်းမှာ အကယ်ပင် ဂရုမစိုက်ခြင်းမဟုတ်၊ မိန်းမတို့မာယာ သဲကိုးဖြာ ဆိုသည့်စကားနှင့် အညီ အမှန်အားဖြင့် မာယာဆောင်ခြင်းပင် ဖြစ်လေသည်။ တမင်ပြုသည်*



Commercial use of this book will be at your own risk

*အမှန်တကယ်ချစ်ပါလျက် ဟန်ဆောင်ဖုံးကွယ်နေခြင်းမျှသာ ဖြစ်ခြင်းကို ယောကျ်ားပျိုတိုင်း သတိပြုမှတ်သား အပ်ပေသည်။"*

ဟူသော စာပိုဒ်ကို စောလွင်များစွာ သဘောကျမိလေသည်။

စိုးဝင်းသည် စောလွင်ထံသို့ စာများရေး၍ချထားပြီးနောက် အမြဲချောင်းမြောင်းကြည့်ရှုလေ့ရှိရာ စောလွင်သည် မိမိ၏စာများကို ဖတ်ရှုပြီးသည့် အခါတိုင်း ကျေနပ်စွာ ပြုံးနေသည်ကိုတွေ့ရ၍ များစွာဝမ်းမြောက်မိလေ၏။

သို့ရာတွင် စောလွင်၏ အသွားအလာအမူအရာများကို အကဲခတ်၍ကြည့်ရှုသည့်အခါ စောလွင်က ခင်ဖုန်းအား အရေးတယူ ပြုလုပ်ခြင်းကိုလည်း တစ်ခါမှမတွေ့ရ။ မကြာခဏ ချစ်စကားကြိုက်စကား ပြောကြားသည်ကိုလည်း မကြားရ၊ မမြင်ရပဲ၊ ဦးလတ်၏ စာရေးမကလေးဖြစ်သော ခင်မေကြည်နှင့် ရေးကထက် ပိုမိုနီးကပ်စွာ ပလူးပလဲ လုပ်နေသည်ကိုသာ တွေ့ရသောကြောင့် များစွာ စိတ်ပျက်မိလေ၏။

စိုးဝင်း၏စာများမှာ စိုးဝင်းရည်မှန်းသည့်အတိုင်း မဖြစ်မြောက် မအောင်မြင်သော်လည်း ရရှိသူ စောလွင်အဖို့မှာ ၎င်း၏အကြံအစည်ကို ထိရောက်စွာ စွမ်းဆောင်နိုင်ဖို့ရန် အထောက်အကူ ပြုနေပေတော့၏။

စောလွင်သည် ခင်ဖုန်းအား ချစ်ကြိုက်နေသူမဟုတ်။ ခင်မေကြည်ကိုသာ ချစ်ကြိုက်နေသူဖြစ်၏။ သို့သော် မိမိကချစ်နေခြင်းကို ယခင်က မပြောရဲ မဟာရဲ မစရဲခဲ့ချေ။ ယင်းသို့ ဇက်မရဲ လက်မရဲ၍ တစ်ဖက်သတ် ချစ်ကြိုက်နေခဲ့ရရာက စိုးဝင်း၏ မီးလောင်လေပင့်သည့်အလား သွေးထိုးမြှောက်ပင့်ပေးသည့် စာများကိုရ၍ ထိုစာများတွင် ပါရှိသည့်အတိုင်းအရဲစွန့်၍ ခင်မေကြည်အား ချစ်ကြိုက်ကြောင်း ပြောဆိုကာ ခင်မေကြည်နှစ်သက်သည့် အပြုအမူများကို ပြုလုပ်ပြသလေရာ၊ များစွာ ခရီးရောက်လှသည်ကို လက်တွေ့ကြုံရလေ၏။

သို့ဖြစ်၍ ထိုစာများကိုရေး၍ ထားသူ ဖူးစာရေးနတ်ကလေးကို များစွာကျေးဇူးတင်မိလေ၏။ စိုးဝင်း၏စာများသည် စိုးဝင်းအတွက်အကျိုးမပြု သော်လည်း စောလွင်အတွက် များစွာကောင်း၍ နေလေတော့သည်။

သို့ဖြင့် စောလွင်၏မျက်နှာအမူအရာများမှာ တစ်နေ့တစ်ခြားကြည်သာရွှင်လန်းလျက် သွက်လက်ပေါ့ပါးလျက် ရှိသည်ကို တွေ့ကြရလေရာ အခိုင်းအစေတို့မှာ များစွာ အံ့သြနေကြရလေသည်။

ဦးလတ်သည် ခင်မောင်ကြီး၏အိမ်သို့ ရောက်ပြီးသည့်နေ့မှစ၍ အာယုဝဍ္ဎနဆေးကိုစားလိုက်ရသကဲ့သို့လည်းကောင်း၊ နတ်ရေကန်တွင် ဒိုင်ဗင်ထိုး၍ချရသကဲ့သို့လည်းကောင်း၊ တစ်သွေးတစ်မွေးပြောင်းလဲကာ နုပျိုစိုပြည်၍လာလေ၏။

ယခင်က မိမိ၏ပန်းခြံထဲတွင် တကုပ်ကုပ်ဖြင့် စုတ်စုတ်နုပ်နုပ်ဝတ်စားကာ အချိန်ကုန်လွန်စေခဲ့သော်လည်း ယခုမူ နှုတ်ခမ်းမွေးကို လက်ပွန်းတတီးကျစ်ကာ အဆင်နနှ အဝတ်အစားများကို ဝတ်ဆင်ပြီးလျှင် ဖြူကြောင်နေသော ဆံပင်များကို မဲနက်အောင် ဆေးဆိုးသမှုပြုလုပ်သည်ကို တွေ့ကြရလေ၏။

"ချစ်မျှကို မြင့်မိုရ်ရွှေတောင်လုံးသာ ပ လေ" စသော သီချင်းသံများသည် ဦးလတ်၏ တစ်ချောင်းတစ်လေမျှ ကျိုး၍နေသော သွားများအကြားမှ ကခုန်မြူးတူးကာ ထွက်လာကြသည်ကိုလည်း မကြားစဖူး ကြားကြရ၏။

ဦးလတ်သည် ပန်းခြံထဲ၌ မြေများတူးဆွနေစဉ်အခါ ရှေးကလိုက္ကန္တေကြီးနှင့် မဟုတ်ပဲ၊ သီချင်းကလေးတအေးအေးနှင့် ရှိနေ၏။ ယင်းသို့သီချင်းကလေး တအေးအေးနှင့် လုပ်ကိုင်ခြင်းကြောင့် အလုပ်မှာ ခါတိုင်းထက်ပို၍တွင်ကျယ်နေ၏။ ဦးလတ်၏ လက်ထဲက တူးရွှင်းငန်းပြားသည် စီးချက်လိုက်လျက်ရှိလေ၏။

ထီးညမ်းဖေ့ပိန်း၊ ဖေ့ပိန်း။
ထီညမ်းဖေ့ပိန်း၊ ဗဖေပိန်း ဂိ။

Commercial use of this book will be at your own risk

နောက်ဆုံး “ဂျိ” ခနဲ ဆိုလိုက်သောအသံနှင့် “ကွိ” ခနဲ ကာရန်လိုက်ကာ တီကောင်သော်လည်းကောင်း၊ ခရုသော်လည်းကောင်း၊ ဦးလတ်၏တူရွှန်းဖျားတွင် အသက်ပါသွားလေ့ရှိ၏။ထို ‘ဂျိ’ ဟူသောအသံမှာ မြေပိုးတီတို့အဖို့ ငှက်ဆိုးထိုးသံပင် ဖြစ်ပေတော့သည်။

ဦးလတ်၏ပြောင်းလဲလာသော အမူအရာများကိုတွေ့မြင်ရသော ကိုသူတော်မှာ ကိုယ်တော်ကြီး ဘယ်လိုများ ဖြစ်ပျက်နေပါလိမ့်မလဲ ဟု တွေးမရနိုင်အောင် ဖြစ်မိလေ၏။ သို့ရာတွင် ကိုသူတော်သည် ထိုသို့စဉ်းစား၍ မရခြင်းကို သိရအောင် လုပ်ဖို့မကြံရွယ်သေးပေ။ သူ့အဖို့ ထိုထက်အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရန် အကြံထုတ်စရာ ရှိနေ၏။

ထိုကိစ္စမှာ ခင်ဖုန်း၏စာကို ခင်မောင်ကြီးအား စိုးဝင်းက မပေးပဲ ဖျောက်ဖျက်ပစ်ခြင်းကို ခင်မောင်ကြီးသိရှိစေပြီးလျှင် ခင်မောင်ကြီးနှင့် ခင်ဖုန်းတို့ တွေ့ဆုံနိုင်ကြရအောင် ဖန်တီးပေးဖို့ ဖြစ်ပေသည်။

ကိုသူတော်သည် ခင်မောင်ကြီး၏ အိမ်သို့ သွားရောက်ခဲ့ရာတွင် ဦးလတ်၏ အသံကိုကြားရသဖြင့် ပြန်လှည့်၍ ပြေးခဲ့ရပြီးသည့်နောက် ခင်မောင်ကြီးထံသို့ သွားရန် အခွင့်မသာပဲ အတန်ကြာခဲ့လေ၏။

တစ်ညနေတွင် ဦးလတ် ရန်ကုန်မြို့ထဲသို့ သွားနေခိုက်နှင့်ကြုံကြိုက်ပြီး အခြားသူများအလစ်တွင် ကိုသူတော်သည် ခင်မောင်ကြီး၏ အိမ်သို့ ခပ်သုတ်သုတ်ထွက်ခဲ့လေ၏။

ခင်မောင်ကြီးမှာ မိမိထံသို့ စောလွင်လည်းရောက်ပြီ။ ဦးလတ်လည်းရောက်ပြီ။ ယခုတဖန် ကိုသူတော်ရောက်လာ ပြန်သည်ကိုတွေ့ရသောအခါ ခင်ဖုန်း၏အိမ်ကလူများ မိမိ၏အိမ်တွင် ဓါတ်ကျ၍နေခြင်းကို များစွာအံ့သြနေမိလေ၏။

ကိုသူတော်သည် အိမ်ထဲသို့ဝင်လာပြီး “ကျွန်တော်လာတာ အနှောင့်အယှက်ပေးရာ ရောက်နေပါသလားခင်ဗျာ” ဟု ရိုသေစွာ စကား စလိုက်လေ၏။

ကိုသူတော်လာသဖြင့် ခင်မောင်ကြီး၏စိတ်ထဲတွင် အမှန်တကယ်ပင် အနှောင့်အယှက်ဖြစ်မိပေ၏။ မိမိသည် လွန်ခဲ့သည့်ညက အစေခံဟန်ဆောင်၍ သူ့ထံသို့ရောက်လာခဲ့ခြင်းကို သူသိသွားလေပြီလောဟူ၍လည်း စိုးရိမ်ကာ မျက်နှာပူမိ၏။ သို့ရာတွင် မည်သို့ပင်အနှောင့်အယှက်ဖြစ်စေကာမူ ထိုသို့အနှောင့်အယှက်ဖြစ်ခြင်းကို ပြောင်ထုတ်ဖော်၍ ပြောရန် ခက်သဖြင့် ကိုသူတော်၏အမေးကို ပြန်၍ မဖြေပဲ အိမ်သည်၏ ဝတ္တရားရှိသည့်အတိုင်း “လာပါ၊ ထိုင်ပါ” ဟုညှိခံလိုက်ရလေ၏။

ကိုသူတော်သည် ထိုအိမ်တွင် ဝင်ဖူးထွက်ဖူးနေသူတစ်ယောက်ကဲ့သို့ ကြွေခြေစောင့်စည်းမနေပဲ ကုလားထိုင် တစ်လုံးတွင် လွတ်လပ်စွာဝင်၍ ထိုင်ကာ “အကြောင်းထူးကလေး တစ်ခုရှိလို့ပါ” ဟု နိဒါန်းပျိုးလိုက်လေ၏။

“ဟုတ်ကဲ့ ပြောပါ”

“ပြောချင်တဲ့အကြောင်းကတော့ ဖုန်းဖုန်းနဲ့ ခင်ဗျားနဲ့ မေတ္တာရှိနေကြတဲ့ကိစ္စပါပဲ။ ဒီအကြောင်းကို အိမ်မှာ ခိုင်းစေထားတဲ့ လူတွေအားလုံးပဲ သိနေကြပါတယ်”

“ဒီအကြောင်းလား၊ ဒါတော့ ကျွန်တော်လည်းသိတာပါပဲ။ ခင်ဗျားတို့တတွေ ထိဖွင့်ဖို့လုပ်နေတဲ့အကြောင်းကိုပါ သိပါတယ်၊ ပြောနေဖို့ မလိုပါဘူး”

“ဩော် ဒါကိုတောင် သိနေမှကို”

“သိဆို ကိုစောလွင်နာမည်နဲ့ တွဲထားတဲ့လက်မှတ်ကို ခင်ဗျားဆွဲမိထားတာတောင် သိသေးတယ်”

Commercial use of this book will be at your own risk

ကိုသူတော်သည် အနည်းငယ်ပြုံးလိုက်၏။

“မှန်ပါတယ်၊ အစတုန်းကတော့ အခုပြောတဲ့အတိုင်းပါပဲ၊ ဒါပေမယ့် အိမ်မှာခိုင်းတဲ့ သူငယ်ကလေး မောင်စိုးဝင်းရဲ့ လက်ထဲမှာ ကျုပ်ရထားတဲ့ လက်မှတ်ရောက်သွားပြီး သူရထားတဲ့ခင်ဗျားနာမည်နဲ့တွဲထားတဲ့ လက်မှတ် ကျုပ်လက်ထဲ ရောက်လာတယ်။ တိုတိုပြောရရင် နှစ်ဦးသဘောတူ ကျေကျေနပ်နပ် လဲယူကြတာပဲ၊ အမှန်ကတော့ ကျုပ်က ပိုပြီး ကျေနပ်တဲ့လူပေါ့ဗျာ”

ခင်မောင်ကြီးသည် အံ့ဩသည့်အမူအရာကို ပြလျက် “ဒီလို အလဲအလှယ်လုပ်တာ ဘယ်လောက်ကြာပြီလဲ” ဟု မေးလိုက်၏။

“မကြာသေးပါဘူး၊ ခင်ဗျားလာတဲ့ ညကပဲ”

“ဒါဖြင့် ဒီအတောအတွင်းမှာ”

“ဟုတ်ကဲ့၊ ဒီအတောအတွင်းမှာ ဖုန်းဖုန်းလည်း စိုးဝင်းကို သူ့ဘက်သားအောက်မေ့ပြီး ယုံနေတုန်းပဲ ဆိုပါတော့၊ ဟိုကောင်လေးကလဲ”

“ဒီလိုဆိုရင် ဖုန်းဖုန်းပေးတဲ့စာတွေကို သူဖျောက်ပစ်မှာပေါ့”

“အမှန်ပါပဲ၊ အဲဒါကိုပြောပြရအောင် လာတာပါ”

ခင်မောင်ကြီးမှာ ဘာစကားမျှမထွက်နိုင်ပဲ တွေဝေ စဉ်းစား၍ နေမိလေ၏။

ကိုသူတော်လည်း ခင်မောင်ကြီး၏ မျက်နှာအမူအရာကို ငြိမ်သက်စွာ စိုက်ကြည့်နေကာ နှစ်ယောက်စလုံး ခပ်မဆိတ် နေကြလေ၏။

အတန်ကြာမှ ကိုသူတော်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေသည်။

“အကြောင်းက အခုပြောတဲ့အတိုင်း ဖြစ်နေလေတော့၊ တနည်းပြောရရင် ကျုပ်လက်ထဲမှာလည်း ခင်ဗျားနာမည်နဲ့ ထီလက်မှတ်ရှိနေလေတော့ ခင်ဗျားအလိုလည်း ပြည့်ဝ၊ ကျုပ်ဆန္ဒလည်း အောင်မြင်စေဖို့ရန် ဒီအကြောင်းကို ပြောပြပြီးတော့ ခင်ဗျားကို ကူညီနိုင်သမျှ ကူညီရအောင် လာတာပါပဲ”

ထိုအခါမှ ခင်မောင်ကြီး၏မျက်နှာမှာ အနည်းငယ် ရွှင်လန်း၍လာကာ “ဒီလိုကူညီလိုတဲ့စိတ်ရှိတယ်ဆိုတာ သိရလို့ အများကြီးဝမ်းသာပါတယ်၊ ကျေးဇူးလည်းသိပ်တင်တာပဲ” ဟု ပြောလိုက်ပြီးလျှင် “ခင်ဗျားက ကူညီမယ်ဆိုတာ ဘယ်လိုနည်းမျိုးနဲ့ ကူညီမှာလဲ” ဟု မေးရလေ၏။

“ကူညီမယ်ဆို ခင်ဗျားနဲ့ ဖုန်းဖုန်းတို့ လူချင်းတွေ့ကြရတဲ့အထိ လုပ်ပေးဖို့ပါပဲ”

“တွေ့ရရင်တော့ သိပ်ဝမ်းသာမှာပါပဲ၊ ဒါပေမယ့် ဘယ်လိုလုပ်ပြီး တွေ့ရအောင် လုပ်နိုင်မှာလဲ”

“လုပ်ဆို ကြာကြာမဆိုင်းပဲ ဒီနေ့ညမှာပဲ တွေ့ရအောင် ဆောင်ရွက်ပေးမှာပါ၊ ဘာပြုလို့ ဒီနေ့ ချက်ချင်းပဲ လုပ်ရမလဲဆိုရင် ဒီနေ့အိမ်မှာ ကိုယ်တော်ကြီးမရှိဘူး။ ကိုယ်တော်ကြီးဆိုတာ ဦးလတ်၊ ထိပ်တင်လတ်ကိုပြောတာပါ။ နောက်ပြီး ထိပ်တင်ဆွေလည်း တစ်အိမ်က ဘုရားကိုးဆူပူဇော်ပွဲကို သွားစရာရှိသေးတယ်လို့ပြောတယ်။ ဒီတော့ သူတို့အလစ်မှာ မဂ္ဂင်ချောင်သွားတဲ့လမ်းမှာ တွေ့ရအောင် ချိန်းပေးမယ်။ တခြားနေ့တွေဆိုရင် ဖုန်းဖုန်းအပြင်ကို ထွက်နိုင်မှာ မဟုတ်ဘူး”

Commercial use of this book will be at your own risk

ခင်မောင်ကြီးမှာထပြီး ကချင်ခုန်ချင်မိအောင် ဝမ်းသာသွားလေသည်။ သို့ဖြစ်၍ ကိုသူတော်၏ ခြေသလုံးကို နှိပ်ပေးရလျှင် ကောင်းမလိုလို ကျောပေါ်တင်၍ ကုန်းပိုးကာ ကလေးချော့သလို အခန်းထဲတွင် လှည့်ပတ်ပြေးရလျှင် ကောင်းမလိုလိုဖြစ်မိလေ၏။

"ဒါဖြင့် ဘယ်တော့လောက် တွေ့ရမလဲ"

"နောက် တစ်နာရီလောက်အတွင်း ဆိုပါတော့"

"အို ဒီလိုဆို ခုရှိးပေါ့ဗျာ"

"ဗျာ၊ ဘာပြောတယ်"

"သြော် သဘောကျတယ်လို့ ဆိုတာပါ"

"ကဲ ဒါဖြင့် ကျုပ်သွားမယ်"

ကိုသူတော်သည် ရွှင်ပျသောမျက်နှာဖြင့် ထွက်ခွာသွားသလို ခင်မောင်ကြီးလဲ ကြည်လင်သောဘဝင်နှလုံးဖြင့် ရွှင်ပြုံး၍ကျန်ရစ်ခဲ့လေ၏။

Commercial use of this book will be at your own risk

။ ၉ ။

အချိန်မှာ နေလုံးကွယ်ပျောက်ခဲ့ပြီဖြစ်ရကား မဂ္ဂင်ချောင်သို့သွားသောလမ်းကလေးကို ကောင်းကင်၏ အလင်းရောင်ဖြင့် မှုန်မှုန်ဝါးဝါးမျှသာ မြင်ရပေ၏။ ရာသီဥတုမှာ အေးချမ်းစပြုကာ မြူခြည်များရီဝေပိတ်ဖုံးလျက် ရှိခြင်းကြောင့် ဝါးတစ်ရိုက်မျှကျော်လွန်လျှင် လူသူကွဲပြားအောင် မြင်နိုင်ရန် မလွယ်ပဲ ရှိလေ၏။

ခင်မောင်ကြီးစောင့်နေသည့်နေရာမှာ ဝါးပင်ပျိုများအုပ်မိုးယှက်သန်းလျက်ရှိသောကြောင့် ထိုနေရာတွင် အလင်းရောင် ပို၍နည်းပါးလေ၏။

ကမ္ဘာလောကဓာတ်ကြီးမှာ မှုန်မှိုင်းမဲမှောင် အလင်းရောင်အားနည်းကာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှသော်လည်း ခင်မောင်ကြီး၏ စိတ်ထဲ၌ကား နေဝင်ရီတရောအချိန် ပလူကောင်ကလေးများကို လိုက်လံထိုးသုတ်ရင်း တဂစ်ဂစ် မြည်ကြသောငှက်ကလေးတို့၏ အသံများသည်လည်းကောင်း၊ မမြင်မစမ်းအရမ်းတိုးဝှေ့ပျံသန်းကြသည့် လင်းနို့ငယ် တို့၏ တောင်ပံခတ်သံသည်လည်းကောင်း၊ နံကောင်ပုရစ်တို့၏မြည်ကြ တွန်ကြသံများသည် လည်းကောင်း၊ နတ်တို့၏ စောင်းညှင်းပတ်သာသံများပေလား ဟု တွေးထင်စရာ ဖြစ်နေပေ၏။

သို့ရာတွင် စောင့်ရင်းစောင့်ရင်းနှင့် အချိန်တွေ ကုန်လွန်လာသောအခါ ခင်မောင်ကြီးသည် မိမိ၏တင်သားနုနု ကိုလည်းကောင်း၊ ဂုတ်သားအိအိကို လည်းကောင်း၊ မှက်ခြင်တို့ ကိုက်ခဲသွေးစုပ်ခြင်းကို နာရကောင်းမှန်း သိ၍လာလေ၏။

သည်နေရာမျိုးမှာမှ ကိုသူတော်က ချိန်းတတ်ပလေတယ်ဟု စိတ်ထဲက ပြစ်တင်မိ၏။ တစ်ချိန်တည်းမှာပင် ယခင်က ကိုသူတော်ကို ကျောကုန်းပေါ် တင်၍ လှည့်ပတ်ပြေးချင်မိသော စိတ်သည် ပြောင်းလဲသွားကာ ကိုသူတော်ကိုသာ နဖါးကြိုးတပ်၍ ကုန်းပိုးပြီးစီးကာ အိမ်သို့သာ ပြန်ချင်မိတော့၏။

ထိုသို့စိတ်ပျက်စပြုမိစဉ်မှာပင် ခပ်လှမ်းလှမ်း လူရိပ်လိုလိုဖြူဖြူဖွေးဖွေးသဏ္ဍာန်တစ်ခု လှုပ်လှုပ်ရှရှနှင့်လာနေသည်ကို တွေ့မြင်ရသဖြင့် များစွာအားတက်သွားကာ “ခင် ခင်ဖုန်း၊ ဒီမှာ ဒီမှာ” ဟု လှမ်း၍အသံပြုလိုက်လေ၏။

ထိုသို့ခေါ်လိုက်ပြီးမှ ခင်မောင်ကြီး၏စိတ်ထဲတွင် အကယ်၍မိမိလူမှားပြီးခေါ်မိချေသော် အခက်ပဲဟုတွေး၍ လန့်လိုက်မိလေသည်။ သို့ရာတွင် မိမိတူရူသို့ လျှောက်လာသူမှာ ခင်ဖုန်းပင် အမှန်ဖြစ်ရကား မိမိ၏အနားသို့



Commercial use of this book will be at your own risk

ခင်ဖုန်းရောက်လာပြီး "ကိုခင်မောင်" ဟုခေါ်လိုက်မှ ခင်မောင်ကြီးမှာ ကြောက်စိတ်ပျောက်ကာ ဝမ်းသာမဆုံး ဖြစ်သွားလေ၏။

သူ၏ရင်တွင်း၌ရှိသော အသည်းနှလုံးတို့သည် နံရိုးတစ်ဖက်မှ တစ်ဖက်သို့ အောင်မောင်းခြေထိုးသလို အပြန်အလှန် ထိုး၍ ကခုန်နေလေရော့သလားဟု ထင်ရပေ၏။

"ကိုခင်မောင် စောင့်နေရတာကြာပြီလား"

ခင်မောင်ကြီးသည် လည်ချောင်းထဲတွင် ဝမ်းသာလုံးဆို့တစ်နေသဖြင့် ရုတ်တရက် စကားမထွက်နိုင်အောင် ရှိနေစဉ်မှာပင် ခင်ဖုန်းက စကားဆက်ပြန်၏။

"ဖုန်းဖုန်း ချက်ချင်းပဲ လိုက်လာမလို့ပါပဲ။ စောစောက လာလို့မဖြစ်သေးလို့"

ခင်ဖုန်းသည် ပြောနေရင်းက ငယ်သံပါအောင်ကြောက်လန့်၍ အော်လိုက်ပြီးလျှင် ခင်မောင်ကြီးအား တင်းကျပ်စွာ ဖက်လိုက်မိလေသည်။

စက္ကူနှစ်ကွင်းအလင်းမရသော ကြွက်စုတ်တစ်ကောင်သည် ခင်ဖုန်း၏ခြေထောက်ကို အတင်းဝင်၍တိုးမိပြီး တကျွိကျွိ အော်မြည်ကာ ထိုနေရာတစ်ဝိုက်မှာပင် ချာလပတ်လည်၍ပြေးနေလေ၏။

ခင်မောင်ကြီးသည် မိမိ၏လက်ရုံးနှစ်ဖက်ကို နူးညံ့လှသောလက်ကလေးများဖြင့် တအားဆုပ်ကိုင်ထားခြင်းကို ခံရသည့်အတွက် ထူးခြားသောအတွေ့၌ ပျော်မွေ့မိကာ ကြွက်စုတ်ကို ခြောက်လှန့်မောင်းထုတ်ရန်ပင် သတိမရနိုင်ပဲ ရှိလေတော့၏။

ခင်ဖုန်းသည် ခင်မောင်ကြီးအား ရင်ချင်းအပ်လုမတတ်ပူးကပ်၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားလေရာ ထိုသို့ထူးလှသော အတွေ့နှင့် ခင်ဖုန်း၏ ကိုယ်မှသင်းပျံ့သော ပေါင်ဒါရေမွှေးရနံ့တို့နှင့်အတူ ရောထွေး၍ထွက်လာသော မိန်းမပျိုတို့၏ ထူးခြားသောအငွေ့တို့သည် ခင်မောင်ကြီးအား မူးမေ့မိန်းမောကာ သတိလစ်၍သွားအောင် ဖြစ်မိပေ၏။

ထိုအတွေ့နှင့်အငွေ့ကြောင့် သတိမထားနိုင်အောင် ဖြစ်သွားသည့်အခိုက်တွင် ဘာလုပ်လိုက်မိသည်ကိုပင် မသိ၊ ခင်ဖုန်းက အတင်းရုန်းကန်ပြီ မိမိကိုတွန်းပစ်ကာ–

"ရှင် ဘာလုပ်တာလဲ" ဟု ခက်ထန်စွာပြောလိုက်သည့်စကားများကိုကြားရတော့မှ မိမိဘာကိုပြုလုပ်မိကြောင်း သတိရလေတော့သည်။

ရုတ်တရက်သော် ခင်မောင်ကြီးသည် အာစေးထည့်ထားခြင်းခံရသလို မည်သည့်စကားကိုမျှ မပြောနိုင်ပဲ ကြောင်တောင်ကြီးငေးကြည့်နေမိလေ၏။

"ရှင် ဒီလိုယုတ်မာတာ ဘာကောင်းသလဲ၊ ရှင့်ကိုအစက လူကောင်းတစ်ယောက်လို့ ကျွန်မထင်မိတယ်။ အခုရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်တော့ဘူး"

ခင်ဖုန်းသည် ချာခနဲ လှည့်၍ထွက်သွားမှ ခင်မောင်ကြီးသည် ကြက်သေသေနေရာက နိုးကြား၍လာကာ "နေပါဦး နေပါဦး" ဟု တားလိုက်ရလေသည်။

ခင်ဖုန်းသည် ခင်မောင်ကြီး၏ခေါ်သံကြောင့် ရပ်တန့်ပြီး ပြန်၍လှည့်ကြည့်ကာ ခါးကိုထောက်လျက် "ဘာလဲရှင့်" ဟု မေးလိုက်၏။

"မသွားခင် စကားတစ်ခွန်းလောက်ပြောပါရစေ"

Commercial use of this book will be at your own risk

"ဘာစကားလဲ၊ ကျွန်မ နားမထောင်ချင်ဘူး"

"မဟုတ်ပါဘူး၊ အကျိုးအကြောင်းရှင်းပြချင်လို့ပါ"

ခင်ဖုန်းသည်တွေ့၍ ရပ်နေလိုက်၏။ ထိုစဉ်သူ့စိတ်သည် တစ်မျိုးတစ်ဖုံပြောင်းလဲသွား၏။

ခင်မောင်ကြီးက မိမိ၏အကျိုးကို လိုလားသူတစ်ယောက်ဖြစ်ပြီးလျှင် တစ်ခါက မိမိအား အကျပ်အတည်းတစ်ခုထဲမှ ကယ်ခဲ့သူဖြစ်ရာ ထိုသို့သော သူတစ်ယောက်သည် မိမိအပေါ်တွင် မတော်တလျော်ရုတ်တရက် ပြုလုပ်လိုက်ခြင်းမှာ အဘယ်ကြောင့် ဖြစ်မည်နည်း။ သတိလစ်ပြီး ဖေါက်ပြားသွားခြင်းလားဟု သိလိုစိတ်ပေါ်လာကာ စောစောက ဒေါသများ ပျောက်သွားသော်လည်း တင်းမာခြင်းကို မလျှော့သေးပဲ "ဘာပြောမလဲ ပြော" ဟု ဆိုလိုက်လေ၏။

"တစ်ဆိတ်ကလေးရှင်းပြပါရစေ၊ ပြီးတော့မှ သွားလိုရာသွားနိုင်ပါတယ်"

"အို ကျွန်မသဘော၊ သွားချင်သွားမှာပဲ၊ ရှင်သွားခွင့်ပြုမှ သွားရမှာလား"

"စိတ်လည်းမဆိုးပါနဲ့၊ ကြောက်လည်း မကြောက်ပါနဲ့၊ နောက်ထပ် ဟိုလိုမဖြစ်စေရပါဘူး"

ခင်မောင်ကြီးက ကတိကို အရင်ပေးလိုက်ပြီးမှ "ကျုပ်ဒီလိုလုပ်မိတာ အထင်မှားပြီး ဖြစ်ရတာပါ။ ဒီလို အထင်မှားရတဲ့ အကြောင်းကတော့ လူတကာကကျုပ်ဆီလာလာပြီး ကျုပ်ကို အရူးလုပ်ကြလို့ဖြစ်ရတာပါပဲ၊ ပထမဦးဆုံး အရူးလုပ်လာတဲ့လူကတော့ ဖုန်းဖုန်းရဲ့ အစ်ကိုဝမ်းကွဲတော် ကိုစောလွင်ပဲ၊ သူက လာပြီး ကျုပ်ကို ဖုန်းဖုန်းက ချစ်နေတယ်လို့ အတိအလင်းပြောသွားတယ်" ဟု ပြောပြလေသည်။

"ဒီလိုဆိုရင် ကိုကိုလွင် ရူးနေလို့ပဲ"

"ကျုပ်လည်း ဒီလိုထင်မိတာပဲ၊ ဒါပေမယ့် အချစ်စိတ်ဆိုတာ အင်မတန်လှည့်စားတတ်တဲ့အတိုင်း သူပြောတာကို ဟုတ်လိမ့်နိုးနိုးထင်မိတာပေါ့၊ ပြီးတော့ ဖုန်းဖုန်းကို ဟိုနေ့မနက်က ကားထဲမှာ တွေ့လိုက်ရကတည်းက ကျုပ်စိတ်ထဲမှာ မြင်မြင်ချင်း ချစ်မိပါတယ်"

"ဘာ"

ခင်ဖုန်းသည် အံ့အားသင့်ခြင်းကိုပြသောစကားကို ဆိုလိုက်လေသည်။ ခင်ဖုန်းသည် ယခုလိုအံ့အားသင့်ရခြင်းမှာ ခင်မောင်ကြီးထံမှ မိမိ မမျှော်လင့်သော စကားကို ကြားရခြင်းကြောင့် ဖြစ်လေသည်။

၎င်း၏စိတ်ထဲတွင် ခင်မောင်ကြီးသည် မိမိအားချစ်ကြိုက်စွဲလန်းနေသည်ဟု မထင်ခဲ့မိချေ။

သူသည် မိမိ၏ အကျိုးကို လိုလားသူတစ်ယောက်ဖြစ်သည် ဟူ၍သာထင်ခဲ့မိ၏။ သို့ဖြစ်၍ မိမိမမျှော်လင့်သော စကားကိုကြားလိုက်ရသည့် အတွက် အံ့သြ၍မဆုံးနိုင်အောင် ဖြစ်ရလေသည်။

"ကျုပ်ရင်ထဲက ချစ်တဲ့စိတ်ဟာ ပြင်းထန်လွန်းလို့ ဖုန်းဖုန်းနေတဲ့နေရာကို မသိသိအောင် စုံစမ်းပြီး လူကိုယ်တိုင် လိုက်လာခဲ့တာသာ ကြည့်တော့လေ။ ဒီလိုကိုယ်က ချစ်နေပေမယ့်လည်း ဖုန်းဖုန်းက ပြန်ပြီးချစ်နိုင်လိမ့်မယ်လို့ မထင်မိသေးပါဘူး။ ဒါပေမယ့်အချစ်ဆိုတာ မြင်မြင်ချင်းဖြစ်ပေါ်လာတတ်တဲ့အပြင် လောကမှာ မမျှော်လင့်တာများလည်း ဖြစ်တတ်လို့ ကိုစောလွင်ရဲ့ စကားကိုကြားရတော့ ကျုပ်စိတ်ထဲက ချစ်မိသလို ဖုန်းဖုန်းကလည်းချစ်မှာပဲလို့ ယုံကြည်မှုတစ်မျိုးပေါ်လာပြန်တယ်။ နောက်ပြီး ဖုန်းဖုန်းရဲ့ခမည်းတော်ကြီးကလည်း ဖုန်းဖုန်းကျုပ်ကို ချစ်နေတယ် ဆိုတာ လာပြောပြန်တော့ ဟုတ်ပြီလို့ တထစ်ချယုံမိတယ်၊ ဒီလိုယုံထားတဲ့လူတစ်ယောက်ဟာ ဒီလိုတွေ့ကြုံရတော့ ဒါကိုလုပ်လိုက်ရင် စိတ်မဆိုးတန်ဘူး၊ အပြစ်မမြင်တဲ့အပြင်

Commercial use of this book will be at your own risk

အချစ်စိတ်ဝင်လိမ့်မယ်ထင်ပြီး လုပ်လိုက်မိတာပါ။ အခုမှ သူတို့နှစ်ယောက်စလုံး ကျုပ်ကို တမင်သက်သက် အရူးလာလုပ်ကြတာပဲ ဆိုတာသိရတယ်။ ကျုပ်လုပ်မိတာဟာ တမင်စော်ကားလိုတဲ့စိတ်မျိုးနဲ့ လုပ်တာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်လုပ်မိတာလွန်တယ်ဆိုရင် တောင်းပန်ပါတယ်”

ခင်မောင်ကြီးသည် ဤမျှစကားသွက်လိမ့်မည်ဟု မိမိကိုယ်ကို မိမိဘယ်အခါမှ မထင်ခဲ့မိပေ။ ထိုသို့သွက်သွက်ကြီး ပြောလိုက်မိပြီး မိမိကိုယ်ကိုပင် မိမိအံ့ဩမိလေသည်။

ထိုသို့ပြောပြီးသည့်နောက် ခင်မောင်ကြီးသည် ခင်ဖုန်း မည်သို့ပြန်ပြောမည်ကို စောင့်ဆိုင်း၍ကြည့်နေလိုက်သည်။

သို့သော် ခင်ဖုန်း၏စကားကိုမကြားရပဲ ခင်ဖုန်း၏ကြည်လင်သောအသံဖြင့် ဟက်ဟက်ပက်ပက်ရယ်လိုက်သည်ကို ကြားရသဖြင့် ဘာ့ကြောင့် ခင်ဖုန်းရယ်သည်ကို စဉ်းစား၍မရပဲ ခေါင်းချာချာလည်သွားကာ ရှက်ရှက်နှင့် ထွက်၍ပြေးရလျှင် ကောင်းမည်လား၊ ရောနှော၍ရယ်လိုက်ရလျှင် ကောင်းမည်လား။ ထိုင်၍ငိုလိုက်ရလျှင် ကောင်းမည်လား ဟုမဝေခွဲနိုင်အောင် အူကြောင်ကြောင်ဖြစ်သွားလေ၏။

ပြီးမှ ခင်ဖုန်းသည် အရယ်ရပ်ကာ မျက်နှာကိုအတည်ထားလိုက်လေ၏။

“အို ဒီလိုဆိုရင် အားလုံးအထင်မှားကုန်ကြပြီပေါ့။ ဟိုနေ့က ကိုခင်မောင်ရဲ့ကားထဲမှာ ကျွန်မပါသွားတာကိုမြင်ရတာနဲ့ ထိပ်တင်ဆွေနဲ့ ဖေဖေ တို့က ကိုခင်မောင်ဟာ ကျွန်မရည်းစားပဲလို့ ထင်နေကြတာကိုး။ ဟိုနေ့က ကျွန်မမြို့ထဲကိုသွားတာလည်း ကိုခင်မောင်ကိုတွေ့ရအောင်သွားတာပဲလို့ ထင်နေကြပြန်တူတယ်။ အမှန်တော့ ကျွန်မတွေ့ရအောင်သွားတဲ့လူဟာ–”

“ဖုန်းဖုန်းရဲ့ ရည်းစားလား”

ခင်ဖုန်း၏စကားမဆုံးမီမှာပင် ခင်မောင်ကြီးက အဖြည့်ခံပေးလိုက်ရာ ခင်ဖုန်းက ရှက်ပြုံးပြုံးလျက် “ဟုတ်ကဲ့” ဟု မကြားတကြားမပွင့်မလင်း ပြန်၍ အဖြေပေးလိုက်လေသည်။

ထိုသို့ကြားလိုက်ရသည့်အခါ ခင်မောင်ကြီး၏စိတ်ထဲတွင် ကမ္ဘာကြီးသည် ချာချာလည်၍သွားရော့သလားဟု ထင်မိကာ မီတွယ်အားထားရာကိုရှာရာ လေကိုသာဆုပ်ကိုင်မိတော့၏။

ယခင်က အောင်မောင်းခြေထိုးအကမျိုးဖြင့် ကခုန်နေသည်ဟု ထင်ရသော နှလုံးသားတို့သည် ငါးမျှားချိတ်ဖြင့် ထုတ်၍ဆွဲခံလိုက်ရသကဲ့သို့ ရင်ဝဆို့တက်၍ ဆောင့်ကာ တစ်ဆို့ဆို့ကြီး ဖြစ်နေဘိသည့်အလား ခံစားရလေ၏။

နောက်မှ ခင်မောင်ကြီးသည် စိတ်ကိုအနိုင်နိုင်တင်းပြီး “အင်း” ဟု အလုံးကြီးကျသွားသလို ညည်းတွားရင်း “အင်း ပြောပါဦး” ဟု ခင်ဖုန်းအား စကားဆက်၍ပြောရန် လမ်းခင်းလိုက်ရပြန်လေသည်။

“ကျွန်မချစ်တဲ့သူရဲ့ နာမည်က ကိုဘတင့်တဲ့။ အရင်နှစ်က ကျိုက်ထီးရိုးဘုရားဖူးသွားရင်း ချစ်ကြတာပဲ။ အဲဒီမှာတွေ့ကြပြီးတဲ့နောက် သူနဲ့ နောက်ထပ်မတွေ့ရတော့ဘူး။ စာပေးချင်လို့လည်း ပေးမဖြစ်ပဲ ရှိနေပြီးမှ ကိုခင်မောင်နဲ့တွေ့တဲ့နေ့က သူရန်ကုန်ရောက်လာတယ်။ သူ့ကို ဘယ်မှာ တွေ့နိုင်မယ်ဆိုတာ သိရလို့ အိမ်ကလူကြီးတွေလည်း လစ်တုန်း ကိုကိုလွင်လည်း ရန်ကုန်အသွားနဲ့ အဆင်သင့်ကြုံတုန်း သူ့ကားနဲ့ လိုက်ခဲ့တာ။ ရန်ကုန်ကျတော့ ဆူးလေဘုရားလမ်းထောင့်မှာ အဆင်း ထိပ်တင်ဆွေနဲ့ မမျှော်လင့်ပဲ သွားပြီးတိုးနေတာနဲ့ နီးရာကားပေါ် တက်ပုန်းတာမှာ ကိုခင်မောင်နဲ့တွေ့ရတာပဲ”

ခင်မောင်ကြီးသည် ခင်ဖုန်း၏စကားထဲတွင် စိတ်ဝင်စားနေမိကာ ဝင်၍ပြောရန်ပင်မေ့နေလေ၏။ သည်တော့မှ ခင်ဖုန်းက စကားကို ဆက်လိုက်ပြန်လေသည်။

Commercial use of this book will be at your own risk

"အင်းမှားမယ့်မှားတော့လည်း တစ်နွယ်ငင်တစ်စင်လုံးပါကုန်ကြတော့တာပေါ့လေ။ ဖေဖေတို့က ကိုခင်မောင်ကို အထင်မှား ကိုခင်မောင်ကလည်း ကျွန်မကိုအထင်မှား၊ ကျွန်မကလည်း ကိုခင်မောင်ကို ကျွန်မရဲ့ အကျိုးဆောင်သက်သက်ပဲလို့ အထင်မှား၊ အိုအားလုံး မှားနေကြတာပဲကိုး"

ထို့နောက် နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြလေသည်။ ခင်မောင်ကြီးသည် မဟာအတွေးကြီးတွေးနေရာက ဟင်းခနဲ သက်ပြင်းချလိုက်လေသည်။ သည်တော့မှ ခင်ဖုန်းက စကားကိုဆိုပြန်သည်။

"ကိုခင်မောင် အခုလိုဖြစ်ရတာ ကျွန်မစိတ်မကောင်းပါဘူး"

"အိုစိတ်မကောင်းမဖြစ်ပါနဲ့လေ။ အကြောင်းကဒီလိုပဲ ရှိတော့ဒီအတိုင်းပဲဖြစ်ရမှာပေါ့။ ဒါပေမယ့် ကျုပ်ကိုမုန်းစရာ လူတစ်ယောက်ရယ်လို့တော့ မအောက်မေ့စေချင်ပါဘူး။ ကျုပ်စိတ်ထဲမှာ ဖုန်းဖုန်းကို ချစ်မိတယ်ဆိုတာကို ဖယ်ထားပြီးပြောရရင် မူလက ကျုပ်ရဲ့သဘောထားအရင်းခံတိုင်း ဖုန်းဖုန်းကို ဒုက္ခဖြစ်နေတဲ့အထဲက ကယ်ဆယ်ချင် ကူညီချင်လို့ ငွေကုန်ခံပြီး ဒီနားမှာလာနေတာပါ။ နောက်တော့ ချစ်တဲ့စိတ်နဲ့ကူညီမယ်လို့ စိတ်ကူးခဲ့မိပါတယ်။ အခုအကြောင်းသိရတော့ ရိုးရိုးသားသားဖြူစင်တဲ့စိတ်နဲ့ကူညီဖို့ ရှိတော့တာပါပဲ"

"ဒါပေမယ့် ကိုခင်မောင်ကို အကူအညီပေးဖို့ စကားပြောလို့တော့ မဖြစ်ဘူးထင်တယ်"

"အို ဘယ့်နှယ်ကြောင့် မဖြစ်ရမှာလဲ။ ပြောစရာရှိတာ ပြော၊ ခိုင်းစရာရှိတာခိုင်းပါလေ"

"ကိုခင်မောင်ဟာ ကျွန်မကို ချစ်နေတဲ့လူတစ်ယောက်ဖြစ်နေလေတော့ ကိုခင်မောင်ကိုမချစ်ပဲ တစ်ခြားတစ်ယောက် အပေါ်မှာ ချစ်နေတာကို အကူအညီတောင်းဖို့ဆိုတာ"

"ကျုပ်ချစ်တာကို အပထားလိုက်ပါလေ။ သတိတောင်မရပါနဲ့တော့"

"ဒီလိုသဘောထားကြီးကြီးထားနိုင်ရင် သိပ်ဝမ်းသာပါတယ်ရှင်၊ ကျေးဇူးလဲ အလွန်ပဲတင်ပါတယ်"

ခင်ဖုန်းက ခေတ္တနားလိုက်ပြီး စကားကိုဆက်ပြန်သည်။

"ကျွန်မှာ ခက်နေတာက ကိုဘတင့်နဲ့ စာပေးစာယူဆက်သွယ်ဖို့ လူချင်းတွေ့ရဖို့ ခက်နေတာပါပဲ။ ကိုခင်မောင်နဲ့ စပြီးတွေ့တဲ့နေ့ဟာ သူနဲ့တွေ့ရဖို့ အခွင့်အရေးအကောင်းဆုံးနေ့ပါ။ ဒါပေမယ့် ဒီအခွင့်ကောင်းကို လက်လွှတ်ခဲ့ရပြီလေ၊ အခုတော့ ကျွန်မအကြောင်းအားလုံးသိကုန်ကြတော့ လူချင်းတွေ့ဖို့ မပြောနဲ့ စာပေးဖို့တောင် ခက်နေတယ်"

"ဒါဖြင့် ဖုန်းဖုန်းရဲ့စာကို သူ့လက်ထဲရောက်အောင် သွားပြီးပေးစေချင်သလား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ သူ့ကို ကိုခင်မောင်သွားပြီးတွေ့စေချင်တာပါပဲ၊ တွေ့ပြီး ကျွန်မအဖြစ်ကိုလည်းပြောပြ၊ နောက်ပြီးစာတွေကိုလည်း ကိုခင်မောင်ကတစ်ဆင့် အပြန်အလှန်ပေးကြဖို့ကိုလည်း ပြောဖို့ပါ။ နောက်ပြီး သူနဲ့တွေ့ပြီးလို့ ပြန်လာတော့ အခုသူ့ရုပ်ရည် ဘယ်လိုနေတယ်၊ အသားအရေ ဘယ်လိုရှိတယ်။ ဝသလား၊ ပိန်သလား၊ သူဘာပြောလိုက်သလဲဆိုတာ ကျွန်မကို ပြန်ပြီး ပြောပြစေချင်တာပါပဲ"

"ကောင်းပါပြီလေ၊ ဆောင်ရွက်ပေးရတာပေါ့၊ မနက်ဖြန် ဆက်ဆက်သွားပါ့မယ်။ ကဲကဲ ဖုန်းဖုန်းလည်းပြန်တော့။ အိမ်မှာ မရှိတာ သိသွားကြဦးမယ်"

"သွားတော့မယ်နော်"

"ဩော် နေပါဦး၊ သူ့ကို ဘယ်မှာသွားပြီးတွေ့ရမှာလဲ"

Commercial use of this book will be at your own risk

“ဟဲဟဲ ဟုတ်ပါရဲ့၊ သူ့လိပ်စာပြောဖို့ သတိမေ့လိုက်တာ” ဟု ခင်ဖုန်းကဆိုပြီး ဘတင့်အားတွေ့နိုင်သည့်နေရာကို ပြောပြလိုက်လေ၏။

ခင်မောင်ကြီးသည် ခင်ဖုန်းထွက်၍သွားသည်ကို ငေးမောကြည့်ရှုကာ ကျန်ရစ်လေ၏။ ယခုမူ သူ၏စိတ်ထဲတွင် သာယာနာပျော်ဘွယ် ကောင်းလှသည်ဟု စောစောက ထင်ခဲ့မိသော တဂစ်ဂစ်မြည်နေသည့် ငှက်သံများသည် ငှက်ဆိုးထိုးသံများ ဖြစ်သည်ဟု ထင်မိလေသည်။ ရှည်လျားလှသော ခွေးအူသံကြီးတစ်ခုကလည်း သူ၏စိတ်နှလုံးတို့ကို ညှိုးချုံးချောက်ချားသွားစေတော့၏။

လောက၌ပျော်ရွှင်ခြင်း၊ စိတ်ညစ်ခြင်းတို့သည် မည်သူမှ ပြုလုပ်ဖန်တီးပေးခြင်းမဟုတ်ပေ။ ထိုခံစားမှုတို့သည် အပြင်အပက ပြုလုပ်ပေးသည့် အရာများမဟုတ်ကြပဲ မိမိ၏စိတ်က ဖန်တီးခြင်းမျှသာဖြစ်ပေ၏။

တူရိယာသံသည် ပျော်ရွှင်နေသော သူအဖို့ သာယာလှသည်ဟု ထင်မြင်စေချင်သော်လည်း စိတ်ညစ်နေသူအဖို့မှာ ထိုတူရိယာသံပင်လျှင် သေမင်းခေါ်သံကဲ့သို့ ထင်မြင်စရာဖြစ်ပေတော့သည်။

သွားကိုက်ခြင်းသည် လွန်စွာ မနှစ်မြို့ဘွယ်ရာကောင်းသော ဝေဒနာတစ်ခုပင်ဖြစ်၏။ သို့ရာတွင် သွားကိုက်ခြင်းသည် လူတို့၌မရှိမဖြစ်၊ ရှိအပ်သောအရာတစ်ခု၊ သို့မဟုတ်လူတိုင်းမွေးလာကတည်းက သေသည်အထိ ထိုသို့အမြဲတစေ ခံစားရအပ်သော အရာဖြစ်ခဲ့လျှင် ထိုသို့သွားနာခြင်းကို ဝေဒနာဟုထင်မြင်မည်မဟုတ်။ မည်သို့မျှထူးခြားခြင်း ရှိမည်လည်းမဟုတ်ပဲ သွားမကိုက်သည့်နေ့တွင်သာ တစ်စုံတစ်ရာ မပြည့်စုံသကဲ့သို့ပင်ဖြစ်မည်မှာ မလွဲပေ။

သုခဒုက္ခဆိုသည်မှာလည်း ထို့အတူပင်ဖြစ်၏။ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာကိစ္စတို့တွင် တစ်စုံတစ်ရာ လွဲချော်ချွတ်ယွင်းခြင်းမဖြစ်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ပျော်ရွှင်နေကြခြင်းကို သတိမပြုမိကြချေ။ တစ်စုံတစ်ရာ ချွတ်ချော်လွဲမှားမှုဖြစ်ပေါ်လာသည့် တစ်နေ့ကျမှ ထိုအဖြစ်သည် ဒုက္ခပါတကားဟု တွေးမိကြပေ၏။

ခင်မောင်ကြီးသည်လည်း ထိုနက်နဲလှသော အတွေးအခေါ်ကို နောက်နေ့နံနက်တွင် ကောင်းစွာထင်မြင်သဘောပေါက် နေမိပေတော့၏။

ထိုနံနက်ခင်း၏ ပွင့်လင်းသာယာသော နေရောင်ခြည်များနှင့် ကျေးငှက်တို့၏ အသံများသည် ခင်မောင်ကြီးအား သာယာပျော်ရွှင်ခြင်းကို မဖြစ်စေပဲ ရှိကြလေ၏။

ဩကာသ လောကကြီးတစ်ခုလုံးသည် မိမိ၏ဒုက္ခဝေဒနာကို ကြင်နာခြင်းမရှိပဲ ရယ်မောပျော်ရွှင်ကာ သရော်နေကြသည် ဟူ၍လည်း ထင်မြင်မိပေ၏။ အခြားသူတို့၏ပျော်ရွှင်ခြင်းသည် ခင်မောင်ကြီးအား ငိုအောင်စနေသကဲ့သို့ ရှိလေတော့သည်။

ခင်မောင်ကြီးသည် စိတ်ညစ်ညစ်ဖြင့် အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ်ထိုင်ရင်း စဉ်းစားခန်းထုတ်နေစဉ် သူတောင်းစား တစ်ယောက်ပေါ်ပေါက်လာကာ “သနားပါခင်ဗျာ၊ ကျွန်တော့်မှာ အလုပ်လက်မဲ့ဖြစ်နေတာ ကြာပါပြီ၊ စားစရာလည်းမရှိ၊ ဝတ်စရာလည်းမရှိ၊ မိန်းမကလည်း မမာ၊ ကလေးကလည်း ထမင်းမစားရလို့ တအာအာနဲ့” ဟု မျက်ရည်ခံထိုးနေစဉ် ခင်မောင်ကြီးမှာ ဒေါအပွကြီးပွကာ။

“ခွေးမသား နင့်ကို ငါကမယားအယူခိုင်းလို့လား၊ နင်မယားယူမယ်ကြံတုန်းက ငါ့ကိုလာပြီး တိုင်ပင်လို့ ငါက ယူဖို့တိုက်တွန်းတာကြောင့် နင့်မယားနဲ့ခလေး ငတ်နေတာကိုငါက ပေးရကယ်ရမှာလား၊ သွား သွား မြန်မြန်သွား၊ ငါဆင်းဆော်မိလိမ့်မယ်” ဟု ဆိုကာ မောင်းထုတ်လိုက်မှ တောင်းရမ်းလာသူမှာ ထမင်းငတ်ရသည့်အထဲ သွေးထွက်သံယိုဖြစ်ရဦးမည်ကိုကြောက်၍ သုတ်ခြေတင်ပြီး ပြေးရလေ၏။

Commercial use of this book will be at your own risk

"ဆိုးရွားသောကံသည် တစ်ခုတည်းမလာတတ်" ဟုဆိုသည့်နည်းတူ လူများသည် စိတ်ညစ်ညူးနေခိုက်တွင် အခြားသော စိတ်ညစ်စရာများက ဝင်ရောက်နှောင့်ယှက်လာတတ်သည်မှာ ဓမ္မတာပင် ဖြစ်တော့သည်။

ထိုသို့ ခင်မောင်ကြီးသည် စိတ်ရှုပ်နေရသည့်အထဲ အခြားသော အနှောင့်အယှက်က ဝင်လာအပြီးတွင် အိမ်ရှေ့သို့ဆိုက်ရောက်လာသော ကားပြာကလေးပေါ်မှ ပျော်မြူးရွှင်လန်းသော မျက်နှာဖြင့်ဆင်း၍လာသော စောလွင်ကို တွေ့ရပြန်ရာ မိမိအား နောက်တစ်ယောက်လာပြီး သရော် ပြန်ပြီဟု ထင်မြင်မိလေ၏။

သို့သော်ခင်မောင်ကြီးသည် စောလွင်ကို သူတောင်းစားနှင်သလိုနှင်၍ပစ်ရန် မဖြစ်သည့်အလျောက်အိမ်ပေါ်သို့ တောက်လျှောက်တက်လာသည် ကို ကြည့်၍နေလိုက်ရ၏။

"ဟော့လူနိပ်ပြီဗျ နိပ်ပြီ။ စိတ်ချ ဒိဠ နိပ်ဟ၊ ကျွန်တော် တော့ အိုရချေသေးရဲ့"

ခင်မောင်ကြီးသည် စောလွင်ရူး၍လာလေသလားဟု ထင်မိ၍ဘာမျှမမေးမစမ်းသေးပဲ အကဲခတ်၍နေလိုက်သည်။

"ကျွန်တော် မိန်းမယူတော့မယ်၊ ဒီနေ့ပဲယူမယ်"

"ဟင် ဘယ့်နှယ့်"

ခင်မောင်ကြီးက အံ့အားသင့်စွာ မေးလိုက်သည်။

"ဟဲ ဟဲ ဤနေ့ ဤရက် ဤအချိန်အခါ မင်္ဂလာရှိသော ဤနံနက်ခင်းမှာပဲ ကျွန်တော် မောင်မောင်စော မိန်းမယူတော့မယ်လေ"

"သြော်–ဟုတ်လား၊ ဘယ်သူနဲ့လဲ"

"ခင်မေကြည်နဲ့လေ"

"ဟင် မြန်လွန်းလှချည်လား။ ချစ်တယ် ကြိုက်တယ် ဆိုသံတောင်မှ မကြားမိပါကလား"

"အို–မြန်ဆိုတက်ခေတ်ကိုဗျ။ မြန်မြန်တက်ပြီး မြန်မြန်ခေတ်ရင် မြန်မြန်ချစ်ပြီး မြန်မြန်ညားတာပေါ့ဗျ"

"ဘယ်လိုများ လုပ်လိုက်တာတုန်း။ တယ်လည်း ဟုတ်လိုက်ပါလား"

"ဟုတ်ဆို ကျွန်တော့် အစွမ်းသက်သက်တော့ မဟုတ်ဘူး၊ ဘယ်သူ့အစွမ်းလဲ ဆိုတာတော့ ဟိုဒင်းဗျာ၊ လူများဟာ တစ်ခါတစ်ရံ ရတတ်တာ ဘာလဲဗျာ"

"ခေါင်းကိုက်တဲ့ ဝေဒနာလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော်ပြောတာက တစ်မျိုး၊ လူတိုင်းရခဲ့တဲ့ဟာ"

"သြော် ဝက်သက်ထင်တယ်"

"အဲဒါလည်းမဟုတ်ဘူး။ ကျွန်တော်ပြောတာက တစ်မျိုး။ ဟိုဒင်းဟာဗျာ၊ နာမည်မဖော်ပဲ ပေးတဲ့စာလေ၊ ပစ်စာလို ဟာမျိုးပေါ့။ ပစ်စာ အစစ်တော့ မဟုတ်ဘူး။ အဲ အဲ သိပြီ၊ သိပြီ ရွှေပေလွှာ၊ ရွှေပေလွှာ။ အင်းပြောလိုက်ရဦးမယ်"

"နို့ အခုလည်း ပြောနေတာပဲ မဟုတ်လား"

Commercial use of this book will be at your own risk

“ဟုတ်ပါတယ်လေ၊ ဒီလိုပါ။ ကျွန်တော့်အခန်းထဲမှာ စာရေးသူနာမည်မပါပဲ၊ စာတွေ တစ်စောင်ပြီးတစ်စောင် လာလာ ပစ်ထားတယ်။ ဘယ်သူ လာပြီး ပစ်တယ်ဆိုတာ ကျွန်တော်လည်း မသိဘူး။ အိုအဲဒီစာတွေကတော့ဖြင့် အညွန့်ချည်းပဲ။ ကိုယ်ကြိုက်တဲ့လူကို အလွယ်ဆုံးနဲ့ရအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ ဟာမျိုးတွေဗျ။ အဲဒီစာတွေကို ရေလဲနဲ့ကိုပစ်နေတာပဲ။ ဘယ်နေ့မှာ ဘယ်လိုထိရတွေ့ရတယ်။ လက်ကို ဘယ်လို ကိုင်ရတယ်။ ဘယ်အချိန်ကျတော့ ခါးကို ဘယ်လိုကိုင်ရတယ်။ အမယ် တယ်နေရာကျတာပဲဗျို့။ နောက်ဆုံး ကျွန်တော်သဘောအကျဆုံး ညွှန်ကြားချက်က မြန်မြန်တက် မြန်မြန်ခေတ်ရင် မြန်မြန်ချစ်တာပဲဆိုတဲ့ ဆောင်ပုဒ်ကလေးပေါ့။ ဒီအတိုင်းလက်တွေ့ ခေတ်လိုက်တာ၊ ဒီနေ့တော့ ခိုးရာလိုက်ပါ့မယ် ဖြစ်တော့တာပဲ”

ခင်မောင်ကြီးသည် ခပ်စောစောက ငါဘယ်လို အရူးတစ်ယောက်နဲ့ လာပြီးတွေ့နေရပါလိမ့်မလဲဟု ဝေခွဲမရသော အကြည့်မျိုးဖြင့်ကြည့်နေခဲ့ရာက စောလွင်၏စကားများမှာ နားထောင်ရင်း ထောင်ရင်းစိတ်ဝင်စားစရာဖြစ်လာသည်ကို တွေ့ရသဖြင့် စူးစိုက်၍နားထောင်လိုက်လေသည်။ နောက်ဆုံး စောလွင်၏စကားဆုံးတော့မှ မိမိမရှင်းလင်းသည့် အချက်ကို အမေးထုတ်လိုက်လေသည်။

“ဘာပြုလို့ ခိုးရာလိုက်ရမှာတုန်း။ ခုနကပြောတော့ ဒီနေ့ပဲ လက်ထပ်တော့မယ်ဆို”

“ဒီလိုဗျ ခင်မေကြည်ရဲ့မိဘများနဲ့ ကျွန်တော့်မိဒွေးတော်တို့နဲ့ဟာ ကောင်းကောင်းခင်မင်ကြပါတယ်။ ဒါပေမယ့် မျိုးရိုးချင်းမတူလို့ ပေးစားချင်မှာမဟုတ်ဘူး။ ဒီတော့ တက်ခေတ်ကြီးမှာ အချိန်ကုန်ခံမနေနိုင်တော့ဘူး။ ဒီနေ့ ကျွန်တော့်ဘကြီးလည်း ဘယ်သွားတယ်မသိဘူး။ တစ်နေ့လုံး ပြန်လာမှာ မဟုတ်ဘူး။ သူ့အလစ်မှာ ခင်မေကြည်ကို မြို့ထဲလွှတ်လိုက်ပြီး ရန်ကုန်ကျမှပဲ ကျွန်တော်တို့တွေ့ကြမယ်။ ဟိုကျရင် တရားသူကြီးတစ်ဦးဦးဆီသွားပြီး လက်ထပ်ပေးခိုင်းမယ်။ ပြီးတာနဲ့ ဝေးရာပြေးကြဖို့ပဲ”

“အင်း–ခင်ဗျားတို့ကိစ္စကတော့ ဟုတ်ပါပြီ။ အဲဒါကိုကျွန်တော့်ကိုလာပြောတော့ ကျွန်တော်ကဘာလုပ်ပေးရမှာလဲ။ ခင်ဗျားတို့ ပြေးကြပြီးတဲ့နောက် ခင်ဗျားအမေကို ပြောပြရမှာလား”

“မဟုတ်ဘူး မဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူး။ ဒီအကြောင်းကိုတော့ အခုမပြောလည်း နောင်တော့သိကြမှာပဲ။ ဒီကိစ္စခင်ဗျားကိုလာပြီး ပြောပြတာက ခင်ဗျားကိုလိုက်ခဲ့ဖို့ ခေါ်မလို့ပဲ၊ တရားသူကြီးရှေ့မှာ အသိသက်သေလုပ်ဖို့လေ။ ကျွန်တော့်ဘက်က လူပျိုရုံသဘောမျိုးပေါ့ဗျာ”

ခင်မောင်ကြီးမှာ မိမိကိုယ်တိုင်က မပျော်မရွှင်ဖြစ်နေရသည့်ကြားထဲတွင် သူတစ်ပါး၏ ပျော်ရွှင်မှုအတွက် ဝင်ရောက်ဆောင်ရွက်ဖို့အလုပ်တွင် မည်သည့်နည်းနှင့်မျှ မပါဝင်လိုပေ။

သို့ဖြစ်၍ မည်သို့ငြင်းရပါမည်နည်းဟု စိတ်ကူးနေစဉ် စောလွင်က “လာပါဗျာ၊ သူများအကျိုးဆောင်ရင် ကိုယ့်အကျိုးလည်းအောင်ရမှာပေါ့။ ကျွန်တော့် အကျိုးဆောင်ရင် ခင်ဗျားလည်း ဖုန်းဖုန်းနဲ့ တစ်နေ့တော့ နေရာကျမှာပါပဲ။ ကျွန်တော်ကလည်း ကြည့်မနေပါဘူး။ ပြီးတော့လည်း ခင်ဗျားတို့အရေးမှာ ကျွန်တော့် မိဒွေးတော်နဲ့ ပေသီးတို့ ကြီးကျယ်နေကြတာပါ။ ပေသီးကိုသိရဲ့ မဟုတ်လား။ ထိပ်တင်ဆွေလေ။ လာပါဗျာ၊ လိုက်ခဲ့ပါ”

ခင်မောင်ကြီးအား မျှော်လင့်ချက်ပေးကာ အတင်းဆွဲခေါ်နေသဖြင့် ခင်မောင်ကြီးမှာ မငြင်းလိုတော့ပဲ “အင်း လိုက်ရတာပေါ့ဗျာ” ဟု သဘောတူလိုက်ရကာ ထိုင်ရာမှ ထလိုက်လေ၏။

Commercial use of this book will be at your own risk

॥ ၁၀ ॥

ရန်ကုန်မြို့ကြီး၏ ထင်ရှားသော အဆောက်အဦများတွင်အပါအဝင်ဖြစ်သော ကန္တာလမ်း ဟိုတယ်ကြီးအတွင်းရှိ သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းထားအပ်သော အခန်းတစ်ခုအတွင်းရှိ ထမင်းပွဲတစ်ခုတွင် ပျော်ရွှင်စွာ စားသောက်လျက်ရှိကြသော လက်ထပ်ပြီးကာစ လင်မယားနှစ်ယောက်ကို ခင်မောင်ကြီးသည် အားကျသလိုလို၊ မနာလိုသလိုလို အမူအရာဖြင့် နက်နဲစွာစူးစိုက်ကြည့်ရှုရင်း မိမိရှေ့ရှိ အစားအစာများကို စိတ်မပါ့တပါဖြင့်ပါးစပ်တွင်းသို့ ခပ်မှန်မှန် သွတ်သွင်းလျက်ရှိလေ၏။

ညားကာစ ဇနီးမောင်နှံတို့မှာ စောလွင်နှင့် ခင်မေကြည်တို့ဖြစ်ကြ၏။ စောလွင်သည် မိမိပြုမူလိုက်ပုံကို ဒေါ်ရွှေစုကြားသိရလျှင် အသည်းကို လုံနှင့်ဆွသလို မည်မျှ အခံရခက်နေမည်ကို မတွေးမိချေ။ မိမိနှင့် ခင်မေကြည်တို့၏ရှေ့ရေးကိုသာ စိတ်ကူးနှင့်တွေး၍ ပျော်မြူးနေပေ၏။

ခင်မေကြည်မှာလည်း စောလွင်မျက်နှာကို ပြုံးပြုံးကလေးလုပ်ကာ တစိမ့်စိမ့်ကြည့်၍ နေမိပေသည်။ ၎င်းတို့နှင့် မျက်နှာချင်းဆိုင်၍ တစ်စားပွဲတည်းထိုင်နေသော ခင်မောင်ကြီးမှာ မိမိ၏အဖော်ကင်းမဲ့နေသော အဖြစ်ကို ထိုနှစ်ယောက်က သရော်နေကြဘိသကဲ့သို့ ခံစားနေရလေ၏။

ခင်မောင်ကြီးသည် တရားသူကြီး၏ရှေ့တွင် ထိုနှစ်ယောက်တို့လက်မှတ်ရေးထိုး၍ အကြင်လင်မယားအဖြစ်သို့ တရားဝင်ရောက်ရှိခဲ့ကြသည်နှင့် မိမိ၏တာဝန်ပြီးဆုံးပြီဟု နှလုံးပြုကာ ချက်ချင်းပင် ပြန်သွားချင်သော်လည်း သူတို့နှစ်ဦးစလုံးက မရာမက ဆွဲခေါ်ချက်အရ သူတို့၏မင်္ဂလာဦး ထမင်းလက်ဆုံစားရာသို့ လိုက်ပါခဲ့ရလေသည်။

ခင်မောင်ကြီးသည် သူတို့၏ပျော်ရွှင်မှုကို မရှုစိမ့်နိုင်စေကာမူ ယခုလို ၎င်းတို့နှစ်ဦးအား တွေ့ရခြင်းဖြင့် စိတ်ထဲတွင် သက်သာရာတစ်ခုကို ရရှိခဲ့ပေ၏။

အကြောင်းသော်ကား စောလွင်သည် မိန်းမယူ၍ပြေးခြင်းအားဖြင့် ထိပ်တင်စုကာ သူ့ကို ခင်ဖုန်းနှင့် ပေးစားရန် အကြံပျက်ပြားသွားပြီဖြစ်သည် နှင့်အညီ မိမိအဖို့ ရည်းစားလုဖက်တစ်ယောက် ပျောက်ကွယ်သွားပြီ ဟူသောအတွေးဖြင့် စိတ်သက်သာမှုကို ရရှိခြင်းဖြစ်ပေ၏။

စောလွင်နှင့်ခင်မေကြည်တို့ ပျော်တပြုံးပြုံးနှင့် စကားပြော၍မဆုံးနိုင်အောင် ရှိကြသလောက် ခင်မောင်ကြီးမှာ ၎င်းတို့၏ပြောစကားများကို နားထဲမဝင်ပဲ တိတ်ဆိတ်စွာကိုယ့်စိတ်ကူးနှင့် ကိုယ်ငြိမ်၍နေလေ၏။

Commercial use of this book will be at your own risk

ချစ်သူနှစ်ဦးတို့သည် မည်သည့်မြို့သို့ ရှေးဦးစွာ သွားမည်။ ထိုကမှ မည်သည့်အရပ်သို့ ဆက်လက်သွားကြမည်ဟု ဟန်းနီးမွန်းခရီးစဉ်ကို တိုင်ပင်နေကြရာက တစ်ချက်တစ်ချက် ခင်မောင်ကြီးကို လှမ်း၍မေးမြန်းပြောဆို လိုက်ကာမှ ခင်မောင်ကြီးက စကားပြောဖော်ရလေ၏။

"ကဲ ကိုခင်မောင်ကြီး ခင်ဗျားသဘောက ဘယ်လိုရသလဲ၊ မေကတော့ မန္တလေးကို မီးရထားနဲ့သွားပြီး ပြင်ဦးလွင်ကိုကားနဲ့ တက်မယ်တဲ့။ ကလောဟိုတယ်မှာ တနင်္ဂနွေတစ်ပတ်လောက် နေချင်တယ်တဲ့"

"အခုနေအခါတော့ဗျာ၊ ခင်ဗျားတို့အဖို့ ဘယ်သွားသွားကောင်းတာပဲ၊ ဒါပေမယ့် ဒီအချိန်ဆိုတော့ ပြင်ဦးလွင်မှာ သိပ်ချမ်းမှာပေါ့"

"ချမ်းတာ သာပြီး ကောင်းတာပေါ့ဗျာ"

စောလွင်သည် ခင်မေကြည်ဖက်သို့ မေးထိုးပြလိုက်ပြီး "ဟောဒီမှာလေ ဆောင်းတွင်းမီးဖိုကြီးတစ်ခုလုံး ပါလာသားကပဲ၊ ချမ်းလေကောင်းလေပေါ့" ဟု ပြောလိုက်ရာ ခင်မေကြည်က မျက်စောင်းလေး ထိုးကာ "ဘာလဲ လူကြီးက" ဟု ပြောပြောဆိုဆို စောလွင်၏ဗိုက်ကို တတောင်နှင့် တွက်လိုက်လေ၏။

စောလွင်မှာ အွတ်ခနဲဖြစ်သွားကာ စားထားသည့် ထမင်းများပါးစပ်ဝသို့ ပျို့ထွက်လာသဖြင့် မျက်လုံးကြီးပြူးပြီး မနည်းပြန်၍မျိုချလိုက်ရသည်ကို ခင်မေကြည်က ကြည့်ကာ တခစ်ခစ်ရယ်မိလေ၏။

စောလွင်ကလည်း မိမိ၏အဖြစ်ကိုသဘောကျ၍ အားရပါးရရယ်မောမိပြီးလျှင် "ပြင်ဦးလွင်မှာ တစ်ပတ်လောက် နေပြီးမှ မန္တလေးကနေ သင်္ဘောနဲ့ ပြန်လှည့်လာချင်တယ်တဲ့" ဟု ခင်မောင်ကြီးအား ပြောပြရလေ၏။

ခင်မောင်ကြီးကား မျက်လုံးများပြူးလျက် "ဟိုက်" ခနဲ အသံထွက်သွားရာ စောလွင်မှာ အံ့အားသင့်ကာ ဘာဖြစ်လို့လည်း၊ ရေလမ်းနဲ့ ဟန်းနီးမွန်း မထွက်ကောင်းဘူးလား ဟု မေးလိုက်လေ၏။

"မဟုတ်ပါဘူး၊ ဒါကိုပြောတာ မဟုတ်ဘူး။ ဟိုမှာ ဟိုမှာ"

ခင်မောင်ကြီးသည် အခန်းပြင်ဘက်တွင် မြင်ရသော ရှုခင်းတစ်ခုကို ညွှန်ပြလိုက်လေသည်။

စောလွင်သည် ခင်မောင်ကြီးညွှန်ပြရာဖက်သို့ ကြည့်လိုက်သည်တွင် ဦးလတ်နှင့်မိန်းမပျိုတစ်ယောက် တွဲ၍ လာကြသည်ကို မြင်ရလေ၏။

"ဘယ်တုန်းကများ သိကြတာပါလိမ့်"

ခင်မေကြည်၏မေးခွန်းကို ခင်မောင်ကြီးက အဖြေမပေးပဲ ခပ်မဆိတ်နေလိုက်သည်။

စောလွင်အဖို့မှာမူ အဖြေတစ်ခုပေါ်လာလေသည်။

"လက်စသတ်တော့ အခုတလော၊ ဘူဒါးကြီး ပျောက်ပျောက်သွားတာ ဒါကြောင့်ကိုး"

"ကဲ ဘယ်လိုလုပ်ကြမလဲ၊ မေတို့ကို အခုအချိန်မှတွေ့သွားရင်မကောင်းဘူး။ နောင်မှ သိလို့တော့ ဘာမှ အရေးမကြီးဘူး"

"ဟုတ်တယ် ဟုတ်တယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

Commercial use of this book will be at your own risk

"နေပါဦးလေ၊ သူတို့ထိုင်ကြပါစေဦး။ သူတို့ထိုင်နေတုန်းမှာ ကျွန်တော်သွားပြီး စကားရောဖောရောလုပ်ရင်း ကွယ်ထားမယ်။ အဲဒီတုန်းမှာ ခင်ဗျားတို့ လစ်ပြေးကြပေတော့"

"အဲ ဟုတ်ပြီ၊ ဒီအကြံကောင်းတယ်၊ ကဲ ကိုခင်မောင်ကြီး သူတို့နောက် ခင်ဗျားလိုက်သွားပေတော့"

"ကဲ ခင်ဗျားတို့ကို ကျွန်တော်ဒီမှာပဲ နှုတ်ဆက်ခဲ့တော့မယ်"

"ဟုတ်ကဲ့ရှင့် ကျေးဇူးတင်ပါတယ်။ ဖေဖေကြီးလည်း ကျွန်မလိုက်ပြေးသွားပြီဆိုတဲ့အကြောင်း ပြောပြလိုက်ပါတော့"

"ကောင်းပါပြီဗျာ" ဟုပြောပြောဆိုဆို ခင်မောင်ကြီးသည် အခန်းအပြင်ဖက်သို့ ထွက်၍သွားလေ၏။

ခင်မြရီသည် စားပွဲတွင်ထိုင်လိုက်မိသည်နှင့် ခင်မောင်ကြီးအားလှမ်း၍မြင်လိုက်ရသဖြင့် ရုတ်တရက်ထကာ "ဆရာ" ဟုခေါ်လိုက်လေသည်။ ခင်မောင်ကြီးမှာ မူလကပင် ၎င်းတို့အားတွေ့ရန်လာခြင်းဖြစ်၍ ယခုလိုခင်မြရီက ခေါ်လိုက်သည့်အခါ ပို၍ခြေလှမ်းသွက်သွားလေ၏။

"အမယ်လေ၊ ဆရာ့နှယ် ဆရာရယ်။ မြို့ထဲကိုလာတာတောင် ကျွန်မတို့မသိရဘူး။ ဒီမှာအဆင်သင့်လာတွေ့လို့ သိရတော့တယ်။ ဘယ့်နှယ်လဲဆရာ။ တဲကလေးတွေ၊ လယ်ကွင်းကလေးတွေ၊ ဘဲတွေ၊ ကြက်တွေကို ငြီးငွေ့လာပြီလား"

"ငြီးငွေ့လို့ထွက်လာတာမဟုတ်ပါဘူး။ ကိစ္စကလေးတစ်ခုရှိလို့ပါ"

ခင်မောင်ကြီးသည် ခင်မြရီ၏အမေးကို ပြန်၍ဖြေလိုက်ပြီးနောက် ဦးလတ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဦး ကျန်းခန့်သာလို့ မာပါရဲ့လားခင်ဗျာ"

ဦးလတ်သည် ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်လေသည်။ နှုတ်ကမူ ဘာမျှပြန်၍မပြောချေ။

"ဩော် ဆရာနဲ့လည်း သိနေကြပြီလား"

"သိဆို တလောက အိမ်ကိုရောက်လာပြီး စကားစမြည်ပြောကြရင်းက သိကြတာပဲ"

"ကျွန်မနဲ့လည်း ဟိုနေ့ကတည်းက ပန်းခြံထဲမှာ အသိဖြစ်ကြတာပဲ။ ဟဲဟဲ ဟိုတုန်းက မြေတူးရင်း ဝတ်စားထားပုံနဲ့ အခုနဲ့ ကြည့်စမ်း၊ ဘယ်လောက်ကွာသလဲ၊ သစ်ပင်ပန်းပင်စိုက်တာ၊ လူလည်း ကျန်းမာတယ်၊ နလည်းနပျိုတယ်။ ကြည့်ပါလား အသားအရေကလေးများ စိုနေတာပဲ"

ဦးလတ်သည် ပြုံးပြုံးကြီးလုပ်ကာ ဟုတ်တယ်။ စိတ်ပျိုကိုယ်နုဆိုတာ တယ်မှန်တယ်။ အခုတလော စိတ်ရော ကိုယ်ပါ သိပ်ပြီး နုနေတာပဲ။ ဟဲဟဲ ဟု ဝန်ခံလိုက်လေ၏။

ခင်မြရီသည် ခင်မောင်ကြီးအား အဓိပ္ပါယ်ပါသောမျက်လုံးများဖြင့် ကြည့်လိုက်၏။ ခင်မောင်ကြီးကလည်း မြမြပြောသည့်စကားများကို ရိပ်မိကာ မျက်လုံးဖြင့် ပြုံးပြလိုက်၏။ ပြီးမှ စောလွင်တို့ထွက်၍သွားမသွားစိတ်ချရအောင် လှည့်၍ကြည့်လိုက်ပြီးနောက် စိတ်ချရလောက်သည့် အခြေအနေကို တွေ့ရ၍ စိတ်အေးလက်အေးဖြင့် ကုလားထိုင် တစ်လုံးတွင် ဝင်၍ထိုင်လိုက်လေသည်။

"ဆရာ ဘာစားမလဲ"

"ဟင့်အင်းဆရာ စားပြီးပြီ၊ အခုတင်ပဲ ကိုစောလွင်တို့ လင်မယားနဲ့"

Commercial use of this book will be at your own risk

"ဘယ့်နှယ်" ဟု ဦးလတ်က မိမိကြားရသည့်စကားကို မယုံကြည်သကဲ့သို့ ထပ်၍မေးလိုက်လေသည်။

"ကိုစောလွင်နဲ့ ခင်မေကြည်တို့ လင်မယားလေ"

"ဘာ" ဦးလတ်သည် ပြတ်ပြတ်သားသားကြားလိုက်ရသည်ကို မကြားရသလို ထပ်၍မေးလိုက်ပြန်လေ၏။

"မရှိဘူး၊ သွားကြပြီ။ ဒီနေ့ပဲ တစ်နံပါတ်ရုံးမှာ လက်ထပ်ပြီး မန္တလေးကို သွားကြပြီ"

ဦးလတ်မှာ ရင်ဘတ်ကို လက်နှင့်တွန်းပြီး ကုလားထိုင်နောက်မှီနှင့်ဖိညှပ်ထားခြင်းခံရသည့်အလား "အင်း" ဟု ညည်းတွားကာ ကုလားထိုင်ကို နောက်မှီရင်း အသက်ရှုမှန်အောင် မနည်းကြိုးစားနေရရှာလေ၏။

ခင်မောင်ကြီးသည် ပြောစရာ ရှိသည်ကိုပြော၊ လုပ်စရာရှိသည်ကိုလုပ်၍ ပြီးပြီဖြစ်သဖြင့် ၎င်းတို့နှင့်ဆက်လက်၍ စကားမပြောလိုတော့ပေ။ ကြာကြာနေလျှင် မမြင်ချင်တာမြင်နေရ၊ မကြားချင်တာကြားနေရတော့မည်ကို အောက်မေ့ကာ "ကဲ သွားလိုက်ဦးမယ်။ အလုပ်ကိစ္စကလေး တစ်ခုနှစ်ခုရှိနေသေးလို့၊ ဒါနဲ့ ရုပ်ရှင်ဘယ့်နှယ်နေသေးသလဲ" ဟု ခင်မြရီဘက်သို့လှည့်၍ မေးလိုက်၏။

"အို သိပ်နေရာကျတာပဲ။ ဝင်လိုက်တဲ့ငွေတွေဆိုတာ သောက်သောက်လဲနေတာပဲ။ ဆရာ့အဖို့တော့ ဘောနပ်စ်တွေ အများကြီးရဦးမှာပဲ"

"ဦး ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဦးလတ်သည် စကားမပြောပဲ ခေါင်းကို ငြင်သာစွာညိတ်၍ပြလိုက်လေသည်။ သူသည် မမျှော်လင့်ပဲ ရုတ်တရက်ကြားလိုက်ရသော သတင်းကြောင့် တုန်လှုပ်ချောက်ချားသွားခြင်း မပျောက်သေးသဖြင့် စကားမပြောနိုင်အောင်ပင် ဖြစ်သွားလေတော့သည်။ ခင်မြရီမှာလည်း ခင်မောင်ကြီးကို မျက်စေ့တစ်ဆုံးကြည့်နေပြီး သူကွယ်ပျောက် သွားတော့မှ စကားပြောဖို့ သတိရလေတော့၏။

"မြမြတို့ ဆရာလိုလူမျိုး သိပ်ရှားတာပဲ။ တကယ့်ကိုတော်တဲ့ ဆရာပါ"

ဦးလတ်သည် ခဏတာမျှ ဘာပြောရမည်ကို စဉ်းစားနေပြီးမှ "ကိုယ့်သမီးကို သူ့အင်မတန်လိုချင်နေတာပဲ" ဟု ညည်းတွားသံဖြင့် ပြောပြလိုက်လေ၏။

"သြော်"

ခင်မြရီသည် အံ့သြသောစကားကိုဆိုလိုက်၏။ အခြားအခါ၌ဆိုလျှင် ခင်မြရီသည် ဦးလတ်အား ကျီစယ်သည့်အနေမျိုးဖြင့် ဦးလတ်မှာ၌မျှ ကြီးကြီးမားမား သမီးတစ်ယောက် ရှိနေလောက်အောင် အသက်ကြီးလှပြီ မထင်မိဘူးဟူသော စကားမျိုးကို ပြောမိမည် ဖြစ်ပေ၏။ ယခုမူ ဦးလတ်၏ မျက်နှာမှာ မသာမယာ မချိမဆန့် ဖြစ်နေပုံကို မြင်ရသဖြင့် ကလက်တက်တက်စကားမျိုးကို မသုံးပဲ "သြော်" တစ်လုံးသာ ဆိုလိုက်နိုင်တော့၏။

"ဖုန်းဖုန်းကလည်း သူ့ကို လိုချင်နေတာပဲ"

"သြော်"

"ဒီသူငယ်ဟာ တော်တော့်တော်ပါရဲ့။ ကိုယ်ကလည်း သူ့ကိုတော့ သဘောအကျသား။ သူကလည်း ကိုယ့်ကို ရိုရိုသေသေနဲ့ ခင်ခင်မင်မင်လည်း ရှိတယ်"

Commercial use of this book will be at your own risk

ခင်မြရီသည် စားပွဲခင်းကို စူးစိုက်ကြည့်ရင်း စဉ်းစားနေလေသည်။ သူစဉ်းစားနေခြင်းမှာ ဦးလတ်သည် ၎င်း၏အတွင်းရေးကိုထုတ်ဖေါ်ပြောပြ ခြင်းဖြင့် မိမိထံမှ အကြံကောင်းဉာဏ်ကောင်း ရနိုင်လိမ့်မည်ဟု ယူဆကာ ထိုသို့ပြောခြင်းဖြစ်လေရော့သလား ဟူသော စဉ်းစားပုံမျိုးဖြစ်လေသည်။

"နို့ ဒီလိုဆိုရင်လည်း ပေးစားလိုက်ပါတော့လား အစ်ကိုကြီးရယ်"

"မဖြစ်လို့ပေါ့ မြရယ်။ မဖြစ်နိုင်လို့ပေါ့။ မျိုးရိုးချင်းမှ မတူပဲ"

"ဘာပြုလို့ မတူရမှာလဲ။ အစ်ကိုကြီးရယ်။ သူလည်း ဗုဒ္ဓဘာသာ မြန်မာအစစ်ပဲ မဟုတ်လား"

"ဒါကို ပြောတာ မဟုတ်ဘူး မြရဲ့"

"ဩော် မတူမတန်ဘူး ထင်လို့လား"

"ကိုယ့်သဘောကတော့ ဒီလိုမထင်ပါဘူး။ ဒါပေမယ့် ဒီကိစ္စမှာကိုယ်တစ်ယောက်တည်းရဲ့ သဘောနဲ့ မပြီးဘူး။ အိမ်မှာ အရေးအကြီးဆုံးဖြစ်တဲ့ ခုတင်ကပြောတဲ့ စောလွှင်ရဲ့အမေ ကိုယ့်နှမ မစုကြောင့်ခက်နေတယ်။ တစ်အိမ်လုံးမှာ ဘာမဆို သူမပါရရင် မပြီးဘူး။ သူ့အသက်ရှင်နေသရွေ့တော့ ဖုန်းဖုန်းဟာ ဆွေဂုဏ်မျိုးဂုဏ်ရင်လည်း ရှိမှ၊ ဓောတိကဝင်စားတဲ့ လူရင်လည်းဖြစ်မှ ရနိုင်မယ့် ပုံမျိုးပေါက်နေတယ်"

"ဩော် ဒီလိုလား" ဟု ခင်မြရီက သဘောပေါက်နားလည်လာကာ "ဆွေဂုဏ်မျိုးဂုဏ် ဆိုတာတော့ဖြင့် မပြောတတ်ဘူး။ ငွေနဲ့ကြေးနဲ့ ပတ်သက်လို့ကတော့ မြမြတို့ဆရာဟာ သူဌေးပေါက်စကလေးတစ်ယောက်လို့ ဆိုရမှာပဲ" ဟုခင်မောင်ကြီး၏ အရည်အချင်းကို ပြောပြလေသည်။

"ဟုတ်ကဲ့လား။ သူပြောတော့ ဒါရိုက်တာဆို"

ဦးလတ်သည် မယုံကြည့်နိုင်သည့် အမူအရာမျိုးဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်လေ။ အခုနေအခါမှာ ဘယ်သူတွေ ဘယ်ဝါတွေ စီးပွားရေးကျပ်တည်းတယ် ဆိုကြပေမယ့် ရုပ်ရှင်ကတော့ငွေဝင် အကောင်းဆုံးအလုပ်တစ်ခုပဲ။ မနေ့က ကြည့်ကြတဲ့ ရုပ်ရှင်ကားဟာ သူရိုက်တာပေါ့။ လူဘယ်လောက်စည်ကားသလဲ။ လေးပွဲစလုံး ကျပ်ခဲနေတာပဲ မဟုတ်လား။ အခုတင်ပဲ အရင်းကြေတဲ့အပြင် လေးငါးထောင်လောက် မြတ်နေပြီ။ နောက်ဆို အကြာကြီးဆက်ပြရဦးမယ်။ အဲဒါ နယ်ကရတဲ့ ဘွတ်ကင်မန်းနီးတွေ မပါသေးဘူး"

"ဒီလိုဆိုရင် သူဟာသူဌေးပေါ့။ သူဌေးပေါက်စတောင် ဘယ်ဟုတ်တော့မလဲ"

ခင်မြရီသည် ဦးလတ်၏စကားကိုပြန်၍ မပြောပဲ ကျေနပ်သော မျက်နှာအမူအရာဖြင့် ပြုံး၍နေလိုက်လေ၏။

ထို့နောက်စကားစပြတ်သွားပြီး ထမင်းဆက်လက်စားသောက်နေကြလေသည်။ ပြီးလျှင် ခင်မြရီသည် ဦးလတ်က လက်ကမ်းလိုက်သော ငွေစီးကရက်ဘူးထဲက စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ဦးလတ်ခြစ်ပေးသည့် မီးခြစ်ဖြင့် စီးကရက်ကိုမီးညှိ၍သောက်ပြီးလျှင် "ကဲ ဒီကပဲခွဲ ကြစို့ရဲ့။ ဒီနေ့ အင်ဒိုးရိုက်စရာရှိသေးတယ်" ဟုပြောလေ၏။

"အို အလုပ်ကို ဘေးချိတ်ထားလိုက်ပါ။ အလုပ်မဆင်းလို့ ထုတ်ပစ်ရင်လည်း ပစ်ပါစေပေါ့"

"ထုတ်ပစ်ရုံတင်မပြီးဘူး။ ကန်ထရိုက်အတိုင်း ငွေလျော်ရလိမ့်မယ်။ နောက်ပြီး အလုပ်မရှိရင် ဘာနဲ့သွားစားမလဲ အကိုရယ်"

Commercial use of this book will be at your own risk

ဦးလတ်သည် စီးကရက်တစ်လိပ်ကို ခပ်သုတ်သုတ်မီးညှိ၍ သောက်လိုက်ပြီးလျှင် "ကိုယ် အလုပ်ပေးမယ်လေ။ အလုပ်မရှိမှာ မပူပါနဲ့" ဟုနှစ်သိမ့်လိုက်၏။

ခင်မြရီသည် ဦးလတ်ကို စိုက်ကြည့်နေမိလေသည်။ မိမိအား ခေါ်လာသူတိုင်းက ဤသို့ပြောလေ့ပြောထရှိသည်ကိုလည်း စဉ်းစားတွေးခေါ်မိသည်။ ဦးလတ်လည်း ထိုလူစားမျိုးတွေထဲကပဲလား။

"ပြောပါဦး အစ်ကိုရယ်။ ဘယ်လိုအလုပ်လဲ"

"ခုတင်က မောင်ခင်မောင်ကြီး ပြောပြီးသွားပြီမဟုတ်လား။ ခင်မေကြည်ကို မောင်စောလွင်ခိုးပြေးတယ်ဆိုတာလေ။ ခင်မေကြည်ဆိုတာ တခြားမဟုတ်ဘူး။ ကိုယ် ရာဇဝင်ကြီးတစ်စောင်ကို ရေးနေတာကို လက်နှိပ်စက်ရိုက်ပေးဖို့ ကိုယ့်ဆီမှာ ခေါ်ထားတဲ့စာရေးမကလေး တစ်ယောက်ပဲ။ အခုသူမရှိတော့ မြမြလာပြီးနေပေါ့။ နီးနီးနားနား လည်းနေရရော၊ မြနဲ့ဆိုရင် အလုပ်လည်းတွင်ရော မဟုတ်လား။ ဒီအလုပ်ကလည်း မြန်မြန်ပြီးမှ ဖြစ်မယ်။ တစ်ဆွေလုံးတစ်မျိုးလုံးကလည်း ဒီစာအုပ်ကြီး အခုထက်ထိ ရေးမပြီးသေးဘူးလားလို့ တစ်မေးတည်းမေး တဆူတည်းဆူနေကြတာ"

"အို ဒီအလုပ်နဲ့ မြနဲ့မှ မဆိုင်ပဲဟာ တခြားစီပဲ"

"မြဟာ လက်နှိပ်စက်ကောင်းကောင်းရိုက်တတ်တယ်ဆိုတာ ခင်မောင်ကြီးပြောပြလို့ သိနေပါပြီ။ မဆိုင်ဘူးလုပ်မနေပါနဲ့ မြရယ်"

ထိုအခါ ခင်မြရီသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ကဲ ကောင်းပြီ၊ ဒီလိုဆိုရင် ဘယ်နေ့ကစပြီး အလုပ်ဝင်ရမလဲ"

"မနက်ဖြန် စကြတာပေါ့"

ဦးလတ်က ဝမ်းသာရွှင်ပြုံးစွာပြောလိုက်သည်။ ပြီးလျှင် နှစ်ယောက်သား ပြိုင်တူ ထမင်းစားပွဲမှ ထကြလေသည်။

"နေပါဦး၊ ဒီအလုပ်အတွက် တခြားလူဆိုရင် ကိစ္စမရှိဘူး။ မြကိုခေါ်တော့ မြတို့အကြောင်း အိမ်ကလူတွေ သိသွားရင် ကောင်းပါ့မလား"

"အို သူတို့တတွေကို ဘေးချိတ်ထားလိုက်၊ ဘာမှ ဂရုမစိုက်နဲ့၊ ကိုယ့်အိမ်မှ ကိုယ့်သဘောပဲ"

ဦးလတ်သည် မိမိတို့၏အရေးနှင့် ပတ်သက်လာလျှင် စုကြီးအပါအဝင် တစ်အိမ်လုံးကို အာခံတော့မည် ဟူသော ဆုံးဖြတ်ချက်ဖြင့် ပြောလိုက်လေသည်။

ခင်မြရီသည် ဦးလတ်၏ မျက်နှာကိုကြည့်ပြီး မိမိ၏ နမကို အလွန်ကြောက်ရသူတစ်ဦးက မ, စိတ်ကြောင့် ယခုကဲ့သို့ အဓိဋ္ဌာန်ကြီးစွာဖြင့် တင်းမာသောစိတ်ထားကို ပြသလိုက်ခြင်းဖြစ်ကြောင်းကောင်းစွာ အကဲခတ်မိသည့်အလျောက် ယောကျ်ားဆိုသည်မှာ ထူးဆန်းသော သတ္တဝါ တစ်မျိုးပါလားဟု နှလုံးပိုက်မိလေ၏။

ဦးလတ်သည် ခင်မြရီနှင့် တွေ့ရသည့်နေ့ကစ၍ အောက်ချတတ်သောစိတ်၊ ပန်းပင်များ အကြားတွင်ပျော်ရွှင်နေကာ တစ်ယောက်တည်း အေးအေးလူလူ နေလိုသောစိတ်များ ပပျောက်ကာ တက်ကြွသောစိတ်၊ နုပျိုထက်သန်သောစိတ်များ ပေါ်ပေါက်လာခဲ့၏။

ထိုစိတ်မျိုးရှိလာလျှင် မည်သူမဆို အချုပ်အချယ်ကိုမခံယူလိုပဲ တော်လှန်ပုန်ကန် ထကြွသောင်းကျန်းချင် ကြစမြဲ ဖြစ်လေသည်။

Commercial use of this book will be at your own risk

ဦးလတ်သည် အချစ်စိတ်များ ထကြွမုန်ယိုလာသည့် နေ့မှစ၍ ဒေါ်ရွှေစု၏စကားကို ခါတိုင်းကဲ့သို့ ခေါင်းငုံ့၍ ခံမနေတော့ပေ။ မိမိ၏ဘိုးလောင်းတော် ဘေးလောင်းတော်တို့ ထားရှိခဲ့ကြသည့် ရဲရင့်ခက်ထန်စွမ်းသန် ထက်မြက်သော သတ္တိသွေးများ ပေါ်ပေါက်ကာ ခေါင်းမာစ ပြုလာခဲ့လေ၏။

ထိုသို့ ဦးလတ်၏ အနေအထိုင်နှင့်တကွ အပြောအဆိုများ ထူးခြားစွာပြောင်းလဲလာခြင်းကို ဒေါ်ရွှေစုနှင့်တကွ အိမ်သားအားလုံးတွေ့နေကြ၍ တအံ့တသြ ဖြစ်ကြရလေ၏။

ဒေါ်ရွှေစုသည် ဦးလတ်အပေါ်တွင် အာဏာအမျိုးမျိုးပြခဲ့ခြင်းမှာ မိန်းမတည်းဟူသော နှုတ်သီးထက်မြက် စကားသွက်လက်သူလည်း ဖြစ်ပြန်၊ နဂိုကလည်း ဩဇာပေးချင်သူလည်းဖြစ်ပြန်၊ စောလွင်ကို ခင်ဖုန်းနှင့် ပေးစားချင်သူလည်း ဖြစ်ပြန်ရသည့်အထဲ ဘတင့်ကို ခင်ဖုန်းကြိုက်နေသည့် အကြောင်းကို သိရကတည်းက အစစအရာရာ မိမိလက်မိမိခြေချည်းဖြစ်ရအောင် အစ်ကိုဖြစ်သူကို စောစောကပင် နှိမ်ထားမှ မိမိစကားအောင်မြင် မည်ကို သိ၍ ယခုလို အာဏာပြနေခြင်းဖြစ်ပေ၏။

သို့ရာတွင် မိမိ၏ အကြံအစည် မအောင်မြင်မီမှာပင် ဦးလတ်က တဖြည်းဖြည်းအာခံစပြုလာသည်ကိုတွေ့ရသည့်ပြင် နောက်ဆုံးတွင် စောလွင် မိန်းမခိုး၍ပြေးလေပြီ ဟူသော သတင်းကို ကြားရသည့်အခါ တစ်ကိုယ်လုံးကို ရိုက်နှက်ကန်ကျောက်ခြင်းခံထားရသူကဲ့သို့ ပျော့ခွေနုံးချိကာ လက်မလှုပ်ချင်၊ ခြေမသယ်ချင်အောင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ သာခွေယိုင် ဖြစ်သွားလေတော့၏။

ယခုလို ဒေါ်ရွှေစုစိတ်ပျက် အားလျော့ခြင်း ဖြစ်ရသကဲ့သို့ မကြံနိုင် ကိုယ်တည်းကြံရပြန်သူတစ်ယောက်မှာ စိုးဝင်းကလေးပင် ဖြစ်ပေ၏။

အကြောင်းကို ဆိုရသော် စောလွင်မိန်းမခိုးပြေးသည်နှင့် သူလက်ထဲရှိ စောလွင်နာမည်နှင့်တွဲထားသော အောင်ပါလေ ထီလက်မှတ်မှာ "ပေါက်မဲမှာ ဗလာ" အဖြစ်သို့ရောက်ရှိသွားခြင်းကြောင့် ဖြစ်လေသည်။ ထိုအခါမှ စိုးဝင်းသည် ကိုသူတော်အား မိမိ၏လက်မှတ်ကို မတရားသက်သက် ညစ်ပတ်ကောက်ကျစ်၍ ယူထားသူအဖြစ် မခံနိုင်မရပ်နိုင်၊ ကြိတ်မနိုင်ခဲမရ ဒေါပွ၍ မဆုံးနိုင်အောင် ရှိလေတော့၏။

ကိုသူတော်ကား မိမိ၏ မတရားပြုကျင့်ထားခြင်းကို ကာကွယ်သည့်အနေဖြင့်။

"ခွေးမသားကလေး ဒါကြောင့် အစက ငါအပြောသားပဲ။ နင်ငယ်ပါသေးတယ်။ ထို့အထဲမပါနဲ့လို့ ဆိုထားရက်နဲ့ နင်ကိုယ်က ဆပ်ဆော့လို့၊ အခုတော့ ငွေတစ်ကျပ် ချောသွားပြီ မဟုတ်လား" ဟု နင်းကန်ပြီး ဖိ၍သာ ကြိမ်းဝါးနေရ၏။

စိုးဝင်းမှာ ထီထိုးထားသည်ကလည်း ရှုံးပြန်၊ အကြောင်းမဲ့သက်သက် အကြိမ်းလည်းခံနေရပြန်သဖြင့် စိတ်ထဲကကြိတ်ပြီး "နေနှင့်ဦး ခင်ဗျား ကိုဟဝါလည်း ဖုန်းဖုန်းနဲ့ မညားရအောင်လုပ်မယ်" ဟု ကြုံးဝါးမိလေ၏။

ကိုသူတော်သည် မျက်နှာထားတည်တည်ဖြင့် ကြိမ်းမောင်းပြောဆိုနေသော်လည်း စိတ်ထဲတွင်ကား ကျေနပ် ဝမ်းသာ၍ မဆုံးနိုင်ပဲရှိလေသည်။ ယင်းသို့ ကိုသူတော်ကျေနပ်သည်ထက် ပိုမိုကျေနပ် ဝမ်းမြောက်နေသူမှာ ခင်ဖုန်းဖြစ်၏။

စောလွင်မိန်းမခိုး၍ပြေးခြင်းကြောင့်သာ မိမိမှာ ဒေါ်ရွှေစုက မရမက ဖိနှိပ်တိုက်တွန်းမှုမှ လွတ်မြောက်ရတော့မည် မဟုတ်ပါလော။

သို့ရာတွင် ခင်ဖုန်း၏ ခံစားမှုမှာ တသမတ်တည်း မတည်ရှိပေ။ ပျော်လိုက်ရ၊ ဝမ်းနည်းလိုက်ရ၊ လွမ်းဆွတ်လိုက် ရဖြင့်သာ အမျိုးမျိုးပြောင်းလဲ၍ နေပေ၏။

Commercial use of this book will be at your own risk

ခင်ဖုန်းသည် စောလွင်မရှိတော့သောကြောင့် ဒေါ်ရွှေစု၏ စက်ကွင်းမှ လွတ်ကင်းရတော့မည်ဖြစ်၍ ဝမ်းသာရ၏။ ခင်မောင်ကြီးနှင့် တွေ့လိုက်ရ၍လည်း မိမိ၏ချစ်သူ ဘတင့်နှင့် အဆက်အသွယ်ပြန်လည်ရရှိအောင် ဖြစ်ရသည့်အတွက် ဝမ်းမြောက်ရ၏။ ယခုလို ဝမ်းမြောက်စရာ တစ်ခုပြီးတစ်ခု တွေ့နေရသော်လည်း ခင်မောင်ကြီးအကြောင်းကို ပြန်ပြောင်း စဉ်းစားလိုက်သောအခါ ဝမ်းနည်းသလိုလို ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်မိပေတော့၏။

"ဖုန်းဖုန်းကို မြင်မြင်ချင်းချစ်မိတာပဲ၊ ချစ်တဲ့စိတ်ဟာ ပြင်းထန်လွန်းလို့ ဖုန်းဖုန်း နေတဲ့ နေရာနားကိုရောက်အောင် လိုက်လာခဲ့တာသာ ကြည့်တော့"

ခင်မောင်ကြီးနှင့် တစ်ယောက်ချင်းတွေ့ရစဉ်က ၎င်းပြောလိုက်သည့်စကားများကို ခင်ဖုန်း၏နားထဲတွင် ယခုတိုင် ကြားယောင်ယောင်ဖြစ်နေလေသည်။

ဤသို့ မိမိကို ချစ်နေသူတစ်ယောက်အား မိမိကမချစ်နိုင်ကြောင်းပြောလိုက်ရုံနှင့် မပြီးသေး။ မိမိ၌ အခြားချစ်သူတစ်ဦး ရှိနေသေးသည်ဟု ပြောလိုက်မိခြင်းသည် ခင်မောင်ကြီး၏ စိတ်ထဲတွင် မည်မျှထိခိုက်သွားရာမည်ကို တွေးကြည့်မိ၏။ ထိုသို့ တွေးကြည့်ရင်းက ထိုသို့ ပြောလိုက်စဉ်က မြင်လိုက်ရသော ခင်မောင်ကြီး၏ ညှိုးငယ်သွားသော မျက်နှာကို ပြန်၍မြင်ယောင်မိလေ၏။

ထိုသို့ ခင်မောင်ကြီး၏ အချစ်ကို လက်မခံယုံနှင့်လည်း မပြီးသေး။ သူနှင့် ရည်းစားလုဖက်တစ်ယောက်အား မိမိနှင့်တွေ့ဆုံရအောင် ဆောင်ရွက်ပေးဖို့ အကူအညီတောင်းလိုက်ခြင်းသည် အလွန်ပင် မသနားရက်စက်ရာ ရောက်နေသည်ကို တွေးမိပြန်၏။ သည်အခါမှ ခင်မောင်ကြီးကို ပြန်၍ သနားမိ၏။

ထို့ပြင် ခင်မောင်ကြီးသည် သူ၏ အချစ်စိတ်ကို မျိုသိပ်ကာ စိတ်ဆင်းရဲခြင်းကို ကြိတ်မှိတ်ခံလျက် မိမိအတွက် အကျိုးဆောင်၍ပင် နေသေးခြင်းကို တွေးမိသည့်အခါ ခင်မောင်ကြီး၏ စိတ်နှလုံးထားကို များစွာချီးကျူးမိလျက် ထူးခြားမြင့်မြတ်သော ယောကျ်ားတစ်ယောက်ပါ တကားဟု နှလုံးပြုလိုက်မိလေ၏။

ခင်ဖုန်းသည် မိမိအား ခင်မောင်ကြီးက အမှန်တကယ်ချစ်သည်ဆိုခြင်းကို ယုံကြည်၏။ ထို့အပြင် သူ့အပေါ်၌ မိမိမကြိုက်မနှစ်သက်စရာ အချက်တစ်ချက်မျှ မရှိသည်ကိုလည်း မြင်၏။ ထိုသို့စဉ်းစားရင်း မင်္ဂလာဈေးလမ်းဝတွင် တွေ့ကြရစဉ်က မိမိအား တစ်ကိုယ်လုံးသိမ်းကြုံးပွေ့ဖက်၍ မမေ့ရက်အောင် ပြုလုပ်သွားခြင်းကိုလည်း သတိရ နေတော့၏။

ထိုအကြောင်းကို တွေးမိတိုင်း တွေးမိတိုင်းလည်း မိမိ၏ ပါးကလေးမှာ ချိုင့်ခွက်၍သွားလေရော့သလား၊ ပွန်းပွဲ၍များ သွားလေရော့သလား၊ ထိုနေရာကို လူများမြင်ကြလျှင် ရိပ်မိများသွားကြလေမလားဟု စိုးရိမ်မိကာ မကြာခဏ မှန်ကိုကြည့်မိ၏။

ထိုအကြောင်းကို တွေးမိသည့်အခါ ခင်ဖုန်းသည် ခင်မောင်ကြီးအပေါ်တွင် စိတ်ညွတ်ချင် ယိုင်ချင်သလိုလို ဖြစ်မိလေ၏။ သို့ရာတွင် "ရည်းစားဦး မြေးဦးရတောင် မမေ့ဘူး" ဟူသော စကားအတိုင်း မိမိစတင် ချစ်မိသူ ဘတင့်ကိုလည်း မမေ့နိုင်အောင်ရှိနေသည့်အတွက် တစ်ချက် တည်း သတိလွတ်ပြီး ခင်မောင်ကြီးဖက်သို့ တိမ်းပါးယိမ်းယိုင်သွားသည့် စိတ်များကို အနိုင်နိုင်ပြန်လည်ဆွဲငင်ကာ စိတ်တင်းထားလိုက်ရလေ၏။

Commercial use of this book will be at your own risk

။ ၁၁ ။

ထိပ်တင်စုသည် သားဖြစ်သူ စောလွင်အတွက် စိတ်ပျက်လက်လျှော့ လိုက်ရသော်လည်း ခင်ဖုန်းအပေါ်တွင် မိမိစီမံသည့်အတိုင်း လိုက်နာရမည်ဟူသော စိတ်ကိုကား မဖျောက်သေးပဲရှိ၏။ ထို့ကြောင့် ခင်ဖုန်းအား နေရာချထားရေးအတွက် ဦးလတ်အား နားပူနားဆာ လုပ်ပြန်လေ၏။

"ကိုရင်၊ ကိုရင့်သမီး အခုလိုကြည့်မနေနဲ့။ တစ်နေ့ကျရင် မဖြစ်တန်တာ ဖြစ်သွားမှာစိုးရတယ်၊ စောစောက နေရာချလိုက်မှ အေးမယ်"

"နေရာချရလောက်အောင် ဘယ်သူများရှိလို့လဲ"

ဦးလတ်သည် စောလွင်မရှိတော့သည့်အတွက် ရဲရဲတင်းတင်း ပြန်၍ မေးလိုက်၏။

"ကိုရင်က ဒီစကားမျိုးကို အခုတော့ ပြောရဲမှာပေါ့။ မောင်စောလွင်မှ မရှိတော့ပဲကိုး။ ဟိုတုန်းက သူနဲ့နေရာချပါ။ ချပါလို့ တတွတ်တွတ် ပြောနေတုန်းကတော့ ဒီစကားမျိုးမထွက်ဘူး"

"ဩော် ဟိုတုန်းကတော့ ဒါမျိုးတွေဖြစ်မှာ မစိုးရိမ်မိဘူးလေ၊ အခုစောလွင်လုပ်သွားတာကို တွေ့ရတော့မှ အဲသလိုမျိုး မှားယွင်းမှာစိုးလို့ ဒီလိုစိတ်ကူးမိတာပဲ"

အမှန်တော့ ဦးလတ်သည် ဒေါ်ရွှေစု၏ နားပူနားဆာပြုလုပ်ခြင်းမှ သက်သာရာရပါစေတော့ဟု ယခုလို ပြောလိုက်ခြင်း ဖြစ်၏။

သူ့အလိုအားဖြင့်မူ မြမြရောက်လာသည့်နေ့မှစ၍ အိမ်ရေးကိစ္စနှင့် ပတ်သက်၍ မည်သည့်အရာကိုမှ ဂရုမစိုက်တော့ပဲ လုံးလုံးပစ်ပယ်ထားခဲ့ပြီ ဖြစ်ပေသည်။

တစ်အိမ်လုံးတွင် ခင်ဖုန်း၏အရေးကို ဂရုစိုက်နေကြသူတို့မှာ ဒေါ်ရွှေစုနှင့် ထိပ်တင်ဆွေတို့ ကလွဲ၍ ကိုသူတော် တစ်ဦးတည်းသာရှိ၏။ သို့သော် ၎င်းတို့ဂရုစိုက်ပုံမှ တစ်မျိုးတစ်ဖုံစီ ဖြစ်နေပေသည်။

Commercial use of this book will be at your own risk

ဒေါ်ရွှေစုနှင့်ထိပ်တင်ဆွေတို့က ကျိုက်ထီးရိုးတွင် ခင်ဖုန်းတွေ့၍ ချစ်ကြိုက်မိခဲ့သူမှာ ခင်မောင်ကြီးဟု ယုံကြည်နေကြ၏။ သို့ဖြစ်၍ ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့ မည်သို့မှ ချိတ်မိဆက်မိခြင်းမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ဖို့ရန်ကိုသာ သူတို့ အာရုံစိုက်နေကြ၏။

ကိုသူတော်ကမူ ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့ အမြန်ဆုံးညားဖြစ်ကြစေရန် ကူညီဆောင်ရွက်ရေးကိုသာ ဂရုစိုက်၍နေ၏။ ထို့ကြောင့် ထိပ်တင်စုနှင့် ထိပ်တင်ဆွေတို့က တစ်ဖက်၊ ကိုသူတော်က တစ်ဖက်ဖြင့် သူတို့သည် ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့ရဖို့ မရဖို့အတွက် လွန်ဆွဲနေသူများ ဖြစ်ကြလေသည်။

မည်သည့်ဘက်က နိုင်မည်မှာကား ၎င်းတို့၏စွမ်းအားနှင့် ခင်ဖုန်း၏ နဖူးစာပေါ်တွင်သာ တည်ရှိ၍ နေပေ၏။

ထိုသုံးဦးအနက် ကိုသူတော်မှ ကျန်နှစ်ဦးထက် ဉာဏ်ရည်သာသူ အကြံကြီးသူတစ်ဦးဖြစ်သည့်အားလျော်စွာ မဖြစ်ဖြစ်အောင် ကြိတ်၍ကြံစည်ဖို့ ကြိုးစားသည့်အတိုင်း ခင်မောင်ကြီးနှင့် ခင်ဖုန်းတို့ တွေ့ဆုံရအောင် တစ်ကြိမ်ကြိုးစား၍ အောင်မြင်ခဲ့ပြီးဖြစ်ပေ၏။

သို့သော် ထိုမျှလောက်နှင့် မိမိ၏ ရည်ရွယ်ချက်အထမမြောက်နိုင်သေးသည်ကိုလည်းသိ၏။ သို့ဖြစ်၍ ဘယ်ပုံဘယ်နည်းဖြင့် မိမိတို့အိမ်သို့ ခင်မောင်ကြီး ဝင်ထွက်သွားသာနေနိုင်ခွင့်ရအောင် ပြုလုပ်ရပါမည်နည်းဟု အချိန်ရှိသရွေ့ ကြိတ်ပြီး ကြံစည်နေခဲ့လေ၏။

ထိုအကြံအောင်မြင်ဖို့ရန်မှာ ထိပ်တင်ဆွေအား တစ်စုံတစ်ရာသောနည်းအားဖြင့် လှည့်စားသွေးဆောင်ကာ နားယောင်အောင် ပြုလုပ်ရန်သာ ရှိတော့သည်ဟု အပြီးအပိုင်ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထိုဆုံးဖြတ်ချက်နှင့်အညီ တစ်နေ့တွင် ထိပ်တင်ဆွေတစ်ယောက်တည်းရှိနေခိုက် သူ့အနားသို့ မယောင်မလည် ချဉ်းကပ်၍ သွားလိုက်ရ၏။

"ကိုသူတော် ဘာလဲဗျ"

"ဩော် ပြောချင်တာကလေးတစ်ခုရှိလို့ပါ။ မောင်စောလွင်တို့အကြောင်း ကြားရတာ စိတ်မကောင်းလွန်းလို့"

"အင်း ဒါဘာဖြစ်သလဲ"

"စိတ်မကောင်းတဲ့ အကြောင်းပြောတာပါ။ ဒီလိုစိတ်မကောင်းဖြစ်ရတာဟာလည်း တစ်ယောက်ထဲ မဟုတ်ပါဘူး။ အခိုင်းအစေ အားလုံးပါပဲ။ ဒီလူတွေဟာ အိမ်တော်သူ အိမ်တော်သားတွေရဲ့ ကျေးဇူး သစ္စာတော်ခံတွေ ဖြစ်ကြတဲ့အတိုင်း အမြဲတစေ ကောင်းကျိုးလိုလားသူတွေ ဖြစ်ကြပါတယ်။ ချစ်လည်း ချစ်ခင်ကြပါတယ်။ အခု မောင်စောလွင် အကြောင်းကြားရတော့ အားလုံးပဲ ဖုန်းဖုန်းအတွက် စိုးရိမ်မကင်း ဖြစ်နေကြပါတယ်"

"ဘာပြုလို့ သူတို့တတွေက စိုးရိမ်နေကြရတာလဲ"

အကျိုးအကြောင်းအစီရင်ခံရမယ်ဆိုရင် ဖဝါးနဲ့မနာ၊ နားနဲ့နာ၊ အဲ ဟုတ်ပေါင် နားနဲ့မနာ၊ ဖဝါးနဲ့ နာတော်မူပါ။ အကြောင်းကတော့ ဖုန်းဖုန်းရဲ့ အတွင်းရေးအတွက် အားလုံးပူပင်သောကရောက်နေကြတယ်ဆိုတာ အိမ်ရှိ အခိုင်းအစေ အားလုံးက သိကြပါတယ်"

ထိပ်တင်ဆွေမှာ မျက်မှောင်ကြုံ့၍သွားလေသည်။ အိမ်ရှင်သခင်များ ဖြစ်ကြသော မိမိတို့၏ အတွင်းရေးကို လက်အောက်ကျေးကျွန်များပင် သိကြပြီဟု ကြားရခြင်းသည် ရှက်စရာ အကြောင်း တစ်ခုပင်ဖြစ်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မျိုးကြီးများ အစီရင်ခံလိုတာကို အပြစ်ရှိလည်း ဗွေယူတော်မမူပါနဲ့လို့ ကြိုတင်ပြီးတောင်းပန်ပါရစေ၊ အမှန်မှာတော့ ကိုယ်တော်လေး လုပ်တာဟာဖြင့် နည်းလမ်းမကျဘူးလို့ ဆိုပါရစေ"

Commercial use of this book will be at your own risk

"ဟင် ဘာနည်းလမ်းမကျတာလဲ၊ ဘာလုပ်လို့လဲ"

"ဒီအကြောင်းကို ပြောပြရမယ်ဆိုရင် အတိတ်ဆောင်ဖို့ လိုပါလိမ့်မယ်။ ကျွန်တော်မျိုးကြီးများဟာ ဆွေတော်အစဉ် မျိုးတော်အဆက်မပျက်အောင် လုပ်ကျွေးခယခဲ့သူများ ဖြစ်ကြပါတယ်။ သည်လိုဖြစ်ကြတဲ့အတိုင်းလည်းပဲ သားတော် သမီးတော်များ ငယ်ငယ်ရွယ်ရွယ်မှာ ရူးရူးမိုက်မိုက်နဲ့ မှားယွင်းကြတာများကိုလည်း တွေ့ရကြုံရကြပါတယ်။ အထူးသဖြင့် သူတို့အချင်းချင်း ချစ်ကြိုက်ရည်ငံနေကြတာကို တားဆီးမယ်။ ကြားဖျက်မယ်လို့ပြုကြရင် သူတို့ဟာ ရှေ့ရေးနောက်ရေးကိုမမြင် ဆင်ခြင်စဉ်းစားဖို့ အချိန်မယူကြပဲ၊ ဖွတ်ရွတ်လုပ်ပြီး မတော်တရော်လူတွေနဲ့ ထွက်ပြေးကြတာကို တွေ့ရပါတယ်။

စလင်းမင်းသမီးဟာ လေ့သူကြီးတစ်ယောက်နဲ့ ကြိုက်ခဲ့ပါတယ်။ ဒီအကြောင်းကို သိကြတော့ အားလုံးက ဝိုင်းဝန်း ကြပ်မတ်ထားကြပါတယ်။ ဒါပေမဲ့ နောက်ဆုံးတစ်နေ့ကျတော့ အဲဒီလေ့သူကြီးနဲ့ပဲ ခိုးရာလိုက်ပြေးတာ တွေ့ရပါတယ်"

ကိုသူတော်သည် လည်ချောင်းထဲက ချွဲရှင်းသလို တစ်ချက်ဟန့်လိုက်ပြီး ဆက်၍ပြောပြန်သည်။

"စစ်ကိုင်းစားရဲ့သား မောင်မြတ်စံဟာ ဇာတ်မင်းသမီးတစ်ယောက်နဲ့ ကြိုက်နေတာ အခုလိုပဲ နှိပ်ကွပ် ထိန်းသိမ်းထားကြတဲ့အထဲက သူတို့ချင်း ညားသွားကြတာတွေ့ရတယ်။ ကျမ်းဂန်ထဲကို ကြည့်မယ်ဆိုရင်လည်း ပဋ္ဌာစာရီနဲ့ ဒါသဟာ မိဘများကကြပ်တည်းတားမြစ်ထားကြလို့ ခိုးရာလိုက်ပြေးကြတာ တွေ့ရပါလိမ့်မယ်"

ထိပ်တင်ဆွေသည် ကိုသူတော်၏စကားများကို ဟုတ်သယောင်ယောင်ရှိသည်ဟု မှတ်ယူကာ စိတ်ဝင်စားစ ပြုလာသည်။

"အခုလိုဖြစ်ကြတာတွေဟာ တစ်ယောက်နဲ့ တစ်ယောက် စကျွမ်းရုပေန သံဝါသာ မြင်ကာချစ်ကာ မေတ္တာစူးစိုက် နေတုန်းဖြစ်ကြတာမို့၊ တစ်ယောက်အပြစ်ကို တစ်ယောက်မမြင်သေး။ တစ်ယောက်သဘောနဲ့ တစ်ယောက်သဘော တိုက်ဆိုင် မတိုက်ဆိုင် ဆိုတာကို သေသေချာချာ မသိရသေး။ စိတ်ပျက်စရာဆိုလို့ ဘာတစ်မှ မမြင်ရသေးခင်မှာ အတင်းထိန်းကွပ် ကြပ်မတ်လိုက်ကြလေတော့ ဒီလိုနေလို့တော့ဖြင့် လွတ်လွတ်လပ်လပ် ချစ်ကြရမှာ မဟုတ်တော့ဘူးဆိုပြီး ထွက်ပေါက်ရှာတဲ့ပြီး ခိုးရာလိုက်ပြေးကြတဲ့သဘောပါပဲ။ နောက်တော့မှ မှားမှန်းသိကြပြီး စောစောကပြောတဲ့ စလင်းမင်းသမီးနဲ့ လေ့သူကြီးဟာ ပေါင်းသင်းလို့ တစ်နှစ်မကြာခင်မှာပဲ ကွဲကြပါတယ်။ မောင်မြတ်စံ ဟာလည်း မင်းသမီးနဲ့စရိုက်ချင်းမတူလို့ စိတ်ညစ်ပြီး စိန်နဲ့သံပရာ စားသေလိုက်ပါတယ်။ ဘာနဲ့ သဏ္ဍာန်အလားတူသလဲဆိုတော့ ဥပက ရဟန်း လူထွက်ကြီးနဲ့ မဆာဝါတို့လိုပါပဲ။ အမှားဆိုတာ နောက်တော့မှ သိရတာပါ။ ဒါကြောင့်လည်း နောက်မှ နောင်တရတတ်စွလို့ ဆိုကြခြင်းပါပဲ။ ဒါပေမယ့် အခုလို အသိတရားရကြတာဟာ မှားပြီးမှ လွန်ပြီးမှ ရကြတာမို့ ဖြစ်ပြီးသားအမှားကိုတော့ ပြင်လို့ မရနိုင်တော့ပါဘူး။ နောက်ကျသွားခဲ့ပါပြီ"

"အင်း အဲဒါလည်း ဟုတ်သလိုလိုပဲ"

"ကျွန်တော်မျိုးကြီးများ တွေ့ရတဲ့အထဲမှာ နည်းယူစရာကောင်းတဲ့ အဖြစ်အပျက်တစ်ရပ်ကတော့ အနိမ့်စားမောင်မောင်ရဲ့ သမီးခင်လတ်ကြီးနဲ့ စန္ဒရားဆရာ မောင်ဖေတို့ အရေးပါပဲ"

"အင်း အဲဒါလည်း ဟုတ်သလိုလိုပဲ"

"ဖြစ်ပုံကတော့ ခင်လတ်ကြီးဟာ မောင်ဖေကလွဲရင် မိမိနဲ့ တော်တဲ့တန်တဲ့လူ ဒီဇမ္ဗူမှာ မမြင်မတွေ့ရသလောက် ဖြစ်ပြီးမောင်ဖေ့ကိုမှ မရရင် သေရတော့မလောက် ဖြစ်ခဲ့ရှာပါတယ်။ အဲဒီအခါမှာ အနိမ့်စားကိုယ်တော်ကြီးဟာ အကြံပိုင်တယ်လို့ ဆိုရပါလိမ့်မယ်။ ဘာပြုလို့လဲ ဆိုတော့ သူ့သမီးကို တင်းကြပ်ထိန်းကွပ်ထားခြင်း၊ ဆူဆူပူပူ လုပ်ခြင်းဆိုတာမျိုး ဘာတစ်ခုမှ မလုပ်ပဲ မောင်ဖေကို အိမ်မှာ ဝင်ခွင့်ထွက်ခွင့်ပေးထားလိုက်တယ်။ ဒီလိုနဲ့

Commercial use of this book will be at your own risk

မောင်ဖေဟာ ဝင်လားထွက်လားလုပ်နေတဲ့အခါ သူ့အပြုအမူ အနေအထိုင်တွေကို တစ်နေ့တစ်ခြား ပိုမိုပြီး မြင်လာရတယ်။ ဒီလိုမြင်ရတာတွေဟာ မနှစ်မြို့စရာတွေဖြစ်နေလေတော့ ခင်လတ်ကြီးရဲ့ စိတ်ဟာ တဖြည်းဖြည်းပျက်ပြားစပြုလာတယ်။ အရင်ကထားရှိခဲ့တဲ့ မေတ္တာစိတ်တွေဟာလည်း ကုန်ခန်းလာတယ်။ လူဆိုတာ ကြာကြာဝါးမှ ခါးမှန်းသိတာလို၊ ကြာကြာတွေ့ကြရ မြင်ကြရတော့မှ တစ်ယောက်အကြောင်းအဆိုးအကောင်းကို တစ်ယောက်က သိနိုင်ကြပါတယ်။ ခင်လတ်ကြီးဟာ မြင်ဖန်များငယ်၊ နမ်းဖန်များပြယ်ဆိုသလို မောင်ဖေကို စိတ်ကုန်လာတယ်။ မောင်ဖေမှာလည်း ခင်လတ်တို့လို ခန့်ခန့်ညားညား သိမ်သိမ်မွေ့မွေ့မနေတတ် မထိုင်တတ်ပဲ စရိုက်ချင်းမတူ အပြုအမူချင်းလည်း ကွာခြားတာကိုတွေ့ရလေတော့ နောက်ဆုံးတစ်နေ့မှာ မနေနိုင်ပဲ ထွက်ပြေးရရှာတယ်”

“သြော် ထွက်တောင်ပြေးရသလား”

“မှန်ပါ။ လူများဟာ ကြာကြာပေါင်းမှ တစ်ယောက်အကြောင်းတစ်ယောက်ကောင်းကောင်းကြီးသိနိုင်ကြတာပါ။ အခုပြောသလို ချစ်စခင်စ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းမသိကြသေးခင်မှာ တင်းတင်းကြပ်ကြပ် လုပ်တာဟာ အမှားဆုံးပါပဲ၊ ဒီအခါမျိုးမှာ ကြပ်လိုက်ရင် ပြောခဲ့သလို လွတ်ကြောင်းရှာပြီး ပြေးတတ်ပါတယ်။ လူတို့ရဲ့သဘာဝဟာ အချုပ်အချယ်ကို မခံချင်တဲ့သဘော ရှိတတ်ပါတယ်။ ဒါမလုပ်နဲ့ ဒါမစားနဲ့ဆိုမှ ပိုပြီးလုပ်ချင်၊ ပိုပြီးစားချင် ကြတာဟာ ဓမ္မတာပါပဲ၊ တားမြစ်ထားတာကို အင်မတန်လုပ်ချင်ကြတယ်။ မတည့်တဲ့အစာကိုမှ အလွန်စားချင်ကြပါတယ်။ အာဒမ်နဲ့ ဧဝ ဟာ တားမြစ်ထားတာရှိလို့ ချိုးဖောက်မိကြတာပါပဲ”

ထိပ်တင်ဆွေသည် အတန်ကြာတွေဝေစဉ်းစားနေပြီးမှ “ကဲ ဒီတော့ ဘယ်လိုများ အကြံပေးချင်သလဲ” ဟု မေးလိုက်လေ၏။

“ကျွန်တော်မျိုးများရဲ့ သဘောပြောရမယ်ဆိုရင် ဖုန်းဖုန်းတို့ကို အခုလို ကြပ်မတ်မထားပဲ အထက်ကပြောခဲ့သလို သူ့ချစ်သူကို ဝင်စေထွက်စေ ခွင့်ပြုထားစေချင်ပါတယ်။ နောက်ဆုံးမှာ ဘုန်းကံ မရှိတဲ့လူဟာ အတူမနေနိုင်ပါဘူး။ လွင့်ရမှာပါ”

ထိပ်တင်ဆွေသည် ကိုသူတော် အပြောကောင်းခြင်းကြောင့် သူပြောသည့်အတိုင်း ဟုတ်ကောင်းစရာရှိ၏ဟု ယူဆမိလေ၏။

“ကဲ ဒီလိုဆိုရင် ညကျမှ ခမည်းတော်ကြီးကို လျှောက်ထားကြည့်ဦးမယ်”

ဦးလတ်သည် နဂိုကပင် ခင်မောင်ကြီးကို သဘောကျနေသူဖြစ်၏။ သည့်အထဲတွင် ခင်မြရီ၏ အဆွယ်ကောင်းခြင်းကြောင့် ပို၍နှစ်သက်နေ ရသည့်အထဲ ကိုသူတော်၏ အလုည့်အပတ်ကောင်းခြင်းကြောင့် ထိပ်တင်ဆွေက နားယောင်ကာ ခင်မောင်ကြီးအား ဝင်စေထွက်စေ ခွင့်ပြုရန် လာ၍ပြောသည့်အခါ ငြင်းပယ်ခြင်းမပြု၊ အတိုက်အခံလည်းပြောမနေပဲ ”ဒီလိုဆိုရင်လည်း ကောင်းသားပဲလေ၊ မနက်ဖြန်ညကို အိမ်မှာလာပြီး ထမင်းစားဖို့ ဖိတ်လိုက်တာပေါ့” ဟု လျှောလျှောရှူရှူ ခွင့်ပြုလိုက်လေ၏။

လူတို့၏ဘဝသည် နာရီပျက်နှင့်တူ၏။ တစ်ခါတစ်ရံ ချောချောမွေ့မွေ့ သွား၍၊ တစ်ခါတစ်ရံ ထစ်ထစ်ငေါ့ငေါ့ ဖြစ်တတ်၏။ ပုခက်တွင်းမှ သင်းချိုင်းကုန်းရောက်သည့်ကာလအထိ တစ်ခါတစ်ရံ ကန်တော်ကြီးက ရေပြင်ကဲ့သို့ ကြည်လင်အေးချမ်းငြိမ်သက်၏။ တစ်ခါတစ်ရံ ဒေါပုံလှိုင်းကဲ့သို့ မငြိမ်မသက်ပဲ ရေဆိုင်ဝဲပမာ ချာချာလည်အောင် လှုပ်ရှားနေတတ်၏။

ခင်မောင်ကြီးသည် နောက်တစ်နေ့ညနေဘက်တွင် ခင်ဖုန်းတို့၏အိမ်သို့ ရောက်လာသောအခါ မိမိ၏အဖြစ်ကိုပင် မိမိမယုံကြည်နိုင်အောင်ဖြစ်ကာ တကယ်ပဲလား၊ အိပ်မက်များ မက်နေတာလားဟုမိမိကိုယ်မိမိ အိပ်ရာမှ တကယ် နိုးနေသူ ဟုတ်မဟုတ် သိရန် လက်သည်းနှင့် ဆိတ်၍ကြည့်မိ၏။

Commercial use of this book will be at your own risk

ထို့အခါ အိပ်မက်မဟုတ်၊ အမှန်တကယ်ဖြစ်နေခြင်းသည် ထင်ရှားနေသော်လည်း မိမိ၏မျက်စေ့ရှေ့တွင်လုပစ္စာဝတ်စားဆင်ယင်ထားသည်ကို မြင်နေရသူမှာ အမှန်ပင် ခင်ဖုန်းဟုတ်မှဟုတ်ပါ့မလားဟု အခါခါ စိုက်၍ကြည့်မိလေ၏။

ခင်ဖုန်းသည် ထိုအဖြစ်မျိုးကို ဘယ်ခါမှ ဖြစ်ရကြုံရလိမ့်မည်ဟု မမျှော်လင့်ခဲ့ရာ ယခုလိုကြုံတွေ့ရသည့်အခါ ဝမ်းသာ၍မဆုံးနိုင်အောင် ရှိတော့၏။

သို့ဖြင့်ခင်မောင်ကြီး၏ အပါးမှ မခွာပဲ ခရားရေလွှတ်တတွတ်တွတ်စကားပြော၍နေချင်မိသော်လည်း လူကြီးများရှေ့တွင် ဣန္ဒြေစောင့်စည်း၍နေရသည့်အတွက် ခင်မောင်ကြီး၏အနားသို့မကပ်နိုင်ပဲ ခင်မောင်ကြီးမြင်နိုင်မည့်နေရာသို့ မကြာခဏလာ၍ ကိုယ်ရောင်ပြကာ အခြားသူများအလစ်တွင် ပြုံးပြနှုတ်ဆက်မိလေ၏။ ထိုအခိုက်တွင်မူ ခင်ဖုန်းသည် ဘတင့်ကို သတိမရနိုင်ပဲ မေ့လျော့နေတော့၏။

ယခုလို တစ်ယောက်ကို တစ်ယောက်မြင်ခွင့်ရကြသဖြင့် အစတွင် နှစ်ယောက်စလုံး ဝမ်းသာလျက်ရှိမိကြသော်လည်း ထိုသို့ တွေ့ကြရရုံဖြင့် ဘာများအကြောင်းထူးသလဲဟု စဉ်းစားလိုက်ကြသောအခါ ခင်မောင်ကြီးအဖို့မှာ ဘာမျှအကြောင်းထူးသည်ကို မမြင်။

ထိုသို့တွေ့ခွင့်ရ၍လည်း ခင်ဖုန်း၏အချစ်ကို မိမိရနိုင်မည်မဟုတ်၊ ၎င်း၏ချစ်သူ ဘတင့်အတွက် မိမိက အကျိုးဆောင်ပေးရန် ခင်ဖုန်းနှင့် နီးနီးကပ်ကပ် တွေ့နိုင်တိုင်ပင်နိုင်မည်ဖြစ်ကြောင်းလောက်သာ ထူးခြားသည်ဟု စဉ်းစားမိပေ၏။

ခင်ဖုန်းမှာလည်း ခင်မောင်ကြီးအား ယခုလိုတွေ့ရခြင်းဖြင့် မိမိနှင့် ခင်မောင်ကြီးတို့၏ ချစ်ရေးကြိုက်ရေးကို ဘာမှအထောက်အပံ့မဖြစ်စေနိုင် သည့်အတွက် ခင်မောင်ကြီးကိုသာ သနားမိ၏။

ဒေါ်ရွှေစုမှာကား ဤအစီအစဉ်သည် ဦးလတ်တို့ သားအဖနှစ်ယောက်စလုံး၏ ကြံစည်ချက်ဖြစ်၍သာ ဘာမျှမပြောပဲ ငြိမ်၍နေရသော်လည်း စိတ်ထဲ၌ကား နည်းနည်းမျှ မကျေနပ်ချေ။

ခင်မောင်ကြီးအိမ်ပေါ်တက်လာခြင်းသည်ပင် ဖွတ်တက်သကဲ့သို့ လာဘ်လည်းတိတ်သည်။ နိမိတ်လည်းမကောင်းဟု ထင်မိပေ၏။

ထိပ်တင်ဆွေမှာတော့ နှမနှင့်ပတ်သက်သည့် အရေးဖြစ်ခြင်းကြောင့် ထမင်းစားချိန်မရောက်မချင်း ခပ်ရှက်ရှက်ဖြင့် အခန်းထဲမှ မထွက်ပဲ နေလိုက်လေ၏။

ခင်မောင်ကြီးမှာကား ထမင်းစားချိန်မကျသေးမီအတွင်း ဦးလတ် တစ်ယောက်တည်းနှင့်သာ စကားပြောနေရလေ၏။

ဦးလတ်သည် ခင်မောင်ကြီးနှင့်ထွေထွေရာရာ စကားပြောနေရာက အရေးကြီးသော စကားတစ်ခွန်းကို ပြောလိုက်သည်။

“မေးစမ်းပါရစေ၊ မင်းဖုန်းဖုန်းကို တကယ်ပဲ မေတ္တာရှိသလား”

“ခင်ဗျာ”

ခင်မောင်ကြီးသည် ရုတ်တရက် အံ့အားသင့်သွားသဖြင့်မိမိအား ဦးလတ်က ဘာပြောလိုက်သည်ကို မသိလိုက်သည့်အလား၊ ခင်ဗျာ တစ်လုံးတည်းသာ နှုတ်မှ ထွက်လိုက်နိုင်လေ၏။

“မင်း ဖုန်းဖုန်းကို တကယ်ချစ်နေတယ် မဟုတ်လားလို့ မေးတာပါ”



Commercial use of this book will be at your own risk

"ဟုတ်ကဲ့၊ ချစ်တယ်ဆိုပါတော့"

"ဘယ့်နှယ် ဆိုပါတော့လဲကွဲ့၊ ဒီလိုဆိုရင် မင်းတကယ်ချစ်တာ မဟုတ်ဘူးပေါ့"

ထိုအခါမှ ခင်မောင်ကြီးသည် ဝိနည်းရှောင်၍ စကားပြောနေလို့ မဖြစ်တော့ဟု သဘောပေါက်ကာ "ကျွန် ကျွန်တော် တကယ့် မေတ္တာစစ်နဲ့ ချစ်တာပါ၊ ကျွန်တော့် မေတ္တာဟာ ဘယ်အခါမှ မပျက်နိုင်တဲ့ မေတ္တာဖြစ်ပါတယ်" ဟု ခပ်သွက်သွက်ကလေး အဖြေပေးလိုက်လေ၏။

"ဒီချစ်စိတ်ဟာ ခဏပန်းဖြစ်တဲ့ စိတ်မျိုးလား"

"ကျွန်တော် စိတ်မပြောင်းတတ်ပါဘူး"

ဦးလတ်သည် ဆက်လက်၍ စကားမပြော ဆိတ်ငြိမ်စွာ စဉ်းစားနေလိုက်၏။

ခင်မောင်ကြီးကမူ ဘယ်အကြောင်းကြောင့် ထိုမေးခွန်းမျိုးကို ဦးလတ် မေးမြန်းပြောဆို၍ နေပါသနည်း ဟု တွေးတောစဉ်းစား၍ မရနိုင်အောင် ဖြစ်နေလေသည်။

"မှန်လှပါ၊ ထမင်းပွဲ ပြင်ပြီးပါပြီ"

ကိုသူတော်က ရောက်လာပြီး လျှောက်လိုက်သည်။

ဦးလတ်က ထိုအခါမှ စကားပြောရန် သတိရကာ "ကဲလာ၊ ထမင်းစားကြရအောင်" ဟုဆို၍ ခင်မောင်ကြီးအား ထမင်းပွဲပြင်ထားရာသို့ ခေါ်သွားလေသည်။

ကိုသူတော်သည် သူတို့နှစ်ယောက်ကိုကြည့်ကာ မိမိအကြံတော့ အောင်တော့မှာပဲဟု တွေးတောပြီး ဝမ်းမြောက်နေလေသည်။

ထမင်းစားပွဲတွင် ဦးလတ်၊ ဒေါ်ရွှေစု၊ ထိပ်တင်ဆွေ၊ ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့ ထိုင်မိကြသောအခါ ခင်ဖုန်းသည် မိမိ၏ မျက်နှာချင်းဆိုင်ရှိ ခင်မောင်ကြီးကို မကြာခဏ တိတ်တခိုးကြည့်မိကာ ခင်မောင်ကြီးမှာ ဘတင့်ထက် ရုပ်ရည်သာသလိုလိုထင်လာမိလေ၏။

သို့ရာတွင် ခင်ဖုန်း၏မေတ္တာသည် ဘတင့်အပေါ်မှာသာ ပုံသြထားလျက်ရှိနေလေရာ ခင်မောင်ကြီး၏ နေရာတွင် ဘတင့်သာ ရောက်နေပါမူ ဘယ်မျှ ကောင်းလိုက်ပါမည်နည်း ဟူသော အတွေးကို ဖြစ်မိပေ၏။

ထိပ်တင်ဆွေသည် ခင်မောင်ကြီး၏ အပြောအဆိုအမူအရာတို့ကို ခင်ဖုန်းမြင်လျှင် စိတ်ပျက်သွားလိမ့်မည်အထင်ရှိပြီး ထိုရည်ရွယ်ချက်ဖြင့် ခင်မောင်ကြီးအား ထမင်းစားဖိတ်ခေါ်ခဲ့ခြင်းဖြစ်ရာ ယခုမူ ခင်ဖုန်း၏မျက်နှာတွင် စိတ်ပျက်သောအမူအရာကို မတွေ့၊ ခင်မောင်ကြီး၏ အပြောအဆို၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာတို့မှာလည်း သန့်ပြန့်ရည်မွန်လှသည်ကို လည်းကောင်း၊ ခင်ဖုန်းက ခင်မောင်ကြီးအပေါ်တွင် အာရုံစူးစိုက်လျက်ရှိခြင်း ကိုလည်းကောင်း၊ တွေ့ရသည့်အခါ မိမိခေါ်လိုက်မိခြင်းမှာ မှားလေပြီဟု ယူကြုံးမရဖြစ်မိပေတော့၏။

ထမင်းစားသောက် ကြပြီးနောက် ကော်ဖီမသောက်မီကလေးတွင် ဦးလတ်က "ကိုင်းအားလုံးရှေ့မှာပဲ စကားကို စရတော့မယ်" ဟု ဆိုလိုက်ရာ မမျှော်လင့်သောစကားကို ကြားကြရသဖြင့် အံ့အားသင့်သွားကြလေ၏။

အထူးသဖြင့်ထိပ်တင်ဆွေသည် ခင်မောင်ကြီးကို ထမင်းစာဖိတ်ခေါ်အောင်စီစဉ်ခဲ့ခြင်းမှာ ထမင်းကျွေးမွေး ညှော်ခံရုံမှတပါး အခြားဘာမျှပြုလုပ်ရန် ရည်ရွယ်ချက် မထားခဲ့သဖြင့် ဦးလတ်က ယခုလို တစ်စုံတစ်ရာ ကြေညာပြောဆိုတော့မည်ကို တွေ့ရသည့်အခါ ပို၍အံ့အားသင့်မိပေ၏။

Commercial use of this book will be at your own risk

ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့မှာကား ဦးလတ်က ဘယ်လို ထူးခြားသော စကားမျိုးကို ပြောမှာပါလိမ့် ဟူသော သိချင်ဇောဖြင့် အာရုံစူးစိုက်ကာ နားစွင့်၍ နေလိုက်ကြလေသည်။

ဦးလတ်သည် စကားပြောရန် ပြင်လိုက်ပြီးမှ ဒေါ်ရွှေစုနှင့် ထိပ်တင်ဆွေတို့က မျက်နှာထားကြီးများနှင့် ဖြစ်နေသည်ကိုတွေ့ရ၍ ထွက်လုဆဲဆဲ စကားလုံးများမှာ လည်ချောင်းထဲသို့ ပြေးဝင်ပုန်းအောင်းသကဲ့သို့ ဖြစ်သွားလေ၏။ နောက်မှ ဘာဖြစ်ဖြစ် ပြောမယ့်စကားပြောလိုက်မယ်ဟု စိတ်ကိုတင်းလိုက်ပြီးလျှင် နောက်တစ်လှမ်းဆုတ်ပြီးမှ ဆင်ထိုးလိုက်သလို အားလုံးချောက်ချားစရာ စကားတစ်ခွန်းကို ဆိုလိုက်လေသည်။

"မောင်ခင်မောင်ကို သမီးဖုန်းဖုန်းနဲ့ ပေးစားဖို့ ငါသဘောတူတယ်"

ဒေါ်ရွှေစုသည် လက်ထဲကဇွန်းကို လွှတ်၍ ချလိုက်မိ၏။ ထိပ်တင်ဆွေမှာ ပါးစပ်ဟောင်းလောင်းနှင့် ကြက်သေသေနေတော့၏။ ခင်ဖုန်းနှင့် ခင်မောင်ကြီးတို့မျက်နှာတွင် သွေးရောင်များ လျှမ်းလာကာ တစ်ယောက်ကိုတစ်ယောက် ကြောင်ပြီး ကြည့်နေမိကြ၏။

ကိုသူတော်မှာ အစေခံဘဝ တစ်လျှောက်လုံးတွင် ဇွန်းတစ်ချောင်း၊ ပန်းကန်တစ်လုံးမျှ မချိုးဘူး မခွဲဘူးခဲ့သော်လည်း ဦးလတ်၏ စကားများကို ကြားလိုက်ရသောအခါ ဖန်ခွက်တစ်ခု လက်ထဲက လွှတ်၍ ချမိလေ၏။

အခန်းအပြင်မှ ချောင်း၍နားထောင်နေသော စိုးဝင်းမှာမူ တစ်ခါတည်း ဖင်ထိုင်၍ ကျသွားလေ၏။

ဦးလတ်သည် ထိုစကားကိုပြောပြီးသည်နှင့် သူ့အားပြူးကြောင်စူးစိုက်၍ ကြည့်နေကြသော မျက်လုံးများ၏ ဒဏ်ကို မခံနိုင်သကဲ့သို့ အခန်းထဲမှ ခပ်သုတ်သုတ် ထွက်ခွာသွားလေ၏။

ဒေါ်ရွှေစုမှာ ပထမသော် ဦးလတ်ထွက်ခွာသွားသည်ကို အံ့အားသင့်ကာ ကြည့်နေမိပြီးမှ ရုတ်တရက် သတိရကာ ၎င်းနောက်သို့ ထ၍လိုက်သွားရာ ထိပ်တင်ဆွေလည်း ထက်ချပ်မကွာ လိုက်ပါသွားလေ၏။

ဦးလတ်သည် ၎င်းတို့ကို ရှောင်ရှားရန်ကြိုးစားသော်လည်း ပြေး၍မလွယ်နိုင်ပဲ၊ မိမိ၏စာကြည့်ခန်းထဲတွင် ပိတ်၍မိနေလေ၏။

"ဘယ်လိုလုပ်လိုက်တာလဲ ကိုရင်ရဲ့၊ ဒီကျွန်မျိုး သပေါက်မျိုးနဲ့၊ ဒီလိုမဖြစ်ရအောင်ကို အမျိုးမျိုး ကြံစည်ဖန်တီးနေရတဲ့ ကြားထဲက အခုလိုလုပ်လိုက်တာ တော်လို့လား ကိုရင်ရဲ့၊ ကိုရင်ဟာ စိတ်မှကောင်းသေးရဲ့လား"

ဦးလတ်သည် ဘိုးလောင်းတော် ဘေးလောင်းတော် တို့၏ သူရသတ္တိကို ဖြစ်ညှစ်၍ထုတ်ကာ "အို ဆူမနေကြစမ်းပါနဲ့၊ ဖုန်းဖုန်းကလည်း သူ့ကို မေတ္တာရှိ ငါကလည်း သူ့ကိုသဘောကျ၊ သူကလည်း လူကောင်းတစ်ယောက်ပဲဟာ၊ ဘာလို့ သဘောမတူရမှာလဲ၊ သူတို့ချင်း မေတ္တာရှိလို့ ယူကြရင်လည်း ပြီးရော မဟုတ်လား" ဟု ပြောလိုက်၏။

"ဘယ့်နှယ်တော်၊ တစ်ဦးတည်းသောသမီး နုနုထွတ်ထွတ်ကလေးကို အနူလား၊ အဝဲလား၊ ဘုရားကျွန်လား၊ သူတောင်းစားလား မသိရတဲ့ဟာနဲ့"

"မနူဘူး မဝဲဘူး၊ မမွဲဘူး မစုရဲ့၊ သူ့ကို သာမညမမှတ်နဲ့၊ သူဌေးကလေးတစ်ယောက် သိရဲ့လား၊ သူ့လိုလူမပြောနဲ့၊ ငါတောင် သူ့တပည့် မြ ကိုယူသေးတာပဲ"

"ဘာ၊ ဘယ့်နှယ် ဘာပြောတယ်"

Commercial use of this book will be at your own risk

"ဘာမှ မဟုတ်ဘူး၊ မြကိုယူထားလိုက်ပြီဆိုတာကိုပြောတာ"

ဦးလတ်သည် ပြောပြောဆိုဆို အခန်းထဲက သုတ်ခြေတင်၍ပြေးလေတော့သည်။ ဤတွင် ထိပ်တင်ဆွေမှာ ဒေါ်ရွှေစု အလုံးဆို့၍မသွားအောင် ရင်ဝကို ဖိနှိပ်ပြီးတွဲထူ၍ ထားလိုက်ရလေတော့၏။

Commercial use of this book will be at your own risk

။ ၁၂ ။

ထမင်းစားပွဲတွင် ကျန်ရစ်နေကြသော ခင်မောင်ကြီးနှင့်ခင်ဖုန်းတို့မှာ ပြာလဲ့နေသော အဇ္ဈောပြင်ထဲက ရုတ်တရက် မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဖြုန်းစားကြီးထွက်လာသော ဦးလတ်၏စကားကြောင့် အံ့အားသင့်ပြီး ကြက်သေသေကာ တစ်ယောက်ကိုတစ်ယောက် ကြောင်တောင်ကြီး ငေးကြည့်နေမိကြလေ၏။

ဦးလတ်၏စကားကိုရုတ်တရက်ကြားရခါစတွင် ခင်မောင်ကြီး၏စိတ်ထဲ၌ ပျော်ရွှင်ဝမ်းသာသလိုလိုဖြစ်မိသေးသည်။ နောက်မှ အသေအချာ စဉ်းစားကြည့်မိသည့်အခါ ခင်ဖုန်းသည် မိမိကိုမချစ်။ သူချစ်သူမှာ အခြားတစ်ယောက်သာဖြစ်၍ မိမိကပင် သူတို့နှစ်ဦး၏ကိစ္စကို ဆောင်ရွက်ပေးပါမည်ဟု ကတိထားခဲ့ပြီးသား ဖြစ်နေခြင်းကြောင့် ဦးလတ်က ခင်ဖုန်းအား မိမိနှင့် သဘောတူပါသည်ဟု ပြောလိုက်ခြင်းသည် မိမိအဖို့ ဘာမျှအားတက်ဝမ်းမြောက်စရာမရှိပဲ အခက်ပိုလာစရာဖြစ်လာရသည်ဟု တွေးမိလေ၏။

ခင်ဖုန်းသည် ကြံရာမရ ဖြစ်နေသောမျက်နှာဖြင့် ခင်မောင်ကြီးအားကြည့်ကာ "ကဲ၊ ဘယ့်နှယ်လုပ်ကြမလဲ" ဟုလေသံပျော့ကလေးဖြင့် မေးလိုက်လေ၏။

"ဘယ့်နှယ်လုပ်ရမလဲဆို မပြောတတ်တော့ဘူး"

ခင်မောင်ကြီးသည် ခင်ဖုန်းကိုမကြည့်ပဲ ညည်းတွားလိုက်လေသည်။

ခင်မောင်ကြီး၏ ညည်းညူပြောဆိုသံကြား၍ ခင်ဖုန်းမှာ ပို၍အားလျော့သွားပြီးလျှင် တောင်းပန်သည့်လေသံဖြင့် "တဆိတ်၊ အကြံကလေး ဉာဏ်ကလေး ထုတ်စမ်းပါဦးရှင်" ဟု ပြောလိုက်ရသည်။ သို့သော် ခင်မောင်ကြီးထံမှ ဘာစကားမှ မကြားရသဖြင့် တစ်ယောက်တည်း ညည်းညူရပြန်လေသည်။

"ခက်တော့တာပဲ။ ဖေဖေ့စိတ်ထဲမှာ ကျွန်မချစ်နေတဲ့သူဟာ ကိုခင်မောင်ပဲလို့ထင်ပြီး ပြောလိုက်တာဖြစ်မှာပဲ၊ ဖေဖေ့သဘောတစ်ခုတည်းသာ ဆိုရင်တော့ ကျွန်မအလိုရှိတဲ့အတိုင်း ကျွန်မချစ်တဲ့သူကို ယူနိုင်ခွင့်ရမှာပါ။ ဒါပေမယ့် ထိပ်တင်ခေါင်ကြီးရှိနေလို့ အခုလိုအလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ရတာပါပဲလေ။ သူတို့ကို ဒီအကြောင်းရှင်းပြီး ပြောရမှာကလည်း အခက်သားပဲ"

ခင်မောင်ကြီးသည် ခင်ဖုန်း၏စကားကို အင်းမလုပ်အဲမလုပ်ပဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် အတွေးကြွယ်နေမိလေသည်။

Commercial use of this book will be at your own risk

အတန်ကြာမှ မိမိက ခင်ဖုန်းအား ကူညီပါမည်ဟု ကတိပေးထားသည့်စကားလည်းရှိ၊ မိမိအား ခင်ဖုန်းက မချစ်သည်ကိုလည်း အတည့်အလင်း သိနေရပြီဖြစ်၍ မိမိ၏အတွေးကိုဖျောက်ကာ–

"မခက်ပါဘူး ဖုန်းဖုန်းရယ်။ ဖေဖေကြီးကို အမှန်အတိုင်းဖွင့်ဟပြီး အကျိုးအကြောင်းရှင်းပြလိုက်ရင် အားလုံး ပြေလည်သွားမှာပါပဲ" ဟု အားပေးတိုက်တွန်းလိုက်ရလေသည်။

"အို . . . ဒီလိုလည်း ကျွန်မလုပ်နိုင်ဘူး။ ခက်တယ် ကိုခင်မောင်ကြီးရယ် သိပ်ခက်တာပဲ၊ ကိုခင်မောင်ကလည်း ကျွန်မကိုမေတ္တာရှိနေပါတယ်လို့ ဆိုထားတော့ ကျွန်မတို့ကိစ္စမှာ ကိုခင်မောင်ဝင်ပြီး ကူညီပါလို့ပြောတာတောင် လွန်နေပြီ၊ ဒီလိုပြောတာတောင် ကိုခင်မောင်အပေါ်မှာ အသနားမဖက်ပဲ မျက်နှာပြောင်ပြောင်နဲ့ နှိပ်စက်ရာ ရောက်နေတယ်မဟုတ်လား"

"အို . . . ဒီကအတွက် ထည့်ပြီးတွက်မနေပါနဲ့လို့ အကြိမ်ကြိမ်ပြောခဲ့ပါပြီကော။ မှန်တဲ့အတိုင်းပြောရရင် ဖုန်းဖုန်းဟာကိုခင်မောင်ကို ချစ်နေတာမှမဟုတ်ပဲ၊ ဂရုစိုက်နေဖို့မလိုပါဘူး၊ ဖုန်းဖုန်းကို ကိုခင်မောင်ဘယ်လိုပဲ ချစ်ပေမယ့်လည်း ကိုခင်မောင်ဒီကိုလိုက်လာတာဟာ ဘယ်သူမပြု မိမိမှုဆိုတာလို ကိုယ့်အပူကိုယ်ရှာရအောင် လိုက်လာမိတာဖြစ်လို့ ကိုယ့်ဒုက္ခကိုယ်ပဲ ကြိတ်ပြီးခံရမှာပါ ဖုန်းဖုန်းရယ်၊ ပြီးတော့ ဒီကိစ္စကို ပြောနေလို့လည်း နှစ်ယောက်စလုံးအတွက် ဘာမှအကျိုးမရှိပါဘူး။ ဖုန်းဖုန်းအကြံအောင်ဖို့သာ အရေးကြီးတာပါ။ အဲဒါအတွက် ဘာမဆို ကိုခင်မောင်လုပ်ပေးပါ့မယ်လို့ ပြောနေမှပဲ"

ခင်ဖုန်းသည် ခင်မောင်ကြီး၏စကားများကြောင့် သူ့ကိုများစွာ ကြည်ညိုလေးစားမိလေသည်။

"ကိုခင်မောင်ဟာ ဖုန်းဖုန်းရဲ့ တကယ့်မိတ်ဆွေအစစ်တစ်ယောက်ပါပဲ။ ကိုခင်မောင်လို သဘောထားကြီးတဲ့လူ ရှားပါတယ်"

"ဒီလိုတွေးမိတယ်ဆိုရင် သိပ်ဝမ်းသာပါတယ်"

ထို့နောက် နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်သွားကြပြန်သည်။ ခဏကြာမှ ခင်မောင်ကြီးက စကားစ လိုက်ပြန်သည်။

"သြော်၊ ဒါထက် ဟိုတစ်နေ့က ကိုဘတင့်နေတဲ့အိမ်ရောက်ခဲ့တယ်၊ ကိုစောလွင်တို့ လက်ထပ်ရာကအပြန် သူနဲ့သွားပြီးတွေ့ခဲ့တယ်"

"သြော်၊ ကိုကိုလွင်တို့ ပြေးကြတုန်းက ကိုခင်မောင်လဲပါသွားသလား"

"ပါသွားရုံတင်မကဘူး။ ရုံးမှာ အသိသက်သေအဖြစ်နဲ့ လက်မှတ်ထိုးခဲ့ရသေးတယ်။ အဲဒီကအပြန် ကိုဘတင့်တို့အိမ် တန်းပြီးသွားတာပဲ၊ ဒါပေမယ့် သူ့ကိုမတွေ့ခဲ့ရဘူး။ အိမ်တံခါးမှာ သော့ခလောက်ခတ်ထားတယ်"

"သြော်၊ ဟုတ်တယ်။ ဟိုတစ်လောက သူ့ဦးလေးဆုံးလို့ မော်လမြိုင်လိုက်သွားရတယ်လို့ ဒီနေ့ပဲစာရောက်လာတယ်။ သူ့ဦးလေးက သစ်ကုန်သည် သူဌေးကြီး။ အခုသူ့ဦးလေးသေလို့ အမွေတွေအားလုံး သူတစ်ယောက်တည်း ရလိုက်တယ်"

ကိုစကားကိုကြားလိုက်ရသည့်အတွက် ခင်မောင်ကြီးမှာ ခင်ဖုန်းကိုရဖို့ မျှော်လင့်ချက်လုံးလုံး ပျောက်ကွယ် သွားသည်ကို တွေးမိလေ၏။ အကြောင်းမူကား ဘတင့်သည် ယခင်က ဦးလေး၏ ပေးစကမ်းစရသမျှနှင့် စားသောက်နေထိုင်ခဲ့ရပြီး မိန်းမသားတစ်ယောက်ကို ကောင်းကောင်း မွန်မွန်လုပ်ကိုင်ကျွေးမွေးနိုင်သူ တစ်ယောက်မဖြစ်၍ ထိုအခြေအနေတွင် ခင်ဖုန်းနှင့်လွဲမည်ဆိုက လွဲစရာ ရှိသေး၏။ ယခုမှာမူ ဘတင့်သည် သူဌေးအခေါ်ခံရသလောက်သော အခြေအနေသို့ ရောက်သွားပြီဖြစ်သည့်အပြင် ခင်ဖုန်းကိုယ်တိုင်ကလည်း

Commercial use of this book will be at your own risk

မေတ္တာရှိနေသူ တစ်ယောက်ဖြစ်လေရာ၊ သူတို့အကြောင်းကို သိရလျှင် ဦးလတ်ကလည်း ငြင်းပယ်မည်မဟုတ်သဖြင့် မိမိအဖို့မှာ မျှော်လင့်စရာလုံးဝကုန်ဆုံးသော ဘဝသို့ ရောက်ရှိသွားပြီဖြစ်ပေ၏။

ထို့ကြောင့် ခင်ဖုန်း၏စကားကို ကြားလိုက်ရသည့်အခါ ယောင်ဝါးဝါးဖြင့် "သြော် ဟုတ်လား" ဟူသောစကားမှတစ်ပါး အခြားဘာမျှ မပြောနိုင်အောင် ဖြစ်သွားမိလေသည်။

"နောက်ပြီး သူ့စာထဲမှာ အကျိုးအကြောင်းတွေ အကုန်လုံးပြောပြရအောင် ရန်ကုန်မှာ တွေ့ချင်တယ်လို့ ပါလာသေးတယ်"

"ဒီလိုဆိုရင်သွားပြီးတွေ့လိုက်ပါလား။ အခုနေမှတော့ အပြင်သွားတာကို တားမြစ်စရာ ဘာမှမရှိတော့ဘူးမဟုတ်လား။ ဖုန်းဖုန်းတို့ ဖေဖေကြီးကလည်း ဒီကနဲ့ သဘောတူတယ်လို့ ပြောပြီးတဲ့နောက်မှာ ဖုန်းဖုန်းအပြင်ထွက်တာကို တားဆီးမှာ မဟုတ်တော့ပါဘူး"

"ဟုတ်တော့ဟုတ်ပါရဲ့။ ဒါပေမယ့် ခက်နေတာက ရှိသေးတယ်"

"ဘယ်လိုခက်နေတာတုန်း"

"ဘယ်လိုဆိုတာ မပြောတတ်တော့ဘူး"

ခင်မောင်ကြီးမှာ အနည်းငယ်စိတ်အိုက်သွားမိသေးသည်။ ပြီးမှ ဖုန်းဖုန်းပြောမဖြစ်သည့်စကားကို တွေးလိုက်မိလေသည်။

"ဖုန်းဖုန်းစိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိပါတယ်လေ။ ဘာပဲဖြစ်နေဖြစ်နေ ဒီကအတွက်နဲ့ ဘာမှ နောက်ဆံမငင်နေပါနဲ့။ ဖေဖေကြီးက ဟိုလိုပြောလိုက်ပေမယ့် ဒီကနစ်ယောက်ရဲ့သဘောမှ မပြောင်းလဲပဲရှိကြရင် ပြီးတာပဲ မဟုတ်လား။ အခုမှတော့ဒီကအဖို့ မထူးတော့ပါဘူး။ ဖုန်းဖုန်းချစ်နေတာက တစ်ခြားလူဆိုတာသိရလို့ စိတ်မကောင်းဖြစ်ခဲ့ရတာထက်တော့ ပိုပြီးမထူးတော့ပါဘူး။ ဖုန်းဖုန်းစိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ကိုခင်မောင့်အဖို့မှာ ကျေနပ်ပြီးသားပါ"

"အဲဒါတော့ဟုတ်ပါပြီ။ ဖေဖေသဘောတူထားတာက တစ်ယောက်ဖြစ်နေတယ်မဟုတ်လား"

"ကိုခင်မောင့်ကို စိတ်ထဲကဖယ်ထုတ်လိုက်ပါတော့လေ။ ဖုန်းဖုန်း သူ့ကို တကယ်ချစ်နေရင် ဖေဖေကြီး သဘောတူတာဟာ ဘယ်သူဘယ်ဝါပဲ ဖြစ်ဖြစ် အရေးလုပ်မနေပါနဲ့လို့ ပြောမှပဲ၊ အလွယ်ဆုံး နည်းလမ်းကိုသာလိုက်ပါ။ ဒီနည်းကို ခင်မေကြည်နဲ့ ကိုစောလွင်တို့ လမ်းပြသွားပြီမဟုတ်လား။ သူတို့လိုလုပ်ပေါ့"

"ဒီကိစ္စမလွယ်ဘူးထင်တယ်"

"အို ဒီထက်လွယ်တာ ဘာရှိဦးမှာလဲ။ ငှက်ပျောသီးအခွံနွှာစားရတာကမှ ခက်ဦးမယ်။ ရုံးမင်းရှေ့သွားပြီး လက်မှတ်ထိုးလိုက်ကြရုံနဲ့ ပြီးတာပဲဟာ"

ခင်ဖုန်းသည် တွေတွေကြီးလုပ်ကာ စဉ်းစားနေလိုက်၏။ ပြီးမှ ထိုနည်းအပြင် အခြားနည်းလမ်းကောင်းမရှိတော့ပြီဟု စဉ်းစားမိသကဲ့သို့ ခေါင်းကို ဖြည်းဖြည်းနှင့် မှန်မှန် ညိတ်ပြလိုက်သည်။

"ဒီလိုဆိုရင် ကိုခင်မောင် ဘယ့်နှယ်လုပ်မလဲ"

"ဘာ ဘယ့်နှယ်လုပ်ရမှာလဲ"

Commercial use of this book will be at your own risk

“ကိုခင်မောင် ဒီမှာဆက်ပြီးနေဦးမှာလား”

“မနေတော့ဘူး။ မကြာခင်မှာပဲ ပစ္စည်းကလေးတွေသိမ်းပြီး ရန်ကုန်ကိုပြန်ပြီး ရုပ်ရှင်ခြံထဲမှာပဲ ကိုယ့်အလုပ်နဲ့ ကိုယ်ပျော်တော့မယ်”

ခင်ဖုန်းသည် ခင်မောင်ကြီးအားပို၍သနားသွားသည်။ သို့ဖြင့်ဂရုဏာပြည့်လျှမ်းသောမျက်နှာဖြင့် စိုက်ကြည့်ကာ နှုတ်မှလည်းပြောလိုက်သည်။

“ကျွန်မသိပ်စိတ်မကောင်းတာပဲရှင်”

“အို၊ ဘာမှစိတ်မကောင်းမရှိနဲ့၊ ဖုန်းဖုန်းနဲ့သိရတာ ခင်မင်ရတာပဲ ကိုခင်မောင်အဖို့ ဆုလာဘ်ကြီးတစ်ပါးလို့ အောက်မေ့ပြီးဝမ်းသာလှပါပြီ”

စကားအဆုံးတွင် ခင်မောင်ကြီးသည် ထိုင်ရာမှထလိုက်သည်။ ခင်ဖုန်းလည်း သူနှင့်တပြိုင်တည်းထလိုက်၏။

ဦးလတ်သည် နမဒေါ်ရွှေစုနှင့်သား ထိပ်တင်ဆွေတို့အား မျက်လုံးပြူးသွားစေသည့် ထူးခြားသောစကားကို ထုတ်ဖော်ပြောလိုက်ပြီး သည့်နောက် နှစ်ရက်လောက်အကြာတွင်။

ခင်ဖုန်းအား ရန်ကုန်မြို့ တရုတ်တန်းအတွင်းရှိ ချောင်ကျသောလမ်းကလေးတစ်ခုထဲက တရုတ်ဟိုတယ်တစ်ခုမှာ အခန်းငယ်ကလေးတစ်ခုတွင် တွေ့ရလေ၏။ သူသည် ဘတင့်နှင်ချိန်းဆိုထားသည့်အတိုင်း ဦးစွာရောက်နှင့်နေပြီး ထိုအခန်းထဲက စောင့်နေခြင်းဖြစ်လေသည်။

ထိုအချိန်တွင် ခင်ဖုန်း၏စိတ်ထဲကိုဝင်၍ကြည့်လျှင် အလွန်တစ်ရာပျော်ရွှင်နေသာကို တွေ့ရပေမည်။ ခင်ဖုန်းမှာ တစ်နှစ်ခန့်မျှ မတွေ့ရပဲ ကွဲကွာနေသော ချစ်သူ၏မျက်နှာကို စိတ်ထဲ၌မြင်ယောင်မိကာ ယခုပြန်၍တွေ့သည့်အခါ အရင်ကထက်တိုး၍ချောလာမည်လား၊ လှလာမည်လား၊ မျက်လုံးကလေးများ ပိုမို၍ရွှင်ပြုံး ကြည်လင်လာမည်လား စသည်ဖြင့် အမျိုးမျိုးစဉ်းစားကာ သူ၏စိတ်ကူးထဲမှာပင် သူနစ်မွန်းနေသဖြင့် သူ့အနားသို့ရောက်လာသော လူတစ်ယောက်ကိုမမြင်မိပဲ ရှိလေ၏။

“ဟော၊ ခင် ရောက်နေမှကိုး”

ထိုသူကပြောလိုက်မှ ခင်ဖုန်းသည် အနီးသို့ရောက်နေသောသူကို သတိပြုမိကာ မော်၍ကြည့်မိလေသည်။

ထိုသို့ကြည့်လိုက်ရာ တုတ်တုတ်ဖြူဖြူ ဗိုက်ကြီးစူလျက် ဝက်တစ်ပိုင်းလူတစ်ပိုင်းနှင့်တူသူတစ်ယောက်ကို တွေ့ရလေ၏။

ထိုသူမှာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို ရိတ်ထားသဖြင့် ပါးနှင့်မေးတစ်ခုလုံးမှာ စိမ်းစို၍နေလေသည်။ ခင်ဖုန်းသည် ထိုသူ၏အသံကို ကြားဖူးသယောင်ယောင်ရှိသော်လည်း သူ့မျက်နှာကို မမှတ်မိပဲရှိကာ ဘယ်သူပါလိမ့်ဟု စဉ်းစားမရနိုင်အောင် ရှိလေသည်။

“ခင်ရောက်နေတာ ကြာပြီလား၊ ကိုဘတင့် နောက်ကျတာကို စိတ်မရှိနဲ့နော်”

ထိုသူ၏စကားကို နောက်ထပ်ကြားရတော့မှ ခင်ဖုန်းမှာမိမိတွေ့ရန်လာသူသည် ထိုသူပင်ဖြစ်သည်ကိုသိရကာ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်သွားလေ၏။ သည်တော့မှ ခင်ဖုန်းသည် ယခင်မိမိမြင်ဖူးသော ဘတင့်၏မျက်နှာနှင့် ယခုမြင်နေရသော ဘတင့်၏မျက်နှာကို နှိုင်းယှဉ်ကြည့်မိ၏။

Commercial use of this book will be at your own risk

အစကနဦးတွင် ထိုသူကို လူလိမ်တစ်ယောက်ဟုထင်မိသေး၏။ နောက်မှ သေသေချာချာကြည့်ရာ ယခင်က ရုပ်လက္ခဏာအချို့ ပေါ်လာသည်ကို တွေ့ရ၏။ သို့သော် ယခုတွေ့ရသော ပုံပန်းမှာ ရှေးကကဲ့သို့ မင်းသားရုပ်ကလေး မင်းသားကိုယ်ကလေးမျိုးမဟုတ်တော့ပဲ ရော်ဘာဖြင့်ပြုလုပ်ထားသည့် အရုပ်ကို လေပြင်းပြင်းထိုးထားသဖြင့် မက်ချလင်တိုင်ယာ ကြော်ငြာအရုပ်နှင့်မခြား ပုံပျက်ပန်းပျက်ဖြစ်နေသည်ကိုတွေ့ရ၍ အကြီးအကျယ် စိတ်ပျက်သွားမိလေတော့သည်။

ခင်ဖုန်းသည် ဘတင့်နှင့် ပြန်၍တွေ့ရဖို့ရန် တစ်နှစ်ပတ်လုံးဘုရား၌ ပန်းဆီမီးပူဇော်ပြီး ဆုတောင်းမိခဲ့သည့်မှာ သာမန်အားဖြင့် ဆုတောင်းပြည့်ရုံသာမက တောင်းသည့်ဆုထက်နှစ်ဆ တိုးပြီးပြည့်ဝနေသည်ကိုတွေ့နေရလေသည်။ အကြောင်းမှာ ယခုတွေ့ရသောဘတင့်သည် ယခင်က တွေ့ခဲ့ရသော ဘတင့်၏ ကိုယ်ကာယထက် နှစ်ဆမျှ ဝဖြိုးနေသောကြောင့်ဖြစ်ပေ၏။

ဘတင့်သည် ချစ်သူရည်းစားတို့ တွေ့ကြခါစတွင် ကြောက်ရွံ့နောက်တွန့်ကာ ရင်ဖိုလှုပ်ရှားတတ်သည့် အမူအရာမျိုးမပြပဲ ခင်ဖုန်းနှင့် ငယ်စဉ်တောင်ကြေး ကလေးဘဝကတည်းက ရင်းနှီးခင်မင်လာခဲ့ကြသူများပမာ ရဲတင်းစွာဖြင့် "ကဲဆိုစမ်း ဘာစားမလဲ" ဟုမေးလိုက်လေ၏။

ခင်ဖုန်းသည် ဘတင့်၏ အပြောအဆို အမူအရာတို့မှာ ယခင်ကနှင့်လုံးလုံးကွာခြားနေသည်ကိုတွေ့ရသဖြင့် အံ့အားသင့်မိကာ ဘာမျှမပြောနိုင်ပဲ ရှိလေ၏။ သူ့စိတ်ထဲတွင် အရှက်နှင့်အကြောက်တို့သည် နပန်းလုံးသကဲ့သို့ ရှိနေကြလေတော့သည်။

"ဆိုလေ–ဘာစားမလဲလို့၊ ခေါက်ဆွဲလား၊ ခရုကြော်လား၊ မျှော့သုတ်လား၊ ပြည်ကြီးငါးလား၊ ကော်ကြော်လား"

ထိုစားစရာအမည်များကို ကြားရလျှင် ခင်ဖုန်းမှာပျို့အန်ချင်သလိုလို ဖြစ်လာမိ၏။ ဒါတွေစားလို့ သင်းဒီလို ဝက်နဲ့တူနေတာပဲထင်ပါရဲ့ ဟူ၍လည်း စိတ်ထဲကတွေးမိ၏။ သို့ဖြင့် ဘတင့်သည် တစ်ကိုယ်လုံး ထိုစားစရာတို့ဖြင့် တည်ဆောက်ထားသော သတ္တဝါတစ်ကောင် ဖြစ်လာသကဲ့သို့ ရွံရှာစပြု၍လာလေ၏။

ခင်ဖုန်းသည် မူလကတည်းကပင် ဆူဖြိုးလွန်းသူများကို ရွံရှာတတ်၏။ မိမိ၏မောင်ဖြစ်သူ ထိပ်တင်ဆွေကိုပင် တနေ့တခြားဝ၍လာသည်ကို မြင်ရခြင်းအားဖြင့် ငယ်ငယ်ကချစ်ခဲ့သော စိတ်များပင် ကုန်ခမ်းချင်သလိုလိုဖြစ်မိပေ၏။

သို့ရာတွင် ထိပ်တင်ဆွေသည် မိမိ၏ သွေးရင်းသားရင်း၊ မောင်တစ်ယောက်ဖြစ်ခြင်းကြောင့် မောင်ကြင်မရှိ နှမကြင်ရှိသည်ဆိုသလို နှမချစ် မကုန်နိုင်သည့်ပြင် ထိပ်တင်ဆွေသည် ဘတင့်ကဲ့သို့ ဝက်ပမာ အညီအဟောက် အပုပ်အစပ်စားသူမဟုတ်ပဲ သွေးသားညီညွတ်မှုကြောင့် ဝလာခြင်းဖြစ်၍ ထိပ်တင်ဆွေအပေါ်တွင် ရွံရှာခြင်း မဖြစ်နိုင်ပေ။

ခင်ဖုန်းသည် နဂိုကမှ ဝဖြိုးသူကို ရွံရှာရသည့်အထဲ ထိုသူသည် မျှော့ခရုစားသူတစ်ယောက်ဖြစ်ခြင်းကို သိရသည့်အခါ ယခင်က မင်းသားကလေးတစ်ပါးကဲ့သို့ ချစ်ခဲ့မိသူအပေါ်တွင် မစင်ပုပ်တို့ဖြင့် ပြည့်ဝနေသော ဝက်အား ရွံရှာခြင်းမျိုးဖြင့် တစ်မှုတ်ချင်း စိတ်ပြောင်းသွားလေ၏။

သို့ဖြစ်လင့်ကစား ခင်ဖုန်းသည် ဘတင့်အားချစ်ပါသည် ခင်ပါသည် ဟူသော သစ္စာကတိကိုထားခဲ့မိပြီဖြစ်ရာ ယခုအခါမှာမူ မချစ်သော်လည်း အောင့်ကာနမ်းရတော့မည်ဟု နှလုံးပြုလျက် ဆူဖြိုးဖောင်းအိသော ဗိုက်ကြီး၏ ကလိခြင်းကို ခံရတော့မှာတကားဟု ယားကျိကျိဖြစ်မိလေ၏။

"ဘာမှမစားတော့ဘူးလား"

"သိပ်မဆာဘူး"

"ဟားဟား မောင့်မျက်နှာမြင်ရတာနဲ့ ဝသွားပြီထင်တယ်။ ဒါဖြင့် လက်ဖက်ရည်သောက်လေ"



Commercial use of this book will be at your own risk

ဘတင့်သည် ခင်ဖုန်းအတွက် လက်ဖက်ရည်နှင့် ဝက်သားပေါက်စီ၊ အီကြာကွေးတို့ကိုမှာ၍ မိမိအတွက်မူ ဝက်သားပေါင်း၊ ခရုကြော်၊ မျှော့သုတ်၊ ကော်ရည် တို့ကိုမှာလိုက်လေ၏။ ပါးစပ်ကလည်း ထိုအစားအစာများကို မြိန်ရေရှက်ရေစားတော့မည့် ဟန်ပြင်ထားလေသည်။

"ကိုယ်ကတော့ ဝက်သားမပါရင် စားလို့ကိုမဖြစ်ဘူး။ ဝက်သားအိအိကလေးကို စားလိုက်ရမှ သွားဖုံးကို မြှပ်မြှပ်သွားပြီးဖိမ်ရှိတာ"

ဘတင့်သည် သူ့စကားနှင့်သူ သွားရည်ယိုကာ သွားချေးစုပ်သလို ပါးစပ်က တပြွတ်ပြွတ်လုပ်နေလေရာ ခင်ဖုန်းမှာ သူ့ကိုကြည့်ရင်းကြည့်ရင်း လျှာပေါ်တွင်တီကောင်အတက်ခံရသကဲ့သို့ အော့ချင်အန်ချင်ဖြစ်လာလေ၏။

သည်အချိန်ထိ ဘတင့်သည် မိမိလာရခြင်းတွေ့ရခြင်း ခင်ဖုန်းအားခေါ်ရခြင်းမှာ မည်သည့်အကြောင်းရှိ၍ဖြစ်သည်ကို မပြောသေးပဲ အစားအသောက်နှင့်ပတ်သက်၍ ဦးကာဖွင့်နေပြီး အစားအသောက်များရောက်လာသည့်အခါ "ကဲ စားလိုက်ကြဦးစို့။ ကိုယ်တို့က ဗိုက်ထဲအစာမဝင်သေးခင် ဘာအလုပ်မှ လုပ်လို့မရ၊ အကြံလည်း ထုတ်လို့မရဘူး" ဟု အစားအကြောင်းပဲ ဆက်၍ပြောလေသည်။

ခင်ဖုန်းမှာ ဘာမျှမပြောချင်ပဲ စိတ်ပျက်လက်ပျက်ဖြင့်မိမိရှေ့သို့ရောက်လာသည့် လက်ဖက်ရည်ကိုသာ ခေါင်းငုံ့၍ သောက်နေလိုက်လေသည်။

ဘတင့်သည် ပါးစပ်က တစ်ဗျပ်ဗျပ်မြည်အောင်စား၊ ဟင်းရည်ကိုလည်း တရှူတ်ရှူတ်မြည်အောင်သောက်ရင်း တစ်ချက်တစ်ချက် ရွှတ်ခနဲ ရွှတ်ခနဲ နှပ်ရှုံ့လိုက်သည်ကို တွေ့ရလေရာ ခင်ဖုန်းမှာ သောက်ထားသော လက်ဖက်ရည်များ အန်မထွက်အောင် လည်ချောင်းကိုမနည်းပိတ်ညှစ်ထားရလေ၏။ မိမိ၏ရှေ့၌တွေ့နေရသူမှာ လူမှဟုတ်ပါလေစ ဟူ၍လည်း မသင်္ကာချင်သလိုလိုဖြစ်မိ၏။

ထိုနောက် ထမင်းများစားသောက်ပြီးသွားရာ ခင်ဖုန်းက မိမိတို့၏အရေးကိစ္စကို ဘတင့်စ၍ပြောတော့မည်လားဟု ထင်မိသည်။ သို့သော်မိမိထင်သလို မဖြစ်ပေ။

"နေဦး၊ ထမင်းစားပြီးကော်ဖီလေးတစ်ခွက်လောက်တော့ ဟက်လိုက်ဦးမယ်၊ ထမင်းစားပြီး ကော်ဖီကလေးမသောက်ရ အချိုကလေးမတည်းရရင် မနေတတ်ဘူး"

ဘတင့်သည် ထိုသို့ ခင်ဖုန်းအား ပြောပြီးနောက် "ဟေ့ ပေါက်ဖော် ကော်ဖီတစ်ခွက် နို့ဆီများများ၊ သကြားများများ၊ ပေါင်မုန့်ထောပတ်သုတ်၊ ထောပတ်များများ၊ ယိုများများ၊ လေးခု လေးခု မြန်မြန်ယူခဲ့" ဟု အပြင်သို့ လှမ်း၍ ပြောလိုက်လေ၏။

ထိုသို့ ဘတင့်သည် ဇူဇကာ၏စံချိန်ကျိုးလုမတတ် ဗိုက်တင်းအောင် အဝအပြဲစားသောက်ပြီးမှ "ကဲ ခင် ကိုယ်တို့ အကြောင်း ပြောကြစို့ရဲ့" ဟု စကားစလိုက်လေ၏။

ခင်ဖုန်းသည် အနေရအထိုင်ရကျပ်လျက်ရှိကာ မိမိဤနေရာသို့မလာခဲ့မိလျှင် ကောင်းလေစွ၊ ယခုမူ သည်နေရာ ရောက်လာခဲ့ပြီး၊ သည်လူနှင့်တွေ့နေရလေပြီ၊ ထိုသို့ရောက်လာခဲ့ပြီးမှ သူ၏စားပုံသောက်ပုံကို မနှစ်မြို့သဖြင့် သူ့ကိုမချစ်နိုင်တော့ပြီဟု ပြောရန်မှာလည်း ခက်နေ၏။ ဤသို့ပြောရန်မှာ သမီးရည်းစားလက်သုံးစကားလည်း မဟုတ်။ အကြောင်းပြချက်ကလည်း မခိုင်လုံပဲ ရှိနေ၏။ ထို့ကြောင့်ဘယ်လိုလုပ်ပြီး ဘတင့်၏လက်တွင်းမှ လွတ်အောင်ရုန်းပြီးထွက်ပြေးရပါမည်နည်းဟု စိတ်ကူးထုတ်နေရလေ၏။

"ဘယ့်နှယ်တုံး၊ ခင့်စာထဲမှာ ခင်နဲ့လူတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်နေကြပြီဆို"

ခင်ဖုန်းသည် ခေါင်းညိတ်ရုံမျှ ညိတ်ပြနိုင်လေတော့၏။



Commercial use of this book will be at your own risk

"ဒီလိုဆိုရင် ကြာကြာဆိုင်းလို့ မဖြစ်တော့ဘူး။ ကြာရင်သူများလက်ထဲပါသွားပြီး ကိုယ်အသည်းကွဲနေရလိမ့်မယ်"

ခင်ဖုန်းသည် ဘတင့်ကိုကြည့်ပြီး ဤမျှလောက် ကိုယ်ခန္ဓာကြီးမားသူတစ်ယောက်မှာ တော်ရုံတန်ရုံဒဏ်လောက်နှင့် အသည်းကွဲနိုင်မည်မဟုတ် ဟု စဉ်းစားမိလေသည်။

"ဟုတ်တယ်၊ ကျွန်မရေးလိုက်တဲ့စာအတိုင်းပဲ။ ဒါပေမယ့် အခုလောက်မြန်မြန်ဆန်ဆန်ကြီးတော့ မလုပ်ချင်သေးဘူး၊ နောက်ပြီ ဟိုတုန်းကရေးလိုက်စဉ်က ဖြုန်းခနဲဒိုင်းခနဲ စိတ်ထဲမှာ အချစ်မီးလောင်ပြီး ခိုးရာလိုက်မယ်လို့ ရေးလိုက်မိတာပါ"

"ဒါဖြင့်အခုမချစ်တော့ဘူးပေါ့လေ။ အို လုပ်ပါခင်ရယ်။ လုပ်ပါ လုပ်ပါ။ ခင်ဒီလိုမလုပ်ရင် ကျုပ်သေရတော့မှာပါပဲ"

ဝက်ကြီးကဲ့သို့ ဝ၍နေသူတစ်ယောက်က ရုပ်ရှင်မင်းသားလွမ်းဟန်မျိုးဖြင့် ပြောလိုက်သည့်အတွက် သူ့အမူအရာကို ကြည့်ကာ ခင်ဖုန်းမှာ ရယ်ချင်သလိုလို ရွံချင်သလိုလို ဖြစ်မိပေ၏။

"မချစ်တော့ဘူးရယ်လို့ ပြောတာမဟုတ်ပါဘူး၊ ဒီလိုစာရေးလိုက်ပြီးတဲ့နောက်မှ ဖေဖေတို့မျက်နှာနဲ့ မိဘဂုဏ်ကို ပြန်စဉ်းစားမိပြီး ဒီလိုခိုးရာလိုက်ပြေးတာတော့ဖြင့် မတော်ဘူးလို့ တွေးမိလို့ပါ"

"နို့ ဒီလိုမှ မလုပ်ရင် ဘယ်နည်းနဲ့ နီးနိုင်ကြမလဲလို့"

"ဒါတော့ ကျွန်မဆန္ဒအတိုင်းပြောရရင် မိသားဖသားပီပီစေ့စပ်တောင်းရမ်းပြီး ယူစေချင်တာပဲ"

"ဒီလိုဆိုရင်ဖြင့် ခင့်စာထဲမှာ ရေးလိုက်သလို ခင့်ဖေဖေက သဘောတူတဲ့လူတစ်ယောက်ရှိနေရက်နဲ့ ဖြစ်နိုင်ပါ့မလား"

"ဒါကတော့ သူ့သဘောနဲ့ပြီးတာမှ မဟုတ်ပဲ။ သူသဘောတူပေမယ့် ကျွန်မက ချစ်ဦးမှဖြစ်မှာပေါ့။ ဒီတော့ ကိုဘတင့်ဟာ ကျွန်မကိုတကယ့် မေတ္တာနဲ့ ချစ်ရိုးမှန်ရင် ဖေဖေ့ကိုလာပြီးပြောစေချင်တာပဲ။ ကျွန်မကိုမေးရင် ကျွန်မကချစ်တဲ့အကြောင်းပြောပြလိုက်မယ်။ ဒီလိုပြောလိုက်ရင် သဘောတူလိမ့်မယ်ထင်တယ်"

"ထင်တယ်လုပ်မနေနဲ့ဦးခင်ရဲ့၊ တကယ်လို့ သဘောမတူရင်ကော"

"ဒီလိုဆိုတော့ ကိုဘတင့်ဝတ္တုရားကုန်ပြီမဟုတ်လား၊ ပြောလို့မရတဲ့အခါကျမှ ခိုးရာလိုက်ပြေးတန်ပြေးရတာပေါ့။ ပထမဆုံးတော့ ဖေဖေ့ကို ပြောစေချင်သေးတယ်"

ခင်ဖုန်း၏စကားကိုကြားရလျှင် ဘတင့်လည်း တွေဝေငေးမှိုင်သွားသည်။ ထိုအခါခင်ဖုန်း၏စိတ်ထဲတွင် ကျေနပ်သလိုလို ဖြစ်မိလေသည်။

"ဘယ့်နှယ်လဲ ကိုဘတင့်၊ ပြောပါဦး"

ဘတင့်သည်တွေဝေနေရာက ခေါင်းကို ရမ်းခါလိုက်၏။

"မဖြစ်ဘူးထင်တယ်"

"ဘာပြုလို့မဖြစ်ရမှာလဲ ကိုဘတင့်ရယ်။ ကိုယ့်စိတ်ထဲက ဖြူဖြူစင်စင်မေတ္တာရှိနေတာကို မပြောရဲစရာ ဘာရှိသလဲ။ ဒီလိုပြောလို့ ဖေဖေကလည်း ဘာမှလုပ်မှာ မဟုတ်ပါဘူး။ ကိုဘတင့်က ဘာပြုလို့ မဖြစ်ဘူးထင်တာလဲ"

"မပြောတတ်ဘူး"

Commercial use of this book will be at your own risk

ဘတင့်သည် အဓိပ္ပါယ်မရှိသောစကားကို စိတ်အားပျက်စွာဖြင့်ပြောလိုက်လေသည်။

ထိုအခိုက်တွင် အပြင်မှ တရုတ်တစ်ယောက်နဲ့ မြန်မာတစ်ဦးတို့ အပြန်အလှန်ပြောနေကြသောစကားသံများကို ကြားရပြီး "ဘယ်မှာလဲ" ဟုမေးသံကိုလည်း ကြားကြရလေ၏။

မကြာမီ အရပ်အမောင်းကောင်းကောင်းနှင့်ခက်ထန်သော မျက်နှာထားရှိသူတစ်ယောက်သည် ဘတင့်နှင့်ခင်ဖုန်းတို့ ရှိရာ အခန်းထဲသို့ဝင်လာလေ၏ ဘတင့်သည် ထိုသူကိုတွေ့ရ၍ ရုတ်တရက်အံ့အားသင့်ပြီး ကြည့်နေမိလေသည်။

"ဟာ အင်စပိတ်တော်မင်းပါလား။ လာပါ လာပါ။ ဘာစားမလဲ။ ခရုကြော်စားမလား။ ဒီဆိုင်ကခရုကြော်ကတော့ အကောင်းဆုံးပဲ။ ထိုင်လေဗျာ" ဟု လောကွတ်ပြုငှာပြုလိုက်ပြီးမှ "ကျွန်တော်ဒီမှာရှိတာ ဘယ့်နှယ်လုပ်သိသလဲ" ဟု မေးလိုက်လေ၏။

"ခင်ဗျားကိုရှာနေတာ သုံးလေးရက်ရှိပြီ။ ဒါလောက်ရှာနေမှ မတွေ့ပဲ နေပါ့မလား"

"အင်း ဆိုစမ်းပါဦး။ ဘယ်လိုအကြောင်းထူးများရှိလို့လဲ"

အင်စပိတ်တော်သည် လက်ထဲမှစာရွက်ကိုထုတ်ပြလေသည်။

"ခင်ဗျား ကျုပ်ကိုသိပ်ပြီးဒုက္ခပေးတဲ့လူပဲဗျာ။ ရာဇဝတ်ဝန်ကြီးက ကျုပ်တို့ကိုသိပ်ဆူနေတာပဲ၊ ခင်ဗျားကို တနင်္ဂနွေတစ်ပတ်အတွင်း မတွေ့တွေ့အောင် ရှာရမယ်တဲ့။ ကိုင်းရော့ဆရာ။ ဟောဒီမှာ ခင်ဗျားမယားကြီးရဲ့ စားစရိတ်ပေးဖို့ပျက်ကွက်တဲ့အတွက် လူဖမ်းဝရမ်း။ ဒီမှာကြည့်"

ဘတင့်မှာ မျက်လုံးပြူး၍သွားလေ၏။ ခင်ဖုန်းလည်း ဘတင့်မျက်လုံးပြူးသလိုပင် ပြူး၍သွားလေသည်။ သို့ရာတွင် ခင်ဖုန်း၏မျက်လုံးပြူးခြင်းမှာ ဘတင့်ကဲ့သို့ ထိတ်လန့်သွား၍ပြူးခြင်းမျိုးမဟုတ်။ မိမိအပေါ်တွင် ဘတင့် လိမ်လည်ထားခြင်းကို ယခုမှသိရ၍ ဒေါသထွက်သော မျက်လုံးပြူးခြင်းမျိုး ဖြစ်ပေသည်။

ထို့နောက် ခင်ဖုန်းသည် ဘတင့်နှင့် အင်စပိတ်တော်တို့၏မျက်နှာများကို တစ်လှည့်စီကြည့်နေပြီးမှ "ဒီမှာရှင့်၊ ဘယ်လိုဖြစ်တာလဲ" ဟု အင်စပိတ်တော်အားမေးလေသည်။

အင်စပိတ်တော်သည် ခင်ဖုန်းကိုကြည့်နေပြီးလျှင် ရုပ်ရည်သန့်ပြန့်သူတစ်ယောက်ဖြစ်ပြီး၊ ကျနစွာ ဝတ်စားဆင်ယင်ထားသည်ကိုတွေ့ရ၍ အထက်တန်းလွှာမိကောင်းဖခင်သားသမီးထဲကဖြစ်ရမည်ဟု ရိပ်စားမိလျက် "သင်းကလေး တစ်ယောက် ဘတင့်လက်ထဲရောက်နေမှကိုး" ဟူ၍သနားစိတ်ဖြစ်မိလေ၏။ ပြီးမှ ခင်ဖုန်းအမေးကို ဖြေလိုက်လေသည်။

"ဘာဖြစ်သလဲဆို ဒီလူဟာ မိန်းမတွေကျအောင် လုပ်တတ်ပြီး မိန်းမတွေမှိုလိုပေါက်အောင်ယူ၊ ဝအောင်လည်း မကျွေးနိုင်ပဲ၊ ဟန်တစ်လုံးပန်တစ်လုံးနဲ့ လုပ်နေတဲ့လူခင်ဗျ။ ခင်ဗျားလည်း သူ့ကျော့ကွင်းထဲ မရောက်သေးရင် သတိထားပေတော့"

အင်စပိတ်တော်သည် တင်းမာသောမျက်နှာဖြင့် ခပ်ပြောင်ပြောင်ပင် ပြောလိုက်လေသည်။ ထိုစကားကိုကြားလျှင် ခင်ဖုန်း၏မျက်နှာပေါ်တွင် သွေးများလျှံတက်လာကာ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး ဘတင့်မျက်နှာကိုပင် မကြည့်တော့ပဲ၊ ဆတ်ခနဲထကာ အခန်းထဲမှ အပြေးကလေး ထွက်သွားလေ၏။

"နေပါဦးလေ၊ ပြောပါရစေဦး"

Commercial use of this book will be at your own risk

ဘတင့် ခင်ဖုန်းအားတားရအောင်ထ၍ လိုက်မည်ပြုရာ၊ အင်စပိတ်တော်က ဘတင့်၏ပခုံးကို ဆုပ်ကိုင်၍ ဆွဲထားလေ၏။

"ဟေ့လူ ဒီလိုနည်းမျိုးနဲ့ ရှောင်ပြေးလို့မရဘူး"

ဘတင့်မှာ အားမတန်သဖြင့် မာန်လျှော့လိုက်ရလေတော့သည်။

ထိုအချိန်တွင် ကုက္ကိုင်းဘက်ရှိ ကျယ်ဝန်းသော ရုပ်ရှင်ခြံကြီးတစ်ခုထဲတွင် "ဒါရိုက်တာ" ဟု ဆိုင်းဘုတ်ကလေး ဆွဲထားသော အခန်းထဲ၌ ရုပ်ရှင်မင်းသားလွမ်းခန်းမရိုက်မီ "အိုက်တင်" ကျင့်နေသကဲ့သို့ တွေမှိုင်ငွေယိုင်နေသူတစ်ဦးကိုတွေ့ရ၏။

ထိုသူကား ခင်မောင်ကြီးပင်ဖြစ်ပေသည်။ ခင်မောင်ကြီးသည် ဦးလတ်၏အိမ်၌ ထမင်းစားသည့်ညက ခင်ဖုန်းအား နောက်ဆုံးတွေ့ခြင်းဖြင့်တွေ့ခဲ့ ရပြီး နောက်တစ်နေ့တွင် အင်းစိန်မှရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့လေသည်။

ခင်မောင်ကြီးသည် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နေသော်လည်း အလုပ်ထဲတွင် စိတ်မပါပဲ၊ ခင်ဖုန်းနှင့် တွေ့ရသော အဖြစ်အပျက်တို့ကို တရေးရေး ပြန်ပြောင်းတွေးမိကာ အချိန်ရှိသရွေ့ မှိုင်တွေနေမိလေ၏။ ရုပ်ရှင်သမားတို့ကမူ ခင်မောင်ကြီး၏ အကြောင်းကို မသိကြသဖြင့် နောက်ရိုက်မည့်ဇာတ်ကားအတွက် အကြံထုတ်နေခြင်းဖြစ်လိမ့်မည်ဟု ထင်မိကြ၏။ သို့ဖြစ်၍ နောက်ရိုက်မည့်ဇာတ်ကားမှာ လွမ်းခန်းတွင် အထိဆုံး အမိဆုံး အငြိဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်ကြကာ လွန်စွာဝမ်းသာလျက် ခင်မောင်ကြီးအား အနှောင့်အယှက် မဖြစ်ရအောင် သတိထားနေကြရလေ၏။

ယင်းသို့လျှင် ခင်မောင်ကြီးသည် အနှောင့်အယှက် ကင်းမဲ့စွာအားပါးတရ စိတ်တိုင်းကျ စိတ်ညစ်နေစဉ် အခန်းထဲသို့ မိတ်ကပ်တစ်ပိုင်းတစ်ဝက်နှင့် လူငယ်တစ်ယောက် ပြေးဝင်လာပြီးလျှင် "ဆရာ တယ်လီဖုန်း ခေါ်နေတယ်" ဟု ပြောပြလေ၏။

"တယ်ရှုပ်ပါလားကွာ၊ ငါအလုပ်များနေတယ်။ ဘယ်သူနဲ့မှ မတွေ့ဘူးလို့ မှာထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာဟုတ်ပါတယ်လဲ"

"ဆရာ မှာထားတယ်ဆိုတာ ပြောတာပါ"

"နို့ဘာပြုလို့ ဒီလိုမပြောလိုက်သလဲ"

"အရေးကြီးလို့တဲ့။ သိပ်အရေးကြီးလို့တဲ့"

"ဘယ်သူတဲ့လဲ"

"ဘယ်သူလဲတော့ မသိဘူး။ မိန်းမအသံပဲ"

ခင်မောင်ကြီးသည် စိတ်ပျက်စွာဖြင့် ထိုင်ရာမှထကာ တယ်လီဖုန်းခွက်ကို ကောက်၍ ကိုင်လိုက်လေသည်။

"ဟဲလို"

"ဟဲလို ဘယ်သူလဲ"

Commercial use of this book will be at your own risk

"ကျုပ်လေ"

"ဘာကျုပ်လဲ"

"နို့ ဘယ်သူ့ကို ခေါ်တာလဲ"

"ကိုခင်မောင့်ကိုခေါ်တာ၊ ကိုခင်မောင်ရှိပါသလား"

"ကျုပ်ပါလို့ ပြောနေမှပဲဟာ၊ ကျုပ်ဟာခင်မောင်၊ ခင်မောင်ဟာ ကျုပ် ကျုပ် ကျုပ်"

"ဩော် ကိုခင်မောင်လား။ အခု စကားပြောနေတာ ဖုန်းဖုန်းရယ်"

ခင်မောင်ကြီးသည် မိမိနားထဲတွင် ကြားရသည့် စကားကို မယုံနိုင်အောင်ဖြစ်မိကာ "ဘယ်သူ" ဟုပြန်၍ မေးလိုက်လေ၏။

"ခင်ဖုန်းလေ၊ ဖုန်းဖုန်းရယ်ပါ"

ခင်မောင်ကြီးသည် လက်ထဲရှိတယ်လီဖုန်းခွက်ကို မြှောက်လွှင့်လုမတတ် ဝမ်းသာ၍သွားလေ၏။

"ခင်လား၊ ဟုတ်လား – ဖုန်းဖုန်းလား"

ခင်မောင်ကြီးသည် တယ်လီဖုန်းခွက်ထဲက ရယ်သံကလေးတစ်ခု ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဟုတ်ပါတယ်၊ ခင်လည်း ဟုတ်ပါတယ်၊ ဟုတ်လားလည်း ဟုတ်ပါတယ်"

"ဖုန်းဖုန်း အခု ဘယ်က စကားပြောနေတာလဲ"

"ဈေးသစ်ထဲက တယ်လီဖုန်းရုံက"

"ဖုန်းဖုန်း"

"ရှင်၊ အစ်ကို"

"ဖုန်းဖုန်း၊ ဘာပြောစရာ အကြောင်းထူးရှိလို့လဲ"

"အို၊ သိပ်အကြောင်းထူးတယ်။ ပြောစရာတွေ အများကြီးရှိတယ်။ မေးစရာတွေလည်းရှိတယ်"

"ဘာပြောမလဲ၊ ဘာမေးမလဲ။ ပြောလေ မေးလေ"

"ကိုခင်မောင်"

"ဗျာ"

"ရှင် ခရုစားလား"



Commercial use of this book will be at your own risk

ခင်မောင်ကြီးမှာ မမျှော်လင့်သော စကားကိုကြားလိုက်ရသဖြင့် ရှုံ့မဲ့သွားလေ၏။

"ခရု ဟုတ်လား"

"ဟုတ်တယ်"

"ဒီမှာ ဖုန်းဖုန်း"

"ရှင်"

"အခု စကားပြောနေတာ ခင်မောင်ကြီးရယ်"

"ဟုတ်ပါတယ်၊ သိပါတယ်"

"နို့ ဘာပြုလို့ ခရုစားသလားလို့ မေးရတာလဲ၊ ဖျိုင်းအောက်မှတ်နေလို့လား"

"ဟဲဟဲ၊ ဒီလိုမှတ်လို့ မဟုတ်ပါဘူး၊ သိချင်လို့ပါ။ ခရုစားတတ်သလား၊ မစားတတ်သလားလို့"

"ဟင့်အင်း မစားဘူး။ တစ်သက်လုံး ဘယ်တုန်းကမှ မစားဘူး"

"ကိုခင်မောင်"

"ဗျာ"

"မျှော့ကော စားသလား"

"ထွီ"

"ဘာပြောတယ်"

"မစားပါဘူးလို့ ပြောတာ"

"ပြည်ကြီးငါးကော"

"ဝေးပါသေးရဲ့"

"ဘာပြောတယ်"

"ပြည်ကြီးငါးလည်း မစားပါဘူး"

"ဝက်သားပေါင်းကော"

"တစ်သက်လုံးမစားဘူး"

"လက်ဖက်ရည်သောက်ရင်ကော ပေါင်မုန့်ထောပတ်များများသုတ်သလား"

Commercial use of this book will be at your own risk

"ကြိုက်ကို မကြိုက်ဘူး"

"ဘယ်သူ့ကို မကြိုက်တာလဲ"

"ထော‌ပတ်သုတ်ကို မကြိုက်ဘူးလို့ပြောတာပါ"

"ကိုခင်မောင်"

"ဗျာ"

"ကိုခင်မောင် ဖုန်းဖုန်းကို မတွေ့တာ ဘယ်နှစ်ရက်ရှိသွားပြီလဲ"

"နှစ်ရက်၊ ဒါပေမယ့် ကိန္နရီမောင်နှံလို တွက်ရင်တော့ အနှစ်နှစ်ရာပေါ့"

ခင်မောင်ကြီးသည် တယ်လီဖုန်းထဲက ရယ်သံတစ်ခုကြားရ၏။

"ကိုခင်မောင်"

"ဗျာ"

"အဲဒီ နှစ်ရက်အတွင်း ကိုခင်မောင် ဝလာသလား"

"ဟင့်အင်း နည်းနည်းတောင် ပိန်သွားတယ်"

ခင်မောင်ကြီးသည် တယ်လီဖုန်းထဲက ရယ်သံကလေး တစ်ခု ကြားရပြန်သည်။

"ကိုခင်မောင်"

"ဗျာ"

"ကိုခင်မောင် ဖုန်းဖုန်းကို အရင်ကချစ်တယ်ဆို"

"ဟုတ်တယ်"

"အခုကော"

"ချစ်သေးတာပဲ။ ပိုတောင်ချစ်သေးတယ်"

"ကိုခင်မောင်"

"ဗျာ"

"ဖုန်းဖုန်းလေ ကိုခင်မောင့်ကို အခုချစ်ပြီ"

ထိုစကားကိုကြားရ၍ ခင်မောင်ကြီးသည် ဒါရိုက်တာဘဝမှ စတန့်မင်းသားဘဝသို့ ပြောင်းကာ ဂျွမ်းလိုမှ်၍ ထိုးလိုက်ချင်မိလေ၏။

Commercial use of this book will be at your own risk

“နို့ အရင်တုန်းကတော့ မချစ်ဘူးဆို”

“အရင်က မချစ်ပေမယ့်၊ အခုချစ်ပြီလေ”

“နို့ ကိုဘတင့်ကော”

“သူ့ကို မချစ်တော့ဘူး”

“ဘာပြုလို့”


“ကိုခင်မောင်”

“ဗျာ”

“ဈေးသစ်ကို မြန်မြန်လိုက်ခဲ့ပါ၊ တွေ့မှ အားလုံးပြောပြမယ်။ မြန်မြန်နော်၊ မြန်မြန်”

ခင်မောင်ကြီးသည် တယ်လီဖုန်းကို ပြန်၍ ချထားလိုက်ပြီး ဝမ်းသာအားရဖြင့် ကသောကမြော်ပြေးထွက်လာရာ ရုပ်ရှင်တွင် သုံးသော သေတ္တာကြီးတစ်လုံးနှင့် တိုက်မိ၍လဲကျတော့မည်ကဲ့သို့ ဟတ်ထိုးဟတ်ထိုးဖြစ်သွားရာက သေတ္တာဆီသို့ ပြန်လှည့်လာကာ “ခွေးသေတ္တာ ငါ့ကို ဘာကောင်မှတ်လို့လဲ။ ငါလိုလူ ဗမ္ဗူမှာ မရှိဘူးကွဲ့ သိရဲ့လား” ဟုဆိုကာ သေတ္တာကိုတစ်ချက်လောက် ပစ်၍ကန်ခဲ့ပြီးလျှင် ခင်ဖုန်းထံသွားရန် မော်တော်ကားရှိရာသို့ အမြန်ပြေးသွားလေတော့သည်။

Commercial use of this book will be at your own risk



ကားထဲက